www.dhammaransi.com

ကျေးဇူးရှင်

လယ်တီ ဆရာတော် ဘုရားကြီး

စီရင်တော်မူခဲ့သော

# ဝိဇ္ဇာမဂ္ဂဒီပနီ

နှင့်

## လက္ခဏာဒီပနီ

သုဓမ္မဝတီစာပုံနှိပ်တိုက်
တိုက်နံပါတ် ၅၅၊ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

www.dhammaransi.com

ကျေးဇူးရှင်

လယ်တီဆရာတော်ဘုရားကြီး

စီရင်တော်မူခဲ့သော

# ဝိဇ္ဇာမဂ္ဂဒီပနီ

နှင့်

## လက္ခဏာဒီပနီ

သုဓမ္မဝတီစာပုံနှိပ်တိုက်

တိုက်နံပါတ် ၅၅၊ စဉ့်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

၁၃၁၇-ခု

www.dhammaransi.com



ကျေးဇူးရှင်
လယ်တီ ဆရာတော် ဘုရားကြီး
ပုံတော်

www.dhammaransi.com

# နိဒါန်း

ပရိယတ္တိ ပဋိပတ္တိနှင့် ဗျတ္တိဝိသာရဒ ပိဋကဓရ ပဋိဝေဓ ဉာဏ် လဒ္ဓိကာမ ပေသလာသိက္ခာ အဖြာဖြာကို နာနာနယ နိပုဏနှင့် ဂမ္ဘီရဉာဏ်ရှိန် ဝရဖိန်အသွင် ရှုးဝင်ထွင်းဖေါက် တဘက်ကမ်းရောက်သဖြင့် မှန်သောက်စာနည်း သဒ္ဒါညီ၍ ပါရမီအထွတ် တမွတ်ဦးခိုင် မဟာ်ုင်ဗဟို တောင်မြင်းမိုရ်အလား မားမားကြီးမြင့် စက်ထိးပွင့်သောခါ ဝေနေယျကြာ ပျားမိုလ် ပါသည့် မံသဂေါဏ မိဘအလား နွားအသားကို ပယ်ရှားစွန့် ပစ် ဖြစ်ကြီးဖြစ်သဖြင့် သိန်းသန်းကုဋေ ကျွတ်တန်းဖွေ၍ ဝေနေ ပျားစွာ သတ္တဝါကို အောင်သံရိုက်ဟိး ဓမ္မစည်ကြီးဖြင့် ဆော် တိးရိုက်ခတ်တော်မူသော ဇဝနတိက္ခ ဂမ္ဘီရဟု ဉာဏသူမွန် သီလဝန် ပညာဝန် ဂုဏဝန်ကဲမောက် ရဲရဲတောက်သော အရည ငါသိ မဟာထေရ် **လယ်တီဆရာတော်ဘုရားကြီး** သည် အသိး သီးသော ပါဠိအဋ္ဌကထာ ဋီကာအနု မရဂဍ္ဍဲ နေတ္တိကျမ်းမြတ် ပိဋကတ်တော်အရပ်ရပ်မှ လိုရာရွေးနှုတ် အဆိကိုထုတ်ပြီးလျှင် စီရင်ရေးသားအပ်သော ဒီပနီကျမ်း အပေါင်းတို့တွင်–

ဤဝိဇ္ဇာမဂ္ဂဒီပနီ နှင့် လက္ခဏာဒီပနီကျမ်းကို စီရင်ရေးသား ရာ၌ **ဝိဇ္ဇာမဂ္ဂဒီပနီဆိုသည်မှာ** ဝိဇ္ဇာမဂ်လမ်း အလင်းရအောင် ဖွင့်ပြခြင်းဖြစ်ပေသည်၊ ဘယ်ကဲ့သို့ဖွင့်ပြသနည်း သက္ကာယဒိဋ္ဌိဟု ဆိုအပ်သော အတ္တဝါဒုပါဒါန်ကို ဖြိုဖျက်ရာ မှန်သောနည်းလမ်း ကို ဖေါ်ပြသည်၊ သက္ကာယဒိဋ္ဌိတန်းလန်းနှင့်နေကြသော ပုထုဇဉ် သတ္တဝါတို့သည် မဂ်ဝိဇ္ဇာ ဖိုလ်ဝိဇ္ဇာမျိုးစေ့ ရကြရအောင် အား ထုတ်ကြရာဝယ် မိမိ၏ရင်ဝ၌ ဘုံမကြီးစူးရှနေဘိသကဲ့သို့ရင်း၊ ဦးခေါင်းထက်၌ လောင်မီးကျ၍ နေဘိသကဲ့သို့ရင်း သတိနှင့် ပြည့်စုံသော အကြင်ယောဂါဝစရပုဂ္ဂိုလ်သည် အတ္တဟူသော

www.dhammaransi.com

# နိဒါန်း

သဒ္ဓါယဒိဋ္ဌိမှ ပယ်နှုတ်၍ အတ္တပြုတ်အောင် လက္ခဏာယာဉ်ဖြင့် တင်ရှု အပ်ရာသည်။

ထိုကြောင့် မြတ်စွာဘုရားသည်—

> သက္ကာယဒိဋ္ဌိယာဝိယ ဩမဋ္ဌော၊ ဒယှမာနောဝ မတ္ထကေ။
> သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

ဟူ၍ ဟောထားလေသည်။

**လက္ခဏာဒီပနီ ဆိုသည်မှာ**-ခါတ်ကြီးလေးသင်း ဓာတ်ရင်းကို အလင်းမြင်ရန်ပြလိုက်သော ကျမ်းဖြစ်သည်၊ ထိုသို့ ဝိဇ္ဇာမိုရ် ထွက်ရပ်ပေါက် ဝိဇ္ဇာညဏ် ဝိဇ္ဇာမဂ်လမ်း ပေါက်ရောက်ကြရန်အားထုတ်ကြသော ယောဂီပုဂ္ဂိုလ်တို့၏ အကျိုး၄ါရင်း၊သောတာပတ္တိမဂ် ညဏ်အခြေသို့ရောက်လိုသော အမျိုးကောင်းသားသမီးတို့အကျိုး၄ါရင်း ကျွန်ုပ်တို့ **သုဓမ္မဝတီ ပိဋကတ် ပုံနှိပ်တိုက်**က အနေအထား ဝါကျသွား အဓိပ္ပါယ် ရှင်းရှင်းလင်းလင်း မင်ကျမင်နှ ပုဒ်နေပုဒ်ထား သပ်သပ်ယပ်ယပ် ကောင်းမွန်စွာ တည်ထွင်၍ နိဗ္ဗာန်လမ်းကြောင်း ခရီးကောင်းကို ကောင်းကောင်း သိမြင်စေလိုသော စေတနာဖြင့် ကောင်းစွာ ပုံနှိပ်၍ စာအုပ်ဖြစ်စေလိုက်ပါသတည်း။

www.dhammaransi.com



# ဝိဇ္ဇာမဂ္ဂဒီပနီ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

**ဝိဇ္ဇာသည်** ဝေဒဝိဇ္ဇာ၊ မန္တဝိဇ္ဇာ၊ ဂန္ဓာရီဝိဇ္ဇာ၊ လောကီယဝိဇ္ဇာ၊ အရိယဝိဇ္ဇာ ဟူ၍ ငါးပါး အပြားရှိ၏၊ ထိုငါးပါးတို့တွင်-

၁။ သာမဝေဒင် ယဇုဝေဒင် ဣရုဝေဒင် အထဗ္ဗနဝေဒင် ဟူသော ဝေဒင် လေးမျိုးသည် **ဝေဒဝိဇ္ဇာ** မည်၏။

၂။ အမျိုးမျိုးသော လက္ခဏာကျမ်း, အမျိုးမျိုးသော နိမိတ်ကျမ်း, အမျိုးမျိုးသော နက္ခတ်ကျမ်း, အမျိုးမျိုးသော ဂါထာမန္တရားကျမ်း, ဆေးကျမ်း, ဓာတ်ကျမ်း, အစရှိသော လောကီပညာဟူ၍ ယခုလောက၌ ခေါ်ဝေါ်ကြသော အတတ်မျိုး ပညာမျိုးဟူသမျှသည် **မန္တဝိဇ္ဇာ** မည်၏။

ဤဝိဇ္ဇာနှစ်ပါးကို ကမ္ဗောဇတန သိပ္ပါယတန ဝိဇ္ဇာဋ္ဌာနေသု ဟူသော ညဏဝိဘင်း ပါဠိတော်များ၌ သိရသည်။

၃။ ဆေးဝိဇ္ဇာ, အင်းဝိဇ္ဇာ, ပြဒါးဝိဇ္ဇာ, သံဝိဇ္ဇာ, ဟူ၍ ဝိဇ္ဇာ ဝေကျမ်းများ၌လာသော ဓနသိဒ္ဓိ, ပထဝိသိဒ္ဓိ, ဥဒကသိဒ္ဓိ, အာ

www.dhammaransi.com



ကာသသိဒ္ဓိ, အာယုသိဒ္ဓိ, စိန္တာမယသိဒ္ဓိမျိုးသို့ ပေါက်ရောက်သဖြင့် နတ် သိကြားတို့၏ တန်ခိုး, အဘိညာဏ် တန်ခိုးတို့နှင့် အလားတူ တတ်စွမ်းနိုင်သော ဝိဇ္ဇာမျိုး ဟူသမျှသည် **ဂန္ဓာရီ ဝိဇ္ဇာ** မည်၏။

**ဤဂန္ဓာရီဝိဇ္ဇာသည်ကား–**

> တတ္ထ ကတမာ စိန္တာမယာ ဣဒ္ဓိ၊ ဝိဇ္ဇာဓရာ ဝိဇ္ဇံ ပရိဇပ္ပေတွာ အာကာသေ အန္တလိက္ခေ ဟတ္ထိမ္ပိ ဒဿေန္တိ၊ အဿမ္ပိ ဒဿေန္တိ၊ ရထံပိ ဒဿေန္တိ၊ ပတ္တိမ္ပိ ဒဿေန္တိ၊ ဝိဝိဓမ္ပိ သေနာဗျူဟံ ဒဿေန္တိ၊ အယံ စိန္တာမယာ ဣဒ္ဓိ ဟူသော ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ လာသည်။

တတ္ထ၊ ထိုဆယ်ပါးသော တန်ခိုးတို့တွင်။ ကတမာ၊ အဘယ် မည်သော တန်ခိုးသည်။ စိန္တာမယာဣဒ္ဓိ၊ စိန္တာမယ တန်ခိုးမည် သနည်း။ ဝိဇ္ဇာဓရာ၊ ဝိဇ္ဇာဓိုရ်တို့သည်။ ဝိဇ္ဇံ၊ အတတ်ပညာကို။ ပရိဇပ္ပေတွာ၊ စိပ်၍။ ဝါ၊ နှုး၍။ အန္တလိက္ခေ၊ ရေးခြစ် မထင် သော။ အာကာသေ၊ မိုဃ်းကောင်းကင်၌။ ဟတ္ထိမ္ပိ၊ ဆင်တပ်ကို လည်း။ ဒဿေန္တိ၊ ဘန်ဆင်း၍ ပြနိုင်ကုန်၏။ အဿမ္ပိ၊ မြင်းတပ် ကိုလည်း။ ဒဿေန္တိ၊ ဘန်ဆင်း၍ ပြနိုင်ကုန်၏။ ရထမ္ပိ၊ ရထားတပ် ကိုလည်း။ ဒဿေန္တိ၊ ဘန်ဆင်း၍ ပြနိုင်ကုန်၏။ ပတ္တိမ္ပိ၊ လက်နက် ကိုင် ခြေသည်သူရဲတပ်ကိုလည်း။ ဒဿေန္တိ၊ ဘန်ဆင်း၍ ပြနိုင် ကုန်၏။ ဝိဝိဓံ၊ အထူးထူး အပြားပြားသော။ သေနာဗျူဟမ္ပိ၊ စစ် သည်ဗိုလ်ထု အစုအရုံး အလုံးအရင်းကိုလည်း။ ဒဿေန္တိ၊ ဘန် ဆင်း၍ ပြနိုင်ကုန်၏။ အယံ၊ ဤသည်လျှင်။ စိန္တာမယာဣဒ္ဓိ၊ ကြံ စည်တိုင်း ပြီးစေနိုင်သော စိန္တာမယ တန်ခိုးမည်၏။

(ဤပါဠိတော်၌ စိန္တာမယဣဒ္ဓိကိုပြတော်မူသဖြင့်အောက်ဖြစ် သော အာယုသိဒ္ဓိ, အာကာသသိဒ္ဓိ, ဥဒကသိဒ္ဓိ, ပထဝီသိဒ္ဓိ, ဓနသိဒ္ဓိ, အစရှိသော သိဒ္ဓိမျိုးရသည် ထိုပါဠိတော်တွင် အတွင်း ဝင်၍ ပါလေ၏ဟု သိအပ်၏)။

www.dhammaransi.com



ယခုအခါတွင် ဤဂန္ဓာရီ ဝိဇ္ဇာလမ်းကို လုပ်ကြံလိုသော သူသည် ရတနာသုံးပါးဂုဏ်ကို မိမိကိုယ်၌ အမြဲထုံစေ၍ တန်ခိုးကြီးသော တောစောင့်နတ် တောင်စောင့်နတ် ရုက္ခစိုး ဘူမစိုး ပဗ္ဗတစိုးနတ်တို့ကိုလည်းကောင်း, မန္တရား အင်းအိုင်မျိုးကို အုပ်စိုးသော ဝိဇ္ဇာဒေဝ နတ်တို့ကိုလည်းကောင်း, သိုက်သမိုင်းဝင် ဆေးပင်မျိုး ကျောက်ဓာတ်မျိုးတို့ကို အုပ်စိုးသော ဩသဓိဒေဝ နတ်တို့ကိုလည်းကောင်း, ဤအလုံးစုံသော နတ်တို့ကို ရင်ဝယ်သားကဲ့သို့ သနားချစ်ခင် ကျွမ်းကျင်လေးမြတ်အောင် မိဘ်သဘာဝ ပြုလုပ်ကြမှ ထမြောက်နိုင်ရာသည်။ ။ဤ ဂန္ဓာရီဝိဇ္ဇာသည် နတ်တို့၏ ကမ္မဝိပါကဇိဒ္ဓိ တန်ခိုးကိုပင် လွှမ်းမိုးနိုင်သော ဝိဇ္ဇာမယိဒ္ဓိတန်ခိုးမျိုးဖြစ်ခဲ့၍ နတ်တို့မနာလိုရှိတတ်သည်၊ မနာလိုရှိသည့်အတွက် အသက်အန္တရာယ် ဆေးဝါး၏ အန္တရာယ်ဖြစ်တတ်သည်။

၄။ **လောကီယဝိဇ္ဇာဆိုသည်ကား** သာသနာပ အခါ၌ သရဘင်္ဂ, သုနေတ္တ, အရက-အစရှိသော ရသေ့ဆရာကြီးတို့သည် ကသိုဏ်းဈာန်တို့ကိုရပြီး နိုင်နင်းပြီးနောက် အားထုတ်၍ရအပ်သော ဣဒ္ဓိဝိဓအဘိညာ, ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ, စေတောပရိယ, ပုဗ္ဗေနိဝါသ, ယထာကမ္မုပဂ, အနာဂတံသအဘိညာ ဟူသော **အဘိညာဝိဇ္ဇာ** တို့ကို ဆိုသတည်း။

ထိုဝိဇ္ဇာတို့သည်ကား ဇာတ်တော် နိပါတ်တော်တို့၌ထင်ရှားလှကုန်ပြီ ။

ဤ **လောကီအဘိညာ ဝိဇ္ဇာတို့သည်ကား**-ဘုရား ပစ္စေကဗုဒ္ဓါ အရိယာ သာဝကတို့နှင့်လည်း ဆက်ဆံကုန်၏။ ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့ ရအပ် ရောက်အပ်သော ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါးတို့၌ အတွင်းဝင်ကုန်၏။

၅။ **အနိယဝိဇ္ဇာဆိုသည်ကား**-အနိစ္စဝိဇ္ဇာ, ဒုက္ခဝိဇ္ဇာ, အနတ္တဝိဇ္ဇာ, မဂ္ဂဝိဇ္ဇာ, ဖလဝိဇ္ဇာတို့ကို ဆိုသတည်း၊ စဟုသစ္စညာဏ်လေးပါးကို ဆိုသည်ဟူ၍လည်း ဆိုရပါ၏။

www.dhammaransi.com



ဤအရိယဝံသစ္စာကိုကား—သာသနာတော် အတွင်း၌သာ ထမြောက် ပေါက်ရောက်အောင် ကြိုးဆောင်နိုင်သည်၊ သာသနာပ အခါ၌ကား ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကိုချန်ထား၍ တပါးသော လူနတ် ဗြဟ္မာတို့ ထမြောက် ပေါက်ရောက်အောင် ကြိုးဆောင် ဒွါးထုတ်နိုင်သော အခွင့်မရှိ။

---

**သာသနာ ငါးထောင်ဆိုသော ခေတ်သမယသည်ကား**— အရိယဝံသာ၏ ခေတ်သမယချည်းပေတည်း။

ဤအရိယဝံသာလမ်းကို ပေါက်ရောက် ထမြောက်အောင် ကြိုးဆောင်အားထုတ်နိုင်သော သူမှသာလျှင် ဘုရားကို တွေ့မြင်ဖူးမျှော်ရသောသူ၊ ဘုရားသာသနာကို တွေ့ကြုံရသောသူဟူ၍ ဆိုထိုက်ချေသည်။

> ဓမ္မံ ဟိ သော ဘိက္ခဝေ ဘိက္ခု န ပဿတိ၊ ဓမ္မံ အပဿန္တော မံ န ပဿတိ၊ ဓမ္မံ ဟိ သော ဘိက္ခဝေ ဘိက္ခု ပဿတိ၊ ဓမ္မံ ပဿန္တော မံ ပဿတိ။ ။ဣတိဝုတ် ပါဠိတော်။

ဟိ၊ ထိုငါဘုရား၏ သင်္ကန်းစွန်ကို ဆွဲကိုင်၍ ဘဝါးခြေထပ် လိုက်ပါလျက် ငါဘုရားနှင့် ဝေးကွာလှ၏ဟု ဆိုသော စကားသည်မှန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သော ဘိက္ခု၊ ထိုငါဘုရား၏ သင်္ကန်းစွန်ကို ဆွဲကိုင်လျက် ဘဝါးခြေထပ် လိုက်သော ရဟန်းသည်။ ဓမ္မံ၊ သစ္စာလေးပါး တရားကို။ န ပဿတိ၊ မသိမြင်။ ဓမ္မံ၊ သစ္စာလေးပါး တရားကို။ အပဿန္တော၊ မသိမြင်ရသော ရဟန်းသည်။ မံ၊ ငါဘုရားကို။ န ပဿတိ၊ မဖူးမမြင်ရ။ ဟိ၊ ထိုငါဘုရားနှင့် ယူဇနာတရာ ကွာခြား၍ နေငြားသော်လည်း ငါဘုရားနှင့် နီးလှ၏ဟု ဆိုသောစကားသည် မှန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သော ဘိက္ခု၊ ထိုငါဘုရားနှင့် ယူဇနာတရာ ကွာခြားသော ဒေသရပ်ဌာန၌ နေသော ရဟန်းသည်။ ဓမ္မံ၊ သစ္စာလေးပါး တရားကို။ ပဿတိ၊ သိမြင်၏။ ဓမ္မံ၊ သစ္စာလေး

www.dhammaransi.com



ပါး တရားကို။ ပဿန္တော၊ သိမြင်သောရဟန်းသည်။ မံ၊ ငါ ဘုရားကို။ ပဿတိ၊ ဖူးမြင်ရ၏။

ဘုရား တရား နှစ်ပါးကို မတွေ့မမြင်ရလျှင် သံဃာကိုလည်း မတွေ့မမြင်ရသည်သာ ဖြစ်သတည်း။

**ယခု သာသနာတော်အတွင်း၌ ဤအရိယဝိဇ္ဇာကို ပေါက်ရောက်ထမြောက်အောင် အဘယ်သို့သောသူသည် လုပ်ကြံနိုင်သနည်း။**

အင်္ဂါငါးပါးနှင့် ပြည့်စုံသောသူသည် ပေါက်ရောက် ထမြောက်အောင် လုပ်ကြံနိုင်၏ဟု ဟောတော်မူသည်။

၁။ ဘုရား၌ ယုံကြည်ခြင်းသည် အင်္ဂါတပါး။
၂။ ကိုယ်လက်အင်္ဂါ ကျန်းမာခိုင်ခံ့ခြင်းသည် အင်္ဂါတပါး။
၃။ ဝမ်းတွင်းနှလုံး ဖြောင့်စင်းခြင်းသည် အင်္ဂါတပါး။
၄။ ဝီရိယထက်သန်ခြင်းသည် အင်္ဂါတပါး။
၅။ ရုပ်နာမ် ခန္ဓာတို့၏ ဖြစ်ပွါးမှု, ချုပ်ကွယ်မှုတို့၌ ဉာဏ်၏ ရှုးရှခြင်းသည် အင်္ဂါတပါး။

ဤ အင်္ဂါငါးပါးနှင့် ပြည့်စုံသောသူသည် အရိယဝိဇ္ဇာလမ်းကို ယခု မျက်မှောက် ပေါက်ရောက် ထမြောက်အောင် လုပ်ကြံနိုင်၏ဟု ပဉ္စင်္ဂိုက္ကရပါဠိတော် စသည်၌ ဟောတော်မူသည်။

ဟောဟန်ကား—

**ပဌမအင်္ဂါ**။ သဒ္ဓေါဟောတိ သဒ္ဒဟတိ တထာဂတဿ ဗောဓိံ။

သဒ္ဓေါ၊ ထက်သန်သော သဒ္ဓါတရားနှင့် ပြည့်စုံသည်။ ဟော တိ၊ ဖြစ်၏။ တထာဂတဿ၊ ငါဘုရား၏။ ဗောဓိံ၊ အဟုတ် အမှန် ထိုးထွင်းသောဉာဏ်တော်ကို။ သဒ္ဒဟတိ၊ ယုံကြည်၏။

ပဌမအင်္ဂါ ပြီး၏။

---

www.dhammaransi.com



**ဒုတိယအင်္ဂါ။** အပ္ပါဗာဓော ဟောတိ အပ္ပါတင်္ကော၊ သမဝေပါကိနိယာ ဂဟဏိယာ သမန္နာဂတော နာတိသီတာယ နစ္စုဏှာယ မဇ္ဈိမာယ ပဓာနက္ခမာယ။

အပ္ပါဗာဓော၊ အနာကင်းသည်။ အပ္ပါတင်္ကော၊ ရောဂါကင်းသည်။ ဟောတိ၊ ဖြစ်၏။ နာတိသီတာယ၊ အလွန် မအေးလွန်းသော။ နစ္စုဏှာယ၊ အလွန်မပူလွန်းသော။ မဇ္ဈိမာယ၊ အခါခပ်သိမ်း မျှတညီညွတ်စွာသော။ ပဓာနက္ခမာယ၊ ကမ္မဋ္ဌာန်းတည်းဟူသော လုပ်ရတ်လမ်းကို ကြိုးပမ်းအားထုတ် တွင်တွင်လုပ်ခြင်း၌ ခံ့လှစွာသော။ သမဝေပါကိနိယာ၊ မျိုမျိုသမျှအာဟာရတို့ကို အညီအညွတ် ကြေကျက်စေခြင်း၌ စွမ်းနိုင်ထသော။ ဂဟဏိယာ၊ ပါစကဓာတ်မီးနှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။

ယခုဝိပဿနာကာလအတွင်း၌ ဤဒုတိယအင်္ဂါပြည့်စုံခဲလှ၏။ ။ ယခု လူတို့၏ ပကတိသော ဝမ်းမီးသည် ကောက်ရိုးမီး မြက်မှိုက်မီး သစ်ရွက်မှိုက်မီးတို့နှင့် အလားတူ၏။ ဤမီးရသည် အခွင့်ဆိုက်လျှင် ရုတ်တရက် တဟုန်တည်း ထ၍ တောက်၍ အနီးအစပ်တွင် ရှိရှိသမျှသော ဝတ္ထုရာကို ခဏခြင်း လောင်ကျွမ်း စေတတ်၏၊ သေခွင့်ဆိုက်လျှင်လည်း ခဏခြင်း အငြိမ်းသေ၏၊ ဤပါစကဓာတ်မီး ထလွယ် သေလွယ် သောင်းကျန်းသည့် အတွက်ကြောင့် ယခုကာလ မကျန်းမာလွယ် မမာလွယ် အိုလွယ် သေလွယ် ဖြစ်ကြသည်၊ အရပ်ဒေသကို ရွေးရ, အစာအာဟာရကိုရွေးရ, ရေမြေဥတုကို ရွေးရ, လုံ့လပယောဂမှုကို တိုင်းထွာ ညှာတာရသည်၊ ဤပါစက ဓာတ်မီး မလိမ္မာသည့် အတွက်ကြောင့် ရူပကာယခန္ဓာသည် မကြည်မလင်ခြင်း များရသည်၊ ရူပကာယခန္ဓာ မကြည်မလင်ခြင်း များသည့် အတွက်ကြောင့် စိတ်မကြည် ဉာဏ်မကြည်ရှိကြသည်၊ ဥပမာပြခဲ့သော ကောက်ရိုးမီး မြက်မှိုက်မီး သစ်ရွက်မှိုက်မီးတို့၏ ထလွယ် တောက်လွယ်မှု သေလွယ် ပျောက်လွယ်မှုတို့မှာလည်း မီး၏

www.dhammaransi.com



စွဲလမ်းရာ ကောက်ရိုးမှိုက် မြက်မှိုက် သစ်ရွက် မှိုက်တို့က အနှစ်အမာ မရှိသည့် အတွက်ကြောင့် ထလွယ် သေလွယ် သောင်းကျန်းရလေသည်။

ပြဆိုခဲ့ပြီးသော ပါဠိတော်၌လာသော ဤ မဇ္ဈိမ ဓာတ်မီးနှင့် ပြည့်စုံသော သူမှာမူကား အရပ်ဒေသကို ရွေးချယ်ဘွယ်မရှိလှ၊ အစာအာဟာရကို ရွေးချယ်ဘွယ်မရှိလှ၊ ရေဥတု လေဥတု မြေဥတု တို့ကို ရွေးချယ်ဘွယ်မရှိလှပြီ၊ မအိမသာ ရောဂါ ဥပဒ် ဖြစ်လောက်အောင် ထကြွသောင်းကျန်းမှု, ယုတ်ညံ့နှုန့်နှေးမှု ဟူ၍မရှိ၊ အခါခပ်သိမ်းညီညွတ်မျှတ၍ ရူပကာယခန္ဓာကို ကြည်လင်စွာ စောင့်ရှောက် ပေသော ဓာတ်မီးပေတည်း၊ ထိုကဲ့သို့သော မဇ္ဈိမဓာတ်မီးသည်ကား ကာလသမ္ပတ္တိအခါ၌ သတ္တဝါအများမှာပင် ရှိကြ၏။ ယခုဝိပတ္တိအခါ၌ကား အလွန်တရာ ရှေးဘုန်း ရှေးကံ ကြီးလှသော ပုရိသ ဝိသေသတို့၌သာ ရထိုက်၏။ ရှေးဘုန်း ရှေးကံ နည်းသော သူတို့၌ကား ပကတိအားဖြင့် မရနိုင်၊ ဆေးကောင်း ဝါးကောင်းတို့ဖြင့် ပြုပြင်၍ယူမှ ရနိုင်သည်။

သက္ကတေဝ ဇရာယ ပဋိကမ္မံ ကာတုံ။ ။နေတ္တိပါဠိတော်။

ဇရာယ၊ အချိန်အရွယ်ကျလျှင် အိုရခြင်း ဇရာတရား၏။ ပဋိကမ္မံ၊ မအိုရအောင် ကြံဆောင်တားမြစ်မှုကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကတေဝ၊ တတ်နိုင်ကောင်းသည် သာလျှင်တည်း။

ဤ ပါဠိတော်၌ မအိုရအောင် တတ်နိုင်ကောင်း၏ဟု ဟောတော်မူသဖြင့် မနာရအောင် တတ်နိုင်ကောင်း၏ဟူသော အနက်သည်လည်း တချက်ထည်း ပါလေ၏။

ရသာယန ဘေသဇ္ဇံ ပန သုစိရံပိ ကာလံ ဇီဝိတံ
ပဝတ္တေတုံ သက္ကောတိ ယေဝ။ ဝိသုဒ္ဓိမဂ် မဟာဋီကာ။

ရသာယနဘေသဇ္ဇံ ပန၊ ရသာယန ဆေးမျိုး သည်ကား။ သုစိရံပိ ကာလံ၊ အနှစ်တရာတမ်းမှာ ငါးရာ တထောင် မက

www.dhammaransi.com



သော နှစ်ကာလ ပတ်လုံးလည်း။ ဇီဝိတံ၊ အသက်ကို။ ပဝတ္တေတုံ၊ တည်စေခြင်းငှါ။ သက္ကောတိယေဝ၊ စွမ်းနိုင်သည်သာလျှင်တည်း။

ရသာယနဟူသောပုဒ်၌၊ရသာ အာယုန္တိ ဝဍ္ဎန္တိ ဧတေနာတိ ရသာယနံ ဟု ဝိဂြိုဟ်ပြု။ ဧတေန၊ ဤခါတ် ဆေးမျိုးဖြင့်။ ဝါ၊ ခါတ်ဆေးမျိုးကြောင့်။ ရသာ၊ ရက်လနှစ်ပေါင်း ထောင်သောင်းမက ခိုင်မြဲလှသော အသွေး အသား အစရှိသော ရသခါတ်တို့သည်။ အာယုန္တိ ဝဍ္ဎန္တိ၊ အစဉ်တိုးပွား၍ နေကုန်၏။ ဣတိ၊ ဤသို့သော အကြောင်းကြောင့်။ တံ၊ ထိုခါတ်ဆေးမျိုးသည်။ ရသာယနံ၊ ရသာယနဆေး မည်၏။ အာယုဝဍ္ဎန ခါတ်မျိုးဆိုလိုသည်။ ရှေးဘုန်း ရှေးကံပင် နည်းငြား သော်လည်း ဉာဏ်စွမ်း ဝိရိယစွမ်း ရှိလှ၍ ဤရသာယန ဆေးမျိုးနှင့် မိမိရူပကာယခန္ဓာကို ရုပ်ပြောင်း၍သွားအောင် တတ်စွမ်းနိုင်ပါမူ တရာတမ်းမှာပင် တထောင်မက တသောင်းမက နေရသောသဘောနည်းလမ်းအမှန်ဖြစ်၏ဟု ဆိုလိုသည်။

အဘိဝါဒန သီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

ဟူ၍ ထားတော်မူခဲ့သော မြတ်စွာဘုရား၏ အာယုဝဍ္ဎနဆေးတော်ကြီးကိုလည်း အမြဲမှီဝဲရလိမ့်မည်။

**အချို့သော ဆရာတို့ကား**—အာယုဝဍ္ဎနကို အမှုပိုက်မှုသည် အသက်ခန္ဓာ၌ တွယ်တာသော ဥပါဒါန်မှုဖြစ်၏။ "အသက်ခန္ဓာကို မညှာရဘူး" ဟူသော မြတ်စွာဘုရား၏ ဩဝါဒတော်နှင့်လည်း ဆန့်ကျင်၏ဟု အယူရှိကြကုန်၍ အသက်ခန္ဓာကို မညှာမငဲ့ဘဲ အစားအစာကို ခြိုးခြံမှု အဝတ်အရုံကို ခြိုးခြံမှု အရိပ်အာဝါသကို ခြိုးခြံမှုတို့ကို အားထုတ်ကြကုန်၏၊ ထိုသို့အားထုတ်ကြသော ခြိုးခြံမှုများသည် ထိုဥပါဒါန်ကို တဒင်္ဂပဟာန်ဖြင့်ပယ်မှုမျှသာ ဖြစ်၏။ ထိုဥပါဒါန်ကို လွန်မြောက်နိုင်သော အလုပ်

www.dhammaransi.com



မျိုးပင်မဟုတ်။ သစ်ပင်တောချုံ ထူထပ်လှစွာသော နေရာ၌ ယခုနှစ် မြေပေါ်တွင် ခုတ်ထွင်ရှင်းလင်းမှုသည် နောက်နှစ်၌ ထိုနေရာတွင် သစ်ပင်တောချုံစည်ကားရုံမျှ ဖြစ်သကဲ့သို့ နောက်ဘဝ၌ ထိုဥပါဒါန်တရား စည်ကားရန်သို့ ပြုသကဲ့သို့သာ ရှိ၏၊ ထိုဥပါဒါန်ကို လွန်မြောက်နိုင်သောအလုပ်မှာမူကား ဝိပဿနာဉာဏ်တည်းဟူသော မြမြထက်သော ပေါက်တူးဖြင့် မိမိကိုယ်ခန္ဓာ သူတပါး ကိုယ်ခန္ဓာ ယခု ပစ္စုပ္ပန်ခန္ဓာ နောက် အနာဂတ်ခန္ဓာတို့ကို မှုန့်မှုန့်ညက်ညက် တူးဖြိုမှုသည် သာလျှင် အသက်ခန္ဓာ၌ တွယ်တာသော ဥပါဒါန်ကို လွန်မြောက်နိုင်သော အမှုမှန် ဖြစ်ပေသတည်း၊ ထိုသို့သော တူးဖြိုးမှုကို ပြုလုပ်အားထုတ်ပေါက်ရောက် ထမြောက်နိုင်ရာသော အင်္ဂါရပ်တွင် အနာရောဂါ ကင်းရှင်းခြင်းဟူသော ဤဒုတိယ အင်္ဂါသည် ပါရှိသည်ဖြစ်၍ ထိုဥပါဒါန်ကို လွန်မြောက်ခြင်း၌ အရိယဝိဇ္ဇာလမ်းကို ကြိုးပမ်း အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် အရိယဝိဇ္ဇာလမ်းဆုံးကမ်းကိုင်ရောက် ထမြောက်သည် တိုင်အောင် အနာရောဂါကင်းရှင်းခြင်း ဟူသော ဤဒုတိယ အင်္ဂါကို ကောင်းစွာအားထုတ် အပ်သတည်း။

ဒုတိယ အင်္ဂါပြီး၏။

---

**တတိယအင်္ဂါ။** အသဌော ဟောတိ အမာယာဝီ ယထာဘူတံ အတ္တာနံ အာဝိကတ္တာ သတ္ထရိဝါ ဝိညူသုဝါ သဗြဟ္မစာရီသု။

အသဌော၊ မစဉ်းလဲသည်၊ အမာယာဝီ၊ လှည့်ပတ်ခြင်းမရှိသည်၊ ဟောတိ၊ ဖြစ်၏၊ သတ္ထရိဝါ၊ ငါဘုရား၌သော်၎င်း၊ ဝိညူသု၊ မိမိထက် တရားကျွမ်းဝင် အမြင်သန်ကုန်သော၊ သဗြဟ္မစာရီသုဝါ၊ အတူနေ သီတင်းသုံးဘော်တို့၌ သော်၎င်း၊ အတ္တာနံ၊ မိမိကိုယ်ကို၊ ယထာဘူတံ၊ ဟုတ်မှန်သောအတိုင်း၊ အာဝိကတ္တာ၊ ထင်စွာပြုတတ်သည်၊ ဟောတိ၊ ဖြစ်၏။

www.dhammaransi.com



မိမိ၏ စိတ်သန္တာန်၌ရှိသော မကောင်းသောအမှုအရာ အကြံအစည် ဝါသနာစရိုက်, ကောင်းသော အမှုအရာ အကြံအစည် ဝါသနာ စရိုက်တို့ကို မထိမ်မချန် ဖြောင့်မှန်စွာ လင်းရမည်၊ မသိဘဲနှင့် အသိလုပ်ချင်မှု, မမြင်ဘဲနှင့် အမြင်လုပ်ချင်မှု,အနည်းငယ်မျှသိသည် မြင်သည်ကို အများလုပ်ချင်မှု, အသိဉာဏ်မပါးဘဲကို အပါးလုပ်ချင်မှု ဤကဲ့သို့သော ကောက်ကျစ်မှုများကို အနည်းငယ်မျှမရှိစေရ၊ ဖြောင့်စင်း ဖြူစင်သော စိတ်နှလုံး ရှိစေရမည်ဆိုလိုသည်။

တတိယ အင်္ဂါပြီး၏။

---

**စတုတ္ထအင်္ဂါ။** အာရဒ္ဓဝီရိယော ဝိဟရတိ အကုသလာနံ ဓမ္မာနံ ပဟာနာယ ကုသလာနံ ဓမ္မာနံ ဥပသမ္ပဒါယ ထာမဝါ ဒဠှပရက္ကမော အနိက္ခိတ္တဓုရော ကုသလေသု ဓမ္မေသု။

အကုသလာနံ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ ယုတ်မာသော တရားတို့ကို။ ပဟာနာယ၊ ပယ်ဖျောက်ခြင်းငှါ။ ကုသလာနံ၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ စင်ကြယ် ကောင်းမြတ်သော တရားတို့ကို။ ဥပသမ္ပဒါယ၊ ပြည့်စုံစေခြင်းငှါ။ အာရဒ္ဓဝီရိယော၊ အမြဲမပြတ် အားထုတ်အပ်သော ဝီရိယရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ထာမဝါ၊ ထက်သန်သော စိတ်စွမ်း ကိုယ်စွမ်းရှိ၏။ ဒဠှပရက္ကမော၊ အပြင်းအထန် အလွန်သန်သော လုံ့လရှိ၏။ ကုသလေသု ဓမ္မေသု၊ ကုသိုလ်လေးပါး မြတ်တရားတို့၌။ အနိက္ခိတ္တဓုရော၊ အခါခပ်သိမ်း မချသောဝန်ရှိ၏။

မိမိ သန္တာန်၌ ရှိသမျှသော အဝိဇ္ဇာတဏှာ အစရှိသော အကုသိုလ်တရားတို့ကို ယခုဘဝ နေ့ခြင်း ညခြင်း သမုစ္ဆေဒပဟာန်ဖြင့် အကုန်အစင် ပယ်ဖြတ်ခြင်းငှါ, ကာမကုသိုလ် မဟဂ္ဂုတ်ကုသိုလ် လောကုတ္တရာ ကုသိုလ်တို့ကို ရပြီး ရောက်ပြီး ဖြစ်

www.dhammaransi.com



စေခြင်း၄၁ စိတ်စွမ်း ကိုယ်စွမ်း ဝိရိယစွမ်း အလွန်ထက်သန်၍၊ မြွေဆိုးကိုက်၍ မြွေဆိပ်ပွန်း၍ မလှုပ်မလှက် မျက်စိမမြင် ထွက်သက် ဝင်သက် ချုပ်၍နေသောသူသည် ဆေးအနည်းငယ်တွေ့၍ ထွက်သက် ဝင်သက် ရကာမျှနှင့်လည်း မအေးသာသေး, ဘယ်ပြောင်းညာပြန် လှုပ်ရှားနိုင်ရုံမျှနှင့်လည်း မအေးသာသေး, မျက်စိမြင်ရုံမျှနှင့်လည်း မအေးသာသေး, ဦးခေါင်းမှ အောက်သို့မြွေဆိပ်လျောကာမျှနှင့်လည်းမအေးသာသေး, ခါးမှအောက်သို့လျောကာမျှနှင့်လည်း မအေးသာသေး,ဒူးမှအောက်သို့လျောကာမျှနှင့်လည်း မအေးသာသေး,ကိုက်ရာအနာဝမှ အကုန်အစင်လျောကျသော အခါမှ စိတ်အေးရသကဲ့သို့ ထိုအတူ လူအဖြစ်၌ ကာမဂုဏ်အဆိပ် နိဝရဏအဆိပ်ပွန်း၍နေသောသူသည် ရသေ့ရဟန်း အဖြစ်သို့ ရောက်သောအခါ အနည်းငယ်မျှ ဆေးတွေ့၍ ထွက်သက် ဝင်သက် ရသော သူနာ နှင့် တူ၏၊ သီလဝိသုဒ္ဓိကို ရကာမျှနှင့် အေးခွင့်မရှိသေး ဆိုလိုသည်၊ ရသေ့ရဟန်းအဖြစ်သို့ ရောက်ပြီးသောသူသည် ရတင် တေရသကို ဆောင်၍ မြဲမြံသောပဋိပတ်၌ တည်သောအခါ ဘယ်ပြောင်းညာပြန် လှုပ်ရှားနိုင်သော သူနာနှင့် တူ၏။

သီလရတင် ပဋိပတ်တို့၌တည်၍ ဝိပဿနာလမ်းကို ပြနိုင်သော ဆရာကို ကောင်းစွာခစားလျက် ဝိပဿနာ နည်းလမ်းကို လက်ထပ်ရအောင် သင်ယူ၍ ဆိတ်ငြိမ်ရာ အရပ်၌ ဝိပဿနာလုပ်ရတ်ကို ကြပ်ကြပ်တည်းတည်း အားထုတ်သဖြင့် မိမိကိုယ်ခန္ဓာအတွင်း၌ ရုပ် အသိုက်အအုံ, နာမ် အသိုက်အအုံ, ရုပ်တို့၏ အဖြစ်အပျက်, နာမ်တို့၏ အဖြစ်အပျက်, တို့ကို လင်းလင်းချင်းချင်း မြင်ရသောအခါ မျက်စိမြင်၍လာသောသူနာနှင့်တူ၏၊ မျက်စိမြင်ရုံမျှနှင့်လည်း အဆိပ်ရောဂါ သက်သာသည် မဆိုလောက်သေး၊ ယခုကာလ အထက်နိုင်ငံ အောက်နိုင်ငံမှာ တောတောင်ဝင်၍ ကျင့်ကြသော သူများကား မျက်စိမြင်သော စခန်းသို့ပင် မရောက်နိုင်ကြလေ၊ ဝိပဿနာဉာဏ် အမြင်သန်၍

သောတာပန် အဖြစ်သို့ ရောက်သောအခါ ဦးခေါင်း၌ အဆိပ်ရောဂါ ပျောက်ငြိမ်းသော သူနာနှင့်တူ၏၊ သကဒါဂါမ် အဖြစ်သို့ ရောက်သောအခါ ခါးမှ အထက်၌ အဆိပ်ရောဂါ ပျောက်ငြိမ်းသော သူနာနှင့်တူ၏၊ အနာဂါမ် အဖြစ်သို့ ရောက်သော အခါ ဒူးမှ အထက်၌ အဆိပ်ရောဂါ ပျောက်ငြိမ်းသော သူနာနှင့် တူ၏၊ ရဟန္တာအဖြစ်သို့ရောက်သောအခါ ခြေကိုက်ရာ အနာဝမှ အကုန်အစင် အဆိပ်လျှောကျ၍ အနာရောဂါ အချင်းခပ်သိမ်း ကင်းငြိမ်း စင်ကြယ်ပြီးသော သူနှင့်တူ၏။

ထိုသို့အနာရောဂါအချင်းခပ်သိမ်း ကင်းငြိမ်း စင်ကြယ်သော စခန်းသို့ မဆိုက်သမျှ ကာလပတ်လုံး ထိုသူနာသည် မိမိ၌ ကပ်ရောက်ညှဉ်းပန်း၍နေသော မြွေဆိပ်ရောဂါ ပျောက်ငြိမ်းရန် အလုပ်မှတပါး တခြားသော ကိစ္စတို့ကို အရှင်းပယ်ဖြတ်၍ ထို မြွေဆိပ်ရောဂါ ပျောက်ငြိမ်းရန် အလုပ်ကိုသာ နေ့နေ့ ညည မနေမနား ကြိုးစားအားထုတ်ရသကဲ့သို့ တထောင့် ငါးရာ ကိလေသာတည်းဟူသော အဆိပ်ရောဂါ မွန်း၍နေကြသောသူတို့မှာလည်း ဘုရားတည်းဟူသော အရိယဝိဇ္ဇာဓိုရ်ကြီး ဝိပဿနာပညာ မဂ်ပညာ တည်းဟူသော ဝိဇ္ဇာမယိဒ္ဓိဆေးတို့နှင့် ယခုတဘဝ တွေ့ကြရသော အခါ၌ ထိုကိလေသာ အဆိပ်မကင်း အချင်းခပ်သိမ်း မငြိမ်းသမျှ ကာလပတ်လုံး သမာပတ်ရှစ်ပါး ဝိပဿနာဉာဏ်ဆယ်ပါးသို့ ရောက်ပြီး ရပြီးပင်ဖြစ်သော်လည်း မဂ်စခန်း ဖိုလ်စခန်းသို့ မဆိုက်ရောက်သမျှ ကာလပတ်လုံး မလျှော့သောလုံ့လ မလျှော့သော ဝီရိယနှင့် ပြည့်စုံရမည်ဟူလိုသည်။

စတုတ္ထအင်္ဂါ ပြီး၏။

---

**ပဉ္စမအင်္ဂါ**။ ပညဝါ ဟောတိ၊ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယ ဂါမိနိယာ။

www.dhammaransi.com



**ပညဝါ၊** ပညာရှိသည်။ **ဟောတိ၊** ဖြစ်၏။ ဥဒယဗ္ဗယဂါမိနိယာ၊ မိမိခန္ဓာ သူတပါးခန္ဓာတို့၌ ရုပ်တရား နာမ်တရားတို့၏ ခဏမစဲ တသဲသဲဖြစ်ပေါ်၍နေမှု ခဏမစဲ တသဲသဲချုပ်ကွယ်၍နေမှုတို့ကို အမှီ လိုက်နိုင်စွာ ထသော။ အရိယာယ၊ ပုထုဇ္ဇန်သာမန် လူသာမန် နတ်သာမန်တို့နှင့် မတန်မရာ မွန်မြတ်စွာသော။ နိဗ္ဗေဓိကာယ၊ ကျောက်အတိပြီးသော တောင်အထွဋ်တောင်အထုတို့ကို မုန့်မုန့်ညက်ညက် ရက်ရက်ရဲရဲ ဝက်ဝက်ခွဲနိုင်သော ဝရဇိန်မိုယ်းကြိုး၏ အလားကဲ့သို့ ရုပ်ခဲ နာမ်ခဲ ခန္ဓာခဲတို့ကို ရက်ရက်ရဲရဲ ဝက်ဝက် ခွဲနိုင်သော အစွမ်းလည်း ရှိထသော။ သမ္မာ၊ မချွတ်မယွင်း။ဒုက္ခက္ခယဂါမိနိယာ၊ ဝဋ်ဒုက္ခ၏ ကုန်ရာစခန်းသို့ တန်းတန်းဖြောင့်ဖြောင့် မသောင့်မကွေ့ ချမ်းမြေ့ပိုင်ပိုင် ဆိုက်စေနိုင်ထသော။ ပညာယ၊ ဉာဏ်ပညာအထူးနှင့်။ သမန္နာဂတော၊ပြည့်စုံ၏။

**ဤပဉ္စမအင်္ဂါသည်ကား**-တိဟိတ်ပုဂ္ဂိုလ်တို့၌သာရထိုက်သော အင်္ဂါပေတည်း။ အဟိတ်ပုဂ္ဂိုလ် ဒွိဟိတ် ပုဂ္ဂိုလ်တို့နှင့် ထိုက်တန်သော အင်္ဂါမဟုတ်၊ဤ အင်္ဂါနှင့်ပြည့်စုံသောသူကို တိဟိတ်ပုဂ္ဂိုလ်ပေဟု အမှန်မုချ သိရသည်၊ ဤ အင်္ဂါငါးပါးနှင့် ပြည့်စုံသောသူသည် ယခုဘဝ၌ပင် အရိယ ဝိသုဒ္ဓိလမ်းကို ပေါက်ရောက် ထမြောက်အောင် လုပ်ကြံနိုင်၏ဟု ဟောတော်မူအပ်သော ပဓာနိယင် ငါးပါး ပြီး၏။

ပဉ္စမအင်္ဂါ ပြီး၏။

---

**ပဓာနိယင် ဆိုသည်ကား**-(၁) အရိုးကြွင်းစေ၊ (၂) အကြောကြွင်းစေ၊ (၃) အရေကြွင်းဖြစ်စေ၊ (၄) အသားအသွေး အကုန်ခြောက်ခန်း၍ကုန်လေစေ။ မပေါက်သမျှ ငါမလျှော့ဟု ဖြစ်သော အင်္ဂါလေးပါးနှင့်ပြည့်စုံသော ဝီရိယသည် ပဓာနမည်၏၊ ထိုပဓာနမှုကိုပြုသောသူသည် ပဓာနိယမည်၏၊ ထိုပုဂ္ဂိုလ်အား

www.dhammaransi.com



ထိုက်တန်သော ပြဆိုခဲ့ပြီးသော အင်္ဂါငါးပါးသည့် ပဓာနိယင် တရား ငါးပါးမည်၏။

ဤတွင်ရွေ့ကား–ပဓာနိယင်တရား ငါးပါးနှင့်တကွ ဝိဇ္ဇာငါး ရပ်ကို အကျဉ်းသရုပ် ပြဆိုချက်ပြီး၏။

---

**ယခုအခါ၌ ဤဝိဇ္ဇာ ငါးရပ်တို့တွင်** အရိယဝိဇ္ဇာ လမ်းကို ပေါက်ရောက် ထမြောက်အောင်လုပ်ကြံလိုသောယောဂီပုဂ္ဂိုလ် တို့၏ အကျိုးငှါ အနိစ္စဝိဇ္ဇာ ဒုက္ခဝိဇ္ဇာ အနတ္တဝိဇ္ဇာ ပေါက် လမ်း ဖွင့်လမ်းတို့ကို အကျဉ်းမျှ ပြဆိုပေအံ့။

၁။ အယံကာယော၊ ဤကိုယ်ခန္ဓာသည်။ စာတုမဟာဘူတိ ကော၊ အဆည်ခံ အမာခံဖြစ်သော လေးပါးသော မဟာဘုတ် လျှင် အရင်းခံရှိ၏။

၂။ ဆပ္ပသာဒမဏ္ဍော၊ ခြောက်မျိုးသောမှုက်ကြည် မှုက် လင်း ကိုယ်တွင်းအပြည့် ချယ်လယ်လျက်ရှိ၏။

၃။ ဥပဟူနံ၊ ဆယ်မျိုးသော ဝါတ်မီးတို့၏။ ဥဒယော၊အပွား အစီးသာဖြစ်၏။

၄။ အာဟာရေဟိ၊ ဆယ်မျိုးသော ဝါတ်ဆီတို့သည်။ ထမ္ဘိ တော၊ အမြဲမပြတ် ထောက်ပံ့အပ်၏။

၅။ ဇာတိဓမ္မော၊ အသစ်အသစ်မပဲ ဖြစ်ခြင်း သဘောရှိ၏။

၆။ ဇရာဓမ္မော၊ ခဏခြင်း ခဏခြင်း အိုမင်းရင့်ရော်ခြင်း သဘောရှိ၏။

၇။ မရဏဓမ္မော၊ ခဏမစဲ အမြဲပျက်ဆုံးခြင်းသဘောရှိ၏။

၈။ အနိစ္စော၊ ခိုင်မြဲသော သဘောမရှိ။

၉။ ဒုက္ခော၊ ချမ်းသာမဘက် သက်သက်ဒုက္ခ အစုသာ တည်း။

၁၀။ အနတ္တာ၊ ကိုယ်မဟုတ်။

www.dhammaransi.com



ဇာတိအဃံ၊ ဤသည့်ကား။ မာတိကာ၊ ခေါင်းစဉ်မာတိကာ တည်း။

---

စာတုမဟာဘူတိကောတိ ဧတ္ထ၊ စာတုမဟာဘူတိကောဟူ သော မာတိကာပုဒ်၌။ စတ္တာရော၊ လေးပါးကုန်သော။ မဟာ ဘူတာ၊ မဟာဘုတ်တို့ ဟူသည့်ကား။ ပထဝီ၊ မြေလည်းတပါး။ အာပေါ၊ ရေလည်းတပါး။ တေဇော၊ မီးလည်းတပါး။ ဝါ ယော၊ လေလည်းတပါး။ ဣမေ၊ ဤလေးပါးတို့ ပေတည်း။

၁။ တတ္ထ၊ ထိုလေးပါးတို့တွင်။ ကက္ခဠဘာဝေါ၊ ခက်မာ သောသဘောသည့်လည်းကောင်း။ မုဒုဘာဝေါ၊ နူးည့ံသော သဘောသည့်လည်းကောင်း။ ပထဝီ၊ ပရမတ်နှစ် မြေအစစ်ပေ တည်း။

၂။ အာဗန္ဓနံ၊ ဖွဲ့စည်းမှုသည့်လည်းကောင်း။ ပဃ္ဃရဏံ၊ ယိုစီးမှုသည့်လည်းကောင်း။ အာပေါ၊ ပရမတ်နှစ် ရေအစစ်ပေ တည်း။

၃။ ဥဏှဘာဝေါ၊ ပူသောအဖြစ်သည့်လည်းကောင်း။ သီ တဘာဝေါ၊ အေးသောအဖြစ်သည့်လည်းကောင်း။ တေဇော၊ ပရမတ်နှစ် မီးအစစ်ပေတည်း။

၄။ ဝိတ္ထမ္ဘနံ၊ ထောက်ကန် တောင့်တင်းမှု သည့်လည်း ကောင်း။ သမုဒိရဏံ၊ လှုပ်ကြွ ရွေ့ရှားမှု သည့်လည်းကောင်း။ ဝါယော၊ ပရမတ်နှစ် လေအစစ်ပေတည်း။

ဤကား ဆောင်ပုဒ်တည်း၊ ကြေကြေမွမွ နှုတ်တက်ရအောင် ကျက်၍ ဆောင်လေ။

---

ယခုအခါ ထိုဆောင်ပုဒ်၌-မြေ, ရေ, လေ, မီး ဓာတ်ကြီး လေးပါးကို အသီးအသီး ဝိဇ္ဇာဉာဏ်ပေါက်အောင် ဖွင့်ပြပေအံ့။

ပရမတ်နှစ် မြေအစစ်ဆိုသည်ကား-ခက်မာသော အမှုအရာ အခြင်းအရာ ကြီးယားမျှသာတည်း။ အဏုမြူမျှကို အပိတ်တသိန်း ပိတ်၍ တပိတ်စာမျှ အခဲ အကျိတ် အဆံ အမာ အသည်ဖြစ်ဟူ၍ မရှိ၊ အလွန်ကြည်လင်လှစွာသော မြစ်ရေ ချောင်းရေ စိမ့်ရေ စမ်းရေတို့၌၎င်း၊ နေရောင် လရောင် ကြယ်ရောင် မီးရောင် ပတ္တမြားရောင်တို့၌၎င်း၊ အနီးအဝေး ပြန့်နှံ့၍သွားသော ခေါင်းလောင်းသံ ကြေးစည်သံ စသည်တို့၌၎င်း၊ လေပြေ လေညှင်း လေပြင်းမုန်တိုင်းတို့၌၎င်း၊ အဝေး အနီးပြန့်နှံ့လွင့်ပါး၍ သွားသောအမွှေးနံ့ အပုပ်နံ့တို့၌၎င်း ထိုပရမတ် ဓာတ်မြေသည် အပြည့်ပါရှိ၏။

**ဆဉ္ဈိကား**-ဓာတ်ကြီးလေးပါးတို့၏ တပါးနှင့်တပါး အချင်းချင်းအဝိနိဗ္ဘောဂဝုတ္တိ ဖြစ်ကြသည်ကို ထောက်၍၎င်း၊ ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ၊ ဟူ၍ ဟောတော်မူသည်ကို ထောက်၍၎င်း။ ပထဝီ၊ မြေဓာတ်သည်၊ သမ္ပဋိစ္ဆနရသာ၊ ရေဓာတ် လေဓာတ် မီးဓာတ်တို့ကို ခံခြင်းကိစ္စရှိ၏ ဟူ၍အဋ္ဌကထာတို့၌ မိန့်ဆိုသည်နှင့်အညီ အမာခံဖြစ်သော မြေဓာတ်အခံမရှိလျှင် ရေဓာတ်လည်းမရှိနိုင် မီးဓာတ်လည်းမရှိနိုင် လေဓာတ်လည်း မရှိနိုင်သော သဘောကိုထောက်၍၎င်း ဆိုခဲ့ပြီးသော ရေစသည်တို့၌ မြေဓာတ် အပြည့်ပါရှိကြောင်းကို သိအပ်သတည်း။ ။ဤကားကျမ်းဂန်ယုတ္တိတည်း။

**လက္ခဏာယုတ္တိကား**- ဝါလုံးတခဲတည်းဖြစ်ကြသော ရေတို့၌၎င်း၊ လေတို့၌၎င်း၊ အသက်အထက် နေသော ရေ, လေ, တို့ကို အောက်အောက်နေသော ရေ, လေ, တို့က အဆင့်ဆင့်ခံ၍နေမှုသည် ထင်ရှား၏၊ ထိုခံမှုသည် အာပေါ်မှုလည်းမဟုတ်၊ ကပ်တွယ်ဖွဲ့စည်းမှုသည်သာ အာပေါ်ပေတည်း၊ ထိုခံမှုသည် တေဇောမှုလည်းမဟုတ်ပူမှုအေးမှုသည်သာတေဇောပေတည်း။

ထို ခုခံမှုသည် ပထဝီမှု ဝါယောမှု နှစ်ချက်နှင့် ဆိုင်၏၊ ထိုခုခံမှု၌ ခက်မာ ခံ့ကျန်းမှုတခု, ထောက်ကန် တောင့်တင်းမှု တခု, ဤနှစ်ခုဘက်စပ်မှ ခုခံမှု ဖြစ်နိုင်သည်၊ ထိုနှစ်မှုတို့တွင်ခက်မာ ခံ့ကျန်းမှုကိုပင် ပရမတ်မြေ ဆိုသည်၊ ထောက်ကန် တောင့်တင်းမှုကိုပင် ပရမတ်လေ ဆိုသည်၊ ထိုနှစ်မှုတို့တွင် ထောက်ကန် တောင့်တင်းမှု ဟူသော လေဓာတ်သည် ခက်မာခံ့ကျန်းမှုဟူသော မြေဓာတ်ကို မှီရသည်၊ မြေဓာတ်ကို လွှတ်၍ မိမိ အလိုအလျောက် ဖြစ်နိုင်သည်မဟုတ်၊ ခက်မာ ခံ့ကျန်းမှုနှင့် ထောက်ကန် တောင့်တင်းမှုကို ခြားနားအောင်ကြည့်လေ၊ ဤသို့လျှင် ထို ဆိုအပ်ခဲ့ပြီးသော ရေ လေ တို့၌ ခက်မာ ခံ့ကျန်းမှုဟူသော ပရမတ်မြေ ထင်ရှားရှိကြောင်းကို ထို လေ ရေ တို့၌ ရေအားလျော်စွာ လေအားလျော်စွာ ကက္ခဠ လက္ခဏာ ရှိသည်ကို မြင်၍ သိအပ်သတည်း။

**ထို ဆိုအပ်ခဲ့ပြီးသော နေရောင် စသည် ခေါင်းလောင်းသံ စသည် အမွှေး နံ့သာ စသည်တို့၌ကား**-ထိုအားလျော်စွာ ခက်မာ ခံ့ကျန်းမှု အသီးအသီး ပါကြငြားသော်လည်း အလွန်တရာ အားနည်းလှသော အမှုဖြစ်ချေ၍ လက္ခဏာယုတ္တိနှင့်မပြသာချေ၊ ကျမ်းဂန်ယုတ္တိနှင့်သာ ပြသာချေသည်၊ ဤကြည်လှစွာသော ရေ, လေ, လရောင်, အသံ, အနံ့တို့ကို ပြဆိုလိုက်သည်မှာ ကက္ခဠကြိယာ ခက်မာခံ့ကျန်းမှုဟူသော အမူအရာ သက်သက်သည်သာလျှင် ပရမတ်မြေအစစ်အမှန်ဖြစ်ကြောင်း၊ပရမတ်မြေ အစစ်မည်သည် အကျုမြူကို အစိတ်တသိန်း စိတ်သော်လည်း တစိတ်စာမျှ အခံအမာအထည် ဝတ္ထုမရှိကြောင်းကို ထင်လင်းစေခြင်းငှါ ပြဆိုလိုက်သည်။ အထည်ဝတ္ထုဟူ၍ မရှိ၊ ခက်မာသော အမူအရာ သက်သက်မျှသာ ဖြစ်သော ထိုမြေဓာတ်သည်လည်း လွန်ကဲသော ခက်မာမှုကို ထောက်၍ နူးနှံ့သော ခက်မာမှုကို နူးညံ့သည်ဟု ဆိုရသည်၊ ထိုကြောင့် ဝရဇိန် ကျောက် သွား၌ရှိသော ခက်မာမှုကိုအလွန်အဆုံးထား၍လရောင်ကလာပ်

www.dhammaransi.com



၌ရှိသော ခက်မာမှုကို အနှံ့ဆုံးထား၍ စပ်ကြား၌ ခက်မာမှု အဆင့်ဆင့်, နူးညံ့မှုအဆင့်ဆင့် ဖြစ်၍နေသော ထိုမြေဓာတ်၏ အလားကို သိရမည်၊ ဤမြေဓာတ်၌ ခက်မာခြင်း လက္ခဏာ ဆို သည်ကို ပရမတ်သဘောနှင့် ကြည့်ရမည်၊ ပကတိ လူတို့၏ အမှတ်သညာနှင့် မကြည့်ရ၊ ပကတိ လူတို့၏ အမှတ်သညာနှင့် ကြည့်ခဲ့သော်လရောင်စသည်တို့၌ခက်မာသောအမှုကို မတွေ့နိုင် ရှိလိမ့်မည်။

ထိုခက်မာသော အခြင်းအရာ ကြိယာသဘော သက်သက်မျှ သာ ဖြစ်သော ပရမတ် မြေဓာတ်သည် အာပေါဟူသော ပရ မတ်စေး ဖွဲ့စည်းမှုကြောင့် မြေဓာတ်ပေါင်း ကုဋေ သိန်းသောင်း ပေါင်းဖွဲ့မိသည်ရှိသော် အကာမြူတခုဟူသော ဝတ္ထုအထည်ဒြပ် ဖြစ်၏၊ အကာမြူပေါင်း ကုဋေ သိန်းသောင်း ပေါင်းဖွဲ့မိသည်ရှိ သော် သန်း ကြမ်းပိုး ဖြစ်၏၊ ထိုမှအဆင့်ဆင့်ပွား၍ သတ္တဝါ တွင် ယူဇနာ လေးထောင့် ရှစ်ရာရှိသော အသုရိန် နတ်ကြီးတိုင် အောင် ဗဟိဒ္ဓသန္တာန်တွင် ယူဇနာ ရှစ်သောင်း လေးထောင် နှစ်ပြန်ဆောင်သော မြင်းမိုရ်တောင်ကြီး, နှစ်သိန်း လေးသောင်း အထုရှိသော မဟာပထဝီမြေကြီး, တိုင်အောင် သိလေ၊ သန်း အစရှိသော အကာမြူအစရှိသော သက်ရှိသက်မဲ့ ရုပ်ရုပ်ခဲ ဟူ သမျှတို့၌ ခက်မာခြင်း ဟူသော ဤမြေဓာတ်သည် အထည်ခံ အမာခံ ဖြစ်သတည်း၊ ဤမြေဓာတ်မှတပါး အထည် ဝတ္ထု ရကောင်းသောဓာတ်မရှိ၊ ရေဓာတ် မီးဓာတ် လေဓာတ်တို့သည် လည်းမြေဓာတ်၌ တွယ်ကြရကုန်သည်၊ ဤသို့မြေဓာတ်၏ ကိစ္စ ကြီးကျယ်ဟန်ကို သိရမည်။

မြင်းမိုရ်တောင်ကြီး တခုလုံး၌ဖြင်း မဟာပထဝီ မြေကြီးတခု လုံး၌ဖြင်း ပရမတ်မြေဓာတ်သက်သက်ကို ကြည့်လိုသည် ရှိသော် အကာမြူမှ အထည်ဒြပ်မရှိ ခက်မာသော အခြင်းအရာ ကြိယာ သဘော သက်သက်ကို ကွက်ခြား၍ ကြည့်ရသည်၊ အကာမြူမှ အထည်ဒြပ်မရှိဘဲ မှဏ်ထဲ၌ထင်သော အရိပ်ကြီးကဲ့သို့, ရေထဲ၌

www.dhammaransi.com



ထင်သော အရိပ်ကြီးကဲ့သို့, မြင်လိမ့်မည်။ အဏုမြူမျှလောက် အရှည်အတို အကြီးအငယ် အခဲအမာထင်၍ လာလျှင် ပရမတ် မြေအစစ် မဟုတ်ပြီ၊ သဏ္ဌာနပညတ် ဒြပ်အထည်နှင့် ရောပြီ၊ သဏ္ဌာနပညတ် ဒြပ်အထည်နှင့် ရောခဲ့လျှင် ဖြစ်မှုပျက်မှုကို ရှုသောအခါ မထင်နိုင်ဘဲ နေတတ်သည်။

(ဤခေတ် ကမ္မဋ္ဌာန်း၌ ရှင်အာနန္ဒာကို အရှင်ပုဏ္ဏမထေရ် ဆုံးမသောအခါ မှဏ်ရိပ်ဥပမာနှင့်ဆုံးမသည်၊ ဤမှဏ်ရိပ် ဥပမာနှင့် ရှင်အာနန္ဒာ သောတာပန် ဖြစ်လေသည်)။

မြင်းမိုရ်တောင် မဟာပထဝီ မြေကြီးတို့ကို အကုန်ခြုံ၍ ကြည့်သောအခါ၌ပင် အခဲအကျိတ် အသည်ဝဏ္ဏ၊ အဏုမြူမျှ မရောမယှက်ဘဲ ပရမတ်စစ် အမှန်ဖြစ်သော ခက်မာမှုဟူသော မြေခေတ် သက်သက်ကို ထင်မြင်အောင် ရှုနိုင်သော သူအား ထိုအောက်ငယ်သော သက်ရှိသက်မဲ့တို့၌ ပရမတ်စစ် ဖြစ်သော မြေခေတ်ကို ထင်မြင်အောင် ရှုမှု အလွန်လွယ်လှတော့သည်၊ မှဏ်၌ထင်သောအရိပ် ရေ၌ထင်သောအရိပ် သစ်ပင်ရိပ် တောင်ရိပ် အစရှိသောအရိပ်တို့သည် မြင်းမိုရ်တောင်မျှပင် ကြီးမားစွာ ထင်မြင် ရငြားသော်လည်း အဏုမြူမျှ အထည်ဒြပ် မရှိသည့်အတွက်ကြောင့် ပျောက်ခွင့် ပျက်ခွင့် ဆိုက်ခဲ့လျှင် မျက်တောင် တခပ် လျှပ်တပြက် အတွင်းမှာပင် အကြိမ်တရာမက ပျောက်နိုင် ပျက်နိုင်သကဲ့သို့ ထိုအတူ ထိုမြင်းမိုရ်တောင်နှင့် အမျှ ပြန့်နှံ့ကြီးကျယ်၍နေသော ထိုပရမတ် မြေခေတ်သည်လည်း တခုတည်းသော ပရမတ်ခဲ ပရမတ်ခဲဟူ၍ အဏုမြူမျှ မရှိသည့် အတွက် မျက်တောင်တခတ် လျှပ်တပြက် အတွင်းမှာပင် အကြိမ်တရာမက ပျောက်ပျက် ကွယ်ပနိုင်ရာသော အရိပ်နိမိတ် ထင်မြင်နိုင်လိမ့်မည်၊ မိမိကိုယ်၌ ထိုပရမတ်စစ် ဖြစ်သော မြေခေတ်ကို အလင်းပေါက်အောင် ကြည့်ရှုသောအခါ ညဏ်ငုံနိုင်လောက်ရုံ ညဏ်ဝါးနိုင်လောက်ရုံ ပိုင်း၍ပိုင်း၍ကြည့်၊ ဦးခေါင်းကိုပိုင်း၍

www.dhammaransi.com



ကြည့်သောအခါ အတွင်းအပြင် မခြားမနား ထုတ်ချင်းပေါက် အောင်ကြည့်။

မြေဓာတ်မဟုတ်သော အဆင်းဓာတ် ခုခံ၍ နေတတ်သည့်၊ သဏ္ဌာန ပညတ်ဒြပ် အထည်ကြီးလည်း ခုခံ၍ နေတတ်သည့်၊ ညဏ်ကို ကြပ်ကြပ်လှုပ်၍ ပေးလေ၊ ခြေဘဝါး တိုင်အောင် အောက်အဘို့ရကိုလည်း ညဏ်နိုင်ရုံနိုင်ရုံ ပိုင်း၍ကြည့်၊ တကိုယ် လုံးစပ်မိသောအခါ ညဏ်ကို ဦးထိပ်ကနေ၍ ရွယ်လိုက်လျှင် ခြေဘဝါးတိုင်အောင် ထုတ်ချင်းပေါက် ထွင်း၍ သွားလိမ့်မည်၊ မိမိကိုယ်ခန္ဓာတခု၌ ဓာတ်ပေါက် အောင်မြင်ခဲ့လျှင် စကြဝဠာ အနန္တ ကမ္ဘာအနန္တတို့၌ ရှိသမျှသော သတ္တဝါခန္ဓာရ အကုန် လုံး ဓာတ်ပေါက်ပြီးဖြစ်တော့သည်။ ဤပရမတ် မြေဓာတ်တခု ပေါက်၍ သွားလျှင် ကြွင်းသော ရေဓာတ်, မီးဓာတ်, လေဓာတ်, စက္ခုသောတ စသော အဇ္ဈတ္တိကဓာတ်, ရူပသဒ္ဒ စသော ဗာဟိ ရဓာတ်ရ ရှုနည်း ဖေါက်နည်း အလွန်လွယ်၍ ကုန်တော့သည်။

(ဤတွင် ရွေကား ပသပိဟူသောမြေဓာတ်ကို ဓာတ်ပေါက် အောင် ရှုနည်း အမြွက်ပြီး၏)။

---

**ပရမတ်နှစ် ရေအစစ်ကား** တွယ်မှု ကပ်မှု ဖွဲ့စည်းမှုသည် သာလျှင် ပရမတ်ရေဓာတ်အစစ်တည်း၊ထိုတွယ်မှုကပ်မှုဖွဲ့စည်း မှုဟူသော ပရမတ် ရေဓာတ်သည် ထက်သန်ခြင်းသို့ ရောက် သည်ရှိသော် စီးတွတ်ခြင်း ယိုစီးခြင်းဟူသော ပဿရဏ ရေဓာတ် ဖြစ်လေ၏၊ ထိုတွယ်မှု ကပ်မှု ဖွဲ့စည်းမှု ဟူသော အာဗန္ဓန ကြီးသာသက်သက်မျှသာဖြစ်သော ပရမတ်ရေအစစ် သည်လည်း အကျမြူကို အစိတ်တသိန်း စိတ်သော်လည်း တစိတ်စာမျှ အခဲ အကျိတ် အခဲအမာ အသည်ဒြပ်ဟူ၍မရှိ၊ တွယ်ကပ် ဖွဲ့စည်း ခြင်းကြီးသာ အမူအရာ သက်သက်မျှသာတည်း၊ ထိုတွယ်ကပ် ဖွဲ့စည်းမှုဟူသော ပရမတ် ရေဓာတ်သည် မြေဓာတ်, မီးဓာတ်,

လေဓာတ်, သုံးပါးတို့ကို တခုထဲ တသားထဲကဲ့သို့ နေအောင် ဖွဲ့နှောင်စည်းကြပ်ပေးသည့်ဖြစ်၍ ကလာပ်တု မဟာဘုတ် တို့ သည် တပါးကိုတပါး အားပြုခွင့်ရကြကုန်သည်၊ တပါးကိုတပါး ထောက်ပံ့ခွင့် ရကြကုန်သည်၊ ဖွဲ့နှောင်စည်းကြပ် ချုပ်ထိန်း၍ နေသော ရေဓာတ် ချုပ်ကွယ် ပျောက်ပျက် ခဲ့သည်ရှိသော် ထိုဓာတ်ကြီးသုံးပါးတို့သည် အစေးပြေပျက်၍ ခဏခြင်းပျောက် ပျက်ကွယ်ဆုံး ကြလေကုန်၏။

(ဤကား ကလာပ်တခုတည်း၌ ရေဓာတ်၏ ကျေးဇူးကို ဆိုသော စကားရပ်တည်း)။

လောက၌ ပရမာဏုမြူမှစ၍ သတ္တဝါ၌ အာသုရိန် နတ်ကြီး ဟု ဆိုအပ်သော ရုပ်တုံးရုပ်ခဲကြီးတိုင်အောင် ဗဟိဒ္ဓ၌ မြင်းမိုရ် တောင်ကြီး စကြဝဠာတောင်ကြီး မဟာပထဝီ မြေကြီး တိုင် အောင် သဏ္ဌာန်ကြီးငယ် အထည်ဒြပ် အနေနှင့် ရုပ်တရားတို့ကို အကျိတ်အခဲ အတုံးအခဲဖြစ်၍နေကြမှုသည်လည်း ဤရေဓာတ်၏ ကျေးဇူးပင်တည်း ဤရေဓာတ်မှတပါး အကျိတ်အခဲဖြစ်အောင် ဖွဲ့စည်းသော ဓာတ်ဟူ၍ မရှိပြီ၊ ရှစ်သောင်း လေးထောင် နှစ်ပြန်ဆောင်သောမြင်းမိုရ်တောင်ကြီး၌ရှိသော ဖွဲ့စည်းမှုသည် ယခုခဏခြင်း ပျက်ဆုံးခဲ့သည်ဖြစ်အံ့၊ ထိုမြင်းမိုရ် တောင်ကြီး သည် ယခုခဏခြင်း ကွယ်ပျောက်ရာ၏၊ ရှစ်သောင်း နှစ် ထောင် နှစ်ပြန်ဆောင်သော စကြဝဠာ တောင်ကြီး၌ရှိသော ဖွဲ့စည်းမှုသည် ယခုခဏခြင်းပျက်ဆုံးခဲ့သည်ဖြစ်အံ့၊ ထိုစကြဝဠာ တောင်ကြီးသည် ယခုခဏခြင်း ကွယ်ပျောက်ရာ၏၊ မဟာ ပထဝီမြေကြီး၌ရှိသော ဖွဲ့စည်းမှုသည် ယခုခဏခြင်း ပျက်ဆုံး ခဲ့သည်ဖြစ်အံ့၊ ဤမဟာပထဝီ မြေကြီးသည် ယခုခဏခြင်း ကွယ်ပျောက်၍ ကောင်းကင်အာဘိသာ ဖြစ်လေရာ၏။

<u>အာဘယ်ကြောင့်နည်းဟူမူ</u>။ ဖွဲ့စည်းမှုဟူသော ချုပ်ထိန်းမှု မရှိခဲ့သည်ရှိသော် [illegible] သိလာ

www.dhammaransi.com



ပထဝီဖြစ်၍နေသော တခဲနက်သော ပရမတ်မြေ ပရမတ်မီး ပရမတ်လေတို့သည် တပါးကိုတပါး ထောက်ပံ့မှု မှီတွယ်မှု အစည်းအရုံး ခဲထားခြင်း ကင်းလွတ်ကြလေကုန်၏၊ နိဗ္ဗာန်မှ တပါးသော သင်္ခတ လက္ခဏာရှိသော ပရမတ္ထ ဓမ္မတို့မည်သည် ထောက်ပံ့မှု မှီတွယ်မှုနှင့်ကင်း၍ မျက်တောင်တခတ် လျှပ်တပြက်မျှ အသက်ရှည်၍ တည်နေနိုင်သောမည်သည် မရှိလေကုန်၊ မြင်းမိုရ်တောင်ကြီး စကြဝဠာတောင်ကြီး မဟာပထဝီမြေကြီးတို့၌ပရမတ်ရေဓာတ်သက်သက်ကိုကွက်ခြား၍ကြည့်ရှုလိုသည်ရှိသော် ခက်မာမှု ဟူသော မြေဓာတ်နှင့်မရောစေမူ၍ ဖွဲ့စည်းမှု ဟူသော ရေဓာတ်သက်သက်ကို ကွက်ခြား၍ ကြည့်ရသည်၊ အဆင်းသဏ္ဌာန် အထည်ဖြစ်ရလည်း ခုခံ၍နေတတ်သည်။

ကြည့်ရှုသော ဓမ္မဝိပဿနာဉာဏ်၌ အဆင်းသဏ္ဌာန်အထည်ဖြစ်ရ ခုခံ၍နေခဲ့လျှင် နောက်၌ဖြစ်မှု ပျက်မှုကို ရှုသောအခါ မထင်နိုင်ဘဲ နေတတ်သည်၊ ပရမတ်အစစ်ကို အမြင်စင်ကြယ်လှပါမှ အနိစ္စအစစ် ဒုက္ခအစစ် အနတ္တအစစ်ကို မြင်နိုင်သည်၊ မြေဓာတ်၌ ဆိုခဲ့ပြီးသောအတိုင်း ဤရေဓာတ်၌လည်း ဖွဲ့စည်းမှု သက်သက်ဟုဆိုအပ်သော ရေဓာတ်အမြင် စင်ကြယ်သောအခါ မြင်းမိုရ်မဟာပထဝီ တခုလုံး၌ အကျိတ်အခဲ အဆံအမာမရှိသည့်အတွက်မှန်ထဲ ရေထဲမှာ ထင်မြင်ရသော မိုးစင်းရိပ် တိမ်ရိပ် နေဝန်း လဝန်းအရိပ် သစ်ပင်ရိပ်တို့ကဲ့သို့ ဖွဲ့စည်းမှု ဟူသော အာပေါလက္ခဏာကြီး ထင်မြင်လိမ့်မည်၊ မြင်းမိုရ်တောင်မဟာပထဝီတို့၌ ထင်မြင်နိုင်သောအခါ လူ နတ် ဗြဟ္မာ သတ္တဝါ ခပ်သိမ်းတို့၌ ထင်မှု မြင်မှု အလွန် လွယ်လှတော့သည်၊ သတ္တဝါသန္တာန်မှာ ထင်မြင်မှုသာ လိုရင်းဖြစ်သည်၊ မြင်းမိုရ်မဟာပထဝီတို့က ချီ၍ပြလိုက်သည်မှာ သတ္တဝါသန္တာန်၌ ထင်လွယ်၊ မြင်လွယ်အောင်ချီလိုက်သည်၊ မိမိသန္တာန်၌ ဦးခေါင်း ခြေဘဝါး ထုတ်ချင်းပေါက်အောင် ထင်လင်းပြီးမှ သူတပါး သန္တာန်ပုံကိုလည်း ထိုအတူ ထုတ်ချင်းပေါက်အောင် ရှုလေ။

www.dhammaransi.com



(ဤတွင်ရွေ့ကား-အာပေါဟူသော ရေဓာတ်ကို ဓာတ်ပေါက်အောင် ရှုနည်း အပြွက်ပြီး၏)။

**ပုမ္မ အေးမှု ဟူသော အမှုအရာ ကြိယာမှု သက်သက်သည် ပရမတ်နှစ် မီးအစစ်မည်၏။**

ပုမ္မ အေးမှုဟူသည်လည်း ကလာပ်တူ မဟာဘုတ် သုံးပါးတို့ကို ရင့်မာသန့်စွမ်းအောင် ပေါင်းနွေးမှုပေတည်း၊ အဲပူစွမ်း အဲအေးစွမ်းနှစ်ပါးရုံသည်ပင်လျှင် ကလာပ်တူ မဟာဘုတ်တို့ကို ရင့်မာအောင် ထက်သန်အောင် အသီးအသီး အစွမ်းသတ္တိနှင့် ပြည့်စုံကြအောင် ပေါင်းနွေးမှု ရှိသည့်ချည်း ဖြစ်သည့် အမိဝမ်းမှ ဥ၍ မြုံ၌တည်ရှိသော ကြက်ဥတို့သည် အမိဖြစ်သူကြက်မက မပြတ်ဝပ်၍ အငွေ့ပေးမှု အစည်အတိုင်း ရင့်မာ သန့်စွမ်း၍ ကြက်သူငယ်အဖြစ်သို့ ရောက်သဖြင့် ပေါက်ဖွားနိုင်သည်၊ အမိကြက်မက မဝပ်ဘဲ အငွေ့မပေးဘဲ နေခဲ့သည့်ရှိသော် ကြက်သူငယ်အဖြစ်သို့ မရောက်နိုင်ပြီ၊ အမိဝမ်းတွင်းက ထုံခဲ့သော အငွေ့အကုန်တွင် ပုပ်ခြင်းသို့ ရောက်လေတော့သည်။ ဤအတူ တေဇောဟူသော ဤမီးဓာတ်သည် အမိကြက်မနှင့် တူသည်၊ အတူတကွ ဖြစ်သော မြေဓာတ် လေဓာတ် ရေဓာတ် ဤဓာတ်ကြီး သုံးပါးတို့သည် ကြက်ဥနှစ်တို့နှင့် တူကြ ကုန်သည်၊ မီးဓာတ်နှင့်အတူ တွဲဘက်ရမှ မြေဓာတ် ဟူသော ခက်မာမှုသည် အောင်မြင်စွာ ဖြစ်နိုင်သည်၊ ရေဓာတ်ဟူသော ဖွဲ့စည်းမှုသည်လည်း အောင်မြင်စွာ ဖြစ်နိုင်သည်၊ လေဓာတ် ဟူသော အဟုန်အဟပ်မှုသည်လည်း အောင်မြင်စွာ ဖြစ်နိုင်သည်၊ မီးဓာတ်နှင့်ကင်း၍ အောင်မြင်စွာ မဖြစ်နိုင်ကြကုန်။

မဟာသမုဒ္ဒရာရေ သီတာရေ ကန္တာကိုခံသော ရေတို့သည်လည်း သီတဓာတ်မီး၏ အစီးအပွားတို့သာတည်း၊ သီတဓာတ်မီး၏ အုပ်စိုးချက်နှင့် ဆက်လက်ဖြစ်ပွားကာ နေကြရကုန်သည်၊ မြင်းမိုရ်တောင် စကြဝဠာတောင် သီလာပထဝီမြေကြီး

www.dhammaransi.com



တို့သည်လည်း သိတခေါက်မိုး၏ အစီးအပွား တို့သာတည်း၊ တပါးသောခေါက်တို့နှင့် မရောနှောစေဘဲ မိုးခေါက်သက်သက်ကို ရှုသောအခါ အေးသောဝဏ္ဏတို့၌ အေးမှုသက်သက်ကို ရှုရမည်၊ ပူသောဝဏ္ဏတို့၌ ပူမှုသက်သက်ကို ရှုရမည်၊ အဆင်း သဏ္ဌာန် အထည်ဖြစ် ပညတ်နှင့်ရော၍ မနေစေနှင့်၊ ပူမှု အေးမှု ဟူသော ဤပရမတ်မိုးခေါက်၏ အကျမြဲမှု အဆံအမာ အထည် ဝဏ္ဏ မရှိကြောင်းကား ထင်ရှားပါ၏၊ အဆံအမာ အထည် ဝဏ္ဏဟူ၍ အကျမြဲမှု မရှိသည့်အတွက်ကြောင့် ဤမိုးခေါက်ကို အမြင်စင်ကြယ်သောအခါလည်း ရေကြည် ‘မှုတ်ကြည်စသည် တို့၌ နေဝန်း လဝန်းအရိပ် တိမ်ရိပ် မိုးယံရိပ်တို့ကဲ့သို့ ဉာဏ် အမြင်မှာသာ ကြီးကျယ်၍အထည်ဖြစ်မရှိကြောင်း ထင်ရှားလိမ့် မည်၊ မိမိကိုယ်ကို ရှုသောအခါ ဉာဏ်နိုင်ရုံ ပိုင်း၍ ပိုင်း၍ရှု၊ မိမိကိုယ်မှာ အလင်းထင်မြင်နိုင်လျှင် သဏ္ဌာဝါ အနန္တမှာပင် ထင်တော့သည်။

(ဤတွင်ရွေ့ကား–တေဇောဟူသောမိုးခေါက်ကို ခေါက်ပေါက် အောင် ရှုနည်း အပြွက်ပြီး၏)။

**မိုးတောက် မိုးခိုး၏အဘွင်း၌** မိုးခေါက်၏အာနုဘော်ကြောင့် မိုးခေါက်ကိုပင် အစဉ်ဖြစ်ပွား၍သွားနိုင်အောင် လှုံ့ဆော်ချီးပင့် မှုဟူသော ဝါယောသည်ပါရှိ၏၊ ထိုဝါယော အတွက်ကြောင့် မိုး၏ပြန့်ပွားခြင်း, မိုးရှိန်၏ပြန့်ပွားခြင်း,မိုးရောင်၏ပြန့်ပွားခြင်း, မိုးတောက်၏ လူလူတက်ပွားခြင်း, အခိုးထွက်ခြင်း, အဆင့်ဆင့် မိုးကူးခြင်း အစရှိသော မိုးခေါက်၏ ပြန့်ပွားစည်ကားမှုတို့သည် ထင်ရှားဖြစ်ကုန်၏သို့၊ ထိုအတူ ဝါယောမည်သော ဤလေခေါက် သည် ပူမှု အေးမှုဟူသော မိုးခေါက်၏ အရှိန်အဟုန် ပေတည်း၊ မိုးစာရှိရာ၌ အနည်းငယ်ချသားသောမိုးသည် ထိုအရှိန်အဟုန် ကြောင့် မိုးစာရှိသမျှ အကုန်ပြန့်ပွား နိုင်သည်၊မိုး၌အတွင်းအရှိန် အဟုန်ညှံ၍ မပွားတဲ့နိုင် မတောက်တဲ့နိုင်ရှိလျှင် ယပ်နှင့် ယပ်၍

www.dhammaransi.com



ပြောင်းနှင့်မှတ်၍ အပက အရှိန်အဟုန် ကူရသေးသည်၊ ပူမှုရှိလျှင် ပူရှိန် ပူဟုန်ရှိမြဲ, အေးမှုရှိလျှင် အေးရှိန်အေးဟုန်ရှိမြဲ, ပူမှုအေးမှုကား တခြား, အရှိန် အဟုန်ကား တခြား, ပူမှုအေးမှုကား ပရမတ် မီးဓာတ်တည်း၊ အရှိန်အဟုန်ကား ပရမတ် လေဓာတ်တည်း၊ ထိုအရှိန် အဟုန်ဟူသော လေဓာတ်သည် ကလာပ်တူ ဖြစ်သော မြေဓာတ် ရေဓာတ် မီးဓာတ်တို့၏ အားခွန်ဗလလည်း မည်၏၊ ထိုအဟုန်အဟုန်ပွားရာ ကလာပ်တူ မဟာဘုတ် ရုပ်ကလာပ်တို့ သည်ဖြစ်ပေါ်၍လိုက်ရကုန်၏၊ ထိုအဟုန်အဟုန်သည် အလွန်ထက် သန်သည်ရှိသော် လေပြင်းမုန်တိုင်း ဖြစ်လေ၏၊ ထိုအဟုန်အဟုန် သည် လေမွှေရာ လေခေါင်းအုံး စသည်တို့၌ကဲ့သို့ ယောက်ကန် တောင့်တင်းမှုရှိးပင့် ထမ်းဆောင်မှုဖြစ်၍ ဝိတ္ထမ္ဘန လက္ခဏာ ဟု ကျမ်းဂန်တို့၌ ဆိုပေသည်၊ မြင်းမိုရ်တောင် စကြဝဠာ တောင် သီလာပထဝီ စသည်တို့၌ ရှိသော သီတ ဓာတ်မီးသည် ထိုအဟုန် အဟုန်ဟူသော လေဓာတ်၏အစွမ်းဖြင့် ခဏတိုင်း ခဏ တိုင်း ပွားများ၍ ကပ္ပ ပျက်သည် တိုင်အောင် ရုပ်ကလာပ် အဆက်ဆက် တို့ကို ပွားများစေနိုင်သည်၊ မြင်အောင်ကြည့်။

**ဟာဒယဝတ္ထု၌** ဖြစ်ပေါ်သော တခုခုသော စိတ်ကြောင့် ခဏ ခြင်း ခဏခြင်း တကိုယ်လုံး စိတ္တဇရုပ်ကလာပ် ပြန့်နှံ့ဖြစ်ပွားမှု, ဥတုဇရုပ်ကလာပ်တို့ ပြန့်နှံ့ဖြစ်ပွားမှု, ဝမ်းထဲသို့ ရောက်သော အစာ အာဟာရ ဓာတ်တို့၏ တကိုယ်လုံး အနှံ့အပြား ပြန့်နှံ့ ဖြစ်ပွားမှု, ကလလ ရေကြည်မှစ၍ သတ္တဝါတို့၏ အစဉ်အတိုင်း တိုးပွားစည်ကားမှု, အညွန့်အညှောက် ပေါ်ပေါက် သည်မှစ၍ သစ်ပင်ချုံမြက်တို့ အစဉ်အတိုင်း တိုးပွားစည်ကားမှုတို့ သည် လည်း ဝါယော လှုံ့ဆော်မှုနှင့် ဖြစ်ကြကုန်သည် သာတည်း၊ မြင်းမိုရ်တောင် စကြဝဠာတောင် မဟာပထဝီ မြေကြီးမှစ၍ သက်ရှိသက်မဲ့ အလုံးစုံတို့ကို ဋ္ဌဋ္ဌ ဋ္ဌဋ္ဌထင်အောင် ကြည့်လေ၊ မိမိကိုယ်မှစ၍ အကုန်လုံးနှံ့အောင်ကြည့်၊ ဦးထိပ်မှစ၍ ခြေဘဝါး အလင်း ပေါက်အောင် ကြည့်၊ ဤဓာတ်လည်း ဆိုခဲ့ပြီးသော

www.dhammaransi.com



ခါတ်တို့နည်းတူ အဆံအမာဟူ၍ အကျောမြုံမျှ မရှိသည့်အတွက် ကြောင့် ရေထဲ မှုတ်ထဲ၌ထင်သော လူရိပ် စသည်ကဲ့သို့ ထင်မြင် လိမ့်မည်၊ မျက်စိတွင် မြင်နေကြဖြစ်သော အဆင်းသဏ္ဌာန် အထည်ဒြပ် ပညတ်ကြီးချခံ၍ နေတတ်သည်၊ အဟုတ်မရှိသော ထိုပညတ်ကို ဉာဏ်ဖြင့် မှုတ်လွှင့်ပစ်လေ။

(ဤတွင်ရွေကားဝါယောဟူသောလေခါတ်ကိုခါတ်ပေါက် အောင်ရှုနည်း အမြွက်ပြီး၏)။

---

**ခက်မာမှု, ဖွဲ့စည်းမှု, ပေါင်းနွေးမှု, အရှိန် အဟုန်မှု**–ဤလေး ခုသောအခြင်းအရာအမှုအရာ ကြီယာကြီးတို့သည်သဘောလက္ခ ဏာအားဖြင့် အသီးအသီး ထင်ရှားကြကုန်၏၊ တည်ရာဌာန အားဖြင့် ခက်မာမှုကို မ တည်ပြု၍ တခုတည်းကဲ့သို့ တည်ကြ ကုန်၏၊ ဖြစ်အတူ ပျက်အတူ တည်ဒါတူတို့ သာတည်း ခက်မာ မှုဟူသော မြေခါတ် ပျက်ဆုံးလျှင် တည်ရာ မရှိသည်ဖြစ်၍ ကြွင်းသော ခါတ်သုံးပါးသည်း ပျက်ဆုံးရတော့သည်၊ ထိုအတူ ဖွဲ့စည်းမှုဟူသော ရေခါတ်ပျက်ဆုံး လျှင်လည်း အဖွဲ့အစည်း ပျက်သဖြင့် တပါးနှင့်တပါး ထောက်ပံ့မှုကင်းကြ၍ အကုန်လုံး ပျက်ဆုံးကြတော့သည်၊ ပေါင်းနွေး၍ ထက်သန်အောင် ပြုမှုဟူ သော မီးခါတ်ပျက်ဆုံးလျှင်လည်း ကြွင်းသော ခါတ်သုံးပါး တို့သည် မိမိတို့သဘောအတိုင်း ပြည့်စုံစွာမတည်နိုင်ကြ၍ အ ကုန်လုံး ပျက်ဆုံးကြတော့သည်၊ကြန့်ခိုင်တောင့်တင်းမှုဟူသော လေခါတ် ပျက်ဆုံးလျှင်လည်း ကြွင်းသော ခါတ်တို့သည် အားပြတ်၍ ပျက်ဆုံးကြကုန်တော့သည်၊ မီးဟူသော ပူမှု အေးမှု သည် လှုံ့ဆော် ထထူ တလူလူ ဆောင်ရွက်ခြင်း ဟူသော လေခါတ်နှင့်တွဲရမှ ဖြစ်နိုင်သည်၊ လေခါတ်မရှိလျှင် အားပြတ် ၍ ခဏခြင်း ကွယ်ဆုံးလေ၏၊ ထိုအတူ ခက်မာမှုဟူသော မြေ ခါတ်သည်လည်း ခက်မာခြင်းကြီယာကို ကြန့်ရန့် တင်းရင်း

www.dhammaransi.com



အောင် ချီးပင့်သော လေခါတ်မရှိလျှင် အားပြတ်၍ ကွယ်လေဆုံးလေ၏၊ ဖွဲ့စည်းခြင်းဟူသော ရေခါတ်သည်လည်း ဖွဲ့တွယ်ခြင်း ကြီးသာကို ကြန့်ရန့်တင်းရင်းအောင် ချီးပင့်သောလေခါတ်မရှိလျှင် အားပြတ်၍ ကွယ်ဆုံးလေ၏။

(ဤကား အခြင်းအရာကြီးလေးပါးတို့၏ အချင်းချင်း မှီတွယ်ကြပုံ၊တပါးပျက်လျှင် အားလုံးပျက်ပုံကို ပြဆိုလိုက်သောအချက်တည်း)။

**ထိုခါတ်ကြီး လေးပါးတို့၏**-သက်ရှိသက်မဲ့ သဏ္ဍာန်နှစ်ပါးတို့၌ဖြစ်ပုံဆန်းကြယ်မှုသည်လည်း အစိန္တေယျ အရာဖြစ်၍ မကြံအပ် မကြံရာ ကြီးကျယ်လှစွာ၏၊ ထိုခါတ်လေးပါးတို့၏ တန်ခိုးဣဒ္ဓိပါဒ်သည်လည်း အစိန္တေယျအရာဖြစ်၍ မကြံအပ်မကြံရာ ကြီးကျယ်လှစွာ၏။

ဤခါတ်လေးပါးကို ဘုရား၏ နည်းလမ်းနှင့် အထင်အမြင် ထိုးထွင်း၍ ထမြောက် ပေါက်ရောက်အောင် လုပ်ကြံ နိုင်လျှင် လောကုတ္တရာ အရိယ ဝိဇ္ဇာလမ်း ပေါက်၏၊ ဝိဇ္ဇာတို့၏ နည်းလမ်းနှင့် ထမြောက် ပေါက်ရောက်အောင် လုပ်ကြံ နိုင်လျှင် လောကီဂန္ဓာရီ ဝိဇ္ဇာလမ်း ပေါက်၏။

အလတ်သော လောကီ နည်းလမ်းနှင့် ထမြောက်ပေါက်ရောက်အောင် လုပ်ကြံနိုင်လျှင် ဆေးလမ်း ခါတ်လမ်း စက်ကြံယာလမ်းပေါက်၏၊ထိုခါတ်လေးပါးတို့၌ အချုပ်အချာ ဦးစီးဦးကိုင်ကား-တေဇောပေတည်း၊စကြဝဠာ ကမ္ဘာမြေရေနှင့် တကွ ချပ်သဏ္ဍာန်နှင့် စပ်သော သက်ရှိသက်မဲ့ အသုံးပုံသည် တေဇော၏ အစီးအပွားချည်းတည်း ခါတ်မီး၏ အစီးအပွားချည်းတည်း၊ တေဇော ဟူသော ခါတ်မီး၏ ဣဒ္ဓိပါဒ်တန်ခိုး အကျိုးသွားကို ဘုရားသဗ္ဗညုတ္တ၏ ဉာဏ်တော်သည်သာ မှီနိုင်ရာသတည်း။

www.dhammaransi.com

# လယ်တီဆရာတော်ဘုရားကြီး၏

(ဤတွင်ရွေ့ကား စာတုမဟာဘူတိကော ဟူသော မာတိကာပုဒ်၏ အဓိပ္ပါယ် အကျယ်ပြီး၏)။

---

ဆပ္ပသာဒမဏ္ဍော၊ ခြောက်မျိုးသော ဓာတ်ကြည် ဓာတ်လင်း မှဏ်ကြည် မှဏ်လင်း ကိုယ်တွင်းအပြည့် ချယ်လှယ်လျက်ရှိ၏ ဟူသော **ဒုတိယမာတိကာပုဒ်၌**၊ ပသာဒေါ၊ အကြည်။ မဏ္ဍော၊ အကြည်။ အစ္ဆော၊ အကြည်။ အကြည်ပေ ဝသဒ္ဒါပု။

ထိုသဒ္ဒါတို့တွင် မဏ္ဍသဒ္ဒါ၏ နာမသတ် အနက်ကို ယူ၍ ဖလ်မဏ်ဟူသောစကား၌ မဏ်ဟူ၍ ဆိုသည်၊ ထိုမဏ်ကိုပင် ယခုကာလ မှဏ်ဟူ၍ ဆိုကြသည်။

ထိုမှဏ်သည် ဥတုဇ ဓာတ်မှဏ်, ကမ္မဇဓာတ်မှဏ် ဟူ၍ နှစ်မျိုးရှိ၏၊ ရန်ကုန်မြို့ မန္တလေးမြို့တို့၌ မှဏ်တန်းမှာ လုပ်အပ်သောမှဏ်ရုပ် မျက်မှဏ် မှဏ်ပြောင်း မှဏ်ရုပ်သည် ဥတုဇဓာတ်မှဏ်ရုပ်ပေတည်း၊ သတ္တဝါတို့၏ အဇ္ဈတ္တ သန္တာန် အတွင်း၌ ဖြစ်သော မှဏ်ရုပ်သည် ကမ္မဇဓာတ်မှန်ရုပ် ပေတည်း၊ ထိုကမ္မဇ ဓာတ်မှဏ်သည် စက္ခုခေါ်သော ဓာတ်မှဏ်တမျိုး, သောတခေါ်သော ဓာတ်မှဏ်တမျိုး, ဃာနခေါ်သော ဓာတ်မှဏ်တမျိုး, ဇိဝှါခေါ်သော ဓာတ်မှဏ်တမျိုး, ကာယခေါ်သော ဓာတ်မှဏ်တမျိုး, မနောခေါ်သော ဓာတ်မှဏ်တမျိုး ဟူ၍ ခြောက်မျိုး အပြားရှိ၏။

စက္ခုဓာတ်မှဏ်သည် မျက်လုံးအိမ်တွင်း၌ တည်၏၊ သောတဓာတ်မှဏ်သည် နားတွင်း၌ တည်၏၊ ဃာန ဓာတ်မှဏ်သည် နှာခေါင်းတွင်း၌ တည်၏၊ ဇိဝှါဓာတ်မှဏ်သည် လျှာအပြင်၌ တည်၏၊ ကာယဓာတ်မှဏ်သည် တကိုယ်လုံး အပြည့်အနှံ့တည်၏၊ မနောဓာတ်မှဏ်သည် နှလုံးအိမ်၌ တည်၏၊ ဤအကြည်ဓာတ် ခြောက်မျိုးကိုရှု၍ ထင်မြင်သော ယောဂီ ပုဂ္ဂိုလ်အား ဤခန္ဓာကိုယ်ကြီးသည် အလွန်ကြည်လှစွာသော ဖလ်တုံး ဖလ်

www.dhammaransi.com



တိုင်ကြီး မှတ်တိုး မှတ်တိုင်ကြီးနှင့် အလွန်တူလှ၏၊ ဤအကြည့် ခေတ်ခြောက် မျိုးကိုပင် သဗ္ဗိုဟ် ဒွါရသင်္ဂဟ၌ ဒွါရ ဟုခေါ် သည်။

**ဒွါရဆိုသည်ကား**- အပေါက်ဟင်းလင်းကို ဆိုလိုသတည်း၊ ထို ဒွါရသည်လည်း အာကာသဒွါရ, မဏ္ဍဒွါရ ဟူ၍ နှစ်မျိုး အပြားရှိ၏၊ ဘုန်းရှိသော သူတို့၏ အိမ်၌ တံခါး နှစ်မျိုး ရှိ၏၊ အိမ်တွင်း အိမ်ပြင် ထွက်ဝင်ရန် အပေါက်တံခါး, လေဝင်ရန် လေသာပြူတင်းပေါက် တံခါး ဟူ၍ အပေါက်တံခါး တမျိုး, အပေါက်ကားမရှိ မှန်ချပ်တပ်၍ ထားသော အကြည့်တံခါး အလင်းတံခါး တမျိုး, ထိုနှစ်မျိုးတို့တွင် မှန်ချပ်တပ်၍ ထား သော အကြည့်တံခါး အလင်းတံခါး၏ ကိစ္စမှုကား ထိုမှန်ချပ် မျက်နှာစာ၌ အဝေးအနီးတွင်ရှိရှိသမျှသော နေလနက္ခတ်တာရာ တိမ်တိုက် ကောင်းကင် မြေပြင် ရေပြင် တော တောင် သစ်ပင် အိမ်ရာ ကျောင်းကန် ဘုရား စေတီ အစရှိသော အဆောက်အဦ တို့သည် မိမိတို့သဏ္ဍာန်အတိုင်း ထိုမှန်ချပ်အပြင်မှာ ထင်လာ ရကုန်၏၊ အိမ်တွင်း၌ နေကြကုန်သော အိမ်သူအိမ်သားတို့သည် အိမ်တွင်း၌ နေလျက်ပင် ထိုမှန်ချပ်မှာ ထင်လာ သမျှသော နေဝန်းသဏ္ဍာန် လဝန်းသဏ္ဍာန် နေရောင် လရောင် အစရှိသော အသုံးပုံတို့ကို အကုန်အစင် မြင်ရကုန်၏၊ အိမ်ပြင်ကနေ၍ ထိုမှန် တံခါးဖြင့် အိမ်တွင်းသို့ ကြည့်ပြန်လျှင်လည်း အိမ်တွင်း၌ ရှိရှိ သမျှ အကုန်မြင်ရ၏၊ ထိုမှန်တံခါးမှာ နေရောင် လရောင် မီး ရောင်တို့သည် မှန်၏ အဘော်သဟဲတို့ပေတည်း ထိုတံခါးနှစ် မျိုး အပြည့်ရှိသော အိမ်ကြီးနှင့် အလားတူ ဤတခု တခုသော လူခန္ဓာ နတ်ခန္ဓာ နွား ကျွဲ ဆင် မြင်း ကြက် ငှက် စသော ခန္ဓာဝမှာလည်း အာကာသ တံခါးတမျိုး, မဏ္ဍတံခါးတမျိုး ဟူ ၍ နှစ်မျိုးစီရှိကြသည်။

**အာကာသ တံခါးဆိုသည်ကား**-ခံတွင်းပေါက် လည်ချောင်း ပေါက် နှာချည် ထွက်သော နှာခေါင်းပေါက် မျက်ရည်ထွက်

www.dhammaransi.com



သော မျက်စိပေါက် အစရှိသော ဒွါရကိုးပေါက်ဟူ၍ ဆိုအပ်သော အပေါက်ရှ, ကိုးသောင်း ကိုးထောင်သော မွေးညှင်းပေါက်ရှသည် အာကာသ တံခါးမျိုးရှတည်း၊ ဆိုခဲ့ပြီးသော စက္ခုအကြည် သောတအကြည် ဃာနအကြည် ဇိဝှါအကြည် ကာယအကြည် မနောအကြည် တည်းဟူသော အဇ္ဈတ္တကမ္မဇ ဓာတ်မှတ် မျိုးတို့သည်ကား အာကာသ တံခါးပေါက်မဟုတ် မှတ်ချပ်တွေနှင့် အလားတူသော မှတ်ပေါက် အကြည်ပေါက် အလင်းပေါက်တို့ ပေတည်း၊ ထိုကမ္မဇ ဓာတ်မှတ် ခြောက်မျိုးတို့၏ ကိစ္စမှုကား အမိုးအကာ လေသာပြူတင်း အလုံးစုံ ဖလ်မှတ်အဘိပြီးသော နန်းအိမ်သည်ရှိ၏၊ အလယ်၌ အတုမရှိ အလွန်ကြည်သော ဖလ်လုံး မှတ်လုံးတခုလည်းရှိ၏၊ ထိုအိမ်မှာ အသက်ကောင်းကင် တခွင်လုံး၌ ရှိနေကုန်သော တိမ်တိုက် တိမ်လွှာ နေ လ နက္ခတ် တာရာ အပေါင်းတို့သည်၎င်း,ကောင်းကင်၌ ပျံသွားသော ငှက်တို့သည်၎င်း,အထက်အမိုးရှိမှတ်ချပ်တို့မှ ဝင်၍ အိမ်တွင်းရှိ မှတ်လုံးမှာ အကုန်ပေါ်ကြကုန်၏၊ အထက်အမိုး မှတ်ချပ်ရှမှာ နေဝန်း လဝန်း တခုစီ, အိမ်တွင်းရှိ မှတ်လုံးမှာ နေဝန်းတခု လဝန်းတခု ပေါ်၏၊ထိုအတူ အထက်ကောင်းကင်၌ ရှိသမျှသော ဝတ္ထုတို့သည် အမိုးမှတ်ချပ်တို့၌၎င်း, အိမ်တွင်းမှတ်လုံး၌၎င်း, တပြိုင်နက် တချက်တည်း ပေါ်ကြကုန်၏။

ထိုအတူ အရှေ့အရပ်၌ ရှိသမျှသော ဝတ္ထုတို့သည် အရှေ့နံရံပြူတင်း မှတ်ချပ်တို့၌၎င်း, အိမ်တွင်းရှိ မှတ်လုံး၌၎င်း, တပြိုင်နက်ပေါ်ကုန်၏၊ အနောက်အရပ်၌ ရှိသမျှသော ဝတ္ထုတို့သည်၎င်း တောင်အရပ်၌ ရှိသမျှသော ဝတ္ထုတို့သည်၎င်း မြောက်အရပ်၌ ရှိသမျှသော ဝတ္ထုတို့သည်၎င်း ထိုအတူ ပေါ်ကုန်၏၊အောက်အရပ်၌ရှိသမျှသောဝတ္ထုတို့သည် အောက်ကြမ်းပြင်မှတ်ချပ်ရှ၌၎င်း, အိမ်လယ်၌မှတ်လုံးတခု၌၎င်း, တပြိုင်နက် ပေါ်ကြကုန်၏၊ ဤအိမ်ကြီးအလားတူ ဤခန္ဓာကိုယ်၌လည်း

www.dhammaransi.com



မနောဟူသော အကြည် ဓာတ်မှဏ်လုံးကြီးသည် နှလုံးအိမ်တွင်း၌တည်၏၊ ပဘဿရမိဒံဘိက္ခဝေစိတ္တံဟူ၍ ဧကင်္ဂုတ္တရပါဠိတော်၌ ဟောတော်မူသောကြောင့် ထိုမနောဟူသောအကြည်သည် တလျှမ်းလျှမ်း တလက်လက် ပြိုးပြိုးပြက် တောက်ထွန်း၏၊ သိက္ခဝေ၊ ရဟန်းတို့။ ဣဒံစိတ္တံ၊ ဤစိတ်ဟူသော ဓာတ်သည်။ ပဘဿရံ၊ တထိန်ထိန် တလက်လက် ပြိုးပြိုးပြက် ရှိ၏။

အဟိတ်စိတ်ပင် ဖြစ်သော်လည်း အသက်ထက်ဆုံး တွေ့ဘူးသမျှ ကြုံဘူးသမျှကို အောက်မေ့လို၍ ရှေးရှုပြုလိုက်လျှင် အလိုရှိရာ အာရုံဝတ္ထု အမှုကိစ္စရှိသည် ထိုစိတ်အကြည်မှာထင်လာပေါ်လာရသည်၊ အဟိတ်စိတ်ဟူသော မနော အကြည်ထက် ဒွိဟိတ်မနော သာလွန်၍ကြည်သည်၊ ဒွိဟိတ် မနောအကြည်ထက် တိဟိတ်မနော သာလွန်၍ ကြည်သည်၊ ဘုံအားဖြင့် လူ့တိဟိတ်မနောထက် ဘုမ္မဇိုဝ်းမနောသာလွန်၍ကြည်သည်၊ထိုထက်တာဝတိံသာ မနော ထိုထက် ယာမာ မနော စသည်ဖြင့် ဘဝဂ်တိုင်အောင် အဆင့်ဆင့်သိလေ၊ ပုဂ္ဂိုလ်အားဖြင့် ပုထုဇ္ဇန်သာမန်ထက် ပကတိသာဝက ဗောဓိအလောင်း မနော, ထိုထက်မဟာသာဝကဗောဓိ အလောင်း မနော, ထိုထက်အဂ္ဂသာဝက ဗောဓိအလောင်းမနော, ထိုထက် ပစ္စေက ဗောဓိ အလောင်းမနော, ထိုထက် သဗ္ဗညုတ ဗောဓိအလောင်းတော်ကြီးများ မနောသာလွန်၍ ကြည်သည်၊ဘုရားအဖြစ်သို့ရောက်တော်မူပြီးသောမနောအကြည်သည် အထွတ်အထိပ်သို့ရောက်၏၊ ထိုထက် တိုးတက်ဘွယ်ကိစ္စမရှိပြီ စကြဝဠာအနန္တ,ကမ္ဘာအနန္တ,သတ္တဝါအနန္တ, သင်္ခါရအနန္တ, ပညတ်အနန္တ,နိဗ္ဗာန်ဧက ဤအလုံးစုံသောတရားရသည် သဗ္ဗညုမနော အကြည်တွင် မထင်သည်ဟူ၍ မရှိပေ၊ အလုံးစုံ အကုန်ထင်ကြရပေ၏၊ ဤမနောအကြည်သည်အိမ်လယ်၌ စိုက်ထားသော မှဏ်လုံးကြီးနှင့်တူ၏၊စက္ခု,သောတ,ဃာန, ဇိဝှါ, ကာယ, ဟူသောအကြည်ငါးမျိုးတို့သည် အိမ်မှာခြောက်မျက်နှာရှိ မှဏ်ချပ်တို့နှင့်တူကုန်၏။

www.dhammaransi.com



မျက်စိဖြင့် မြင်ကောင်းသော အဆင်းသဏ္ဍာန် အသည်ဝဏ္ဏ ဟူဟူ သမျှသည် စက္ခုအကြည် မနောအကြည် နှစ်ဌာန၌ဆိုက် ရသည်၊ အသံ ဟူသမျှသည် သောတအကြည် မနောအကြည် နှစ်ဌာန၌ ဆိုက်ရသည်၊ အနံ့ ဟူသမျှသည် ဃာန အကြည် မနောအကြည် နှစ်ဌာန၌ ဆိုက်ရသည်၊ အရသာဟူသမျှသည် ဇိဝှါအကြည် မနောအကြည် နှစ်ဌာန၌ ဆိုက်ရသည်၊ တွေ့၍ ထိ၍ သိကောင်းသော အပူအချမ်း အကြမ်းအနု ဟူသမျှသည် တကိုယ်လုံး၌ ကာယအကြည်နှင့် မနောအကြည် နှစ်ဌာန၌ ဆိုက်ရသည်၊ ကြွင်းသော ဓမ္မာရုံ ဟူသမျှသည် မနောအကြည် သက်သက်၌ ဆိုက်ရသည်၊ မျက်စိဖြင့် လကို ကြည့်သောအခါ မျက်စိအကြည်မှာ လဝန်းသဏ္ဍာန်တခု၊ နှလုံးအိမ်မနောအကြည် မှာ လဝန်းသဏ္ဍာန်တခု ရောင်ခြည် ရွှန်းရွှန်းထိန်ထိန် ထွန်းသော လဝန်းသဏ္ဍာန် နှစ်ခုတို့သည် မရှေးမနှောင်းတပြိုင်နက် တချက်တည်း ထိုနှစ်ဌာနမှာ ပေါ်ရကုန်သည်။

**မရှေးမနှောင်း တပြိုင်နက်ကျပုံကား-** ငှက်နှင့်ငှက်ရိပ် သစ်ကိုင်းနှင့် သစ်ကိုင်းရိပ်မှာ မရှေးမနှောင်း တပြိုင်နက် နားဘိသကဲ့သို့ရှင်း မှတ်ကြည့်သောအခါ လူနှင့်လူရိပ် တပြိုင်နက်ပြီးခြင်း စသည့်ကဲ့သို့ရှင်း မှတ်ရမည်၊ အရှေ့လောကဓာတ်မှထွက် ပေါ်၍လာသောနေဝန်း၏အရိပ်သဏ္ဍာန်ကြီးသည် အိမ်မှာအရှေ့ နံရံ၌ မှန်ကြည့်ပေါက်မှ အိမ်လယ်၌ မှန်လုံးတိုင်အောင် ထိုးဝင်၍ မှန်လုံးထဲမှာ ထိန်ထိန်ရွှန်းရွှန်း နေဝန်း သဏ္ဍာန်ကြီး ထင်လေ၏၊ အရှေ့ အရပ်မျက်နှာကို မကြည့်ဘဲ ထိုမှန်လုံးကို ကြည့်၍ပင် နေဝန်းသဏ္ဍာန်ကြီးကို မြင်နိုင်၏၊ ဤအတူ မျက်စိဖြင့် လကို ကြည့်လေရာ လ၏ ရွှန်းရွှန်း ဘိတ်ဘိတ် အရိပ်သဏ္ဍာန်ကြီးသည် စက္ခုဟူသော ကမ္ဗဓာတ်မှန် အကြည်ပေါက်မှနှလုံးအိမ်တွင်း၌ မနောဟူသော ကမ္ဗဓာတ်မှန်တိုင်အောင် ထိုးဝင်၍ နှလုံးအိမ်တွင်းမှာ ထိန်ထိန် ရွှန်းရွှန်း လဝန်းသဏ္ဍာန်တခု ပေါ်လေသည်၊ စက္ခုအကြည်မှာ ပေါ်သည်နှင့်

နှလုံးအိမ်တွင်းမှာ ပေါ်မှုသည် မရှေးမနှောင်းတပြိုင်နက်တချက်တည်းသာတည်း။ ကွယ်ပျောက်မှုမှာ မူကား စက္ခုအကြည်မှာ လဝန်းသဏ္ဌာန် ကွယ်ပျောက်သော်လည်း မနောအကြည်မှာ ပျောက်တဲ့နိုင်သည်မဟုတ်၊ မြင်အောင်ကြည့်ပါလေ၊ သည်တချက် ကောင်းကောင်းမြင်လျှင် အကြည်ခြောက်မျိုးအကုန်ခေတ်ပေါက်အောင် မြင်နိုင်လိမ့်မည်၊ ထိုလဝန်းသဏ္ဌာန် အရိပ်ကြီး၏ စက္ခုမှတ်ကြည်မှာ ထင်မှု, နှလုံးအိမ်တွင်းမနောမှတ်ကြည်မှာ ထင်ပေါ်မှုသည် မိုးယံကြိုးမှန်သကဲ့သို့ ပြင်းထန်၏၊ ထိုအတူ နေဝန်းကို ကြည့်ရှုရာ၌လည်း မျက်စိဟူသော စက္ခုအကြည်မှာ နေဝန်းသဏ္ဌာန်အရိပ်ကြီးတခု မနောအကြည်မှာနေဝန်းသဏ္ဌာန် အရိပ်ကြီးတခု မရှေးမနှောင်း တပြိုင်နက် တချက်တည်း ထင်ပေါ်သည် သစ်ပင်ကိုကြည့်ရာ၌ စက္ခုမှာ သစ်ပင်သဏ္ဌာန်အရိပ်တခု မနောမှာ သစ်ပင်သဏ္ဌာန် အရိပ်တခု တပြိုင်နက် ပေါ်သည်။

လူကိုကြည့်ရာ၌ စက္ခုမှာ လူသဏ္ဌာန် အရိပ်တခု မနောမှာ လူသဏ္ဌာန်အရိပ်တခု တပြိုင်နက်ပေါ်သည် ထိုပေါ်မှုသည် မိုးယံကြိုးကြီးကျသကဲ့သို့ ပြင်းထန်သည်၊ မျက်စိနှင့် မြင်မြင်သမျှ ခပ်သိမ်းတို့၌ ဤနည်းအတူချည်း သိလေ၊ တိမ်တိုက်ချင်းချင်း ခွပ်ကြသော အခါ လျှပ်ရောင် ဖြစ်ပေါ်လာသကဲ့သို့ရင်း, လေချင်းချင်း တိုက်ကြသောအခါ ကြယ်ပျံသည်ဟု ခေါ်ကြသော ဥက္ကာလုံး ဖြစ်ပေါ်လာသကဲ့သို့ရင်း, ခက်မာသော ဝတ္ထုတခုနှင့် ခက်မာသော ဝတ္ထုတခု ထိခိုက် ကြသောအခါ အသံဖြစ်ပေါ်လာသကဲ့သို့ရင်း, သံမီးခတ်နှင့် အနှစ်အဆီရှိသောကျောက် ထိခိုက်ကြသောအခါ မီးပွင့် မီးပွားဖြစ်ပေါ်လာသကဲ့သို့ရင်း, ထိုအတူ လဝန်းသဏ္ဌာန်စသော အရိပ်သည် စက္ခုအကြည်မှာ ထိခိုက်သောအခါ မိုးယံကြိုးကျသကဲ့သို့ ပြင်းထန်သော ထိခိုက်ချက်ဒဏ်အဟုန်ကြောင့် စက္ခုအကြည်ပေါ်မှာ ဝိညာဏ်စိတ် တဖွားဖွား ဖြစ်ပေါ်လေသည်၊ ထိုဝိညာဏ်စိတ်ကို စက္ခုပေါ်မှာ ဖြစ်

www.dhammaransi.com



ခြင်းကြောင့် စက္ခုဝိညာဏ်စိတ် ခေါ်သည်၊ ထိခိုက်ချက် ပြန်လျှင် မီးပွား သေပျောက်သကဲ့သို့ ထိုဝိညာဏ် သေပျောက်ပြန်၏၊ မနောအကြည်မှာ ထိခိုက်ချက် ဒဏ်အဟုန် ကြောင့်လည်း ထိုလဝန်းသဏ္ဍာန်ကို သိသော ဝိထိစိတ်အစဉ် တဖွားဖွား ဖြစ်ပေါ်လေသည်၊ ခေါင်းလောင်း ကြေးစည်တို့ကို ဒုတ်တံနှင့် တချက်နှက်လိုက်လျှင် နှက်လိုက်သော ဒဏ်အဟုန်ကြောင့် အသံကလာပ်တွေ တဖွားဖွားပေါ်၍နေသကဲ့သို့တည်း၊ ထိုဒဏ်ငြိမ်းပြန်လျှင်အသံပျောက်ဆုံးပြန်သကဲ့သို့လဝန်းသဏ္ဍာန် ထိခိုက်ချက် ဒဏ်ဟုန် ငြိမ်းပြန်လျှင် ထိုဝိထိစိတ် အစဉ်သည် သေပျောက်ပျက်ဆုံးပြန်လေ၏၊ မျက်စိဖြင့် မြင်သမျှမှာ ဤနည်းအတူချည်း သိလေ။

၁-စက္ခုအကြည်, ၂-ရူပါရုံ, ၃-စက္ခုဝိညာဏ်စိတ်-ခ‌ာတ်သုံးပါးတချက်တည်း ခ‌ာတ်ပေါက်အောင် ရှုနည်းပြီး၏)။

---

မိုးယံသံလုံး ရေသံလုံး လေသံလုံး စည်သံလုံး ခေါင်းလောင်းသံလုံး လူသံ ခွေးသံ ကြက်သံ ငှက်သံ အစရှိသော အသံရုသည် နားခေါ်သော သောတခ‌ာတ်မှဏ်ဒွရင်း, နှလုံးအိမ်တွင်းရှိ မနောခ‌ာတ်မှဏ်ဒွ‌ားင်း, ဤအကြည် ခ‌ာတ်မှဏ်နှစ်ခုဒွ မရှေးမနှောင်း တပြိုင်နက် တချက်တည်း ပေါ်သည် ခိုက်သည်၊ ထိုထိခိုက်မှု သည်လည်း မိုးကြိုးကျသကဲ့သို့ ပြင်းထန်သည်၊ သောတအကြည်မှာ အသံလုံးပေါ်ချက် ထိခိုက်ချက် ဒဏ်အဟုန်ကြောင့် သောတ အကြည်ပေါ်မှာ ဝိညာဏ်စိတ် တဖွားဖွားဖြစ်ပေါ်သည်၊ ထိုဝိညာဏ်စိတ်ကို သောတအကြည်ပေါ်မှာ ဖြစ်ပေါ်ခြင်းကြောင့် သောတဝိညာဏ်စိတ် ခေါ်သည်၊ အသံစဲပြန်လျှင် ထိုသောတဝိညာဏ်စိတ်သည်သေပျောက်ကွယ်ဆုံးပြန်၏၊ မနောအကြည်မှာ ထိခိုက်ချက် ဒဏ်အဟုန်ကြောင့် ထိုအသံကို သိသော ဝိထိစိတ်အစဉ် တဖွားဖွား ဖြစ်ပေါ်သည်၊

www.dhammaransi.com



အောက်က ပြဆိုခဲ့ပြီးသော ခေါင်းလောင်းသံ ဥပမာကဲ့သို့၊ ထိုအသံခိုက် ဒဏ်ငြိမ်းပြန်လျှင် ထိုဝိထိစိတ်အစဉ် သေပျောက် ကွယ်ဆုံး ပြန်၏၊ နားနှင့် ကြားကြားသမျှ ဤနည်းချည်းသိလေ။

(၁-သောတအကြည်, ၂-သဒ္ဒါရုံ, ၃-သောတဝိညာဏ်စိတ် ခုတ်သုံးပါးကိုတချက်တည်းခုတ်ပေါက်အောင်ရှုနည်းပြီး၏)။

၁-နှာခေါင်းရှိ ဃာနအကြည်, ၂-အနံ့အမျိုးမျိုး ဟူသော ဂန္ဓာရုံ, ၃-ထိုနှာခေါင်း အကြည်မှာ ဖြစ်ပေါ်သော ဃာန ဝိညာဏ်စိတ် ဤခုတ်သုံးပါး တို့ကိုဂင်း, ၁-လျှာအပြင်ရှိ ဇိဝှါ အကြည်, ၂-အချိုအချဉ် အစရှိသော ရသာရုံ, ၃-လျှာကြည် ပေါ်မှာဖြစ်ပေါ်သော ဇိဝှါဝိညာဏ်စိတ် ဤခုတ်သုံးပါးတို့ကို ဂင်း, ဖြစ်မှုပျက်မှုနှင့်တကွ စက္ခု သောတတို့၌ ဆိုခဲ့ပြီးသော အတိုင်း ခုတ်ပေါက်အောင် ရှုလေ။

**ကာယဟူသော မှဏ်အကြည်သည်ကား**-ဦးခေါင်း ဦးထိပ်မှ စ၍ ခြေဘဝါး အပြင်တိုင်အောင် ကိုယ်တွင်း ကိုယ်ပ အသား အသွေးရှိသမျှ အလုံးစုံကို အကုန်နှံ့ပြား၍ တည်၏၊ မြမြထက် သော အပ်သွားနှင့်ထိုး၍ စမ်းလျှင် နာမှန်းသိရာ အရပ်ရသည် ကာယခုတ်ကြည် ရှိသည်ချည်းတည်း၊ ပထဝိကြမ်း ပထဝိနု အမျိုးမျိုး,အပူအအေးဟူသော တေဇောအမျိုးမျိုး, အဟုန်ကြမ်း အဟုန်နုဟူသော ဝါယော အမျိုးမျိုးရသည် ကာယအကြည် မှာချည်း ဆိုက်ရသည်၊ ခြေဘဝါးအပြင်ကို မီးနှင့်ကင်၍ ပူမှန်း သိရာ ရေနှင့်ဆေး၍ အေးမှန်းသိရာတို့၌ ထိုပူမှု အေးမှုတို့ သည် ခြေဘဝါးအပြင်ရှိ ကာယခုတ်ကြည်ရုပ်မှာ တချက်, နှလုံး အိမ်တွင်းရှိ မနောအကြည်ကြီးမှာ တချက် တပြိုင်နက်ပေါ်လေ ၏ ခိုက်လေ၏ တိုက်လေ၏၊ ထိုထိခိုက်မှု တိုက်မှုသည် မိဃ်း ကြိုးမှန်သကဲ့သို့ ပြင်းထန်၏၊ ပြင်းထန်သော ဒဏ်ချက်ကြောင့် ခြေဘဝါးအပြင် တခုလုံးမှာ ကာယဝိညာဏ်စိတ် အပြည့်ပေါ်

www.dhammaransi.com



လေ၏၊ နှလုံးအိမ်အတွင်းမှာ ထိုအပူ အအေးကိုသိသော ဝိထိ စိတ်အစဉ် တတွေတွေ ဖြစ်ပေါ်လေ၏၊ ထိုအပူ ထိုအအေးရှ ပျောက်စဲလျှင် ထိုဝိညာဏ်ရှ, ထိုဝိထိစိတ်အစဉ်ရှ ပျောက်ပျက် သေဆုံးလေ၏၊ အတွင်းအပြင် တကိုယ်လုံး၌ ပူမှန်းသိရာဌာန အေးမှန်းသိရာဌာန နာမှန်းသိရာဌာန ကျင်မှန်းသိရာဌာန ကိုက် မှန်း, ခဲမှန်း, ညောင်းမှန်း, ညာမှန်း, ထုံမှန်း, ကျင်မှန်း, အောင့် မှန်း, အင့်မှန်း, လှုပ်မှန်းသိရာဌာန စသည်တို့မှာ ဤနည်းချည်း ကာယဝိညာဏ်ခတ်ပေါ်မှုကို သိလေ။

၁-ကာယခတ်မှတ်, ၂-ဖောဋ္ဌဗ္ဗာရုံ, ၃-ကာယဝိညာဏ် စိတ်- ခတ်သုံးမျိုးကို ခတ်ပေါက်အောင် ရှုနည်း ပြီး၏။

---

နှလုံးအိမ်တွင်း၌ စမ်းရေပွက်ကဲ့သို့ တလက်လက် တလင်း လင်း တဖွားဖွား မပြတ် မစဲ အမြဲ ဖြစ်ပေါ်၍နေသော ဘဝင် စိတ်ကို မနောအကြည်ဆိုသည်၊ ထိုဘဝင်စိတ်ဟု ဆိုအပ်သော မနောအကြည်သည် ရှေးဘဝဟောင်း နှင့် စပ်သော အာရုံကို သာ အာရုံပြုသည်ဖြစ်၍ငင်း, ထိုသို့ပြုသော်လည်း ထင်လင်း သောပြုခြင်းမဟုတ် မထင်မရှားသော ပြုခြင်းသာ ဖြစ်၍ငင်း, အဘယ်ကို အာရုံပြုသည်ဟု ပုဂ္ဂိုလ်သန္တာန်မှာပေါ် တော့သည် မဟုတ်၊ တညဉ့်လုံး အိပ်၍နေရာ အိပ်မက်မှုကို လွတ်၍ ဘဝင် စိတ်အာရုံပြုချက်နှင့် ငါသည် ဘယ်အာရုံကို တွေ့မြင်ရသည်ဟု မရှိလေ၊ ထိုဘဝင်ဟူသော မနောအကြည်လည်း မြစ်ရေအစဉ် ကဲ့သို့ ဖြစ်၍နေစဉ်အခါ ထိုပုဂ္ဂိုလ်သည် သေ:ယ် သေ၍ နေ သတည်း။

အကြင်အခါ နေဝန်းလဝန်းစသော အာရုံနိမိတ်သည် စက္ခု အကြည်စသော အကြည်ငါးမျိုးတို့မှ ဝင်၍ ထိုဘဝင်ဟူသော မနောအကြည်မှာ ပေါ်၏ ခိုက်၏၊ ထိုအခါ ထိုဘဝင်အကြည် သည် တုတ်လှံဒဏ်ထိသော မြွေကဲ့သို့ငင်း ဟီကဲ့သို့ငင်း ဆတ် ဆတ်ခါထကြွ၍ ပြတ်စဲပြီးလျှင် ထိုနေရာမှာ ကြယ်ဥက္ကာလုံး

www.dhammaransi.com



တွေ ပေါ်ထွက်သကဲ့သို့ ထိုထိခိုက်လာသောအာရုံကို သိသော ဝိထိစိတ်တွေ ပေါ်ထွက်လေ၏၊ ထိုအခိုက်အတိုက်ပြယ်ပျောက် ပြန်လျှင် ကြယ်ဥဏ္ဏာလုံးတွေ ကွယ်ပျောက် ပျက်ဆုံးသကဲ့သို့ သေပျောက်ပျက်ဆုံးလေ၏။

အကြင်အခါ၌ မြင်မှု ကြားမှု နံမှု လျက်မှု ကိုယ်မှာတွေ့ထိမှု တို့မှ အလွတ်ဖြစ်၍ ခြောက်ပါးသော အာရုံတို့သည် မနော အကြည်သက်သက်မှာသာ ဝင်၍ ထင်လာ ခိုက်လာကုန်၏၊ ထိုအခါမှာလည်း ထိုဘဝင်ဟူသော မနောအကြည်သည် ဆတ် ဆတ်ခါလှုပ်ကြွ၍ ပြတ်စဲပြီးလျှင် အာဝဇ္ဇန်းဇောတို့သည် ဖြစ် ပေါ်၍ ထိုအာရုံဝတ္ထု အမှုကိစ္စတို့ကို ကြံဘနကုန်၏၊ အသင် အခိုက် စဲပြန်လျှင် ထိုအာဝဇ္ဇန်းဇောတို့သည် ပေါ်ထွက်သော ကြယ်ဥဏ္ဏာလုံးတို့ ပျောက်ကွယ်သကဲ့သို့ ပျောက်ကွယ် သေ ဆုံးကြလေကုန်၏။

၁-ဘဝင်ဟူသော မနောအကြည်ခါတ်, ၂-ဓမ္မာရုံ, ၃- မနောဝိညာဏ်စိတ်- ခါတ်သုံးပါးကို ခါတ်ပေါက်အောင် ရှု နည်း ပြီး၏)။

ဤတွင် ရွှေ့ကား ဆပ္ပသာဒမဥ္ဇော ဟူသော ဒုတိယ မာတိကာပုဒ်၏ အဓိပ္ပါယ် ပြီး၏)။

အယံကာယော၊ ဤကိုယ်ကောင်ကြီးသည်။ ဥတ္တုနံ၊ ဆယ် ပါးသော ခါတ်မီးတို့၏။ ဥဒယော၊ အပွားအစီးသာတည်း ဟူ သော **တတိယမာတိကာပုဒ်၌** အရတိ ပဝတ္တတီတိ ဥတု။အရတိ ပဝတ္တတိ၊ မပြတ်မလပ် ဖြစ်ပွား တတ်၏။ ဣတိ၊ ဤသို့သော အကြောင်းကြောင့်။ ဥတု၊ ဥတုမည်၏။ (ဤကား-ကျမ်းဂန်တို့၌ လာသောဝိဂြိုဟ်)။

ဥဒတိ ပသဝတီတိ ဥဝ္။ ဥဒန္တိ ပသဝန္တိ ဇေတေန သြကာ သ သတ္တ သင်္ခါရလောကာတိ ဥတု။ဥဒတိ ပသဝတိ၊ ပွားစေတတ် ၏။ ဣတိ၊ ဤသို့သောအကြောင်းကြောင့်။ ဥတု၊ ဥတုမည်၏။

www.dhammaransi.com



ဝေတနာ၊ ဤခါတ်မီးကြောင့်။ ဩကာသသတ္တသင်္ခါရလောကာ၊ ဩကာသလောက သတ္တလောက သင်္ခါရလောက တို့သည်။ ဥဒ္ဒိဋ္ဌ ပသဝန္တိ၊ သံသရာ၌ ကမ္ဘာအဆက်ဆက် ဖြစ်ပွား၍နေကြကုန်၏။ ဣတိ၊ ဤသို့ လောကသုံးပါးတို့၏ ဖြစ်ပွားရန် အကြောင်းဖြစ်သော သတ္တိကြောင့်။ ဥတု၊ ဥတုမည်၏။ ဤကား အသင့်ကြံဘန်၍ပြုသောဝိဂြိုဟ်။

**ဥတုဆိုသည်ကား**—အောက်က ပြဆိုခဲ့ပြီးသော တေဇောဟု ဆိုသော ခါတ်မီးကိုပင် ဆိုသတည်း၊ အနမတဂ္ဂ သံသရာ၌ ကမ္ဘာအဆက်ဆက်တို့ကို တည်ဆောင်ဘန်ဆင်းပေသည်လည်း ဤခါတ်မီးပင်တည်း၊ စကြဝဠာအနန္တတို့ကို ဘန်ဆင်းပေသည်လည်း ဤခါတ်မီးပင်တည်း၊ အနန္တစကြဝဠာတွင် တခုခုသော စကြဝဠာ၌ စကြဝဠာကို ခံသော ယူဇနာ ကုဋေသိန်း ခြောက်သောင်း အထုရှိသော လေပြင်ကြီး, ထိုလေပြင်ကြီးပေါ်မှာ တည်သော ယူဇနာ လေးသိန်း ရှစ်သောင်း အထုရှိသော ရေပြင်ကြီး, ထိုရေပြင်ကြီးပေါ်မှာတည်သော ယူဇနာ နှစ်သိန်း လေးသောင်း အထုရှိသော သီလာပံသု မြေပြင်ကြီး, ထိုမြေပြင်၌ ပေါက်ရောက်သော မြင်းမိုရ်တောင် စကြဝဠာတောင် သတ္တရဘန်တောင် ဟိမဝန္တာတောင် အိုင်ကြီးခုနစ်အိုင် မဟာသမုဒ္ဒရာလေးစင်း သီတာခုနစ်တန် ကျွန်းကြီးလေးကျွန်း ကျွန်းငယ်နှစ်ထောင် အသုံးပုံသောမြေအရာ ရေအရာ တောအရာ တောင်အရာ အပါယ်လေးဘုံ လူ့ဘုံ နတ်ပြည်ခြောက်ထပ် အကနိဋ္ဌတိုင်အောင်သော ဗြဟ္မာ့ဘုံရ, ဤအသုံးပုံသော ဩကာသလောကသည်လည်း ထိုခါတ်မီး တည်ဆောက် ဘန်ဆင်းချက်သာတည်း။

(သတ္တသူရိယောပမသုတ်, အဂ္ဂညသုတ်, င်းသုတ်တို့၏အဋ္ဌကထာ, ဝိသုဒ္ဓိမဂ်တို့၌ အကျယ်လာသော ကမ္ဘာပျက်မှု ကမ္ဘာတည်ဆောင်မှုတို့ကိုရှု၍ ခါတ်မီး၏ အစွမ်းကို သိအပ်၏)။

www.dhammaransi.com



**မီး-ရေ-လေ ဟူသော အဖျက်သုံးမျိုးတို့တွင် မီးဟူသည်** ကား-ဥတုခေတ်မီးပင်တည်း၊ ရေဖျက်သည် ဟူရာ၌ကားရေ ဟူသော အာပေါကို လိုရင်းမဟုတ်၊ ထိုအာပေါနှင့် ယှဉ်သော သီတခေတ်ကိုသာ လိုရင်းတည်း၊ သီတခေတ်မီး ဖျက်သည်ကို ရေဖျက်သည်ဟု မှတ်ရမည်၊ လေဖျက်သော ကမ္ဘာ၌လည်း ထိုလေကို တည်ထောင်ဘန်ဆင်းသောသူကား-ဥတုခေတ်မီးပေ တည်း၊ ထို့ကြောင့် ကမ္ဘာကိုဖျက်သည်လည်း ခေတ်မီးပင် တည်း၊ ကမ္ဘာကို တည်ထောင်ဘန်ဆင်းပေသည်လည်း ခေတ် မီးပင်တည်း။ ဤကား-ဩကာသလောကတည်ထောင်မှုတည်း။

**သတ္တလောကမှာလည်း**-အလွန်သေးငယ်လှ၍ ပကတိစက္ခု ဖြင့် မမြင်ကောင်းသော သတ္တဝါမှစ၍ အကနိဋ္ဌ ဗြဟ္မာမင်းကြီး ၏ ခန္ဓာကိုယ်တိုင်အောင် ရုပ်တို့၏ ဖြစ်မှုကိုမြင်၍ ခေတ်မီး၏ အစွမ်းကို သိအပ်၏။

**သိပုံကား**-ရုပ်ရှိသော သတ္တဝါတို့၏ ပဋိသန္ဓေခဏ၌ ရှေး ဦးစွာ ဖြစ်ပေါ်သော ရုပ်ကလာပ်တို့သည် ရှေးကံဟောင်း ထု ထောင်ဘန်ဆင်း၍ ဖြစ်ပေါ်ကြရကုန်၏၊ ပဋိသန္ဓေ၏ ဌီခဏမှ စ၍ အစဉ်အတိုင်း ရုပ်ရ ရုပ်ခဲ ဖြစ်မှု တည်မှု တိုးမှု ပွားမှု အင်္ဂါကြီး ငယ် တည်ထောင်မှု တို့သည်ကား-ခေတ်မီး၏ အမှု တို့ပေတည်း၊ ကမ္မဇရုပ် စိတ္တဇရုပ် အာဟာရဇရုပ်တို့သည် ကား-ခေတ်မီးတည်ထောင်၍ ပေးသော ကိုယ်အင်္ဂါတို့ကို အ စဉ်လိုက်၍ ဖြစ်ကြရကုန်၏၊ ရေအိုင်၌ ရေနယ်ကျယ်၍သွားရာ မှာ ကြာလိုက်၍ ပေါက်ပွားသကဲ့သို့တည်း၊ တိရစ္ဆာန်မျိုးတို့နှင့် တကွ ရုပ်ရှိသော လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အသက်တမ်း အတိုအရှည်ရှိသည်မှာလည်း ဤခေတ်မီး အချက်ပင်တည်း။

ခေတ်မီးငြိမ်သက်မှု ခေတ်မီး၏တည်ရာ ကရဇ ကာယရုပ် သိမ်မွေ့မှုအဆင့်ဆင့်ရှိ၍ အသက်တမ်းရှည်မှု အဆင့်ဆင့်ရှိပေ သည်၊ ခေတ်မီး၏ မငြိမ်သက်မှု ထိုခေတ်မီး၏တည်ရာ ကာရဇ

www.dhammaransi.com



ကာယရုပ် ကြမ်းတန်းမှု အဆင့်ဆင့်ရှိ၍ အသက်တမ်းတိုမှု အဆင့်ဆင့်ရှိပေသည်၊

ဂန္ဓသေယျာသတ္တဝါတို့၌ ပဋိသန္ဓေအခါ အမိအဘတို့၏ နိသန္ဒဝတ္ထု၌ ရောနှော ဘက်စပ်၍ဖြစ်သော ဥတုဟူသော ထို ဓာတ်မီးသည် အမိမျိုး အဘမျိုးသို့ အစဉ်လိုက်၏၊ သစ်ပင်တို့၌ ဗီဇနိယာမရှိသကဲ့သို့ သတ္တဝါတို့၌ ဇာတိနိယာမရှိပေတည်း၊ ထိုဇာတိနိယာမကြောင့် အဆင်းသဏ္ဌာန်စသော အလုံးစုံသည် အမိမျိုး အဘမျိုးအတိုင်းသာ ဖြစ်မြဲ၊ နဂါးနှင့်လူ ကိန္နရာနှင့် လူ စသဖြင့် ဇာတ်မတူသော သူတို့ချင်းပေါင်းဘက်ရာ၌ကား- ကရဇရုပ် ဩဇာထက်သန်ရာသို့ ဇာတိရုပ် လိုက်သည်ဟု ယူဘွယ်ရှိ၏ ဤကား-သတ္တလောက တည်ထောင်မှုတည်း။

**သစ်ပင် ချုံနွယ် စသော သင်္ခါရလောကသည်ကား**-ဓာတ်မီး၏ အစီးအပွား သက်သက်ပေတည်း၊ အလုံးစုံသော သစ်ပင် ချုံနွယ်စသည်တို့ကို အဥအမျိုးမျိုး အဩောက်အမျိုးမျိုး အညွန့်အမျိုးမျိုး ပင်စည်အမျိုးမျိုး အကိုင်းအမျိုးမျိုး အခက် အရွက် အပွင့် အသီး အရသာ အမျိုးမျိုးတို့နှင့်တကွ ကမ္ဘာပျက်သည့် တိုင်အောင် ဓာတ်မီးသည် တည်ထောင် ဖန်ဆင်းပေ၏၊ ထို ဓာတ်မီးတည်ထောင် ဖန်ဆင်းသော အပင် အရွက် အသီး အပွင့်တို့ကို တူအောင် ထုလုပ်ရေးသား ချယ်လှယ်နိုင်သော ပန်းပုဆရာ ပန်းချီဆရာတို့ကို လောက၌ ရှားမွမ်းကြရကုန်၏၊ သတ္တဝါတို့၌ ဇာတိနိယာမ ရှိသကဲ့သို့ ဤသင်္ခါရတို့၌လည်း ဗီဇနိယာမရှိ၏၊ နေ လ နက္ခတ်တာရာကြီး တာရာငယ် ဂြိုဟ်ကြီး ဂြိုဟ်ငယ်စသော လောက အဆောက်အဦပ ရွှေ ငွေ ပုလဲ ပတ္တမြား အစရှိသော ရတနာမျိုး သံမျိုး ကြေးမျိုး ပြဒါးမျိုး အစရှိသော ဓာတ်မျိုး အလုံးစုံသည်လည်း ဓာတ်မီး၏ အစီးအပွားသာတည်း၊ ဤကား-သင်္ခါရ လောကတည်ထောင်ချက်တည်း။

www.dhammaransi.com



ဤသို့လျှင် ''ဥဒန္တိ ပသဝန္တိ ဧတေန ဩကာသသတ္တသခ်ါရလောကာတိ ဥတု'' ဟူသောဝစနတ္ထနှင့်အညီ လောကသုံးပါးတို့၏ ဖြစ်ပေါ်ကြောင်း ပွားစီးကြောင်းဖြစ်၍ ရုပ်နှင့် စပ်သော လောကသုံးမျိုးကို တည်ထောင်ဘန်ဆင်းပေတတ်သောကြောင့် ခါတ်မိးကို ဥတုဟူ၍ ဆိုသတည်း၊ ထိုခါတ်မိးသည် အဇ္ဈတ္တခါတ်မိး, ဗဟိဒ္ဓခါတ်မိး ဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် အဇ္ဈတ္တခါတ်မိးသည် ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇ ဟူ၍ လေးပါးရှိ၏၊ အဝိစိငရဲသူ သတ္တဝါန်မှစ၍ အကနိဋ္ဌဖြဟ္မာ့သတ္တဝါန်တိုင်အောင် ဓာတ်အမျိုးမျိုး အကြမ်းအနု အမျိုးမျိုးအားဖြင့် ထိုခါတ်မိးသည် အနန္တများပြား၏၊ ဗဟိဒ္ဓခါတ်မိးသည် သိတခါတ်မိး ဥဏှခါတ်မိးဟူ၍ အကျဉ်းအားဖြင့် နှစ်ပါးဖြစ်၏၊ ဂိမှခါတ်မိး, ဝဿာနခါတ်မိး, ဟေမန္တ ခါတ်မိးဟူ၍ ဥတုအလိုအားဖြင့် သုံးပါးဖြစ်၏။

ထိုအဟူ ရတုခြောက်ပါးဆိုသည်လည်း ခါတ်မိး ခြောက်မျိုးကိုပင်ဆိုသည်၊ တဆဲ့နှစ်ရာသီဆိုသည်လည်း ခါတ်မိး တဆဲ့နှစ်မျိုးပင်တည်း၊ တရာ့ရှစ်နဝင်း ဆိုသည်လည်း နေခါတ်မိးနှင့် နက္ခတ်ခါတ်မိး ဘက်စပ်၍ အထူး အထွေ ပွားသော ခါတ်မိးမျိုး တရာ့ရှစ်မျိုး ပင်တည်း၊ တနင်္ဂနွေ, တနင်းလာစသော ဂြိုဟ်ကြီးရှစ်ပါး ကိုးပါးဟူသည်လည်း ခါတ်မိးအပြားပင်တည်း၊ ဗေဒင်ကျမ်း ဆေးကျမ်း ခါတ်ကျမ်း နက္ခတ်ကျမ်း နိမိတ်ကျမ်း စသည်တို့၌ ဆိုသမျှသော လောကီ ဝေါဟာရ အပြားဟူသည် ခါတ်မိး၏ အမှုချည်းသာတည်း။

ဓာတ်အမျိုးမျိုး အကြမ်း အနု အမျိုးမျိုးအားဖြင့် ထိုဗဟိဒ္ဓ ခါတ်မိးသည် အနန္တများပြား၏။

**မာတိကာပုဒ်၌ ခါတ်မိးဆယ်မျိုး ဆိုသည်ကား**-အဇ္ဈတ္တ ခါတ်မိး လေးပါးကို သိတ ဥဏှ နှစ်ပါးနှင့် မြှောက်, အဇ္ဈတ္တ

www.dhammaransi.com



ခေတ်မီးရှစ်ပါးဖြစ်၏၊ ဗဟိဒ္ဓခေတ်မီးသည် သီတ ဥဏှ နှစ်ပါး ရှိ၏၊ နှစ်ရပ်ကိုပေါင်းသော် ခေတ်မီး ဆယ်ပါးဖြစ်၏။

သက်ရှိသက်မဲ့အလုံးစုံရုပ်ရုပ်ခဲဟူသမျှသည်ခေတ်မီးရခေတ်မီးခဲသာဖြစ်၏၊ပူမှု အေးမှု ဟူသော ထိုခေတ်မီးသည် အမြဲလျှင် ထွန်းတောက်ခြင်းအမှု ဖြစ်လေရကား အလုံးစုံသော သက်ရှိ သက်မဲ့ ရုပ်တုံးရုပ်ခဲရသည် အမြဲလျှင်တသိမ့်သိမ့် တလျှမ်းလျှမ်း တရှိန်ရှိန် တောက်ထွန်း ပွားစီး၍နေ၏၊ မိမိကိုယ်၌ ဦးနှောက်ခဲ မျက်လုံးခဲစုမှစ၍ ခြေဘပါးထိ ခေတ်ပေါက်အောင် ကြည့်လေ၊ တသိမ့်သိမ့် တလျှမ်းလျှမ်း တရှိန်ရှိန် ထင်မြင်သော အရာမျိုး၌ ကိုယ်ခန္ဓာနှင့် အပြည့်ရှိသောခေတ်မီးသည် အသစ်အသစ်သော ရုပ်တို့ကိုလည်း ကိုယ်ခန္ဓာနှင့် အပြည့်ပင်ဖြစ်ပေါ်စေ၏၊ဖြစ်ပေါ်သမျှကိုလည်း ခဏခြင်းလောင်၍ ကွယ်ပျောက်စေ၏၊ ဤသို့ အဟောင်းကွယ်ပျောက်မှုနှင့် အသစ်ဖြစ်ပေါ်မှုအတွက် တသိမ့်သိမ့် ထင်ရလေသည်။

**ပရမတ္ထစက္ခုတို့၌** မျက်စိဖြင့်မြင်ကောင်းလောက်အောင် လှုပ်ရှားသော တရားဟူ၍ တခုမျှမရှိ အသစ် အသစ် ဖြစ်ပေါ်မှုနှင့် အဟောင်း အဟောင်း ကွယ်ပျောက်မှုရောယှက်၍နေသောအရာရမှာ မျက်မြင်အားဖြင့် လှုပ်သည်ဟု ထင်ရသည်၊ ထသည်ဟု ကြွသည်ဟု ကျသည်ဟု သွားသည်ဟု လာသည်ဟုထင်ရသည်၊ အစိတ်စိတ်ခေတ်ပေါက်အောင် မြင်သောဉာဏ်ရှိမှ ထိုအထင်ကို ပယ်ဖျောက်နိုင်သည်၊ ထိုဉာဏ်သည်လည်း အားမရှိသေးသော အခါ၌ ထိုဉာဏ်ကိုပင် ထိုအထင်လိုက်၍ ဖျက်တတ်သေးသည်၊ မိမိကိုယ်ခန္ဓာအတွင်း၌ ဉာဏ်ကိုသွင်း၍ ခေတ်သဘာဝ သက်သက်ကို ကြည့်မည်ဟု ကြည့်သောအခါ ထိုအထင်လိုက်၍ ဖျက်သည်ရှိသော် ခေတ်သဘာဝ သက်သက်သို့ ဆိုက်အောင် မရှုးဘဲ သမူဟ သဏ္ဌာန ပညတ် သန္တတိ ပညတ်တို့ ခုခံ၍ နေတတ်သည်။

www.dhammaransi.com



**သမူဟ သဏ္ဌာန ပညတ်ဟူသည်ကား**- အထည်ဒြပ်တည်း၊ ရှုသောဉာဏ်သည် အထည်ဒြပ်နှင့်တိုက်၍ နေလျှင် ပရမတ် အစစ်သို့ မဆိုက်နိုင်ပြီ။

**သန္တတိ ပညတ်ဆိုသည်ကား**-နိဗ္ဗာန်မှတပါးသော ပရမတ် စစ်တို့မည်သည် မျက်တောင်တခတ်မျှ အသက်ရှည်သောတရား ဟူ၍ တခုမျှမရှိ ဖြစ်ပျက် ဖြစ်ပျက်တို့ချည်း သာတည်း၊ ထိုသို့ ဖြစ်ပါလျက် ပျက်မှုဖြစ်မှုရောယှက်၍နေသောအခါ ပျက်ဆုံးလေ သော အဟောင်းရုနှင့် နောက်ဖြစ်အသစ်ရုကို တခုတည်းမှတ် ယူ၍ တခုတည်းထင်၍နေသော ပညတ်သည် သန္တတိပညတ် မည်၏၊ ဉာဏ်၌ ဤသန္တတိပညတ်ဝင်၍ ပျက်သောအခါ တခု သော တရားသည်ပင် သည်လိုဖြစ်ပြန်သည် ဟိုလိုဖြစ်ပြန်သည် သည်သို့ရောက်ပြန်သည် ဟိုသို့ရောက်ပြန်သည် လှုပ်သည် ကြွ သည် ထသစည်သည်ဖြင့်ထင်ရလေသတည်း၊ထိုကြောင့်ထိုသမူ ဟပညတ် သဏ္ဌာနပညတ် သန္တတိပညတ်ရုနှင့် ပရမတ်အစစ် ကိုကွဲအောင်ခွဲ၍ရှုလေ၊ ဤကား တသိမ့်သိမ့် တဒိမ့်ဒိမ့် တလှုပ် လှုပ် တလှက်လှက် ထင်သမျှ၌ ပညတ်မှုထွေးယှက်ချက်ကို ပြဆို သော စကားရုတည်း၊ ကျမ်းဂန်တို့၌ ဥတုဟူ၍ ခေါ်ဆိုသော ဤဓာတ်မီး၏ အခြင်းအရာ တန်ခိုးအာနုဘော်ကို တေဇောဓာတ် အခန်းကလည်း အတန်ငယ်ဆိုခဲ့ပြီ၊ ထိုအခန်း၌ ဆိုခဲ့သော အရာရုနှင့် ဤဥတုအရာ၌ အနည်းငယ်ပြဆိုလိုက်သောအရာရုကို အကုန်မြင်လျှင်ပင် ဥတုဟူသော ဤဓာတ်မီး၏ ကြီးကျယ်ဆန်း ကြယ်မှု, ဆိုခဲ့ပြီးသော လောကသုံးပါး၌ ဤဓာတ်မီး သည်သာ အချုပ်အခြာ ဖြစ်ကြောင်း လောကသုံးပါးသည် ဓာတ်မီး၏ အစီးအပွားသာ ဖြစ်ကြောင်း တို့ကို ဓာတ်ပေါက်အောင် မြင် လိမ့်မည်။

(ဤတွင်ရွေ့ကား ဤကိုယ်ကြီးသည် ဓာတ်မီး၏ အစီးအပွား သာ ဖြစ်၏ ဟူသော တတိယမာတိကာပုဒ်၏ အဓိပ္ပါယ်ပြီး၏)။

www.dhammaransi.com



အယံကာယော၊ ဤ ကိုယ်ကောင်ကြီးကို။ အာဟာရေဟိ၊ ဆယ်မျိုးသော ဓာတ်ဆီတို့သည်။ ထမ္ဘိတော၊ အမြဲမပြတ် ထောက်ပံ့အပ်၏ ဟူသော စတုတ္ထမာတိကာပုဒ်၌ ကျမ်းဂန်တို့၌ ဩဇာဟူ၍၎င်း အာဟာရဟူ၍၎င်း ခေါ်ဆိုအပ်သော ပရမတ် ရုပ်ဆီသည် ရှိ၏၊ ထိုရုပ်ဆီကို ဓာတ်ဆီဆိုသတည်း။

ထိုဓာတ်ဆီသည် "ဥဒယာနန္တရံ ရူပံ ဇနေတီတိ ဩဇာ၊ ဩဇဋ္ဌမကံ ရူပံ အာဟာရတီတိ အာဟာရော" ဟူသော ဝိဂြိုဟ် နှစ်ရပ်ကြောင့် ဩဇာမည်၏ အာဟာရလည်းမည်၏၊ ဥဒယာ နန္တရံ၊ မိမိဥပါဒ်သည်၏အခြားမဲ့၌။ ရူပံ၊ ရုပ်ကို။ ဇနေတိ၊ ဖြစ် ပွားစေတတ်၏။ ဣတိ၊ ဤသို့သော အကြောင်းကြောင့်။ ဩဇာ၊ ဩဇာမည်၏။ ဩဇဋ္ဌမကံ၊ ဩဇာလျှင်ရှစ်ခုမြောက်ရှိသော။ရူပံ၊ အဝိနိဗ္ဘောဂရုပ် ရှစ်ခုကို။ အာဟာရတိ၊ လွန်စွာ ဆောင်တတ် ဖြစ်ပွားစေတတ်၏။ ဣတိ၊ ဤသို့သော အကြောင်းကြောင့်။ အာ ဟာရော၊ အာဟာရမည်၏။ ကျမ်းဂန်တို့၌ ပြဆိုသော ဝိဂြိုဟ် နှစ်ရပ်)။

ထိုဓာတ်ဆီသည် အဇ္ဈတ္တဓာတ်ဆီ, ဗဟိဒ္ဓဓာတ်ဆီ ဟူ၍ နှစ်ပါးရှိ၏၊ အဇ္ဈတ္တဓာတ်မီးရှစ်ပါး ဗဟိဒ္ဓဓာတ်မီးနှစ်ပါး ဟူ၍ ဓာတ်မီးဆယ်ပါး ပြားရကား ထိုဓာတ်မီး၏ အဘက်ဖြစ်သော ဓာတ်ဆီလည်း ဆယ်ပါးပင်ပြား၏၊ ထိုဓာတ်ဆီသည် အာဟာ ရဇ ရုပ်ကလာပ်တို့ကို ဖြစ်စေခြင်းကိစ္စ, ကာမဘုံသားတို့၏ စတုသမုဋ္ဌာနိက ရုပ်ခန္ဓာကို ထောက်ပံ့မှုကိစ္စဟူ၍ နှစ်ကိစ္စရှိ၏၊ ထိုနှစ်ကိစ္စတို့တွင် မေဒေါ၊ အဆီပြင် အဆီခဲ၊ ဝသာ၊အဆီကြည် ဤအဆီနှစ်မျိုးတို့ကို ဖြစ်ပွားစေခြင်း အမှုသည် အာဟာရဇ ရုပ်ကလာပ်တို့ကို ဖြစ်စေခြင်းကိစ္စ မည်၏၊ ကာမဘုံသားတို့၏ ရုပ်ခန္ဓာသည် အစာအာဟာရနှင့် ကင်း၍ မျက်တောင် တခတ်မျှ မတည်နိုင်၊ ထိုသို့မတည်နိုင်သောကြောင့်ပင်လျှင် လောက၌ အသက်မွေးမှုဟူသောကိစ္စသည် အကြီးအကျယ်ဆုံးသော ကိစ္စ

www.dhammaransi.com



ဖြစ်သတည်း၊ ကုန်းသတ္တဝါ ရေသတ္တဝါအပေါင်းတို့၏ အသက် ရှည်သမျှ နေ့နေ့ညည လှုပ်လှုပ်ရွရွ အားထုတ်ကြရသော အမှုတွေကို အနှံ့အပြား မြင်နိုင်ပါလျှင် အသက်မွေးမှု ကြီးကျယ်ကြောင်းကို မြင်လိမ့်မည်၊ အသက်မွေးမှု ကြီးကျယ်ကြောင်းကို မြင်နိုင်ပါလျှင် အစာအာဟာရမှု ကြီးကျယ်ကြောင်းကို မြင်လိမ့်မည်၊ အစာအာဟာရမှု ကြီးကျယ်ကြောင်းကိုမြင်လျှင် ဤဓာတ်ဆီ၏ ထောက်ပံ့မှုကြီးကျယ်ကြောင်းကိုရင်း, အဇ္ဈတ္တရုပ်ခန္ဓာတို့၏ မျက်တောင်တခတ် လျှပ်တပြက်မျှ ဗဟိဒ္ဓဓာတ်ဆီ ထောက်ပံ့မှုနှင့်ကင်း၍ မတည်နိုင်ကြောင်းကိုရင်း မြင်လိမ့်မည်။

**ဥပမာကား**–ဤခန္ဓာကိုယ်၌ရှိသော ခက်မာမှု နူးညံ့မှုဟူသော မြေဓာတ်, ဖွဲ့စည်းမှု ယိုစီးမှု ဟူသော ရေဓာတ်, ပူမှု အေးမှုဟူသောမီးဓာတ်,တောင့်တင်းစွာထောက်ကန်မှု ရော့ရဲစွာထောက်ကန်မှုဟူသောလေဓာတ်, ဤဓာတ်ကြီးလေးပါးသည် မှတ်ထဲ၌ထင်သော လူရိပ် ရေထဲ၌ထင်သော နေရိပ် လရိပ် တိမ်ရိပ် မိုယ်းရိပ်နှင့် တူသည်ဟူသော အောက်က ပြဆိုခဲ့ပြီးသော အရာကို နှလုံးသွင်း၍ထား၊ ကောင်းကင်၌ စိုသက်တံ မည်သည် ရှိ၏၊ ထွန်းကိုင်းဟူ၍ရင်း သိကြားမင်း၏ပုဆိုးဟူ၍ရင်းခေါ်ဝေါ်ကြ၏၊ ထိုစိုသက်တံ ဟူသော သဏ္ဍာန်ဖြစ်သည် အရှေ့က နေရောင် အနောက်က မိုယ်းတိမ်တိုက်ရှိလျှင် အနောက် မိုယ်းတိမ်တိုက် အပြင်မှာ ထင်ပေါ်၏၊ အနောက်က နေရောင် အရှေ့က မိုယ်းတိမ်တိုက်ရှိလျှင် အရှေ့ မိုယ်းတိမ်တိုက်အပြင်မှာ ထင်ပေါ်၏၊ နေမှဖြစ်သည်ဖြစ်၍ နေပျောက်လျှင် ပျောက်ကွယ်၏၊မိုယ်းတိမ်တိုက်ကိုမှီရမှ ဖြစ်နိုင်သည်ဖြစ်၍ မိုယ်းတိမ်တိုက် ပျောက်ပျက်လျှင် ပျောက်ကွယ်၏၊ နေဝန်းသည် ထိုသဏ္ဍာန်ကို ဖြစ်ပေါ်စေမှုဖြင့် ကျေးဇူးပြု၏၊ မိုယ်းတိမ်တိုက်သည် ထိုသဏ္ဍာန်ကို ထောက်ပံ့မှုဖြင့် ကျေးဇူးပြု၏၊ အကြင်အရပ်အခါ၌ နေရောင်ပျောက်၏၊ ထိုအရပ်အခါ၌ ထိုသဏ္ဍာန်သည် အပိုင်းအပိုင်း ပြတ်၍ ကွယ်ပျောက်၏၊ နေရောင်လုံးလုံး ကွယ်ပျောက်လျှင်

www.dhammaransi.com



လုံးလုံးကွယ်ပျောက်၏၊ အကြင်အရပ်အစိတ်၌ တိမ်တိုက်ပျောက်ပျက်၏၊ ထိုအရပ်အစိတ်၌ ထိုသဏ္ဌာန်သည် အပိုင်းအပိုင်းပြတ်၍ ပျောက်ကွယ်၏၊ တိမ်တိုက် ပါးရှားသောနေရာ၌ ပါးရှား၍ သွား၏။ နေရောင်ပင် ထင်ရှားရှိသော်လည်း ထောက်ပံ့သော တိမ်တိုက်ကွယ်ပျောက်လျှင် ခဏခြင်း ကွယ်ပျောက်လေ၏။

ဤဥပမာ၌ နေဝန်းသဏ္ဌာန်နှင့် ရှေးကံဟောင်း တူသည်၊ ထိုနေဝန်းမှထွက်သော နေခြည်နေရောင်နှင့် တကိုယ်လုံးရှိကမ္မဇ ဓာတ်မီးသည်၎င်း၊ ထိုကမ္မဇဓာတ်မီးနှင့်စပ်သော စိတ္တဇဓာတ်မီး ဥတုဇဓာတ်မီး အာဟာရဇ ဓာတ်မီးစုသည်၎င်း တူသည်၊ ကောင်းကင် တခွင်လုံး ပြန့်နှံ့၍တည်သော မိုဃ်းတိမ်တိုက် အပြင်ကြီးနှင့် တကိုယ်လုံးရှိ ဓာတ်ဆီစုတူသည်၊ စို့သက်တံသဏ္ဌာန်ကြီးနှင့် ခန္ဓာကိုယ်၌ ဆိုခဲ့ပြီးသော မဟာဘုတ်ဓာတ်ကြီးလေးပါးတူသည်၊ တိမ်တိုက်နှင့် ဓာတ်ဆီစု တူသည်ဟူသောစကားမှာ ထောက်ပံ့မှု တူသည်ကို ဆိုလိုရင်းတည်း။ ကံသည်၎င်း ကမ္မဇဓာတ်မီးသည်၎င်း ကုန်ခဲ့သည်ရှိသော် ဓာတ်ဆီထင်ရှားရှိသော်လည်း ကိုယ်ခန္ဓာ မဟာဘုတ် ခဲကြီးသည် ပျက်ဆုံးတော့သည်၊ ကံပင် ထင်ရှားရှိသော်လည်း အစာရေစာပြတ်၍ ဗဟိဒ္ဓဓာတ်ဆီ အလျဉ်းပြတ်ခဲ့သည်ရှိသော် အဇ္ဈတ္တဓာတ်ဆီတို့သည် အားကုန်၍ ထိုခဏမှ ကိုယ်ခန္ဓာ မဟာဘုတ်ခဲကြီး ပျက်စီးရတော့သည်၊ စို့သက်တံကြီးမှာ ဆိုခဲ့သမျှနှင့် အကုန်လုံးစုံအောင် စပ်၍ သိလေ၊ ဓာတ်ကြီးလေးပါးခဏ်း၌ မှဏ်၌ ထင်သော အရိပ်ဥပမာ, ရေ၌ထင်သော အရိပ်ဥပမာလည်း လူမျက်နှာ နေဝန်း လဝန်း တိမ်တိုက်တို့နှင့် ကံသည်၎င်း၊ ဓာတ်မီးစုသည်၎င်း တူ၏၊ မှဏ်အပြင် ရေအပြင်နှင့် ဓာတ်ဆီစုတူ၏၊ မှဏ်အပြင် ရေအပြင်၌ ထင်သော လူရိပ် မျက်နှာရိပ် နေဝန်း သဏ္ဌာန် လဝန်းသဏ္ဌာန် တိမ်တိုက်ကြီး သဏ္ဌာန်စုနှင့် ကိုယ်ခန္ဓာဖြစ်၍နေသော ဓာတ်ကြီးလေးပါးတူ၏၊ ဤဥပမာ၌လည်း ထောက်ပံ့ခံမှု တူသည်ကိုယူ၊ ဤမျှသော ဥပမာတို့ဖြင့် ဓာတ်

www.dhammaransi.com



ကြီးလေးပါး ခေတ်ကြည်ခြောက်ပါးတို့၏ အစုအခဲ ဖြစ်သော ဤခန္ဓာကိုယ်သည် ဗဟိဒ္ဓခေတ်ဆီ ထောက်ပံ့မှုနှင့် တည်နေရသည်၊ ဗဟိဒ္ဓခေတ်ဆီ ထောက်ပံ့မှုကင်းလျှင် ခဏခြင်း ပျက်ဆုံးရတော့သည်ဟု ပြလိုက်သည်။

ယခုအခါ ထောက်ပံ့ပုံကိုဆိုအံ့၊ လောက၌ အဆီနှင့်မီးသည် အဘက်ပေတည်း၊ အဆီဟူသမျှတို့သည် မီးနှင့်ပေါင်းဘက်ရမှ ပွားများနိုင်ကုန်၏၊ မီးတို့သည်လည်း အဆီနှင့်ပေါင်းဘက်ရမှ ပွားများနိုင်ကုန်၏၊ တည်နေနိုင်ကုန်၏၊ မြေဆီဟုဆိုအပ်သော ရေနံချေး ရေနံဆီ နှမ်းဆီ မုန်ညင်းဆီ အုန်းဆီ ပဲဆီ သတ္တဝါမှ ဖြစ်သော ထောပတ်ဆီ အစရှိသော အဆီမျိုးတို့သည် မီးကိုပွားစီးစေတတ်ကုန်၏၊ မီးသည် ထိုအဆီနှင့် နေရမှ ပွားစီးနိုင်သည်၊ ဤကား ထင်ရှားသော အဆီစုကို ဆိုလိုက်သော စကားတည်း။

ဩဇာဟုဆိုအပ်သော ထိုရုပ်ဆီသည် ခပ်သိမ်းသော ရုပ်ကလာပ်စုမှာပင် ပါရှိသတည်း၊ ခပ်သိမ်းသော ဝတ္ထုမျိုး၌ပင်လျှင် ခေတ်ဆီရှိ၏၊ အဝတ်ပုဆိုး မြက်သစ်ရွက် ထင်းသစ်သားစသော ထိုထိုဝတ္ထုတို့ကို မီးလောင်ရာ၌ ထိုထိုဝတ္ထုတို့၌ရှိသော ခေတ်ဆီသည်သာ မီး၏အစာပေတည်း၊ မီးသည် ခေတ်ဆီကို အစဉ်လိုက်၍ ပွားများ၍ သွားလေရာ ထိုခေတ်ဆီနှင့်တကွဖြစ်သောရုပ်တို့ကို လောင်၍ သွားတော့သည်သာတည်း၊ မြင်အောင်ကြည့်။

ညအခါ ဓာတ်သဘင်ခံရာ၌ အလယ်၌ ကြီးစွာသော မီးစာကျိုင်ကြီးကိုလုပ်၍ အိုးခင်းကြီးစွာနှင့် ထားပြီးလျှင် ဆီ ရေနံလောင်း၍ မီးထွန်းကြ၏၊ ထိုသို့ထွန်းရာ၌ မီးတောက်၏ အသက်သည် ရေနံဆီမှာနေ၏၊ ရေနံဆီအားကြီးလျှင် မီးတောက်အားကြီး၏၊ ရေနံဆီလျော့ပါးလျှင် မီးတောက်လျော့ပါး၏၊ ရေနံဆီကုန်ခဲ့လျှင် မီးတောက်ကွယ်ပျောက်လေ၏၊ ထိုအတူ ဤကိုယ်ခန္ဓာဖြစ်၍နေသော မြေခေတ်ကြီး ရေခေတ်ကြီး လေခေတ်ကြီး

www.dhammaransi.com



အကြည်ဓာတ်ခြောက်ပါး အလုံးဝုံသည် မီးစာတိုင်ကြီးနှင့်တူ၏၊ ကိုယ်နှင့်အပြည့်ရှိနေသောအဇ္ဈတ္တဓာတ်ဆီဖြစ်သည်မီးစာတိုင်ကြီး အတွင်းမှာ ရှိနှင့်ရင်း ဓာတ်ဆီဖြစ်နှင့်တူ၏၊ တကိုယ်လုံးနှင့်အပြည့် ရှိနေသောအဇ္ဈတ္တဓာတ်မီးဖြစ်သည် ထိုမီးစာတိုင်ကြီးမှာ အတွင်း အပြင် အနှံ့စွဲကပ်၍ တောက်နေသော မီးတောက်နှင့် တူ၏၊ သတ္တဝါတို့၌ နေ့စဉ်စားအပ် သောက်မျိုအပ်သော အစာတွင် ပါသော ဗဟိဒ္ဓဓာတ်ဆီဖြစ်သည် ထိုမီးတိုင်ကြီးမှာ မပြတ်မပြတ် ထပ်မနား လောင်းရသော ရေနံဆီနှင့်တူ၏၊ အထက် သက်တံ ရေး ဥပမာဖြင့် ဓာတ်ဆီထောက်ပံ့မှု ကြီးကျယ်ကြောင်းကို ပြသည်၊ နောက် မီးစာတိုင်ကြီးဥပမာဖြင့် ဓာတ်ဆီ၏ ရုပ်ကလာပ်တို့ကို ဖြစ်စေမှုနှင့် တကွ ထောက်ပံ့မှုကိုပင် ပြသည်။

ထင်ရှားစေဦးအံ့၊ ဝမ်း၌ မျိုသမျှသော အစာရေစာမည်သည် အဋ္ဌကလာပ်ရုပ်ရ ရုပ်ခဲရသာတည်း၊ ကလာပ်တိုင်း ကလာပ်တိုင်းမှာလည်း မဟာဘုတ်ကြီးလေးပါးကို ထောက်ပံ့သော ဩဇာဟူသော ဓာတ်ဆီသည် ပါမြဲမွှတာပေတည်း၊ထိုကြောင့် ထမင်းအစာ တပြည်သားရှိလျှင် ဩဇာဟူသောဓာတ်ဆီလည်း တပြည်သားပမာဏ ရှိသည်ဟု ပရိယာယ်အားဖြင့် ဆိုထိုက်၏၊ တိုင်မြေဝင်ဆွေးမြေ့၍ လဲလှုလှု ပြိုလှုလှု ရှိနေသော အိမ်အိုကြီးကို ခိုင်ခံ့သော ထောက်တိုင်သစ်တို့ ထောက်ကူထမ်းဆောင်နေသကဲ့သို့ မျိုမျိုသမျှသော အာဟာရဓာတ်ဆီတို့သည် အစာသစ်အိမ်၌ တည်သည်နှင့် တပြိုင်နက် တကိုယ်လုံးရှိ အဇ္ဈတ္တရုပ်တို့ကို ထောက်ပံ့ ထမ်းဆောင်ပေကုန်၏၊ အိမ်အိုကြီးမှာ ထောက်တိုင်ရ ယိမ်းယိုင် ရော့ရဲလျှင် တအိမ်လုံး ယိမ်းယိုင် ရော့ရဲသကဲ့သို့ရင်း ထောက်တိုင်ရ ပြိုလဲလျှင် တအိမ်လုံး ပြိုလဲသကဲ့သို့ရင်း ထိုအစာသစ်တို့သည် ခြောက်နာရီ ခုနစ်နာရီမျှ သစ်သစ် လပ်လပ် တည်နေလျက် ထောက်ပံ့ ထမ်းဆောင်၍ ခြောက်နာရီ ခုနစ်နာရီ ကျော်သည်မှစ၍ တရွေ့ရွေ့ ပပ်သိုး ယိမ်းယိုင် လျော့ပါးသောအခါ တကိုယ်လုံးရှိ အဇ္ဈတ္တ ရုပ်နှ

www.dhammaransi.com



ခါတ်နု ကလာပ်နုတို့သည် တရွေရွေ ယိမ်းယိုင်ရေ့ခဲ့ ပြိုပျက်ပျောက်ဆုံး ကြလေကုန်၏၊ အစာသစ်ဓါတ်၌ အစာဟောင်းကုန်လျှင် အတွင်းဓါတ်နုစု အကုန်ပျက်ဆုံးလေ၏၊ မတာကလေဝရ ဟု ဆိုအပ်သော ဥတုဇဓါတ်ကြမ်းစုသာ ကျန်လေ၏။

အစာသစ်ဓါတ်၌ အစာသစ် အလျဉ်း မပြတ်မီ စောစောက တင်ကူး၍ တနေ့လျှင် တထပ် တထပ်ကျသော်ရှင်း, နှစ်ထပ် နှစ်ထပ်ကျ သော်ရှင်း, မျိုသွင်းခြင်းကိုပြုကြရကုန်၏၊ လူတို့ကား ထမင်းဆာ၍ အားခွန်ဗလ ရော့ရဲသည် ဟူ၍သာ သိကြကုန်၏၊ အစာသစ်ဓါတ်မှာ အစာ လျော့ပါးသည် မှစ၍ အတွင်းရုပ်ခဲ ဓါတ်ခဲ ကလာပ်ခဲ အသက်ခဲ အားခဲ အင်ခဲတို့ တရွေရွေ ပြိုပျက် ကွယ်ဆုံး၍ သွားသည်ကိုမူကား မသိရှာကြ လေကုန်၊ စိုသက်တံ ဥပမာ၌ အခံဘိမ်တိုက် အခြေအနေ ပျက်လျှင် စိုသက်တံ သဏ္ဍာန်ကြီး အခြေအနေ ပျက်သကဲ့သို့ အစာသစ်ဓါတ်ရှိ အစာ ဓါတ်ဆီ နွမ်းနယ်လျော့ပါး၍သွားလျှင် တကိုယ်လုံးရှိ မာမှုဟူသော အခြင်းအရာကြီးတရွေ့ရွေ့ လျော့ပါးပြိုပျက်၍ လိုက်မှု, ဖွဲ့စည်းမှုဟူသောရေဓါတ်ပြိုပျက်၍လိုက်မှု, ပူမှုအေးမှုဟူသော ရေဓါတ်ပြိုပျက်၍လိုက်မှု, တောင့်တင်းခိုင်မာမှု ဟူသော လေ ဓါတ် ပြိုပျက်၍လိုက်မှု, စက္ခုဟူသောအကြည်ဓါတ် သောတ ဟူသော အကြည်ဓါတ် ဃာနဟူသော အကြည်ဓါတ် ဇိဝှါဟူ သော အကြည်ဓါတ် ကာယဟူသော အကြည်ဓါတ် မနောဟူ သော အကြည်ဓါတ်တို့ ပြိုပျက်၍ လိုက်မှု, ဦးခေါင်းအတွင်း၌ ရှိသော ဓါတ်နုစု ရင်တွင်း၌ရှိသော ဓါတ်နုစုဝမ်းတွင်း၌ရှိသော ဓါတ်နုစု ခါးတွင်း ပေါင်တွင်းသလုံးတွင်း ခြေဘဝါးတွင်း၌ရှိ သောရုပ်နု ဓါတ်နု ကလာပ်နုစုတို့သည် ရေမြှုပ်ကြီးတွေ ဖျုတ် ဖျုတ်ဖျုတ်ဖျုတ် ကြေပျက်ဘိသကဲ့သို့ကြေပျက်ကြမှုကို အတပ် မြင်အောင်ကြည့်လေ၊ ထောက်တိုင်ကြီးပယိုင်လျှင် တအိမ်လုံး စင်လုံး ယိုင်သကဲ့သို့ အစာသစ်ဓါတ်ရှိ အစာဓါတ်ဆီ ယိုင်လျှင်

www.dhammaransi.com



တကိုယ်လုံး၌ အတွင်းခါတ်နှုရ စင်လုံးယိုင် မှုကိုလည်း မြင်အောင်ကြည့်လေ။

ထမင်းဆာ၍ အားအင်လျော့ပါးသည်ဟုဆိုသောအခါ ကိုယ်တွင်း၌ အားဟု ဆိုအပ်သော ကလာပ်ခဲ ခါတ်ခဲ ရုပ်ခဲတို့သည် ဆားနှင်းခဲ ကြေသကဲ့သို့ ကြေပျောက် လျော့ပါးမှုပေတည်း၊ ထမင်းဆာသူမှာ မျက်နှာ မျက်လုံးစသည်တို့ နွမ်းနယ်လျော့ပါး၍နေသည်ကို မျက်မြင်နှင့်ပင် သိသာ၏၊ ထိုသို့ ပြင်ပသဏ္ဌာန်မှာ လျော့လျော့ပါးပါး ထင်မြင်ရသောအခါ အတွင်းသဏ္ဌာန်တခွင်လုံးမှာ ရုပ်ခဲ ခါတ်ခဲ ကလာပ်ခဲတွေ ကြေပျောက် ပျက်ဆုံးချက် အားကြီးသ၍ အကျန်ခါတ်ရ လျော့ပါးမှုကို ထိုးထွင်း၍ သိရသည်၊ မာ အဆင့်ဆင့် ပြောင်းလဲ၍သွားသည်ကို ပရမတ္ထအရာ၌ ပထဝီခါတ် အဆင့်ဆင့် ချုပ်ပျောက် ကွယ်ဆုံးမှု ဆိုသည်၊ ဖွဲ့စည်းမှုအဆင့်ဆင့် ရွေ့ပြောင်းသည်ကို အာပေါခါတ်အဆင့်ဆင့် ချုပ်ပျက်မှုဆိုသည်၊ ကြွင်းသောခါတ်တို့ ချုပ်မှုပျက်မှုကိုလည်း ဤနည်းအတူချည်းမှတ်၊ လျော့ပါးပျက်ပြုန်းပုံပြီး၏၊

ထိုသို့ လျော့ပါး၍သွားသောအခါ အလွန်ကြီး မလျော့ပါးမီ ထိုထမင်းအစာမျိုကြရသည်၊ မျို၍အစာအိမ်၌ ထမင်းအစာတည်သည်နှင့် တပြိုင်နက် ယိမ်းယိုင်ယိုယွင်း၍နေသော အိမ်အိုကြီးကို ခဏခြင်း ပင့်ချီမြှောက်ကြွ၍ ထောက်လိုက်သောအခါကဲ့သို့ တကိုယ်လုံး၌ ခါတ်ကြီးလေးပါးကျွသည် ခဏခြင်း တောင့်တင်း ပြည့်ဖြိုး၍ ကုန်ပြန်၏၊ အားခဲ အင်ခဲ အသက်ခဲ တို့သည် ခဏခြင်း ပြည့်ဖြိုးကုန်၏၊ ထိုပြင်တွေ့ မျက်မြင်မှာလည်း ထင်ရှားပါ၏၊ အတွင်းကိုပေါက်အောင်ကြည့်လျှင် မိုယ်းကြီးရွာ၍ ခဏခြင်း အင်းကွက် ကန်ကွက် ချောင်းကွက် မြောင်းကွက် ရေတွေ ပြည့်သကဲ့သို့ အတွင်းသဏ္ဌာန် ကြီးငယ်ရှ ခဏခြင်းရုပ်ကလာပ်ပြည့်၍ ကုန်သည်ကို မြင်နိုင်လတ္တံ့။

(ဤကား တကိုယ်လုံးကို ခါတ်ဆီထောက်ပုံ ပုံတည်း)။

www.dhammaransi.com



အစာသစ်အိမ်ဟု ဆိုအပ်သော အူမကြီးသည် အလွန် ကြွရရှိသော ပုဆိုးကြမ်း ဖျင်ကြမ်း ပိတ်ကြမ်းအလားရှိ၏၊ ထိုအစာသစ်အိမ်၏အောက်က ပါစကတေဇောဓာတ်မီးအိုးတည်၏၊ လောကဝ္၌ ''တကျည်း''ဟူ၍ခေါ် ကြသောအကြောဆုံကြီးကို ''ဓာတ်မီးအိုး'' ဆိုသည်၊ ထိုဓာတ်မီးအိုး၌ ပါစကခေါ်သော ကမ္မဇဓာတ်မီးသည်တည်၏၊ တကိုယ်လုံးကို စောင့်ရှောက်ပေသော ''ဥသ္မာ'' ခေါ်သော ပကတိကိုယ်ငွေ့ကြီးဟု ဆိုအပ်သော ကမ္မဇဓာတ်မီးကြီးသည်လည်း ထိုပါစကဓာတ်မီး၏ အစီးအပွားပင်တည်း၊ အစာသစ်အိမ်၌ ရောက်သမျှသော အစာသစ်တို့ကို ဓာတ်မီးအိုးမှာ ဓာတ်မီးသည် ထ၍ကျိုချက်ပေ၏။ ကျိုချက် ဆိုသည်ကား လောက၌ နွားနို့ ဆိတ်နို့ စသည်တို့ကို ဆီဦးထောပတ်ဖြစ်အောင် ကျိုချက်သကဲ့သို့တည်း၊ ထိုသို့ ကျိုချက်ရာ၌ အဖတ်နှ အဖတ်ကြမ်း အရည်နှ အရည်ကြမ်းဟူ၍ လေးပုံထွက်၏၊ ဩဇာ နည်းလှသော အဖတ်ကြမ်း အရည်ကြမ်းစုသည် အောက်သို့ ကျလေ၏၊ ဩဇာရှိသော အဆီအစေးစုသည် အထက်သို့တက်၏၊ ထိုအတူ အစာသစ်အိမ်၌ ရောက်သမျှသော အရည် အဖတ်တို့ကို အကြမ်းအနှ ခြားနား၍ သွားအောင် ကျိုချက်၍ စစ်မှုကို ဝမ်းမီးကျိုချက်မှု ဆိုသည်။

အဖတ်ကြမ်းစုသည် ကျင်ကြီးဖြစ်၍ အစာဟောင်းအိမ်သို့ လျှောကျလေ၏၊ အရည်ကြမ်းစုသည် ကျင်ငယ် ဖြစ်၍ ဆီးအိမ်သို့ လျှောဝင်လေ၏၊ အစာ၌ပါသမျှသော အဆီ အနှစ်စုသည် ပါစကဓာတ်မီး ဥသ္မာဓာတ်မီးတို့၏ အဟုန်ဖြင့် ဆူဝေ၍ ရသဟရဏီကြော တထောင်သို့ အစဉ်လျှောက်သဖြင့် တကိုယ်လုံး ပြန့်နှံ့လေ၏၊ ထိုသို့ ပြန့်နှံ့သောအခါ ရောက်ရာ ရောက်ရာ ဌာန၌ တကိုယ်လုံးရှိ ဓာတ်မီးနှင့် ပေါင်းမိကြလေ၏၊ ထိုသို့ ပေါင်းမိသောအခါ လောက၌ မီးနှင့်ကင်ရာ မီးနှင့်ချက်ရာ အဆီဟူသမျှသည် ပွားစီးသကဲ့သို့ ကိုယ်စောင့် ဓာတ်မီးတို့နှင့်

www.dhammaransi.com



ပေါင်းမိရာ၌ ခါတ်ဆိသည် ရုပ်ကလာပ်တို့ကို ပွားများစေ၏၊ အဆီပြင် အဆီခဲ အဆီကြည်တို့ကိုပွားစေ၏၊ လောက၌ အဆီနှင့် ပေါင်းမိသောအခါ မီးတို့သည် လျှမ်းလျှမ်းတောက် ပွားစီးကုန်သကဲ့သို့ ထိုဓာတ်ဆီနှင့် ပေါင်းမိသောအခါ တကိုယ်လုံးရှိ ဓာတ်မီးတို့သည် လျှမ်းလျှမ်းတောက် ပွားများကုန်၏၊ လောက၌ ထိုထိုဝတ္ထုတို့ကို မီးနှင့်ကျိုချက်၍ အဆီ အနှစ် ထုတ်ယူကြရာ၌ မီးအားနည်းပြန်လျှင် အဆီအရနည်း၍ အဖတ်အကြမ်းသာများတတ်၏၊ ထိုအတူ ဝမ်းမီးဟုဆိုအပ်သော ထိုပါစကဓာတ်မီးအားနည်းခဲ့လျှင် စားသမျှအစာသည် အသုံးမကျသော ကျင်ကြီး ကျင်ငယ် လေသလိပ်ဘက်သို့သာ လဲလေ၏၊ ရသဓာတ်ဟူ၍ လောကီကျမ်းတို့၌ ခေါ်ကြသော အဆီ အနှစ် ဘက်သို့ အနည်းငယ်မျှသာ လိုက်တော့သည်။

ပါစကဓာတ်မီးအလွန်အားကြီးပြန်လျှင်လောင်ကျွမ်း၍သွားသည်သာများ၏၊ အနှစ်အဆီ အရနည်း၏၊ ဓာတ်မီးအိုးကြီးကို လေ သလိပ် ဖုံးလွှမ်း မြှေးရှက် ပိတ်ပင်၍ နေပြန်လျှင် ဓာတ်မီး၏ အလွန်နုန့်ခြင်း မညီညွတ်ခြင်းစသည်ဖြစ်၍ အစာ မနူး မနပ် မကြေ၍ ရောဂါဥပဒ်ဖြစ်တတ်သည်၊ ပကတိ အစာ အာဟာရ ရသည် အနှစ် ဩဇာ မရှိလှ၍ ပါစကဓာတ်မီး ဥသ္မာဓာတ်မီး နှစ်ပါး သောင်းကျန်းသည့် အတွက် လူတို့မှာ ရောဂါဥပဒ်များကြကြောင်း, သေလွယ် ပျောက်လွယ် ကြကြောင်း, သံပြဒါး စသော အနှစ်ဓာတ်ဆီမျိုးတို့ကို အစိမ်း ဇာတိပြောင်းအောင် စီရင်၍ အဏ္ဏုဏ္ဏဓာတ်နုတို့နှင့် မိဿကဖြစ်နိုင်သော ရသာယနဓာတ်ဆေး ဓာတ်ဆီများကို မျိုသောသူမှာ ဓာတ်မီးနှစ်ပါးငြိမ်သက်ယဉ်ကျေးလှသည်ဖြစ်၍ ရောဂါဥပဒ် ကင်းရှင်းကြောင်း, အသက် တရာတမ်းမှ ပင် နှစ်ရာ, သုံးရာ, လေးရာ, ငါးရာ, တထောင်မက အသက်ရှည်နိုင်ကြောင်းများကို ပခါနိယင် ဒုတိယအင်္ဂါတွင် ဆိုခဲ့ပြီ။

www.dhammaransi.com



(ဤတွင်ရွှေ့ကား ဤကိုယ်ကြီးကို ဆယ်မျိုးသော ခါတ်ဆိုးဘို့သည့် အမြဲမပြတ် ထောက်ပံ့အပ်၏ဟူသော စတုတ္ထမာတိကာ ပုဒ်၏ အဓိပ္ပါယ်ပြီး၏)။

---

**ပဌမ မာတိကာ**။ အယံကာယော၊ဤကိုယ်ခန္ဓာသည်။ ဓာတိဝမ္မော၊ အသစ်အသစ် မစဲဖြစ်ခြင်း သဘောရှိ၏၊ဟူသော ပဌမ မာတိကာပုဒ်၌ ခါတ်ကြီးလေးပါးတို့ကို မှတ်၌ထင်သော အရိပ် ဥပမာ, စို့သက်တံ ဥပမာ, ခါတ်မီး ခါတ်ဆိုတို့ ပြုပြင်ရာဖြစ်ကာ ပျက်ကာနေရသော အချက်ဇုကို စေ့ရုံစွာမြင်နိုင်ပါလျှင် ဤကိုယ်ခန္ဓာကြီးမှာ မျက်တောင်တခတ် လျှပ်တပြက်မျှ အသစ်အသစ်ဖြစ်ပေါ်ခြင်းမှကင်းသော အကွက်မရှိ၊ ဖြစ်ပေါ်ရာတိုင်း၌ အဟောင်း အဟောင်း ကွယ်ပျောက်ပျက်ဆုံးခြင်းမှ ကင်းသော အကွက်လည်းမရှိ၊ကျိုက်ကျိုက်ဆူသော ရေနွေးအိုးကြီးအတွင်း၌ ဆူဆူတက် ဖြစ်ပေါ်မှု ပျက်ကွယ်မှု ထွေးရှက်၍နေကြကုန်သော ရေပွက်ခဲတွေကဲ့သို့ တကိုယ်လုံး ခါတ်မီး ခါတ်ဆိုတို့အတွက် ဖြစ်မှု ပျက်မှုတွေ ပွက်ပွက်ဆူနေကြပုံကို မြင်လိမ့်မည်၊ ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့ကြောင့် တကိုယ်လုံး၌ မာမှုဟူသော ပထဝီသည် ဖြစ်ပေါ်၏၊ ထိုပထဝီသည် အဆံ အမာ အကြံတ် အခဲဟူ၍ အတုမြဲမှုရှိသည်မဟုတ်၊ အခြင်းအရာ ကြံယာသက်သက်မျှသာ ဖြစ်၏၊ ထိုကြောင့် ထိုမာမှုရသည် ခါတ်မီး၏ အဟုန်ကြောင့် ခဏခြင်း ပျက်ဆုံးရ၏၊ မျက်တောင်တခတ်မျှ အသက်ရှည်၍ တည်နေနိုင်သည်မဟုတ်၊ ပထဝီပျက်ဆုံးလျှင်လည်း ထိုပထဝီမှာ တွယ်တာရသော ဖွဲ့စည်းမှု ပူမှု အေးမှု တောင့်တင်းကြွရွမှု ရသည်လည်း အတူပါရလေ၏၊ ထိုပထဝီမှာ မှီရသော အကြည်ခြောက်ပါးတို့သည်လည်း ပါရလေကုန်၏၊ တကိုယ်လုံးနှံ့အောင် ကြည့်လေ။

www.dhammaransi.com



ပျက်ဆုံးသမျှ နေရာမှာလည်း အစားစိုက်ထူသော အားဖြင့် အပြည့် အပြည့် ဖြစ်ပေါ်ရ၏၊ ဤသို့လျှင် မျက်တောင် တခတ် လျှပ်တပြက်အတွင်းမှာပင် ပျက်မှု ဖြစ်မှု အဆက်အလက် တရာ တထောင်မက ပြောင်းလဲသည်၊ ထိုဖြစ်မှု ပျက်မှုများကို မျက်စိနှင့်ကြည့်၍ မြင်နိုင်ကောင်းသည်မဟုတ်၊ အထက်ကပြဆိုခဲ့ပြီး သော သဘာဝအရင်းရှိနှင့်ကြည့်ရှုမှ ဉာဏ်နှင့်သာ မြင်ကောင်း သော အမှုရပေတည်း၊ လှုပ်လှုပ်ရွရွထင်သမျှသည် အဟောင်း ပျက်မှု အသစ်ပေါ်မှုချည်းသာဖြစ်၏၊ မျက်စိအမြင်မှာ မူကား တခုတည်းသောအဆင်းသည်ပင် လှုပ်သည် ရွသည်ဟု ထင်မြင် ၍နေ၏၊ မျက်မြင်ကို အဟုတ်ထင်လျှင် ပရမတ် သဘောကို ဉာဏ်မရှုနိုင်ပြီ၊ သတိကြပ်ကြပ်ပြုလေ။

လေးပါးသောအကြောင်းတို့ကြောင့် ဖြစ်ပေါ်သမျှသော မာ မှု ဖွဲ့စည်းမှုစသော ပရမတ်ဓာတ်မြေ ဓာတ်ရေ စသည်တို့သည် အတူတကွဖြစ်ပေါ်သော ဓာတ်မီး၏ အဟုန်ကြောင့် ခဏခြင်း ခဏခြင်း ပျက်ဆုံးကွယ်ပျောက်ရကုန်သည် ဟူသောစကား၌ လောက၌ မီးတို့မည်သည် အကြင်ဝတ္ထုကို မှီတွယ်၍ ဖြစ်ပွား ၏၊ ထိုဝတ္ထုကို လောင်မြိုက်ခြင်းဖြစ်သည်နှင့်အညီ ထိုပရမတ် ဓာတ်မီးသည်လည်း မိမိနှင့်အတူ ဖြစ်ပေါ်သော မာမှု ဖွဲ့စည်း မှု တင်းရင်းမှုဟူသော ဓာတ်ကြီးသုံးပါးနှင့်တကွ အကြည် ဓာတ်တို့ကိုလည်း ခဏခြင်း ခဏခြင်းကွယ်ဆုံးအောင် လောင် သည်သာဖြစ်၏၊ အမှိုက်မှ ဖြစ်သောမီးသည် ထိုအမှိုက်ကို ခဏခြင်းကုန်အောင် စား၏၊ ဆီမှထသောမီးသည် ထိုဆီကို စား၏၊ ရေနံမှ ထသောမီးသည် ထိုရေနံကိုစား၏၊ ထိုထိုအဆီ မှထသော မီးသည် ထိုထိုအဆီကို ခဏခြင်းကုန်အောင်စား၏၊ ထိုအတူ သတ္တဝါတို့၏ ကိုယ်၌ ကိုယ်နှင့်အပြည့် တရှိန်ရှိန်မပြတ် မစဲ ထ၍နေသော ဓာတ်မီးသည်လည်း အတူတကွ ဖြစ်ပေါ် သော ဓာတ်တို့ကို ခဏခြင်း ခဏခြင်းကုန်အောင်စားသည်သာ

www.dhammaransi.com



လျှင် ဖြစ်၏၊ အထူးအားဖြင့် ခေတ်ဆိုဟူသမျှကို ခဏခြင်း ကုန်အောင်စား၏။

ထိုကြောင့် ဖြစ်ပေါ်သမျှသော ခပ်သိမ်းသော ပရမတ် မြေ ရေ စသောခေတ်တို့သည် မျက်တောင်တခတ် လျှပ်တပြက်မျှ အသက်ရှည်၍ တည့်နေနိုင်သည်မရှိကြကုန်၊ မျက်တောင်တခတ် အတွင်းမှာပင် အကြိမ်တရာ တထောင်မက တကိုယ်လုံးအကျွတ် ကွယ်ဆုံး၏၊ ထိုသို့ကွယ်ဆုံးသော်လည်း အသစ်အသစ် အစား စေ့အောင် ထူထောင်ဘန်ဆင်းကြသော အကြောင်း တရားရ အလွန်များပြားလှ၍ ငယ်ရွယ်စဉ်အခါ၌ ခဏတိုင်းခဏတိုင်းတိုး တက်ကြီးပွား၍ပင် လာနိုင်ပြန်သတည်း၊ မိမိကိုယ် တကိုယ်လုံး ခဏမစဲ ကြေပျက်ကွယ်ဆုံးမှုကိုလည်း မြင်အောင်ကြည့်၊ ကွယ် ဆုံးကြေပျက်မှုကိုစိပ်စိပ်မြင်လျှင်တကိုယ်လုံးနှင့် အပြည့် အပြည့် အသစ် အသစ် ဆက်လက်ဖြစ်ပေါ်မှုဟူသော ဓာတ်အချက်တို့ ကိုလည်း စိပ်စိပ်ကြီးမြင်လိမ့်မည်၊ ရေနံဆီတပိဿာ၌ တောက် သောမီးသည်ထိုရေနံဆီကို အတွင်ကုန်အောင်စား၏၊ ရေနံဆီကို မလျော့ရအောင် လောင်းသောသူက လောင်းနိုင်သမျှ ကာလ ပတ်လုံးရေနံဆီလည်း လျော့သည်မထင်ရ မီးလည်းလျော့သည် မထင်ရ၊ မထင်ရသော်လည်း နှစ်ပါးလုံးပင် ခဏစဉ်အတိုင်း ကုန်ကြဆုံးကြသည်သာဖြစ်၏။

အကယ်၍ မကုန်မဆုံးကြသည် ဖြစ်ခဲ့အံ့ ရေနံဆီအသစ် လောင်းဘွယ်ကိစ္စ မရှိရာပြီ၊ တညလုံးမှာ အခါခါလောင်းရ သည့်အတွက် အချိန် အခွက် ငါးဆယ်ကုန်လျှင် မီးစား၍ အခွက် ငါးဆယ်ကုန်ကြောင်း ထင်ရှား၏၊ စေ့စေ့ကြည့်၍နေလျှင်လည်း သူ့ဆီနှင့်သူ့မီး ခဏခြင်း ခဏခြင်း ကုန်ဆုံး၍ သွားသည်ကို မြင်ရပါ၏ ဆီရော မီးတောက်ရော လျော့ပါး၍ လျော့ပါး၍သွား သည်ကိုလည်း မြင်သာပါ၏၊ တညထွန်းလျှင် ရေနံဆီအချိန် များစွာကုန်သည်ဟုလည်း သိကြပါ၏၊ ဤအတူ တကြိမ်စား

www.dhammaransi.com



သော အစာအာဟာရအတွက် နာရီပေါင်း မည်ရွေ့ မည်မျှသော ဤကိုယ်ခန္ဓာ ပြည့်ပြည့်ဖြိုးဖြိုး နေနိုင်သည်၊ အစာ အာဟာရ လျော့ပါး၍သွားလျှင် ဤခန္ဓာလျော့ပါး၍ သွားသည်၊ အစာအာဟာရပြတ်၍ သွားလျှင် ဤခန္ဓာမတည်နိုင်ပြီ၊ ဤကိုယ်ခန္ဓာတို့၏ ပျက်ဆုံးမှု မြန်လှ အားကြီးလှသည့် အတွက်ကြောင့် ကိုယ်ခန္ဓာ အသစ်အသစ် အလျဉ်ဆက်လက်မှု မြန်လှအားကြီးလှ၏၊ ကိုယ်ခန္ဓာ အသစ်အသစ် အလျဉ်ဆက်လက်ထူထောင်မှု မြန်လှအားကြီးလှသည့် အတွက်ကြောင့် လောက၌ အသက် မွေးမှုဟူသော အလုပ်ကြီးသည် အကြီးကျယ်ဆုံး အကြပ်တည်းဆုံး မလွဲသာဆုံး မနေသာဆုံး ဖြစ်လေသတည်း။

ဇမ္ဗူဒိပါ မြေပြင်၌ တနှစ်တနှစ်တွင် ဖြစ်ပွားသော စပါးမျိုး ပြောင်း ပဲ လူး ဆတ် အစရှိသော အစာ အာဟာရမျိုးသည် မည်ရွေ့မည်မျှ များပြားလိမ့်မည်၊တနှစ်အတွို တလအတွိုတရက်အတွိုစားသောက်၍ မည်ရွေ့မည်မျှ ကုန်လိမ့်မည်ဟု မြော်လိုက်လျှင် ခန္ဓာသစ် ဆက်သက် တည်ထောင်မှု၊ အသက်သစ် ဆက်လက်တည်ထောင်မှု ကြီးကျယ်ပုံကို မြင်လိမ့်မည်၊ နေ့စဉ်အကိုင်း အသက်သစ် ခန္ဓာသစ် အလျဉ်ဆက်လက်မှု အသက်မွေးမှု ကြီးကျယ်ကြပ်တည်း၍နေကြပုံကိုမြင်နိုင်လျှင် ဤခန္ဓာဤအသက်ရ ပျက်မှုဆုံးမှု ပျောက်ကွယ်မှု မြန်ကြောင်း အားကြီးကြောင်းကိုလည်း မြင်လိမ့်မည်၊ ရေသတ္တဝါ ကုန်းသတ္တဝါတို့ အသက်မွေးမှု အစာရေစာမှု ဥဿုာစီးပွားမှုနှင့် နေ့နေ့ညည ပပုန္ဓရွ လုလု ယက်ယက် လုပ်ကြ ကိုင်ကြ ထမ်းကြ ပိုးကြ သွားကြ လာကြ ပြောကြ ဆိုကြ ကြံကြ စည်ကြ ကြောင့်ကြ စိုက်ကြ အားထုတ်ကြ မိုးရိမ်ကြ ပူပန်ကြ စောင့်ရှောက်ကြ ထိန်းကျောင်းကြ ငြင်းခုံကြ ခိုက်ရန်ဖြစ်ကြသမျှ ဇလုံးစုံတို့ကို အရင်းသို့ ဆိုက်အောင် ကြည့်တတ်ပါလျှင် ဤကိုယ်ခန္ဓာ အဟောင်း အသစ် အလျဉ်ဆက်လက်မှု၊ အသက်ဟောင်းအသက်သစ်အလျဉ်ဆက်လက်မှု၊ ကြပ်တည်းလှသည့် အတွက်ကြောင့်ဟု မြင်လိမ့်မည်။

www.dhammaransi.com



အသစ် အသစ် ဆက်လက်မှု ထုထောင်မှု ကြပ်တည်းပုံကို မြင်လျှင်လည်း အဟောင်း အဟောင်း ပျက်ဆုံး ပြောင်းလဲမှု မြန်ကြောင်း အနှစ်မရှိကြောင်း မြင်လိမ့်မည်၊ ဤကိုယ်ခန္ဓာ ဓာတ်ကြီး ဓာတ်ငယ်တို့ ပျက်မှု ဖြစ်မှု မြန်လှသည့် အတွက် ကြောင့် လောက၌ ကြောင့်ကြစိုက်ဘွယ် အနန္တ ဖြစ်ပွား၍ နေသည်ဟု ဆိုလိုပါသတည်း၊ ဤကား ပကတိ ဓာတ်ကို မြင်ဘို့ အချက်ရတည်း။

ဤခန္ဓာကို တွယ်တာ ခင်မင်သည့်အတွက် အသက်တရာ အသက်တထောင် ရှည်ရှည်နေလို၍ အသစ်အသစ်သော ဓာတ်တို့ကို ခဏမစဲ အစဥ်စပ်မိအောင် အလျဥ်ဆက်မိအောင် ထုထောင်မှုဟု ဆိုအပ်သော အသက်မွေးမှုအတွက်နှင့် ကိုယ်ခန္ဓာ၌ ပကတိဓာတ်မှ ခဏမစဲ အသစ်အသစ် ဖြစ်၍နေချက်ကို မြင်နိုင်ပါလျှင် ဝိကတိ ဓာတ်ကိုလည်း မြင်နိုင်လတ္တံ့။

**ဝိကတိ ဓာတ်ဆိုသည်ကား**- အနာအမျိုးမျိုးဖြစ်ပေါ်မှု ရောဂါအမျိုးအမျိုး ဖြစ်ပေါ်မှု, ဘေးအမျိုးမျိုး ဖြစ်ပေါ်မှု, ရန်အမျိုးမျိုး ဖြစ်ပေါ်မှု, ဒဏ်အမျိုးမျိုး ဖြစ်ပေါ်မှု, ဥပဒ်အမျိုးမျိုး ဖြစ်ပေါ်မှု တို့ပေတည်း၊ ခဏခြင်း စပ်မိအောင် ဆက်မိအောင် အစဥ်မပြတ်အောင် အလျဥ်မပြတ်အောင် အသစ်အသစ် ဖြစ်ပေါ်၍နေသောဓာတ်မှုအမြဲရှိသည့်အတွက် ကိုယ်ခန္ဓာရမှာ ဣဋ္ဌအနိဋ္ဌ ပြောင်းလဲလိုလျှင် ခဏခြင်း ပြောင်းလဲနိုင်သည်၊ ပျက်ကွယ်မှု မြန်သည့်အတွက်ကြောင့် ဣဋ္ဌ အနိဋ္ဌ သုခ ဒုက္ခ ပြောင်းလဲလိုလျှင် ခဏခြင်း ပြောင်းလဲနိုင်သည်၊ဘယ်ခဏ၌ အနိဋ္ဌဓာတ်မျိုး ဒုက္ခဓာတ်မျိုး မပေါ်နိုင်သော ခဏဟူ၍ မရှိ။

---

**ဓာတ်ဟူသည်ကား**-ဖြစ်ပေါ်မှုတည်း၊ လောက၌ မျက်စိ နာဖြစ်သည် နားနာဖြစ်သည် အစရှိသည်ဖြင့်ခေါ်ဝေါ်ကြသော (ဖြစ်) ဟူသော အချက်ရသည် ဓာတ်ချည်းတည်း၊ဤခန္ဓာကိုယ်

www.dhammaransi.com



ရ၌ အနိဋ္ဌဇာတိမျိုး ဒုက္ခဇာတိမျိုးတို့ကို ဖြစ်ပေါ်စေတတ်သော အကြောင်းတရားစုသည် အတွင်းသန္တာန်ကလည်း အသင်္ချေ အနန္တများပြား၏၊ အပသန္တာန်ကလည်း အသင်္ချေ အနန္တများပြား၏၊ ဤကိုယ်ခန္ဓာ၌ တကိုယ်လုံး၏ အမာခံအထည်ခံဖြစ်သော မာမှုဟူသော ပထဝီဓာတ်ကို "ကဋ္ဌမုခမြွေ" ဟူ၍ ဟောတော်မူ၏၊ ခြေဖျား၌ အဆိပ်ထန်သောမြွေ ကိုက်ရာ ဦးခေါင်းတိုင်အောင် ခဏခြင်း အဆိပ်နှံ့၍ လူမှန်းမသိဖြစ်ရာ၌ တကိုယ်လုံး ခဏခြင်း ရုပ်ပြောင်း၍ ကုန်၏၊ ပကတိ နဂိုရ်ရုပ်စု အကုန်ကွယ်ပျောက်၏၊ လောင်မီးအစုနှင့်တူသော ရုပ်စုသည် ခဏခြင်း တည်ထောင်၏၊ တကိုယ်လုံးမှာ နဂိုရ် ပကတိရုပ်ဟူ၍ အဏုမြူမျှ အကြွင်းအကျန် မရှိပြီ၊ တကိုယ်လုံးသည် လောင်မီး အလားရှိသော ရုပ်သစ်အတိ ပြည့်၏။

**ဥပမာကား**-ချိန်ဝင်ပိဿာ ငါးဆယ်ခန့်ရှိသော အလွန်ထက်လျှစွာသော ယမ်းဖြင့် ပြည့်သော မီးဒုန်းကြီးကို စနက်ပေါက်မှ နှမ်းစေ့ခန့်ရှိသော အနည်းငယ်သော မီးပေါက် မီးပွား ထိပါးခဲ့သည်ရှိသော် ချိန်ဝင်ပိဿာ ငါးဆယ်ခန့်ရှိသောယမ်းခဲကြီးသည် အကုန်လုံး ခဏခြင်း မီးအတိ ဖြစ်လေသကဲ့သို့တည်း။

ဤမြွေကိုက်သောသူ၌ တကိုယ်လုံး ရုပ်သစ်ပြောင်းပုံ ရုပ်ဟောင်းကွယ်ပျောက်ပုံကား ခြေဘဝါး အထည်ဒြပ်ဖြစ်၍ နေသော နဂိုရ်ရုပ်စုကား သာယာ ချမ်းမြေ့သော ဣဋ္ဌရုပ်စုဖြစ်ကြောင်းကို အများသူပင် သိ၏၊ မြွေကိုက်၍မြွေဆိပ်ပြန့်နှံ့သည့်အတွက် နဂိုရ်က မရှိသော ပူမှု နာမှု အောင့်မှု အင့်မှု ထိုးကျင့်မှု ထုံကျင်မှု ကိုက်မှု ခဲမှု တောင့်မှု တင်းမှုစသော မချမ်းသာမှု မသက်သာမှုစုသည် ယခုမြွေကိုက်သည်နှင့်တပြိုင်နက် ယခုမှဖြစ်လာသည်ဟု ထင်ရှားပါ၏၊ မေးမြန်းလျှင်လည်း ယခုမှဖြစ်လာသော အမှုရပါဟု ပြောကြလတ္တံ့၊ ထိုသို့ပြောကြသော်လည်း ဇာတိသစ် ရုပ်သစ် ဓာတ်သစ် ကလာပ်သစ် ဟူ၍ကား ခြားနား

www.dhammaransi.com



၍ မသိကြရှာလေ၊ ကိုယ်၏အတွင်း၌ ယခုဘာဖြစ်သည်၊ ဘယ်လိုဖြစ်သည်၊ ပေါက်လာသည်၊ ပေါ်လာသည်၊ ဘယ်ရောဂါဖြစ်သည်၊ ဘယ်အနာဖြစ်သည်၊ စသည်ဖြင့် ဖြစ်လုံး ပေါ်လုံး ပေါက်လုံးနှင့် ပြောကြသမျှသော အမှုစုသည် ဇာတိသစ် ရုပ်သစ် ဓာတ်သစ် ကလာပ်သစ် ပရမတ်သစ် ချည်းသာတည်း။

မိမိကိုယ်ခန္ဓာတွင် တခုတခုသော နေရာ၌ဖြင်း၊ တကိုယ်လုံး၌ဖြင်း ယခုပူ၍လာသည်ဟု သိလျှင် ယခုမှပေါ်သော ဇာတိအသစ်ပေတည်း၊ အသစ်ပေါ်လျှင် ထိုပေါ်ရာမှာ အဟောင်းပျောက်ပြီ၊ တကိုယ်လုံးမှာ ယခုပူ၍ လာသည်ဟု သိသာခြားနားရှိလျှင် တကိုယ်လုံးရှိ ရုပ်ဟောင်း ဓာတ်ဟောင်း ကလာပ်ဟောင်းရ ကွယ်ပျောက်၍ကုန်ပြီဟု သိရသည်၊ ပြောင်းလဲပုံမြန်လှ၍ ပြောင်းလဲမှန်းမသိနိုင်ကြသည်၊ ယခုအေး၍လာသည်၊ နာ၍လာသည်၊ ကျင်၍ ထုံ၍ ကိုက်၍ ခဲ၍ ညောင်း၍ ညာ၍ တောင့်၍ တင်း၍ အောင့်၍ အင့်၍ ယား၍ ယံ၍လာသည်၊ ကျိန်း၍ စပ်၍လာသည် စသည်ဖြင့် ကိုယ်သန္တာန်အတွင်း အပ၌ မခံသာသော အမှုခပ်သိမ်းဖြစ်မှု ပေါ်ပေါက်မှုဟူသမျှသည် ဖြစ်မှန်းသိသာရာ၊ ပေါ်ပေါက်မှန်း သိသာရာ ကိုယ်အင်္ဂါတခုလုံး၌ ရုပ်ဟောင်းကွယ်ဆုံး၍ ဇာတိသစ်ရုပ်သစ် ပေါ်မှုချည်းမှတ်လေ၊ တုန်ဖျား ဖျားသောသူ၌ အချမ်းတက်မှု အချမ်းကျမှု အပူတက်မှု အပူကျမှုများ၌ တကိုယ်လုံးအကျွတ် အဟောင်းအသစ် လဲပြောင်းမှု ထင်ရှားလှ၏၊ အစားမှား၍ ခထာခြင်း အထုံးဖြစ်လာမှု၊ ရေချိုး မိုးစွတ်မှား၍ ဖြစ်လာမှု စသည်ဖြင့် ဤကိုယ်ခန္ဓာအတွင်း၌ ထွေထွေလာလာ မခံသာဖြစ်ပေါ်မှုတို့သည် အသင်္ချေအနန္တ များပြားလှ၏၊ ဤကား ဝိကတိဇာတိ ဖြစ်ပေါ်မှုစုကိုဆိုသော စကားရပ်တည်း။

ဤဝိကတိဇာတိဖြစ်ပေါ်မှု ထင်ရှားရှိနေသည့်အတွက်ကြောင့် စိတ်အလိုရှိတိုင်း မနေသာ မသွားသာ မလာသာမပြုသာ မကျင့်

www.dhammaransi.com



သာ ဘေးဖြစ်ရန်အခွင့်, ရန်ဖြစ်ရန်အခွင့်, ဒဏ်ဖြစ်ရန်အခွင့်, ကိုယ်တွင်းအန္တရာယ် ဖြစ်ရန်အခွင့်, ကိုယ်ပအန္တရာယ် ဖြစ်ရန်အခွင့် အလုံးစုံမျိုးတို့ကို ကြောက်ရ ရွံ့ရ ထိတ်ရ လန့်ရ စိုးရိမ်ရ ကြောင့်ကြရ ပူရ ပန်ရ ရှောင်ရ ရှားရ ရပ်ရွာ ဖွဲ့စည်း၍ နေရ အိမ်ရာ ဝင်းခြံ အဆီးအကာနှင့် နေရခြင်းစသည်ဖြင့် ကြပ်တည်းကြရလေသည်၊ ထိုသို့ကြပ်တည်းသော အမှုခပ်သိမ်းကို မြင်လျှင် ကိုယ်ခန္ဓာ၏ ဝိကာဘိဇာတိဒုက္ခကို မြင်လတ္တံ့၊ ဤကား မြွေကိုက်သောသူ ဥပမာ, ယမ်းမီးဒုန်းကြီး ဥပမာ တို့ဖြင့် တကိုယ်လုံး၏ အမာခံဖြစ်သော ခက်မာမှုဟူသော ကဍ္ဍမှုခမြွေ ဟူ၍ ဟောတော်မူသော မြေဓာတ်၏ ခဏခြင်း ဘောက်ပြန်မှု ပြောင်းလဲမှု ထကြွခက်ထန်မှု ပြိုပျက်မှု အလွန် မြန်လှကြောင်းကိုဆိုသော စကားရပ်တည်း။

အလွန်မာ၍နေသော လူပမာဏရှိသော ချိပ်ခဲကြီး ဖယောင်းခဲကြီး အဆီခဲကြီးများကို ခဏခြင်း အတွင်းအပြင်နှံ့ပြားအောင် မီးရှို့နသင့်လေသောအခါ ခဏခြင်း မာမှုအဆင့်ဆင့် ပြိုပျက်၍ ပြေ့မှုအဆင့်ဆင့် တိုးတက်၍လာပုံ မီးနှင့်ဝေး၍ အေးပြန်သောအခါ ပြေ့မှုအဆင့်ဆင့် ကွယ်ပျောက်၍ မာမှုအဆင့်ဆင့် တိုးတက်၍ သွားပုံများနှင့် အလားတူ မြင်အောင်ကြည့်လေ၊ မာမှုအဆင့်ဆင့် ပြိုပျက်ကွယ်ပျောက်၍ သွားသည်ကို အဘိဓမ္မာ၌ မြေဓာတ်အဆင့်ဆင့်ချုပ်မှု ဆုံးမှု ကွယ်ပျောက်မှုသေမှုဆိုသည်၊ ၎င်းကိုပင် သုတ္တန်ဒေသနာ,အဘိဓမ္မာဒေသနာတို့၌နိရောဓ,ဘင်, ခယ, ဝယ, အတ္ထ, မရဏ, အနိစ္စ ဟူ၍ ဟောတော်မူသည်၊ နိရောဓ,ချုပ်၊ ဘင်,ကွဲ၊ ခယ,ကုန်၊ ဝယ,ပျက်၊ အတ္ထ, ကွယ်၊ မရဏ,သေ၊ အနိစ္စ, မမြဲ။

ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့သည် ထိုအမှုကို ဒိဋ္ဌပစ္စက္ခ မြင်အောင်ရှုကြရကုန်သည်၊ ထိုအမှုကို မြင်သော ဉာဏ်ကို အနိစ္စဝိဇ္ဇာဉာဏ်ဆိုသည်၊ ကဍ္ဍမုခမြွေ ဟူ၍ဆိုအပ်သော မြေဓာတ်

www.dhammaransi.com



၏ ဓာတ်ကိုမြင်နိုင်လျှင် ပထဝီမှုခမြေ, ဟူ၍ ဆိုအပ်သော ရေဓာတ် အဂ္ဂိမှုခမြေ, ဟူ၍ဆိုအပ်သော မီးဓာတ် သဗ္ဗမှုခမြေ ဟူ၍ ဆိုအပ်သော လေဓာတ် ဤဓာတ်ကြီးသုံးပါးတို့၏ ဘောက်ပြန် ပြိုပျက်မှု အသစ်အသစ် ဖြစ်ပေါ်ပြောင်းလဲမှုကိုလည်း မြင်နိုင်လတ္တံ့၊ ရေဓာတ်၌ ဖွဲ့စည်းမှုအဆင့်ဆင့် အားကြီး၍ သွားမှု, အဆင့်ဆင့် ရေ့ရဲ ပြေပျက်၍သွားမှုသည် အဆင့်ဆင့်ချုပ်မှု နိရောဓ, ဘင်္ဂ, ခယ, ဝယ, အတ္ထ, မရဏ, အနိစ္စပေတည်း၊ မီးဓာတ်၌ ပူမှုအဆင့်ဆင့်တိုးတက်ချက် ဆုတ်ယုတ်ချက်, အေးမှုအဆင့်ဆင့် တိုးတက်ချက် ဆုတ်ယုတ်ချက်သည် အဆင့်ဆင့် ချုပ်မှု နိရောဓ, ဘင်္ဂ, ခယ, ဝယ, အတ္ထ, မရဏ, အနိစ္စပေတည်း၊ လေဓာတ်၌ တောင့်တင်း သန်မာမှု အဆင့်ဆင့်တိုးတက်ချက် ဆုတ်ယုတ်ချက်, ရေ့ရဲမှုအဆင့်ဆင့်တိုးတက်ချက် ဆုတ်ယုတ်ချက်ရသည့် အဆင့်ဆင့် ချုပ်မှု နိရောဓ, ဘင်္ဂ, ခယ, ဝယ, အတ္ထ, မရဏ, အနိစ္စပေတည်း၊ ဤသို့သောအနိစ္စကိုမြင်မှုဝိပဿနာဉာဏ် အမှန်ဖြစ်သည်၊ လောက၌ သေချိန်ကျ သေရချေ့, အိုချိန်ကျ အိုရချေ့, ပျက်ချိန်ကျ ပျက်ရချေ့ဟု ရှုကြ မြင်ကြသောအရာသည် ဝိပဿနာဉာဏ်ပင် မဟုတ်၊ ကုလား တရုပ် ချင်း ကရင် တို့လည်း မြင်ကြသော အမှုပင်ဖြစ်သတည်း။ ဓာတ်ကြီး လေးပါးတို့ချုပ်မှု ပျက်မှုအနိစ္စလက္ခဏာကိုမြင်လျှင် အကြည်ဓာတ်ပါး ဓာတ်မီးဓာတ်ဆိတ်တို့ကို အထူးအားထုတ်ဘွယ်မရှိ အလိုလို မြင်နိုင် ထင်နိုင်လတ္တံ့။

(ဤတွင်ရွေ့ကား ဤကိုယ်ခန္ဓာကြီးသည် အသစ်အသစ်မစဲ ဖြစ်ခြင်း သဘောရှိ၏ဟူသော ပဉ္စမ မာတိကာပုဒ်၏ အဓိပ္ပါယ် ပြီး၏)

**ဆဋ္ဌမာဓိကာရ။** အယံကာယော၊ ဤကိုယ်ကြီးသည်။ ဇရာဓမ္မော၊ အိုမင်း ရင့်ဆွေးခြင်းသဘောရှိ၏ ဟူသော **ဆဋ္ဌမာတိ**

www.dhammaransi.com



**ကာ ပုဒ်**၌ ဇာတိအခန်း၌ ဆိုခဲ့ပြီးသောနည်းဖြင့် မျက်တောင်တခတ် လျှပ်တပြက်မျှ အသက်ရှည်၍ တည်နေနိုင်သောတရား ဟူ၍ အဏုမြူမျှ မရှိကြောင်းကို မြင်နိုင်ပေလျှင် ဤ ဇရာမှုကိုလည်း မြင်နိုင်လတ္တံ့။ လောက၌ ပျက်ဆုံးကွယ်ပျောက်မှုဟူသမျှသည် ဆုတ်ယုတ် လျော့ပါးခြင်းမရှိဘဲ ပျက်ဆုံး ကွယ်ပျောက်သည် ဟူ၍ အဏုမြူမျှ မရှိ၊ ခပ်သိမ်းသော ဝတ္ထုတို့သည် ပင်လျှင် ပျက်ဆုံးကွယ်ပျောက် လိုသည်ရှိသော် ရွှင်ရွှင်လန်းလန်း သစ်သစ် လတ်လတ် အနေမှ ဆုတ်ယုတ် လျော့ပါးပြီးလျှင် အချင်းခပ်သိမ်း ပျက်ဆုံး ကွယ်ပျောက် ကြလေကုန်သည်ကား ဓမ္မတာမျက်မြင်ပင်တည်း။

ထိုအတူ ပရမတ္ထ ဓမ္မတို့၌လည်း ပျက်ဆုံး ကွယ်ပျောက်မှု ဟူသမျှ သည် ဆုတ်ယုတ်လျော့ပါး ဟောင်းနွမ်း အိုမင်း ဆွေးမြေ့ခြင်း ရှေ့သွားရှိသည်သာလျှင် ဓမ္မတာ ဉာဏ်မြင်ပေတည်း၊ သိသာလောက်လှပြီ)။

ဤတွင်ရွေ့ကား ဇရာဓမ္မကို ပြချက်ပြီး၏။

**သတ္တမမာတိကာ။** အယံကာယော၊ ဤကိုယ်ကြီးသည်။ မရဏဓမ္မော၊ သေပျောက် ကွယ်ဆုံးခြင်း သဘောရှိ၏ ဟူသော **သတ္တမ မာတိကာပုဒ်**၌ ရှေး၌ ပြဆိုခဲ့ပြီးသော နိရောဓ, ဘင်, ခယ, ဝယ, အတ္ထ, မရဏ, အနိစ္စမှုတို့ကိုပင် ပရမတ္ထဓမ္မတို့၏ မရဏခေါ်သည်၊ ရှေး၌ ပြဆိုခဲ့ပြီးသော နည်းအတိုင်း မျက်တောင်တခတ် လျှပ်တပြက်မျှ အသက်ရှည်မှု တည်နေနိုင်မှု မရှိကြမူ၍ အနှစ် အဆံ အမာမရှိသည့်အတွက် ဇာတိမီးလောင်မှု ဇရာမီးလောင်မှု ဘေးသင့်၍ နေကြသည့်အတွက် ခဏခြင်း ခဏခြင်း ပျက်ဆုံးကွယ်ပျောက်မှုကို မရဏဆိုသည်။

**ထိုမရဏမှု သည်ကား**–မျက်တောင်တခတ် လျှပ်တပြက် အတွင်းမှာပင် အကြိမ် တရာမက တကိုယ်ကောင်လုံး အကျွတ်

www.dhammaransi.com



အကျွတ် မရဏာဘေးသင့်၍ ပျက်ဆုံးကွယ်ပျောက်မှုပေတည်း၊ အလွန်ရွှင်လန်း သန်မြန်သော ပဒုမာကြာပွင့်ကို ရေထဲမှ နုတ်ယူ၍ လောလောပူသော မြေအပြင်၌ ချထားကြရာ၊ ၁-သန္တတိဇရာ, ၂-ခဏိကဇရာ, ၃-ခဏိကမရဏာ, ဤသုံးပါးသောဘေးသင့်၍ ညှိုးနွမ်းခြောက်သွေ့ ပျက်ဆုံးသောအဖြစ်သို့ ရောက်လေ၏၊ ရေတည်းဟူသော အထောက်အပံ့မှ ကင်းလွတ်ခြင်းတပါး, နေပူဟူသောဓာတ်မီးရှိန် မြေပူဟူသော ဓာတ်မီးရှိန် ရေပူဟူသော ဓာတ်မီးရှိန် ဤ အရှိန်သုံးပါး ဘိစီး နှိပ်စက်ခြင်းတပါး ဤ အကြောင်းတို့ကြောင့် ထိုကြာပန်း၌ ကြည့်တွင်း မြင်တွင်း ထင်ရှားသော သန္တတိဇရာသည် ပေါ်လာ၏။

**သန္တတိဇရာ ဆိုသည်ကား**-မျက်မြင်နှင့် သိနိုင်သော ဆုတ်ယုတ်မှုလျော့ပါးမှု နွမ်းနယ်မှု ညှိုးချုံးမှုတည်း၊ ထိုအမှုသည်ကား မျက်မြင်နှင့်သိနိုင်သောအမှုတည်း၊ အဆုံးကျ၍ ပျက်ဆုံးမှုသည်လည်း မျက်မြင်နှင့် သိနိုင်သော အမှုပင်တည်း၊ ထိုသန္တတိဇရာမှုကို မျက်စိနှင့်မြင်သောအခါ ခဏိကဇရာ, ခဏိကမရဏာတို့ကို ဉာဏ်မျက်စိနှင့် အတပ်ဒိဋ္ဌ မြင်ခွင့် ထင်ရှားလေ၏၊ ထိုခဏိကဇရာ ခဏိကမရဏာတို့ကား မျက်စိနှင့်မြင်ရသောတရားဗမဟုတ်ပေကုန်၊ အဘယ်ကဲ့သို့ ဉာဏ်မျက်စိနှင့် မြင်နိုင်ရာသနည်းဟူမူကား ထိုပဒုမာကြာပန်းကို ရေမှနုတ်သည်နှင့်တပြိုင်နက် သန်မြန်ခက်မာမှုဟူသောမြေဓာတ်သည် ခဏစဉ်အတိုင်း ပြော့နဲ့သောဘက်သို့ ပြိုလဲ၍လာ၏၊ အစဉ်အတိုင်းသန်မြန်မှုအဆင့်ဆင့်ပျက်ဆုံး၍ ပြော့နဲ့သောဓာတ်သစ် အဆင့်ဆင့် ပေါ်၍လာ၏၊ သန်မြန်သောရေဓာတ် အေးချမ်းသော မီးဓာတ် တောင့်တင်းစွာ ထမ်းဆောင်သော လေဓာတ်တို့သည်လည်း အစဉ်အတိုင်းချုပ်ကွယ်၍ လာကုန်၏၊ အဆင်းဓာတ် အနံ့ဓာတ် အရသာဓာတ် ဩဇာဓာတ်တို့လည်း အစဉ်အတိုင်းချုပ်ကွယ်၍လာကုန်၏ ဉာဏ်နှင့်ကြည့်ခဲ့လျှင် နှင်းသီးနှင်းပေါက်ငယ်တို့တဖျုတ်ဖျုတ် ပျက်ဆုံးသကဲ့သို့ ထင်လိမ့်မည်၊ထိုသို့အဆင့်ဆင့် ပျက်ဆုံးပြိုလဲ၍လာမှု

www.dhammaransi.com



အဟောင်းအသစ် အဆင့်ဆင့်လဲမှုသည် အဘယ်မျှလောက်လျင်မြန်သည်ဟု ပြောနိုင်သော အခွင့်မရှိ ပြောနိုင်စရာ ဥပမာမရှိ၊ ရှေ့အချက် နောက်အချက် ခြားနား၍ မြင်ခြင်း၌မရ၊ပုထုဇ္ဇန်တို့ ဉာဏ်မှီအောင်လိုက်နိုင်သောအရာမဟုတ် မှီသမျှကို ပိုင်းခြား၍ အမျှင်ဖြတ်၍ ရှုကြရသည်၊ မြန်လှ၍ ဉာဏ်မှီအောင်မလိုက်နိုင်ရာ ဟူသမျှတို့၌ ရှေ့ နောက် အခြားအနား မရှိ တခုတည်းပင်ဟု ထင်ကြရသည်၊ လျင်မြန်ပုံ လက္ခဏာကို ဉာဏ်မှီသမျှ လိုက်၍ ကြည့်လေ။

(အကယ်၍ ထိုသို့ ခဏစဉ်အတိုင်း ပျက်မှု ဖြစ်ပေါ်မှုမရှိခဲ့ သည်ဖြစ်အံ့၊ မျက်မြင်မှာ ရိပ်ရိပ်ရိပ်ရိပ် ခဏထက်ခဏ ယိန္ဒမ်း သွေ့ခြောက်၍ လာမှု မရှိလေရာ၊ ဉာဏ်သိမ်မွေ့လှစေ)။

**ဤကြာပန်းဥပမာအတူ**–ခန္ဓာကိုယ်မှာလည်းခဏမစဲအနည်းနည်း ပြောင်းလဲ ဘောက်ပြန်မှုတို့သည် ကိုယ်တွေ့လည်းအနန္တ မျက်မြင်လည်း အနန္တ ဉာဏ်မြင်လည်း အနန္တ များပြားလှ၏၊ ကိုယ်တွေ့အနန္တ ဆိုသည်ကား ဦးခေါင်းထဲမှာ ယခုဘဲ့နှယ်ဖြစ် လာသည် မျက်စိမှာ ဘဲ့နှယ်ဖြစ်လာသည် မျက်နှာမှာ နှာခေါင်းမှာ နားမှာ ပါးစောင်မှာ နှုတ်ခမ်းမှာ ပါးစပ်မှာ လျှာမှာ လည်ချောင်းမှာ ရင်တွင်းမှာ ဝမ်းတွင်းမှာ ဘဲ့နှယ်ဖြစ်လာသည်ဟု သိသမျှအနန္တကို ဆိုသတည်း၊ ထိုအနန္တမှုတို့၌ ဓာတ်အချက် ဇရာအချက် မရဏအချက်တို့ကို ဉာဏ်မှာထင်အောင် ကြည့် တတ်လျှင် မြင်သာလှတော့သည်၊ ပကတိ ခဏိကမှုတို့ကိုကား ဉာဏ်လိုက်နိုင်ခဲလှ၏။

**လိုရင်း အဓိပ္ပါယ်ကား**–ဤခန္ဓာ တကိုယ်လုံးမှာ အတွင်း သန္တာန်မှဖြစ်စေ သန်းကြမ်းပိုး ခြင် မှက် မွှေး ကင်း သန်း ဒုတ် ဘေး ထားဘေး လက်နက်ဘေး မီးဘေး ရေဘေး အစရှိသော အပသန္တာန်မှ ဖြစ်စေ ဘောက်ပြန်လောက်အောင် အကြောင်း အခွင့်ဆိုက်တိုက်လာခဲ့သည်ရှိသော်မဘောက်ပြန်နိုင်သော ခဏ

www.dhammaransi.com



ယော်ဟူ၍တခုမျှမရှိ၊ အနိဋ္ဌဇာတိ မပေါ်နိုင်သောခဏယော်ဟူ၍ မရှိ၊မပျက်နိုင်သော ခဏယော်ဟူ၍မရှိ၊ မယိုယွင်းနိုင်သော ခဏ ယော်ဟူ၍ တခုမျှမရှိ၊ ဆိုက်တိုက်လာသော အန္တရာယ်၏ ဒဏ် အားလျော်စွာ ဆိုက်တိုက်လာသော ခဏမှာပင် အထူးထင်မြင် လောက်အောင် ဘောက်ပြန်ပျက်ပြား ပြောင်းလဲနိုင်သော ဇာတိ သဘော ဇရာသဘော မရဏသဘော အမြဲရှိသော ခန္ဓာငါးပါး တရားစု ဖြစ်ချေ၍ ဇာတိဓမ္မော ဇရာဓမ္မော မရဏဓမ္မော-ဟူ၍ ဆိုသတည်း။

(ဤတွင်ရွေ့ကား ဤခန္ဓာကိုယ်ကြီး၏ မရဏဓမ္မကို ပြဆို သောအချက်ပြီး၏)။

**အဋ္ဌမဓာတိကာ၊** အယံကာယော၊ဤကိုယ်ကြီးသည်၊အနိစ္စော၊ အရှည်ခံနိုင် တည်တံ့နိုင်သော တရားစုမဟုတ် ဟူသော အဋ္ဌမ မာတိကာပုဒ်၌ မျက်တောင်တခတ် လျှပ်တပြက်ခန့်မျှ အသက် ရှည်ကာ တည်နေနိုင်သော အခိုင်တရားစု မဟုတ်ကြောင်းကို အောက်က ပြဆိုခဲ့ပြီးသည်ကား များလှပြီ၊ အကယ်၍ မျက် တောင်တခတ်လျှပ်တပြက်ခန့် အသက်ရှည်၍ တည်နေနိုင်သော အခိုင်တရားစု ဖြစ်ခဲ့ငြားအံ့၊ မျက်တောင် တခတ်ကာလ လျှပ် တပြက်ကာလမည်သည် မျက်မြင်မှာပင် သိသာထင်ရှားသော ကာလဖြစ်ခဲ့၍ ဤခန္ဓာကိုယ်ကြီးကို မိုဃ်းကြိုး လောင်မီးပင်ကျ သော်လည်း ထိုမျက်တောင်တခတ် လျှပ်တပြက်ကာလ အတွင်း ၌ ဘောက်ပြန်ခြင်း မရှိလေရာ၊ မဘောက်မပြန် ပကတိအတိုင်း ကိုသာ မြင်ရရာ၏ ထိုသို့ကားမဟုတ်၊ အားကြီးသော ဘေး ဒဏ် ထိပါးခဲ့လျှင် ထိပါးသည်နှင့်တပြိုင်နက် ဘောက်ပြန်၏၊ ရွေ့ပြောင်း၏၊ဘောက်ပြန်သမျှရွေ့ပြောင်းသမျှသည်အဟောင်း ပျက်ဆုံးမှု အသစ်လဲပြောင်းမှုချည်းသာတည်း။

လောက၌ ခပ်သိမ်းသော ရေသတ္တဝါ ကုန်းသတ္တဝါတို့ နေ့ ရှိသမျှ နာရီရှိသမျှ ပုပ္ပစ္စနစ္စ အားထုတ်ကြသမျှ ကြောင့်ကြစိုက်

www.dhammaransi.com



ကြသမှု ပူပန်ကြသမှု ပင်ပန်းကြသမှုကို အရင်းသို့ဆိုက်အောင် ကြည့်နိုင်ပါလျှင် အနိစ္စအတွက်ကြောင့်ဟု မြင်လတ္တံ့၊ ဤအနိစ္စ အတွက်ကြောင့် ဒုက္ခဖြစ်ကြရသည်ကို မြင်လတ္တံ့၊ ဤအနိစ္စ ဘေး ကြီးကျယ်ကြောင်းကို မြင်လတ္တံ့၊ အကယ်၍ နိစ္စဖြစ် ကုန်ငြားအံ့၊ ကြောင့်ကြစိုက်မှု ခပ်သိမ်းတို့သည် အနည်းငယ်မျှ မရှိကြကုန်ရာပြီ၊ ဒါနမှု သီလမှု အစရှိသော ပုညကြိယာမှုတို့ကို မပြုလို မနေသာ ပြုကြရကုန် သည်လည်း ဤအနိစ္စအတွက် ကြောင့်ပင်တည်း၊ အနိစ္စအတွက်ကြောင့် ကြောင့်ကြ စိုက်ကြ ရသော ဒုက္ခမှုဗုပင်တည်း၊ အနိစ္စမဟုတ်ဘဲ နိစ္စ ဖြစ်ခဲ့သည် ရှိသော် နောင်ရေးနှင့် ကြောင့်ကြစိုက်ဘွယ် မရှိရာပြီ။

**အနိစ္စလက္ခဏာ ဆိုသည်ကား**– ခဏိကမရဏ ခဏိကဘင် ကို ဆိုသတည်း၊ ထိုအနိစ္စလက္ခဏာဟု ဆိုအပ်သော ခဏိက မရဏ ခဏိကဘင် ခဏမစဲ အမြဲပါရှိ၍နေသောကြောင့် ဆိုအပ် ခဲ့ပြီးသော ပစ္စုပ္ပန်ရေးနှင့် ကြောင့်ကြစိုက်မှုပေါင်း အနန္တ သံသရာရေးနှင့် ကြောင့်ကြစိုက်မှုပေါင်း အနန္တ ဘေးသင့်၍နေ ကြရကုန်သည်၊ ဤအချက်တို့ကို အောက်က ပြဆိုခဲ့ပြီးသော အသက်ခန္ဓာ အလျဉ်ဆက်လက်မှု အသက်မွေးမြူမှု ဇာတိသစ် ပျိုးထောင်မှု ကြီးကျယ်ပုံ ကြပ်တည်းပုံများနှင့် တလုံးတည်း ရောနှော၍ ကြည့်လေ သိလေ မြင်လေ။

(ဤတွင်ရွေကား ဤခန္ဓာကိုယ်ကြီး၏ အနိစ္စ လက္ခဏာကို အမြွက်မျှ ပြဆိုချက် ပြီး၏)။

**နဝမ မာတိကာ။** အယံကာယော၊ ဤကိုယ်ခန္ဓာ ကြီးသည်၊ ဒုက္ခော၊ ဆင်းရဲပင်ပန်း ယိန္ဒမ်းညှိုးချုံး ဒုက္ခတုံးကြီးသာတည်း၊ ဟူသော နဝမ မာတိကာပုဒ်၌ ဒုက္ခသည် ၁-ဒုက္ခဒုက္ခ, ၂-သင်္ခါ ရဒုက္ခ, ၃-ဝိပရိဏာမဒုက္ခ ဟူ၍ သုံးပါးရှိ၏။

ကိုယ်၌ အနာမျိုး ကိုးဆယ့်ရှစ်ပါးစသော အစ္ဈတ္တဘေးရန် ထိပါး၍ ပူလောင်မှု ကျင်နာမှု ကိုက်ခဲမှု ညောင်းညာမှု မီးဘေး

www.dhammaransi.com



ရေဘေး ထားဘေး လှံဘေး ရန်သူဘေး မြွေဘေး ကင်းဘေး အစရှိသော ဗဟိဒ္ဓဘေးရန်ထိပါး၍ နာကျင်ပင်ပန်းမှု အပါယ်ဘုံသားတို့ ခံရသော ကာယိက ဒုက္ခမှ စသည်သည် ဒုက္ခဒုက္ခ မည်၏၊ စိုးရိမ်မှု ကြောင့်ကြမှု နှလုံးပူပန်မှု နှလုံးမသက်သာမှု စိတ်မချမ်းသာမှု အလုံးစုံသည်လည်း ဒုက္ခဒုက္ခမည်၏၊ တိရစ္ဆာန်သတ္တဝါတို့သည်ပင် ဤဒုက္ခဒုက္ခကို ဒုက္ခမှန်းသိကြ၏၊ ထိုဒုက္ခဖြစ်ခွင့်ကို မြင်လျှင် ကြောက်ကြ ရွံ့ကြ ထိတ်လန့်ကြ ပြေးပုန်းကြ ရှုံးကြ ခုခံနိုင်လောက်လျှင်ခုခံကြ၏၊ မိမိကိုယ်၌ အနာဆိုးရှိသော သူသည် ရေနံညှော် ဆီညှော် ကြက်သွန်ညှော် စသော ညှော်မျိုးကို ကြောက်ရ၏၊ ဤကြောက်မှု မှာလည်း ညှော်ကို ကြောက်ရရင်း မဟုတ်၊ မိမိကိုယ်ဟု ဆိုအပ်သော အနာထကြွမည်ကို ကြောက်ရရင်းတည်း၊ အနာမရှိသော သူမှာ ညှော်ကိုကြောက်ဘွယ်မရှိ၊ ဤခန္ဓာကိုယ်ကြီးသည် ကျိုက်ကျိုက်ဆူဆူ ပွက်ပွက်ဆူသော အနာခဲကြီးအတိဖြစ်၏၊ အဇ္ဈတ္တဘေးရန်, ဗဟိဒ္ဓဘေးရန် တည်းဟူသော ညှော်တို့နှင့် တွေ့ကြုံထိပါးခဲ့လျှင် ဘယ်နေရာကမဆို ဘယ်အခါမဆို ဤဒုက္ခဒုက္ခ တည်းဟူသော ငန်းမန်း ထကြွသည်းထန်၍ ထွန့်ထွန့်လူး ဖျတ်ဖျတ်လူး ဖြစ်ရ၏၊ လောက၌ ကြောင့်ကြမှု ရွံ့မှု ထိတ်လန့်မှု အလုံးစုံကို အရင်းသို့ဆိုက်အောင် ကြည့်တတ်ပါလျှင် ဤခန္ဓာကိုယ်ကြီးသို့ ဆိုက်လိမ့်မည်၊ ဤခန္ဓာကိုယ်ကြီးကို ကြောက်ရရင်း အမှန်ဖြစ်ကြောင်း၊ ဤဒုက္ခဒုက္ခအတွက်ကြောင့် သတ္တဝါတို့၌ ကြပ်တည်းကျဉ်းမြောင်းမှု အနန္တရှိနေကြောင်း များကို အသိဉာဏ်တွင် ထင်ရှားလိမ့်မည်။

ဒုက္ခဒုက္ခ အဖွက် ပြချက်ပြီး၏။

---

**သင်္ခါရဒုက္ခ ဆိုသည်ကား—** မဖြစ်သေးသော ဝတ္ထုကို ဖြစ်လာအောင် တင်ကူး၍ ကြောင့်ကြစိုက်ရသော ဒုက္ခ, မရသေး

www.dhammaransi.com



သော ဝတ္ထုကို ရလာအောင် တင်ကူး၍ ကြောင့်ကြစိုက်ရသော ဒုက္ခ,မရောက်လာသေးသောဝတ္ထုကို ရောက်လာအောင် တင်ကူး၍ ကြောင့်ကြစိုက်ရသော ဒုက္ခ, ဤသို့ အစရှိသော ဒုက္ခရသည် သင်္ခါရ ဒုက္ခမည်၏။

**ဝိပရိဏာမဒုက္ခ ဆိုသည်ကား**—သင်္ခါရ ဒုက္ခနှင့် တင်ကူး၍ ကြောင့်ကြ စိုက်ရသည့်အတွက်ကြောင့် ဖြစ်လာသော ဝတ္ထု ရလာသောဝတ္ထု ရောက်လာသောဝတ္ထုတို့ကိုမပျက်ပါစေလင့်ဟု ကြောင့်ကြစိုက်ရသော ဒုက္ခ,မပျောက်ပါစေလင့်ဟု ကြောင့်ကြစိုက်ရသော ဒုက္ခ, မဆုတ်ပါစေလင့် မယုတ်ပါစေလင့် မလျော့ပါစေလင့် မဖောက်မပြန် ပါစေလင့် မသေပါစေလင့် ဘေးမထိပါစေလင့် ဒဏ်မထိပါစေလင့် ရန်မထိပါစေလင့် ဟု ကြောင့်ကြ စိုက်ရသော ဒုက္ခရသည် ဝိပရိဏာမ ဒုက္ခမည်၏၊ ထိုသို့ မပျက်ပါစေလင့် မပျောက်ပါစေလင့် မဆုတ်ယုတ်ပါစေလင့်ဟုကြောင့်ကြစိုက်ပါလျက် ပျက်ရန် ပျောက်ရန် ဆုတ်ယုတ်ဆုံးရှုံးရန် အကြောင်း ဆိုက်တိုက်လာ၍ ဆုတ်ယုတ် ပျက်စီးကွယ်ပျောက် ဆုံးရှုံးပြီးသောအခါ ဖြစ်ရသော ကာယိကဒုက္ခ စေတသိကဒုက္ခရသည်လည်း ဝိပရိဏာမဒုက္ခမည်၏။

**ဥပမာဖြင့် ထင်ရှားအောင်** ပြဦးအံ့-နေ့စဉ်စား၍နေသော ထမင်းသည် ဒုက္ခသုံးမျိုးနှင့် ပြည့်စုံ၏၊ ထို ထမင်းသည် ထမင်းနှင့်မကင်းနိုင်သောသူ ထမင်းကိုလက်မလွှတ်နိုင်သောသူကို ဒုက္ခသုံးမျိုးနှင့်နှိပ်စက်၏၊အဘယ်သို့နှိပ်စက်ပါသနည်းဟူမူထိုထမင်းဖြစ်လာရန် ရှေးရှေးနှစ်က မျိုးစပါးကို အားထုတ်ရသော အမှုရမှစ၍ နောက်နောက်နှစ်၌ ထမင်းဖြစ်အောင် ချက်မှု ပြုတ်မှုကို အားထုတ်ရသောအမှုတိုင်အောင် အကြားကာလ၌ အားထုတ်ရ ကြောင့်ကြစိုက်ရသော အမှုခပ်သိမ်းသည် ထိုထမင်း၏သင်္ခါရမှုမည်၏၊ ထမင်းကို မလွှတ်နိုင်သောသူသည် မလွှတ်နိုင်သမျှကာလပတ်လုံး ထိုသင်္ခါရမှု အပြီးစွပ်လျက်နေ၏၊ ထမင်းကို လွှတ်သောအခါ ထိုသင်္ခါရမှု ကျွတ်လွတ်၏၊ အဘယ်ကြောင့်

www.dhammaransi.com



နည်းဟူမူ ထမင်းမည်သည် ထိုမျှလောက်သော သညီရမှုတို့ကို ဘင်ကူး၍ ကြောင့်ကြစိုက်နိုင်မှ ဖြစ်လာရသော သညီရ ဓမ္မမျိုး အစစ်ဖြစ်လာသောကြောင့်တည်း၊ ဤကား ထမင်းကိုမလွှတ်နိုင် သောသူကို ထိုထမင်းက သညီရဒုက္ခနှင့် နှိပ်စက်ပုံတည်း။

(ဤ ပြဆိုခဲ့ပြီးသော သညီရမှုတို့ကား သင်္ခတသညီရမှုတို့ သာတည်း၊ ခဏိကသညီရကိုကား ပဉ္စာန်း ၂၄ ပစ္စည်းနှင့် သိရမည်)။

**ထမင်းကိုမလွှတ်နိုင်သောသူကို ထိုထမင်းသည် ဝိပရိဏာမ ဒုက္ခနှင့် အဘယ်သို့နှိပ်စက်လေသနည်းဟူမူ**–ရှေးရှေးနှစ်၌ စပါး မျိုးကို ပြုပြင်မှုမှစ၍ ထိုထမင်းကို စားပြီးနောက် ကျင်ကြီးကျင် ငယ်ကိစ္စနှင့် ကြောင့်ကြစိုက်ရသော အမှုတိုင်အောင် အကြား ကာလ၌ ထိုအလုပ်ပျက်ကွက်ရန် ဆုတ်ယုတ်ရန် ပျက်စီးရန် အခွင့်ရကို တင်ကူး၍ မြော်ရှု၍ ကြောင့်ကြစိုက်ရသော အမှုရ ထိန်းသိမ်း စောင့်ရှောက်ရသောအမှုရသည် ထိုထမင်း၏ ဝိပရိ ဏာမမည်၏၊ ထမင်းကို မလွှတ်နိုင်သောသူသည် ထိုထမင်း၏ ဝိပရိဏာမမှု အမြဲ စွပ်လျက် နေ၏၊ ထမင်းကို လွှတ်သောအခါ ထိုဝိပရိဏာမမှု ကျွတ်လွတ်၏၊ အဘယ်ကြောင့်နည်းဟူမူ ထို ထမင်းဖြစ်လာရန် အဆောက်အဦဖြစ်သော အလုံးစုံသော ဝတ္ထု ရ အလုံးစုံသော အမှုရသည် ပျက်စီးရန် အကြောင်းဆိုက်ဆိုက် လာလျှင် ပျက်စီးဘောက်ပြန်ခြင်း သဘော ရှိလေသောကြောင့် တည်း၊ ဤကား ထမင်းကို မလွှတ်နိုင်သော သူကို ထိုထမင်းက ဝိပရိဏာမဒုက္ခနှင့် အမြဲနှိပ်စက်ပုံတည်း။

ထိုထမင်းကိုစားရန် မျိုရန်အတွက်နှင့် ထိုသညီရမှု ဝိပရိဏာ မမှုကို ကြောင့်ကြပြုရ အားထုတ် လုပ်ဆောင်ရသော အခါ၌ ကိုယ်ပင်ပန်းမှု စိတ်ပင်ပန်းမှု အလုံးစုံသည် ထိုထမင်း၏ဒုက္ခ ဒုက္ခမှုမည်၏၊ ထမင်းသည် ဒုက္ခဒုက္ခမှုနှင့်လည်း ထိုသူကို အမြဲ နှိပ်စက်၏။

www.dhammaransi.com

# လယ်တီဆရာတော်ဘုရားကြီး၏

ပျက်ကွက်ရန် အကြောင်းဆိုက်တိုက်၍ ပျက်ကွယ်ဆုံးပါး၍ သွားသောအခါ ထိုပျက်ဆုံးမှုကြောင့် ဖြစ်ရသော ပူပန်မှု ပင်ပန်းမှုတို့သည်ကား ထမင်းအဖြစ်သို့ ချောမောစွာ မရောက် ဘဲ ဘောက်ပြန် ပျက်ပြားသော ဝိပရိဏာမ ဒုက္ခပေတည်း၊ ထိုထမင်းသည် စားပြီး မျိုပြီးနောက် အစာမကြေမှုနှင့် စပ်၍ သေလောက် ကြေလောက်အောင်ဖြစ်သော ဝိပရိဏာမဒုက္ခမှု၊ အနာရောဂါ အမျိုးမျိုးနှင့် တွေ့ကြုံရသော ဝိပရိဏာမ ဒုက္ခမှု၊ အစာကောင်းစွာ ကြေကျက်၍ ကျင်ကြီး ကျင်ငယ်ကိစ္စနှင့် စပ်သော ဝိပရိဏာမဒုက္ခမှု တို့သည်ကား ရှေးအဘို့က ချောမော ခဲ့၍ ထမင်းဖြစ်ပြီးနောက်မှ ခံရသော ထမင်း၏ ဝိပရိဏာမ ဒုက္ခ ရုပေတည်း။

အများ ပြောဖိုး ဆိုဖိုး ဦးကား။– ထိုထမင်းသည် ခံတွင်းသို့ ရောက်၍ အဆင်းသဏ္ဌာန် အနံ့အရသာ အကုန်လုံးဘောက် ပြန် ပျက်စီးခြင်းသို့ ရောက်လေ၏၊ ထိုသို့သော ဘောက်ပြန်မှုကို သာ ဝိပရိဏာမဟု ပြောဆိုကြကုန်၏၊ ဤသို့ ပြဆိုခဲ့ပြီးသော ဝိပရိဏာမ စကားရသည် သန္တတိစကားရပေတည်း။

ခဏိကအားဖြင့်ကား-အသီးသီးသော ဥပါဒ်ဖြင့် သန္တာန်၌ ဖြစ်ပေါ်ခြင်းသို့ရောက်ကြကုန်သော မြေဓာတ် ရေဓာတ် အစရှိ သော ပရမတ္ထဓမ္မတို့သည် မျက်တောင်တခတ်မျှ သစ်သစ်လတ် လတ် ဥပါဒ်သောအဘို့ မတည်နိုင်ကြကုန်မူ၍ ဇရာမီးလောင် သဖြင့် ခဏခြင်း ရင့်ရော်ဆွေးမြေ့ကြကုန်၏၊ မရဏမီးလောင် သဖြင့် ခဏခြင်း ပျောက်ပျက် ကွယ်ဆုံးကြကုန်၏။

ထိုသို့ ဇရာဘေး မရဏဘေးတို့ကြောင့် ခဏခြင်းရင့်ရော်မှု ခဏခြင်းပျက်ဆုံးမှုရသည် ခဏိက ဝိပရိဏာမ မည်၏၊ ထိုခဏိ က ဝိပရိဏာမမှု အမြဲရောက်၍ နေကုန်သော ထိုမြေဓာတ် ရေ ဓာတ် အစရှိကုန်သော ပရမတ္ထဓမ္မတို့သည် ဇရာမီး မရဏမီး တို့၏ လောင်စာသက်သက်မျှ ဖြစ်ကြကုန်ရကား သာယာချမ်း မြေ့သောတရားဟုမဟုတ်ကြကုန်၊ ခဏမစဲ အိုဘေး သေဘေးထိ

www.dhammaransi.com



၍ မချိမဆံ့ဘောက်ပြန် ပျက်ဆုံးရသော ဝိပရိဏာမဒုက္ခတရား ရကုန်သတည်း။

ညာဏ်နှင့် ကြည့်လိုက်သည်ရှိသော် အပေါ်ရေ ဖုံးလွှမ်း၍ နေကြကုန်သော ကိုယ်ခန္ဓာ အကောင်ကြီး ငယ်တို့သည် ပြည့်ရှင်မင်းကြီး၏ မီးလောင်တိုက်ကြီးနှင့် အသီးအသီး တူကြကုန်၏၊ ထိုထိုခန္ဓာကိုယ်အတွင်း၌ ဖြစ်ဖြစ်သမျှသော မြေဓာတ် ရေဓာတ် အစရှိသော ရုပ်နာမ်တရားတို့သည် ရာဇဝတ်သင့်၍ မီးလောင်တိုက်တွင်းသို့ ဝင်ကြရကုန်သော ရာဇဝတ်ကောင်တွေနှင့်တူကုန်၏၊ ခဏမစဲ လောင်၍နေကုန်သော ဇရာမီး မရဏမီးတို့သည် ထိုမီးလောင်တိုက်တခုလုံးကို တဟုန်တည်းထ၍လောင်ကျွမ်း ကွယ်ဆုံးစေနိုင်သော အလွန်ထက်လှ ကြီးကျယ်လှစွာသော ယမ်းအိုး မီးရှူးအိုး မီးတို့နှင့်တူကုန်၏။

**တူကြပုံကား**-ဤကိုယ်ခန္ဓာကြီးအတွင်း၌ ရုပ်သစ်နာမ်သစ်တို့ကို ကိုယ်ခန္ဓာနှင့် အပြည့်အပြည့်ခဏမစဲ ဖြစ်ပေါ်အောင်ဘန်ဆင်းတည်ထောင်ပစ်ချကြကုန်သော ကံ, စိတ်, ဥတု,အာဟာရဟူသော အကြောင်း တရားကြီး လေးပါးတို့သည် မင်းပြစ်မင်းဒဏ် သင့်သောအမှုသည်တို့ကို မီးလောင်တိုက်ကြီးအတွင်းသို့ ခဏမစဲအောင် ပစ်ချသော ထောင်မှူးကြီး လေးယောက်တို့နှင့် တူကုန်၏။

**ပါဠိတော်၌ကား**-ကုသိုလ်ကံ,အကုသိုလ်ကံနှစ်ပါးဟူသော "မနောသဥ္စေတနာဟာရ"ကို မီးကျီး တွင်းသို့ လာလာ သမျှသောသူတို့ကို ဆွဲငင် ပစ်ချသော ယောကျ်ား အားကောင်းနှစ်ယောက်တို့နှင့် တူသည်ဟု ဟောတော်မူသည်၊ ကိုယ်ခန္ဓာနှင့် အပြည့်အပြည့် ခဏမစဲ အသစ်အသစ် ဖြစ်ပေါ်သော ရုပ်တရား နာမ်တရားတို့ကို ဖြစ်ပေါ်ပြီးသည်နှင့်တပြိုင်နက် ဇရာမီး မရဏမီးတို့က ပြာမှုန့်မျှမကျန်ရအောင်ဟုန်းကနဲဟုန်းကနဲထ၍ တသုတ်တသုတ် အပြောင်အပြောင်လောင်၍ ကုန်ဆုံးကွယ်ပျောက်ကြ

သည်နှင့် လောင်တိုက်ကြီးအတွင်း၌ ကျလာသမျှ ရောက်လာသမျှသော ရာဇဝတ်ကောင်တို့ကို ယမ်းအိုးမီးရှူးအိုးကြီး နှစ်လုံးတို့ကပြာမှုန့်မျှ မကျန်ရအောင် ဟုန်းကနဲဟုန်းကနဲထ၍ တသုတ်တသုတ် အပြောင်အပြောင်လောင်၍ ကုန်ဆုံးကွယ်ပျောက်ကြမှုတူသည်။

(ဤကား ခဏိက ဝိပရိဏာမကို ပြဆိုလိုက်သော စကားရပ်တည်း)။

**အထက် သင်္ခတ်အချက်နှင့် ပြဆိုခဲ့သော ထမင်းဥပမာနှင့် ဤခန္ဓာစု တူပုံကို ပြဆိုဦးအံ့**-အရေပါးဖြင့် ဖုံးလွှမ်းအပ်သော ဤခန္ဓာကိုယ်ကြီးငယ်တစုကိုနပ်ပြီးကျက်ပြီးသောထမင်းအိုးကြီးပြု၍ထား ဤဘဝတွင် ပဋိသန္ဓေမှစ၍ နေ့ရှိသမျှ ခဏမစဲ ရုပ်သစ်နာမ်သစ်တို့ကို ဖြစ်ပေါ်လာရန် ရှေးဘဝ၌ ဒါန သီလ စသောကံကိုပြုလို၍ လယ်လုပ်ခြင်းကုန်သွယ်ခြင်းစသည်ဖြင့် ဒါနဝတ္ထုပစ္စည်းဝတ္ထုတို့ကို ရှာမှီး အားထုတ်ရသော ဒုက္ခမှု, ပေးကမ်းလှူဒါန်းရသော ဒုက္ခမှု, ဥပုသ်သီတင်း ကျင့်သုံးရသော ဒုက္ခမှုတို့မှစ၍ ဤဘဝ၌ အနှစ်တရာနေ၍ စုတိကမ္မဇရုပ် ချုပ်သည့်တိုင်အောင် ဤအကြား၌ ဤကိုယ်ခန္ဓာကို အနှစ်တရာရှည်၍ ပါအောင် နေ့စဉ်ကြောင့်ကြစိုက်ရ အားထုတ်ရသောဒုက္ခမှုစုသည်နေ့စဉ် အသစ်အသစ် ဖြစ်ပေါ်၍နေသော ဤကိုယ်ခန္ဓာကြီး၏သင်္ခါရဒုက္ခမှုစုပေတည်း၊ ရေသတ္တဝါ ကုန်းသတ္တဝါတို့ နေ့ရှိသမျှ ညရှိသမျှ အသက်မွေးမြူမှု ကြီးကျယ်ပုံကြပ်တည်းပုံကို မြင်နိုင်ပါလျှင် ဤခန္ဓာ၏သင်္ခါရဒုက္ခမှုကြီးကျယ်ပုံကို မြင်နိုင်လတ္တံ့။

ယခုဘဝ၌ အလှူဒါနမှုတခုအတွက် ပစ္စည်းဝတ္ထု ရှာဆောင်းရသော ဒုက္ခမှု,အလှူကိစ္စ ဆောင်ရွက်ရသောဒုက္ခမှုတို့ကို ဒိဋ္ဌမျက်မြင်ရှိသဖြင့် ဤဘဝဤခန္ဓာအတွက်နှင့် ရှေးရှေးဘဝတို့က တင်ကူး၍ ဒုက္ခစိုက်ခဲ့ရသော ဤကိုယ်ခန္ဓာ၏ သင်္ခါရဒုက္ခမှုကိုလည်း မြင်နိုင်လတ္တံ့၊ ပဋိသန္ဓေ တည်နေသည်မှစ၍ အဆုံးစုတိသို့

www.dhammaransi.com



ဆိုက်သည့်တိုင်အောင် အကြားဖြစ်သော အနှစ်တရာ တထောင် တသိန်း တကုဋေ အသင်္ချေကာလအတွင်းမှာနှစ်ပေါင်း လပေါင်း ပက္ခပေါင်း နေ့ရက်ပေါင်း နာရီပေါင်းခဏပေါင်းအနန္တရှိသည် တွင် ပျက်ခွင့်ဆိုက်လျှင် မပျက်သောခဏဟူ၍ မရှိ, ဘောက် ပြန်ခွင့်ဆိုက်လျှင် မဘောက်ပြန်သောခဏဟူ၍ တခုမျှမရှိ, သေ ခွင့်ဆိုက်လျှင် မသေသောခဏဟူ၍ တခုမျှမရှိ,ဤသို့ဘောက်ပြန် ခြင်းသဘော သေခြင်းသဘော အစဉ်ပါရှိ၍ နေသည့်အတွက် လောကနှင့် အပြည့် ရှိနေသော ဘောက်ပြန်ရန် အခွင့်ရ သေ ကြေရန်အခွင့်ရ ဆိုက်တိုက်လာမည်ကို မြော်ခေါ်၍ ကြောင့်ကြ စိုက်ရ အားထုတ်ရ ရှောင်ရှားရ ကြောက်ရ ရွံ့ရ ထိတ်လန့်ရ စိုးရိမ်ပူပန်ရသော ဒုက္ခမှု ဟူသမျှသည် ဤကိုယ်ခန္ဓာ၏ ဝိပရိ ဏာမ ဒုက္ခမှု ချည်းသာတည်း၊ ထိုသို့ ကြောင့်ကြစိုက်ပါ လျက်လည်း အထူးထူး အထွေထွေသော ဘောက်ပြန်မှု ပျက် ပြားမှု ဖျားမှု နာမှု ညှောင်းညာကိုက်ခဲမှု အစရှိသော ဝိပရိ ဏာမမှု ကိုသည့် ဖြစ်လာ ကုန်၏၊ ဖြစ်တတ်မှန်း သိလျက် နှင့်ပင် မလွှဲသာ၍ သွားရ လာရ ပြုရ၍ ဖြစ်လာသော ဒုက္ခမှုရ, လောဘနိုင်ငံသို့လိုက်မှုကြောင့် တွေ့ရသောဒုက္ခမှုရ,ဒေါသနိုင်ငံ သို့လိုက်မှု မာနနိုင်ငံသို့လိုက်မှုကြောင့် တွေ့ရသော ဒုက္ခမှုရ, မိစ္ဆာဒိဋ္ဌိနိုင်ငံသို့လိုက်၍ ဆောင်းအခါရေသို့ဆင်းခြင်း နွေအခါ မီးကင်ခြင်း အစရှိသည်ကို တွေ့ရသော ဒုက္ခမှုရ, ပရိယတ်ကို အားထုတ်သည့်အတွက် ပဋိပတ်ကို အားထုတ်သည့်အတွက် တွေ့ကြုံရသော ဒုက္ခမှုရသည်လည်း ဤခန္ဓာ၏ ဝိပရိဏာမဒုက္ခ မှုရချည်းပင်တည်း၊ ခဏိကဝိပရိဏာမဒုက္ခရကိုကား ပြဆိုခဲ့ပြီ။

**သိုရင်းကား**-မိမိအလိုရှိအပ်သော ဇာတိဖြစ်ပေါ်လာအောင် ရှေးအဘို့ တနာရီက တင်ကူး၍, တရက်က တင်ကူး၍, တလက တင်ကူး၍, တနှစ်ကတင်ကူး၍, ရှေးရှေးဘဝက တင်ကူး၍, ရှေး ရှေးကမ္ဘာက တင်ကူး၍ ပြုရသော ဒါနမှု သီလမှု ဘာဝနာမှု

www.dhammaransi.com



သုစရိုက်မှု ဒုစရိုက်မှုရဟန်းပြုမှု ရသေ့ပြုမှုကောင်းသောအသက် မွေးမှု မကောင်းသော အသက်မွေးမှု အစရှိသော အလုံးစုံသော ဒုက္ခမှုရသည် ထိုအလိုရှိအပ်သော ဇာတိဝမ္မ၏ သခ်ီရဒုက္ခမှု ချည်းပေတည်း၊ ဤသို့သော သခ်ီရဒုက္ခကို ''သင်္ခေပ သခ်ီရာ ဒုက္ခာ'' ဟူ၍ ဟောတော်မူသည်။

ရှေး၌တင်ကူး၍ ပြုခဲ့သည့်အတွက် နောက်အချိန်ကျ၍ ထိုထို ဇာတိ ဖြစ်ပေါ်လာသော အခါ၌လည်း ကာလမြင့်ရှည် တည် နိုင်ပါစေခြင်းငှါ အားထုတ်ကြရကုန်၏၊ ထိုအားထုတ်မှုရသည် သခ်ီရဒုက္ခမှုရပင်တည်း၊ ရပြီးသော ကောင်းသော ဣဋ္ဌဇာတိ အစဉ်ပျက်ဆုံးရသော အကြောင်းကို မြော်၍, မကောင်းသော အနိဋ္ဌဇာတိဖြစ်ပေါ်လာရန် အကြောင်းကို မြော်၍, စောစောက တင်ကူး၍ ပြုနှင့်ရသော ဒုက္ခရသည် ဖြစ်လတ္တံ့သော ဝိပရိ ဏာမဒုက္ခကိုမြော်၍ ပြုရသောအမှုဖြစ်သောကြောင့် ထိုခန္ဓာ၏ ဝိပရိဏာမဒုက္ခပင် မည်ပေသတည်း။

(ဤတွင်ရွေ့ကား-ဤ ခန္ဓာကိုယ်ကြီး၏ ဒုက္ခသဘော လက္ခ ဏာကို အမြွက်မျှ ပြဆိုချက် ပြီး၏)။

**ဒသမ မာတိကာ။** အယံ ကာယော၊ ဤခန္ဓာငါးပါး အပေါင်း ကြီးသည်။အနတ္တာ၊ကိုယ်မဟုတ်ဟူသော **ဒသမမာတိကာပုဒ်၌-**

**အနတ္တပုဒ်၏ အရဖြစ်သော ကိုယ်**—ဟူသည် ကာယ သရီရ ဒေဟ တနု ဝပု ဂတ္တ ဗောန္ဒိသဒ္ဒါတို့ ဟောအပ်သော ရူပကာယ ကိုယ်မဟုတ်၊ ကိုယ်မချို အဓိသော်မှ သားတော်ခဲ့သည်၊ အတ္တ သမာ ပေမာ နတ္ထိ ကိုယ့်ထက် ချစ်အပ်သောသူမရှိ၊ ကိုယ့်သား သူ့သား ကိုယ့်မယား သူ့မယား စသည့်တို့ဖြင့် အတွင်းအပြင် သန့်ခြားရ ပြင်ပသူတပါး မဟုတ်ဘဲ အတွင်းအနေ၌ ထားအပ် သော မိမိဟုဆိုအပ်သော ကိုယ်ပေတည်း၊ ဤ ကိုယ်ကိုပင်လျှင် ငါ ဟူ၍ ခေါ်သည်။ ။ကိုယ်-ငါ အတူတူ။

www.dhammaransi.com



ထိုကြောင့် အောက်က ပြဆိုခဲ့ပြီးသော ကိုးပါးသော မာတိကာပုဒ်တို့၏အရ ဓမ္မသဘာဝတို့ကို ဤဆိုအပ်ခဲ့ပြီးသောအတိုင်း ဒိဋ္ဌထင်လင်း ထိုးထွင်းသိမြင်ပါလျှင် ငါဟူသော ကိုယ်ကောင် သတ္တဝါ အမာ အနှစ်ပျောက်၍ အနတ္တဝိဇ္ဇာလမ်း ပေါက်တော့သည်၊ ခါတ်ကြီး လေးပါး ခါတ်ကြီး ခြောက်ပါး ဝိညာဏ ခါတ်ခြောက်ပါး ဤခါတ်ဝကို ခါတ်ပေါက်အောင် မြင်လျှင် ငါ ဟူသော ကိုယ်ကောင် အတ္တ ပျောက်လတ္တံ့၊ ထိုခါတ်တို့၏ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာကိုမြင်လျှင် ငါ၏ဥစ္စာ ငါ၏ဟာ ဟူသော အတ္တနိယပျောက်၍ အရိယဝိဇ္ဇာလမ်း သုံးခန်း တိုင် ရောက် ထမြောက် ပြီးစီးလေတော့သည်၊ ထိုအခါ ယောဂီအဖြစ်မှ လွတ်မြောက်၍ တေဝိဇ္ဇာအဖြစ်သို့ ရောက်လေ၏။

---

နိဂုံး

ဤတွင်ရွှေကား-၁၂၆၀-ပြည့်နှစ်နတ်တော်လဆန်း-၄-ရက် ၅-ရက်တွင် ဘီးလင်းမြို့ ကုသိနာရုံဘုရားကိုအဖူးအမြှော်ရောက်သောအခါ ပင်းတောင်ပေါ်ဘုရားမှာ နေသော ရသေ့ဆရာနှင့် တွေ့ကြရ သဏ္ဍာယဒိဋ္ဌိဟုဆိုအပ်သော အတ္တဝါဒုပါဒါန်မြို့ဖျက်ရသောနည်းလမ်းကို ရသေ့ဆရာလျှောက်ထားချက်နှင့် ရွာမြို့ လယ်တီတောကျောင်းဆရာ ငါသည် အတ္တဝါဒုပါဒါန် မြို့ဖျက်ရန် ဝိပဿနာဝိဇ္ဇာပေါက်လမ်းကို ပြဆို ရေးသား လိုက်သော **ဝိဇ္ဇာမဂ္ဂဒီပနီ** ဤ စာကျမ်းသစ်သည် ၁၂၆၀-ပြည့်နှစ် ပြာသိုလဆန်း ၁၂-ရက်နေ့တွင် အပြီးသို့ရောက်သတည်း။

ဝိဇ္ဇာမဂ္ဂဒီပနီ နိဋ္ဌိတာ။

နိဗ္ဗာနပစ္စယော ဟောတု။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ဤကျမ်းကို

သက်တော် ၅၂-နှစ်တွင် စီရင်တော်မူသည်)။

www.dhammaransi.com

# လက္ခဏာဒီပနီ

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**မာတိကာ**။ အယံကာယော၊ ဤ ကိုယ်ကောင်သည်၊ မဟာဓာတုသဏ္ဍယော၊ အထည်ခံ အမာခံဖြစ်သော ဓာတ်ကြီး လေးခု အစုအခဲသာတည်း။ ဆပ္ပသာဒမဏ္ဍော၊ ခြောက်မျိုးသော ဓာတ်ကြည် ဓာတ်လင်း မှဏ်ကြည် မှဏ်လင်း ကိုယ်တွင်းအပြည့် ချယ်လယ်လျက်ရှိ၏။ အဂ္ဂိနဒ္ဓ၊ ဆယ်မျိုးသော ဓာတ်မီးတို့၏ လည်းကောင်း။ ဩဇာနဒ္ဓ၊ ဆယ်မျိုးသော ဓာတ်ဆီတို့၏ လည်းကောင်း။ ဥဒယော၊ အပွားအစီးသာဖြစ်၏။ ယက္ခပုရော၊ ဓာတ်ကြမ်းဓာတ်နု အစုစုကို တခုတန်မှု အကျန်မထားအမြဲစားသော ဘီလူးမျိုး အပြည့်ရှိ၏။ အနိစ္စော၊ အရှည်ခိုင်ခံ့ တည်တံ့နိုင်သော သဘောမရှိ။ ဒုက္ခော၊ သာယာချမ်းမြ သက်သာရာ ရသော အခွင့်မရှိ။ အနတ္တာ၊ ငါ့ကိုယ်ငါ့ကိုယ် စွဲဆိုသမှု အတွင်းပြုထိုက်သော သဘောမရှိ။ အယံ၊ ဤသည်ကား။ မာတိကာ၊ **မာတိကာတည်း**။

**တတ္ထ၊ မာတိကာပုဒ် အပေါင်းတို့တွင်**။ အယံ ကာယော၊ ဤကိုယ်ကောင်သည်။ မဟာဓာတုသဏ္ဍယော၊ အထည်ခံ အမာခံ ဖြစ်သော ဓာတ်ကြီးလေးခု အစုအခဲသာတည်း။ ဣတိ၊ ဤပဌမ မာတိကာပုဒ်၌။ ပထဝီ၊ ဓာတ်မြေလည်းကောင်း။ အာပေါ၊ ဓာတ်ရေလည်းကောင်း။ တေဇော၊ ဓာတ်မီး လည်းကောင်း။ ဝါယော၊ ဓာတ်လေလည်းကောင်း။ ဣမာ၊ ဤလေးပါးတို့သည်။ မဟာဓာတုယော၊ ကိုယ်သဏ္ဌာန်ဖြစ်ရန် အထည်ခံအမာခံ ဓာတ်ကြီးလေးပါးတို့တည်း။ ကက္ခဠကြိယာ၊ ခက်မာသော အမှုသည်

www.dhammaransi.com



လည်းကောင်း။ မုဒု ကြိယာ၊ နူးညံ့သော အမှုသည်လည်းကောင်း။ အယံ၊ ဤ အခြင်းအရာ ကြိယာမျှသည်။ ပထဝီ၊ ပရမတ်နှစ် မြေ အစစ်တို့ပေတည်း။ ဒဗ္ဗံ၊ အဏုမြူနှယ် အနည်းငယ်မျှ အထည်ဒြဗ် ဟူ၍။ နတ္ထိ၊ မရှိ။ နဒိဋ္ဌာ၊ နတ်မျက်စိသော်မှလည်း မြင်ရသော ဓာတ် မဟုတ်။ ကာယ မနေဟိဝါ၊ ကာယဒွါရ မနောဒွါရတို့ဖြင့် သာလျှင်။ ဂယှတိ၊ ယူအပ် သိအပ်၏။

ဗန္ဓနံ၊ တွယ်မှု ကပ်မှု စေးနှဲမှုသည်။ အာပေါ၊ ပရမတ်နှစ် ရေအစစ်ပေတည်း။ ဒဗ္ဗံ၊ အဏုမြူနှယ် အနည်းငယ်မျှ အထည် ဒြဗ်ဟူ၍။ နတ္ထိ၊ မရှိ။ နဒိဋ္ဌော၊ နတ်မျက်စိသော်မှလည်း မြင်ရ သော ဓာတ်မဟုတ်။ နဖုဋ္ဌော၊ တို့၍ ထိ၍ သိရသော ဓာတ်မ ဟုတ်။ မနေန ဝါ၊ မနောဒွါရဖြင့်သာလျှင်။ ဂယှတိ၊ ယူအပ် သိအပ်၏။

ဥဏှတာ၊ ပူသောအမှု။ သီတတာ၊ အေးသောအမှု။ အယံ၊ ဤအမှုသည်သာလျှင်။ တေဇော၊ ပရမတ်နှစ် မီးအစစ်ပေတည်း။ ဒဗ္ဗံ၊ အနုမြူနှယ် အနည်းငယ်မျှ အထည်ဒြဗ်ဟူ၍။ နတ္ထိ၊ မရှိ။ နဒိဋ္ဌော၊ နတ်မျက်စိသော်မှလည်း မြင်ရသော ဓာတ်မဟုတ်။ ကာယ မနေဟိဝါ၊ ကာယဒွါရ မနောဒွါရတို့ဖြင့် သာလျှင်။ ဂယှတိ၊ ယူအပ် သိအပ်၏။

ဝိတ္ထမ္ဘနံ၊ ထောက်ကန်မှုသည် သာလျှင်။ ဝါယော၊ ပရမတ် နှစ် လေအစစ် ပေတည်း။ ဒဗ္ဗံ၊ အဏုမြူနှယ် အနည်းငယ်မျှ အထည်ဒြဗ်ဟူ၍။ နတ္ထိ၊ မရှိ။ နဒိဋ္ဌော၊ နတ်မျက်စိသော်မှလည်း မြင်ရသော ဓာတ်မဟုတ်။ ကာယာမနေဟိဝါ၊ ကာယဒွါရ မနော ဒွါရတို့ဖြင့်သာလျှင်။ ဂယှတိ၊ ယူအပ် သိအပ်၏။

လက္ခဏံ၊ ဓာတ်ကြီးလေးသင်း ဓာတ်ရင်းကို အလင်းမြင် ရန် ပြလိုက်သော လက္ခဏာခေါ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

www.dhammaransi.com



ယသ္မာ၊ အကြင်ကြောင့်။ ဇောတာ၊ ဤလေးပါးသော ခေတ်ကြီး ကို့သည်။ ကြိယမတ္တာ၊ အမူအရာ ကြိယာမျှကို သည်သာ။ ဟောန္တိ၊ ဖြစ်ကုန်၏။ အဒဗ္ဗာ၊ အထည်ဒြပ်ဟူ၍ အဏုမြူမျှ မရှိ ကြကုန်။ သမုဒိတာသုဇေ၀၊ ကုဋေတသိန်းမက စုမိ ခဲမိ ကြကုန် မှသာလျှင်။ ဥဂ္ဂကဏ္ဍာဒိ၊ သန်းဥ သန်းဖြ စသည့်ပညတ် ဒြဗ်ဝတ္ထု အထည်ရုပ်ကိုသည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ ပဗ္ဗယေ၊ ထူးထွေပြောင်းလဲ ချုပ်ပဲကွယ်ပရန် အကြောင်းသည်။ ပတ္တေ၊ ဆိုက်တိုက် ခဲ့သည်ရှိသော်။ ခဏော၊ မျက်တောင်တ ရှက် လျှပ်တပြက်မျှ တခဏတွင်း၌။ ဗဟုဝိကာရော၊ အထွေ ထောင်သောင်း မကသြောင်းအောင် ရွေ့ပြောင်း လဲလှယ် ဘောက်ပြန်လွယ်ရကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**သက်သေကား**—ခက်မာသောချိပ်ခဲကို မီးကင်ရာ ခဏခြင်း ပြော့ပျောင်း၍ အရည်ဖြစ်ရာ၌ မီးထိသောအခါမှစ၍ မာမှုဆုတ် ယုတ်ရွေ့ပြောင်း၏၊ မျက်တောင်တခတ်အတွင်းမှာပင် အဆင့် ဆင့် အခါခါ တရာ တထောင်မက ဆုတ်ယုတ် ပြောင်းလဲချက် များ၏၊ ပြောင်းလဲချက် အထွေတရာရှိလျှင် ကြေပျက် ကွယ် ပျောက်သော ပထဝီတရာ, အသစ်အသစ် နောက်ဖြစ် ပထဝီ ပေါင်း တရာ,ပြောင်းလဲချက် အထွေတထောင်ရှိလျှင် ကြေပျက် ကွယ်ပျောက်သော ပထဝီပေါင်း တထောင်, အသစ်အသစ် နောက်ဖြစ် ပထဝီပေါင်း တထောင်,ရိပ်ရိပ် ရိပ်ရိပ် အဆင့်ဆင့် ကြေပျက်ကွယ်ပျောက်၍ သွားချက်တွေကို အတပ်မြင်အောင် ကြည့်နိုင်ပါလျှင် မာမှုဟူသော မြေဓာတ်၏ အနှစ်မရှိကြောင်း ကြေမှု ပျက်မှု လျင်မြန်ကြောင်း အသိဉာဏ်တွင် ထင်ရှားသာ လိမ့်မည်၊ ရှေးရှေးမာချက်တို့ အဆက်ဆက် ကြေပျက်ရာ၌ လည်း ထိုမာချက် အမှုတို့နှင့်အတူ ဖွဲ့ရှက်ဖြစ်ဘက် ပျက်ဘက် ဖြစ်ကုန်သော ရေဓာတ်, လေဓာတ်, မီးဓာတ်တို့လည်း ကြေ ပျောက်လေရာ အတူပါကြလေကုန်၏၊ အသင်အသစ် ဖြစ်ပေါ် လာသော မာမှုတို့ကား မီး၏ဒဏ်ကြောင့် တဆင့်ထက်တဆင့်

www.dhammaransi.com



နှံ့၍ နှံ့၍ သွားကုန်၏၊ ရေဓာတ်မှာလည်း ဖွဲ့မှု တွယ်မှုအဆင့် ဆင့် ကြေပျက်၍သွားပုံကို အတပ်မြင်နိုင်စေ၊ မီးဓာတ်မှာလည်း အေးမှု နွေးမှုအဆင့်ဆင့်ချုပ်ကွယ်၍, ပူမှု လောင်မှု အဆင့်ဆင့် အသစ်အသစ် တိုးတက်ဖြစ်ပွား၍, သွားပုံကို အတပ်မြင်စေ၊ လေဓာတ်မှာလည်း ငုပ်လေရ အဆင့်ဆင့်ချုပ်၍,ပွလေ ရွလေ ရ အဆင့်ဆင့်ဖြစ်ပေါ် လာပုံကို အတပ်မြင်စေ၊ တဘန် မီးငြိမ်း ပြန်လျှင် အချည်းမှ အခဲ ဖြစ်မြဲဖြစ်ပြန်လေ၏၊ နှံ့သောမြေဓာတ် မှု အဆင့်ဆင့်ကွယ်၍ ထက်သောမြေဓာတ်မှု အဆင့်ဆင့်ဖြစ်ပေါ် ပြန်၏။

ထက်သန်သော ရေဓာတ်, မီးဓာတ်, လေဓာတ်တို့ အဆင့် ဆင့် ကွယ်ပျောက်၍ နှံ့သော ရေဓာတ်, မီးဓာတ်, လေဓာတ် တို့ အဆင့်ဆင့်ဖြစ်ပေါ်ပြန်၏၊ မျှပ်ခဲဖြစ်မြဲဖြစ်ပြန်၏၊ ဤ၌လည်း နှံ့သောမာမှု အဆင့်ဆင့်ချုပ်ပျောက်၍ ထက်သောမာမှု အသစ် အသစ်ဖြစ်ပေါ်ပုံ, စိုစွတ်မှု ပူလောင်မှု ပွရွမှု အဆင့်ဆင့်ကွယ် ပျောက်၍ ဖွဲ့စည်းမှု ပူအေးမှု တောင့်တင်းမှု အသစ်အသစ်ဖြစ် ပေါ်ပုံများကို မြင်တတ်စေ၊ ဤမျှပ်ခဲ၌ အထည်မဟုတ်သော မဟာဘုတ်လေးပါးတို့၏ ဓာတ်မှုကိုလည်းကောင်း, ချုပ်ကွယ် မှု လျှင်မြန်ပုံကိုလည်းကောင်း, အတပ်အလင်း မြင်နိုင်ပါလျှင် သတ္တဝါကောင်ဖြစ်၍နေသော မဟာဘုတ်, တော တောင် ရေ မြေဖြစ်၍နေသော မဟာဘုတ်တို့၏ ဓာတ်မှု ချုပ်ကွယ်ခြင်း လျှင်မြန်မှုများကို အတပ်အလင်း မြင်နိုင်လိမ့်မည်၊ တခုတခု သော မဟာဘုတ်၏ အနှစ်သာရ မရှိကြောင်းကိုလည်း ထင်နိုင် လိမ့်မည်၊ ဤမျှပ်ခဲ ဖြစ်၍နေသော မဟာဘုတ်တို့သည် နိုင် လောက်သော မီးဘိစီးသောအခါ ခဏခြင်း ဖရိုဖရဲ ပြိုကွဲပျက် ပြားကြကုန်သကဲ့သို့ ထိုအတူ ကမ္ဘာမီး ကမ္ဘာရေ ကမ္ဘာလေ အစရှိသော နိုင်လောက်သော ဝိရောဓိပစ္စည်း ဘိစီးခဲ့လေလျှင် မြင်းမိုရ်တောင် စကြဝဠာတောင် မဟာပထဝီ မြေဖြစ်၍

www.dhammaransi.com



နေသောမဟာဘုတ်တို့၌လည်း ခဏခြင်း ခဏခြင်း ဖရိုဖရဲ ပြိုကွဲပျက်ပြားနိုင်ရန် အခွင့်ကို မြင်လိမ့်မည်။

သတ္တဝါကောင် သတ္တဝါ၏ အင်္ဂါကြီးငယ် ဖြစ်၍နေသော မဟာဘုတ်တို့၌ကား ဆိုဘွယ်မရှိ၊ နိုင်လောက်သော ဝိရောဓိ ပစ္စည်း ဘိစီးခဲ့လျှင် အထင်အလင်း ခဏခြင်းဘောက်ပြန်ချက်မှာ မျက်မြင်ဒိဋ္ဌ ဖြစ်တော့သည်၊ ဤမဟာဘုတ်တို့သည် အထည် ဒြဗ်ဟူ၍ အကျအမြဲမျှ မရှိကြကုန်ဟူသော အချက်, အနှစ်သာရ မရှိကြ၍ တခဏခြင်း ယိုယွင်းပျက်ပြား နိုင်ကြကုန်၏ဟူသော အချက် ဤ အချက်များသည် နက်နဲလှ၏၊ အတပ်ဒိဋ္ဌ မြင်နိုင်ခဲလှ၏၊ ဤနှစ်ချက်ကို အတပ်ဒိဋ္ဌ မြင်နိုင်မှလည်း နက်နဲသောအနိစ္စ သဘော, နက်နဲသောဒုက္ခသဘော, နက်နဲသောအနတ္တသဘော များကို မြင်နိုင်မည်၊ ဤနှစ်ချက်ကို အတပ်ဒိဋ္ဌ မမြင်နိုင်ခဲ့လျှင် အတုအပ အနိစ္စ, အတုအပ ဒုက္ခ, အတုအပ အနတ္တနှင့် တဘဝ ပြီးရကုန်တော့သည်။

ဝိကာရော၊ ဘောက်ပြန်ချုပ်ပျက် လျင်မြန်ချက်ကို သက်သေနှင့် တကွ အလင်းပြသော ဝိကာရပိုင်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

**ပထဝီ**။အဃံကာယော၊ ဤကိုယ်ကောင်သည်။တေသံ၊ထိုမာမှု စေးမှု အေးမှု ပူမှု ပွရွလှုပ်ရှားမှုဟူကုန်သော မဟာဘုတ်တို့၏။ သင္ဃာယော၊အစုံအခဲသည်။ဟောတိ၊ဖြစ်၏ကထံဟောတိ၊အဘယ် သို့ဖြစ်သနည်းဟူမူ။ ကေသော၊ ဆံပင်ဟူသော မြေအစုလည်း ကောင်း။ လောမံ၊ မွေးညှင်း ဟူသော မြေအစုလည်းကောင်း။ နခါ၊ ခြေသည်း လက်သည်း ဟူသော မြေအစု လည်းကောင်း။ ဒန္တော၊ သွားရိုးဟူသော မြေအစုလည်းကောင်း။ တစော၊ အရေဟူသော မြေအစု လည်းကောင်း။ မံသံ၊ အသားဟူသော မြေအစုလည်းကောင်း။ နှာရု၊ အကြောဟူသော မြေအစုလည်း ကောင်း။ အဋ္ဌိ၊ အရိုးဟူသော မြေအစုလည်းကောင်း။ အဋ္ဌိမိဉ္ဇ၊

**သုမင်္ဂလဝတီ-၇၁၁-၁၁**

www.dhammaransi.com



ခြင်ဆီဟူသော မြေအရလည်းကောင်း။ ဝဏ္ဏံ၊ အညှိုဟူသောမြေအရလည်းကောင်း။ဟာဒယံ၊ နှလုံးဟူသောမြေအရလည်းကောင်း။ ယကနံ၊ အသည်းဟူသော မြေအရလည်းကောင်း။ ကိလောမကံ၊ အမြှေးလွှာဟူသော မြေအရလည်းကောင်း။ပိဟကံ၊အဖျဉ်းဆောင်းထပ် ဟူသော မြေအရလည်းကောင်း။ ပပ္ဖါသံ၊ အဆုတ်ဟူသော မြေအရ လည်းကောင်း။ အန္တံ၊ အူမဟူသော မြေအရလည်းကောင်း။ အန္တဂုဏံ၊ အူသိမ် အူနှုဟူသော မြေအရလည်းကောင်း။ ဥဒရိယံ၊ အစာသစ်ဟူသော မြေအရလည်းကောင်း။ ကရီသံ၊ အစာဟောင်းဟူသော မြေအရလည်းကောင်း။ မတ္ထလုင်္ဂံ၊ ဦးနှောက်ဟူသော မြေအရလည်းကောင်း။ ဣမေ၊ ဤနှစ်ဆယ်သော မြေအရတို့သည်။ ပထဝီ၊ မြေရ မြေခဲတို့သာတည်း။

ပထဝီစ၊မြေသည်လည်း၊သိလာ၊ကျောက်မျိုးလည်းကောင်း။ ပသု၊ သဲမျိုးလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွိဓာ၊ နှစ်ပါးအပြားရှိ၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ နခါ၊ နှစ်ဆယ်သော ခြေသည်းလက်သည်းတို့ လည်းကောင်း။ ဒန္တာ၊ သုံးဆဲ့နှစ်ချောင်းသော သွားရိုးတို့ လည်းကောင်း။ အဋ္ဌိ၊ သုံးရာသော အရိုးတို့လည်းကောင်း။ ဣမေ၊ ဤ သုံးရာ့ ငါးဆဲ့နှစ်ခုသော မြေတို့သည်။ သိလာ၊ ကျောက်မြေတို့ပေတည်း။ သေသာ၊ ကြွင်းသောမြေတို့သည်။ ပံသု၊ သဲမြေတို့ပေတည်း။

ဥဋ္ဌိတော၊ ပေါ်သောဓာတ်။ သယိတော၊ ဝပ်သော ငုပ်သောဓာတ်။ မန္ဒော၊ နံ့သောဓာတ်။ သမော၊ မျှသောဓာတ်။ ဣတိ၊ ဤသို့။ အဝတ္ထာ၊ ဓာတ်၏အခိုက်အတန့်တို့သည်။ စတဿော၊ လေးမျိုးတို့တည်း။ ဣမေသု၊ ဤနှစ်ဆယ်သော အရတို့၌။ ပထဝီ၊ မြေသည်။ ဥဋ္ဌိတာ၊ပေါ်ဓာတ်တည်း။ဝါယော၊ လေသည်။သယိတော၊ ဝပ်ဓာတ် ငုပ်ဓာတ်တည်း။ အာပေါ၊ ရေသည်။ မန္ဒော၊ နံ့ဓာတ်တည်း။ တေဇော၊ မီးသည်။ သမော၊ မျှဓာတ်တည်း။

www.dhammaransi.com



ဣမေသု၊ ဤ ဆံအစရှိသော နှစ်ဆယ်သော အစုတို့၌။ မဇ္ဈေ၊ နှံ့သော။ ယော အာပေါ၊ အကြင် ရေဓာတ်သည်။ အတ္ထိ၊ ရှိ၏။ ပစ္စယေ၊ ရေဓာတ်ကို နှီးနှိုင်သော အကြောင်းသည်။ ပစ္စေ၊ ကြုံကြိုက်ခဲ့သည်ရှိသော်။ သော၊ ထိုနှံ့သော ရေဓာတ်သည်။ ဥဗ္ဗဟိဿတိ၊ ပေါ်လတ္တံ့။ ကာယော၊ တကိုယ်လုံးသည်။ ဇလရာသိ၊ ရေအစုသည်။ ဟုတွာ၊ ဖြစ်၍။ သန္ဒိဿတိ၊ စီးသွားလတ္တံ့။ ပစ္စယေ၊ မီးဓာတ်ကို နှီးနှိုင်သော အကြောင်းသည်။ ပစ္စေ၊ ကြုံကြိုက်ခဲ့သည် ရှိသော်။ တေဇော၊ မီးဓာတ်သည်။ ဥဗ္ဗဟိဿတိ၊ ပေါ်လတ္တံ့။ ကာယော၊ တကိုယ်လုံးသည်။ အဂ္ဂိရာသိ၊ မီးအစုသည်။ ဟုတွာ ဖြစ်၍။ ဇလိဿတိ၊ တောက်လတ္တံ့။ ဈာယိဿတိ၊ ကျွမ်းလတ္တံ့။ ပစ္စယေ၊ လေဓာတ်ကိုနှီးနှိုင်သောအကြောင်းသည်။ ပစ္စေ၊ ကြုံကြိုက်ခဲ့သည်ရှိသော်။ ဝါယော၊ လေဓာတ်သည်။ ဥဗ္ဗဟိဿတိ၊ ပေါ်လတ္တံ့။ ကာယော၊ တကိုယ်လုံး သည်။ ဝါတရာသိ၊ လေအစုသည်။ ဟုတွာ၊ ဖြစ်၍။ ဝိကိရိဿတိ၊ ဖလွှါကြဲသွားလတ္တံ့။

အပိစ၊ ဆိုခွင့်အထူးကား။ ဒွိသု၊ နှစ်ပါးကုန်သော။ ပထဝီသု၊ ကျောက်မြေ နုံ့မြေတို့တွင်။ သိလာ၊ ကျောက်မြေသည်။ အဇ္ဈတ္တံ၊ အဇ္ဈတ္တကျောက်မြေလည်းကောင်း။ ဗဟိဒ္ဓါ၊ ဗဟိဒ္ဓ ကျောက်မြေလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွိဓာ၊ နှစ်ပါးအပြားရှိ၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ သတ္တာ၊ သတ္တဝါသန္တာန်ဝယ် အထည်ခံအမာခံ ဖြစ်ကုန်သောသွားရိုး ဦးခေါင်းရိုးအစရှိသောကျောက်တို့သည်။ အဇ္ဈတ္တံ၊ အဇ္ဈတ္တကျောက်တို့ပေတည်း။ ဣတရေ၊ ဤမှတပါးသော တော တောင် ရေ မြေ၌ရှိသောကျောက်တို့သည်။ ဗဟိဒ္ဓါ၊ အပကျောက်တို့တည်း။

ဣဒဥ္စ၊ ဤသို့ အဇ္ဈတ္တ ဗဟိဒ္ဓ ဝေါဟာရ နှစ်ပါး ခြားနားမှုသည်လည်း။ မိဿာမောနံ၊ တဏှာ မာန ဒိဋ္ဌိဟူကုန်သောအယုတ်တမာ ဓာတ်မိဿာတို့၏။ ကမ္မံ၊ အမှုပေတည်း။ ဧကန္တတော၊

www.dhammaransi.com



အမှန်စင်စစ်အားဖြင့်။ အဇ္ဈတ္တံနာမ၊ အတွင်းမှန်လှ အဇ္ဈတ္တတရား မည်သည်။ နတ္ထိ၊ မရှိ။ တတ္ထ၊ ထိုနှစ်မျိုးသော ကျောက်တို့တွင်။ သတ္တာ၊ သတ္တဝါဝယ် အမာခံဖြစ်၍နေသော ကျောက်တို့သည်။ သြဠာရိကာ၊ ကျောက်ကြမ်းတို့လည်းကောင်း။ သုခုမာ၊ ကျောက်နုတို့လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွိဓာ၊ နှစ်ပါး အပြားရှိကုန်၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ အပါယိကာ၊ နွား ကျွဲ ဆင်မြင်း စသော အပါယ်ဘုံသားသန္တာန်ဝယ် အမာခံ ဖြစ်သော အရိုးကျောက်တို့သည်။ သြဠာရိကာ၊ ကျောက်ကြမ်းတို့ ပေတည်း။ မနုဿာ၊ လူ့ဘို့ကိုယ်ဝယ်အမာခံဖြစ်သောအရိုးကျောက်တို့သည်။ သုခုမာ၊ သိမ်မွေ့သောကျောက်နုတို့ပေတည်း။ တတော၊ ထိုလူကျောက်ထက်။ စာတုမဟာရာဇိကာ၊ စာတုမဟာရာဇ် ကျောက်မျိုးတို့သည်။ သုခုမာ၊ နူးညံ့ကုန်၏။

အပိစ၊ ဆိုခွင့် အထူးကား။ တေသု၊ ထိုစာတုမဟာရာဇ် ကျောက်မျိုးတို့တွင်။ ဝိနိပါတိကာ၊ ဝိနိပါတိကခေါ် ဆိုရသော နတ်ဝိမ်း နတ်ဝါး သူရဲ သဘက် တစ္ဆေ မှင်စာ စသော ကျောက်မျိုးတို့သည်လည်းကောင်း။ ရက္ခသာ စာတုမဟာရာဇ်၏ အပါဖြစ်ကုန်သော ငရဲထိန်း ပြိတ္တာထိန်းစသော ရက္ခိုသ် ဘီလူးတို့သည်လည်းကောင်း။ သြဠာရိကာ၊ ကျောက်ကြမ်း မျိုးတို့သာတည်း။ တတော၊ ထိုစာတုမဟာရာဇ်နတ်ကောင်းဖြစ်သော ကျောက်မျိုးတို့ထက်။ တာဝတိံသာ၊ တာဝတိံသာနတ် ခေါ်ဆိုအပ်သော ကျောက်မျိုးတို့သည်။ သုခုမာ၊ သိမ်မွေ့နူးညံ့ကုန်၏။ ဧဝံ၊ ဤနည်းအတူ အကနိဋ္ဌပြဟ္မာ့သန္တာန် အမာခံကျောက်မျိုးတိုင်အောင်။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ ဣတော၊ ဤ အကနိဋ္ဌ ပြဟ္မာ့ဘုံမှ။ ဥပရိ၊ အထက်၌။ ပထဝီခေတ္တံ၊ မြေခေတ် မြေနယ်သည်။ နတ္ထိ၊ မရှိ။ ပံသုပိ၊ ဿုံမြေသည်လည်း။ အဇ္ဈတ္တံ၊ အဇ္ဈတ္တ ဿုံလည်းကောင်း။ ဗဟိဒ္ဓါ၊ ဗဟိဒ္ဓ ဿုံလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွိဓာ၊ နှစ်ပါး ပြား၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ သတ္တာ၊ သတ္တဝါသန္တာန်ဝယ် အမံ အမွန်း ဖြစ်ကုန်သော နှလုံးခဲ အဆုတ်ခဲ အသည်း

ယ္သာ အဒ္ဒုယ္သာ ကိုးရာသောအသား အစရှိကုန်သော ရွှံ့မျိုးတို့သည်။ အဗ္ဗုဒ္ဒုတ္တံ၊ အဗ္ဗုဒ္ဒုတ္တ ရွှံ့မျိုးတို့ပေတည်း။ ဗဟိဒ္ဓါ၊ ဗဟိဒ္ဓ ရွှံ့မျိုးတို့သည်။ ပါကဋာ၊ ထင်ရှားကုန်ပြီ။ အပါယတော၊ နွား ကျွဲ ဆင် မြင်း စသော အပါယ်ရွှံ့တုံး ရွှံ့ခဲတို့မှ။ အကနိဋ္ဌာ၊ အကနိဋ္ဌ ဗြဟ္မာ့သန္တာန် အမံအမွန်းဖြစ်သော ရွှံ့တုံး ရွှံ့ခဲတိုင်အောင်။ ဥပရူပရိ၊ တဆင့်ထက် တဆင့်။ သုခုမဘာဝေါစ၊ သိမ်မွေ့သော အဖြစ်ကိုလည်း။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဣမေ၊ ဤနှစ်မျိုးသော ကျောက်မြေ ရွှံ့မြေတို့သည်။ နိဿတ္တာ၊ သူသူ ငါငါ သတ္တဝါမဟုတ်ကုန်။ နိဇ္ဇီဝါ၊ အရှင်မဟုတ်ကုန်။ အစေတနာ၊ ကြံမှု, သိမှု, စေ့ဆော်မှု မရှိကြကုန်။

ပထဝီ၊ မြေဓာတ်ကိုဆိုသော အခန်းသည်။ နိဋ္ဌိတာ၊ ပြီးပြီ။

---

**အာပေါ**။ ပိတ္တံ၊ သည်းခြေရည် သည်းခြေခဲလည်းကောင်း။ သေမှံ၊ သလိပ်ရည် သလိပ်ခဲ လည်းကောင်း။ ပုဗ္ဗော၊ ပြည်ရည် ပြည်ခဲ လည်းကောင်း။ လောဟိတံ၊ သွေးရည် သွေးခဲ လည်းကောင်း။ သေဒေါ၊ ချွေးရည် ချွေးခဲ လည်းကောင်း။ မေဒေါ၊ အဆီပြင် အဆီခဲလည်းကောင်း။ အဿု၊ မျက်ရည် ကြည် မျက်ရည်ခဲလည်းကောင်း။ ဝသာ၊ အဆီကြည် လည်းကောင်း။ ခေဠော၊ တံတွေးရည် တံတွေးခဲ လည်းကောင်း။ သိင်္ဃာဏိကာ၊ နှာရည်ကြည် နှာရည်ခဲလည်းကောင်း။ လသိကာ၊ လက်ဆစ် ခြေဆစ်ဟူသော အစေးလည်းကောင်း။ မုတ္တံ၊ ကျင်ငယ် လည်းကောင်း။ ဣမေ၊ ဤတဆဲ့နှစ်ပါးသော အရည် အခဲ အချွဲ အစေးတို့သည်။ အာပေါ၊ ရေအစုတို့ပေတည်း။

အာပေါစ၊ ရေသည်လည်း။ မဓုရော၊ ရေချိုလည်းကောင်း။ လောဏော၊ ရေငံလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွိဓာ၊ နှစ်ပါး ပြား၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဣမေ၊ ဤတဆဲ့နှစ်ပါးသော ရေအစုတို့သည်ကား။ လောဏာယေဝ၊ ရေငံသက်သက်တို့

www.dhammaransi.com



သာတည်း။ ဣမေသု၊ ဤတဆဲ့နှစ်ပါးသောရေအရပ်တို့၌။အာပေါ၊ ရေဓာတ်သည်။ ဥဠာရတော၊ ပေါ်၏။ ဝါယော၊ လေဓာတ်သည်။ သဏ္ဌိတော၊ ငုပ်၏။ ပထဝီ၊ မြေဓာတ်သည်။ မန္ဒော၊ နှံ့၏။ တေဇော၊ မီးဓာတ်သည်။ သမော၊ မျှ၏။ ဣမေသု၊ ဤတဆဲ့နှစ်ပါးသော ရေအရပ်တို့၌။ ယာပထဝီ၊ အကြင်နှံ့သော မာမှုဟူသော မြေဓာတ်သည်။ အတ္ထိ၊ ရှိ၏။ ပစ္စယော၊ မြေဓာတ်ပေါ်ရန် အကြောင်းသည်။ ပတ္တော၊ ကြုံကြိုက်ခဲ့သော်။ သာပထဝီ၊ ထိုမြေဓာတ်သည်။ ဥဠာရဟိသာတိ၊ ပေါ်လတ္တံ့။ တော၊ ထိုတဆဲ့နှစ်ပါးသော အရည်အစေးတို့သည်။ ထဒ္ဓါ၊ အမာအခက် တခဲနက်သော မြေမှုန့် မြေပိုင်တို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ တေဇော၊မီးဓာတ်သည်။ ဥဠာရာဟေ၊ ပေါ်သည်ရှိသော်။ဇာလာ၊ မီးတောက် မီးလျှံတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ဝါယော၊ လေဓာတ်သည်။ ဥဠာရာဟေ၊ ပေါ်သည်ရှိသော်။ ဝိကိရိဿန္တိ၊ ဖရိုဖရဲ ကြဲကုန်လတ္တံ့။ ပထဝိသု၊မာမှုဟူသော မြေဓာတ်တို့ကို။ အာပေန၊ တွယ်မှု ကပ်မှုဟူသော ရေဓာတ်သည်။ ပိဏ္ဍိတာသု၊ ပေါင်းဖွဲ့အပ်ကုန်မှုသာလျှင်။ တာ၊ ထိုကျောက်မြေ ရွှံ့မြေတို့သည်။ ခန္ဓဘာဝံ၊ သွားရိုး ဦးခေါင်းရိုးစသော ကျောက်တုံး ကျောက်ခဲ နှလုံးသား မျက်လုံးသားစသော ရွှံ့တုံး ရွှံ့ခဲအဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်နိုင်ကြကုန်၏။

အယံပိ၊ ဤရေဓာတ်သည်လည်း။ အဏ္ဏဝတ္တ ဗဟိဒ္ဓ ဝသေန၊ အဏ္ဏဝတ္တရေ ဗဟိဒ္ဓရေတို့၏ အစွမ်းဖြင့်။ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ သတ္တသန္တာန ဘူတာ၊ သတ္တဝါရည် သတ္တဝါစေးဖြစ်၍ ဖြစ်ကုန်သော ရေဓာတ်တို့သည်။ အဏ္ဏဝတ္တံ၊ အဏ္ဏဝတ္တရေမည်ကုန်၏။ ဗဟိဒ္ဓါ၊ ဗဟိဒ္ဓရေတို့သည်။ ပါကဋာ၊ ထင်ရှားကုန်ပြီ။ အပါယတော၊ အပါယ်ဘုံရှိ သတ္တဝါရည် သတ္တဝါစေးဘို့မှ။ ပဋ္ဌာယ၊ စ၍။ အကနိဋ္ဌာ၊ အကနိဋ္ဌ ဗြဟ္မာရည် ဗြဟ္မာစေးတိုင်အောင်။ ဥပရူပရိ၊ တဆင့်ထက် တဆင့်။ ဩဠာရိက သုခုမတာ၊ အကြမ်း အနု ဝေဘန်မှုကို။

www.dhammaransi.com



ဉာတပ္ပဲ၊ သိအပ်၏။ ရူပမေ၊ ဤရေခါတ်တို့သည်။ နိဿတ္တာ၊ သူ သူ ငါငါ သတ္တဝါ မဟုတ်ကုန်။ နိဇ္ဇီဝါ၊ အရှင်မဟုတ်ကုန်။ အစေ တနာ၊ ကြံမှု, သိမှု, စေ့ဆော်မှု မရှိကုန်။

အာပေါ၊ ရေခါတ်ကိုဆိုသော အခဏ်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

**တေဇော။** ဉသ္မာ၊ တကိုယ်လုံးကို ပေါင်းနွေးလျက် သွေး သည်းခြေ လေ သလိပ်ကို ကြည်လင်စေမှု စောင့်ထိန်းပြုသော ဉသ္မာမည်သော ကိုယ်စောင့် ခါတ်မီး လည်းကောင်း။

(အာယု ဉသ္မာစ ဝိညာဏံ ဟူ၍ ခန္ဓ သံယုတ်ကျမ်း၌ ဟော တော်မူသော ကိုယ်စောင့်တရား သုံးပါးတွင် ပါဝင်ပေသော ဉသ္မာပေတည်း၊ အာယု၊ ဇီဝိတိန္ဒြေ။ ဉသ္မာ၊ ကိုယ်ငွေ့ဟူသော ကမ္မဇခါတ်မီး။ ဝိညာဏံ၊ ဘဝင်ဝိညာဏ်။ ကိုယ်စောင့် တရား သုံးပါး)။

ပါစကော၊ မျိုမျိုသမျှ အာဟာရကို ကြေမွနူးနပ် ကျိုချက် လတ်၍ ခါတ်ကြည့်ခါတ်နှစ် အဆီစစ်သော ပါစက ခါတ်မီး လည်းကောင်း။ ဇီရဏံ၊ ပျိုမြစ်နုနယ်သော အရွယ်အဆင်းတို့ကို ဟောင်းမြင်းရင့်ရော်အိုရှုပ်ပေါ်အောင် အမြဲလောင်သောဇီရဏ ခါတ်မီးလည်းကောင်း၊ သန္တာပေါ၊ ရက်ဆက်ရက်ခြားဖျားတုံ့ ပူတုံ ကျင်ထုံ ညှောင်းညာ ကိုက်ခဲစွာ၍ သန္တာပ မည် သော အပူခါတ်မီးလည်းကောင်း။ ဒါဟော၊ သွေး သည်းခြေ တို့ကိုအနေပျက်အောင် အကျက်လောင်၍ ပေါက်နာ ကျောက် မာ နူနာ ဂူနာ ရောဂါဆန်းရိုး အမျိုးမျိုးကို ပြုတတ်သော ဒါဟ မည်သော အပူခါတ်မီး လည်းကောင်း။ ရူပမေ၊ ဤငါးပါး သော အစုတို့သည်။ တေဇာ၊ မီးအစုတို့တည်း။

www.dhammaransi.com



တေဇော စ၊ မီးသည်လည်း၊ အင်္ဂါရော၊ မီးစာအထဲ အနှံ့စွဲ၍ ရဲရဲညီးညီး လောင်သော မီးလည်းကောင်း။ ဇာလံ၊ မီးတောက် မီးလျှံလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွိဓာ၊ နှစ်ပါးပြား၏။ ဣမေ၊ ဤငါးပါးသော မီးတို့ကား။ အင်္ဂါရော၊ စွဲမီး ခဲမီးတို့သာတည်း။ ဣမေသု၊ ဤငါးပါးသော မီးအစုတို့၌။ တေဇော၊ မီးဓာတ်သည်။ ဥဏှတော၊ ပူ၏။ အာပေါ၊ ရေဓာတ်သည်။ သယိတော၊ ငုပ်၏။ ပထဝီ၊ မြေဓာတ်သည်။ မန္ဒော၊ နုံ့၏။ ဝါယော၊ လေဓာတ်သည်။ မဇ္ဈတ္တော၊ လျစ်လျူရှိ၏။ ဣမေသု၊ ဤငါးပါးသောမီးအစုတို့၌။ တယော၊ သုံးပါးကုန်သော မြေဓာတ် ရေဓာတ် လေဓာတ်တို့သည်။ လဒ္ဓပစ္စယာ၊ အကြောင်းထူးကို ရကြပါကုန်မူကား။ ဥဗ္ဗဟိဿန္တိ၊ ထကြွ ပေါ်ကြကုန်လတ္တံ့။ ဣမေ၊ ဤမီးအစုတို့သည်။ ပံသုဝါ၊ မြေမှုန့်တို့သည်မူလည်း။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဇလဓာရာဝါ၊ ရေအယဉ်တို့သည်မူလည်း။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဝါတရာသိဝါ၊ လေအစုတို့သည်မူလည်း။ ဟုတွာ၊ ဖြစ်၍။ လယိဿန္တိ၊ လွင့်ကုန်လတ္တံ့။ တေဇေန၊ ဓာတ်မီးသည်။ နိစ္စံ၊ အမြဲ။ သေဒိတာဧဝ၊ ပေါင်းနွေးကုန်မှသာလျှင်။ ပထဝါဒယော၊ မြေဓာတ် ရေဓာတ် လေဓာတ်တို့သည်။ ထိရာ၊ မပုပ်မသိုး မညှိုးမနွမ်း ရှင်လန်းတောင့်တင်းစွာ တည်နိုင်ကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အယံပိ၊ ဤမီးဓာတ်သည်လည်း။ အဇ္ဈတ္တ ဗဟိဒ္ဓဝသေန၊ အဇ္ဈတ္တမီး ဗဟိဒ္ဓမီးတို့၏ အစွမ်းဖြင့်။ ဒွိဓာ၊ နှစ်ပါးအပြားရှိ၏။

(သတ္တဝါကောင်မှာ မီးဓာတ်မစောင့်လျှင် ရေဓာတ်ငုပ်လျက် မြေဓာတ်ပျက်၍ တခဏခြင်း ယိုယွင်းပျက်စီးသည်၊ ထို့ကြောင့် လူကောင် လူခဲ နတ်ကောင် နတ်ခဲ ဗြဟ္မာကောင် ဗြဟ္မာခဲ ဖရိုဖရဲ ပြိုကွဲပျက်ပြားမသွားရအောင် စောင့်ရှောက်သော မီးဓာတ်သည် အဇ္ဈတ္တမီးမည်၏။ အပမီးစုသည် ဗဟိဒ္ဓမီးမည်၏။ သြဠာရိက, သုခုမ-ဆိုမြဲ။ အကနိဋ္ဌ ဗြဟ္မာ့ကိုယ်ငွေ့သည် အသိမ်မွေ့ဆုံးဖြစ်၏)။

www.dhammaransi.com



ဏ္ဍမေဝ၊ ဤခေတ်မီး တို့သည်လည်း။ နိဿတ္တာ၊ သူသူငါငါ သတ္တဝါမဟုတ်ကုန်။ နိဇ္ဇီဝါ၊ အရှင်မဟုတ်ကုန်။ အစေတနာ၊ ကြံမှု, သိမှု, စေ့ဆော်မှု မရှိကုန်။

တေဇော၊ မီးခေတ်ကိုဆိုသော အခဏ်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

**ဝါယောဒ။** အဿာသော၊ ဝင်သက် လေလည်းကောင်း။ ပဿာသော၊ ထွက်သက်လေ လည်းကောင်း။ ဗလံ၊ အားခွန်ဗလ ခေါ်ဆိုကြသော ဗလခေတ်လေ လည်းကောင်း။ ထမ္ဘနံ၊ ဖြစ်ဘက်ကလာပ် သဟဇာတ်ကို ကြပ်မကြိုးပမ်း ပင့်ချီထမ်းသော ထမ္ဘနခေတ် လေလည်းကောင်း။ ခရဏံ၊ ပင့်ချီသမျှ သဟဇကို မကျလေအောင် တန့်စားဆောင်သော ခရဏ ခေတ်လေ လည်းကောင်း။ စလနံ၊ ကိုယ်အင်္ဂါကို တည်ရာ‌ရွေ့စေ လှုပ်ရှားပေသော စလန ခေတ်လေ လည်းကောင်း။ ဂမနံ၊ သွားလိုသောအခါ ဖြစ်ပေါ်လာသော ဂမနခေတ်လေ လည်းကောင်း။ ဌာနံ၊ တန့်တန့်ကြပ်ကြပ် ရပ်လိုသောအခါ ဖြစ်ပေါ်လာသော ဌာနခေတ်လေ လည်းကောင်း။ နိသဇ္ဇံ၊ ထိုင်လိုသောအခါ ဖြစ်ပေါ်လာသော နိသဇ္ဇ ခေတ်လေ လည်းကောင်း။ သယနံ၊ လျောင်းလိုသောအခါ ဖြစ်ပေါ်လာသော သယန ခေတ်လေ လည်းကောင်း။ ဥက္ခေပေါ၊ ကိုယ်အင်္ဂါကို ချီမြှောက်လိုကာ ဖြစ်ပေါ်လာသောဥက္ခေပ ခေတ်လေ လည်းကောင်း။ နိက္ခေပေါ၊ ကိုယ်အင်္ဂါကို ပစ်ချလိုကာ ဖြစ်ပေါ်လာသော နိက္ခေပခေတ် လေ လည်းကောင်း။ ဝိက္ခေပေါ၊ ထိုမှ ဤမှ ဓိလာအရပ် ပစ်လိုလတ်ကာ ဖြစ်ပေါ်လာသော ဝိက္ခေပ ခေတ်လေ လည်းကောင်း။ သမိဉ္ဇနံ၊ ကိုယ်အင်္ဂါကို ကွေးလိုကောက်လို သိမ်းပိုက်လိုကာ ဖြစ်ပေါ်လာသောသမိဉ္ဇနခေတ်လေလည်းကောင်း၊ ပသာရဏံ၊ ဆန့်တန်းလိုကာ ဖြစ်ပေါ်လာသော ပသာရဏခေတ်လေလည်းကောင်း။ ဂဟဏံ၊ ကိုင်လိုဆွဲလိုသောအခါ ဖြစ်ပေါ်လာသော

www.dhammaransi.com



ဂဟာဏ ခါတ်လေလည်းကောင်း။ အာကာဓုနံ၊ အလိုရှိရာ အပါ ဆွဲငင်သော အာကာဓုန ခါတ်လေ လည်းကောင်း။ အပကာဓုနံ၊ တွန်းလို ဖယ်လိုသောအခါ ဖြစ်ပေါ်လာသော အပကာဓုန ခါတ်လေ လည်းကောင်း။ ကထနံ စကားစမြည် ဆိုလိုသောအခါ ဖြစ်ပေါ်လာသော ကထန ခါတ်လေ လည်းကောင်း။ ကမ္ပနံ၊ တုန်လှုပ်သော ကမ္ပနခါတ်လေ လည်းကောင်း။ ဖရဏံ၊ ဝမ်းမီးစစ်၍ အနှစ်အဆီရအပ်သော ရသခါတ်ရည်ကို တကိုယ်လုံးနှံ့ အကုန်ဖြန့်သော ဖရဏခါတ်လေ, နှလုံးအိမ်သည်းခြေအိမ် အသည်းခဲ အဆုတ်ခဲတို့၌ထာဝရဖြစ်ပွါး၍နေသောသွေးရည်သည်းခြေရည် တို့ကို တကိုယ်လုံးနှံ့အောင် ဖြန့်ဖြူးသော ဖရဏ ခါတ်လေ လည်းကောင်း။ကုစ္ဆိသယော၊ ဝမ်းတွင်း၌ကိန်းသော ခါတ်လေ လည်းကောင်း။ ကောဋ္ဌာသယော၊ အအူတွင်း၌ ကိန်းသော ခါတ်လေလည်းကောင်း။ ဥဒ္ဓင်္ဂမော၊ အထက်သို့ဆန်တက်သော ခါတ်လေလည်းကောင်း။ အဓောဂမော၊ အောက်သို့သက်သော ခါတ်လေလည်းကောင်း။ ဣမေ၊ ဤအစုတို့သည်။ ဝါတာ၊ လေ အစုတို့ပေတည်း။

မန္ဒော၊ လေပြေ လေညှင်းလည်းကောင်း။ ဗလဝါ၊ လေပြင်း မုန်တိုင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဝါတော၊ လေသည်။ ဒွိဓာ၊ နှစ်ပါးအပြားရှိ၏။ ဣမေ၊ ဤဆိုအပ်ပြီးသောလေတို့သည်။ ကေစိ၊အချို့တို့ကား။ မန္ဒာ၊လေပြေလေညှင်းတို့ပေတည်း။ကေစိ၊ အချို့တို့ကား။ဗလဝါ၊ လေပြင်းမုန်တိုင်းတို့ပေတည်း။ ဣမေသု၊ ဤလေအစုတို့၌။ ဝါယော၊ လေခါတ်သည်။ ဥဋ္ဌိတော၊ ပေါ်၏။ အာပေါ၊ ရေခါတ်သည်။ သယိတော၊ ငုပ်၏။ပထဝီ၊ မြေခါတ်သည်။ မန္ဒာ၊ နုံ့၏။ တေဇော၊ မီးခါတ်သည်။ မဇ္ဈတ္တော၊ လျစ်လျူရှု၏။ ပစ္စယော၊ အကြောင်းထူးသည်။ သတိ၊ ရှိခဲ့သော်။ တေပိ၊ ထိုရေခါတ် မြေခါတ် မီးခါတ်တို့သည်လည်း။ ဥဋ္ဌဟိသန္တိ၊ ပေါ်ကုန်လတ္တံ့။ အယံ ဝါယောနာမ၊ ဤလေခါတ် မည်သည်ကား။ ပထဝါဒီနံ၊မြေခါတ် ရေခါတ် မီးခါတ်တို့၏။ ဗလံ၊

www.dhammaransi.com



အားခွန်ဗလပေတည်း။ ဝါတဗလံ၊ လေဓာတ်တည်းဟူသော အားကို။ လဘိတွာ၊ ရကြပါကုန်မှ။ သကိစ္စံ၊ မိမိတို့ကိစ္စကို။ ကရောန္တိ၊ ပြုနိုင်ကြကုန်၏။ အယံပိ၊ ဤလေဓာတ်သည်လည်း။ အဇ္ဈတ္တ ဗဟိဒ္ဓဝသေန၊ အဇ္ဈတ္တလေ ဗဟိဒ္ဓလေတို့၏အစွမ်းဖြင့်။ ဒွိဓာ၊ နှစ်ပါးအပြားရှိ၏။

လူသဏ္ဌာန် နတ်သဏ္ဌာန်စသည် ဖြစ်၍နေသော ဓာတ်တုံး ဓာတ်ခဲတို့ကို ပုဂ္ဂိုလ်သတ္တဝါဟု ခေါ်ဝေါ်ရန် ထင်မှတ်ရန် အမှုရင်းကား လေဓာတ်မှုပေတည်း၊လက်ကိုချီကြွလိုသောဇောစိတ် ဖြစ်ပေါ်လျှင် ချီကြွလိုသော လက်တခုလုံး၌ ထမ္ဘနလေ, ဓာရဏလေ, စလနလေ, ဥက္ခေပလေ, ဤစိတ္တဇလေတို့သည် ဖြစ်ပေါ်ကုန်၏၊ ထိုအခါ လက်သည် အထက်သို့တက်လေ၏၊ ထိုဇောစိတ် သေပြန်လျှင် ထိုလေတို့ချုပ်ကွယ်၍ လက်သည် အောက်သို့ ကျပြန်၏၊ အလုံးပုံသော ကိုယ်အမူအရာတို့မှာ ဤနည်းတူမှတ်လေ၊တထိုင်တွင်းဝယ် ကြီးငယ်အင်္ဂါ များစွာလှုပ်မှုတို့၌ လှုပ်ခြင်းတခုတခုမှာ ဇောစိတ်လည်း တမျိုးတမျိုး, လေဓာတ်အလုံးအခဲလည်း တမျိုးတမျိုး၊ တခုသော လှုပ်ခြင်းပြီးလျှင် ဇော တမျိုး သေလေ၏၊ လေဓာတ်အလုံးအခဲလည်း တမျိုး ချုပ်ဆုံးလေ၏၊ ထိုလေဓာတ်တို့နှင့်အတူ ဖြစ်ပေါ်ပါကုန်သော အလုံးပုံသော ရုပ်တို့လည်း ထိုလေဓာတ်နှင့်အတူပင် ချုပ်ဆုံးလေကုန်၏၊ ပုထုဇ္ဇနတို့၏ စိတ်အထဲမှာမူကား ပဌမလှုပ်မှု၌ ရုပ်နာမ်စုသည်ပင် ဒုတိယလှုပ်မှု ဖြစ်လာသည်၊ တတိယလှုပ်မှု စတုတ္ထလှုပ်မှု ဖြစ်လာသည်၊ ထိုရုပ် ထိုနာမ်စုသည်ပင် တနေ့လုံး တလလုံး တဘဝလုံး ဖြစ်နေသည်ဟု အမြဲယူ၏။

ဝါယော၊ လေဓာတ်ကို ဆိုသောအခန်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

ဘူတသင်္ဂဟော ဟူသော ပဌမ မာတိကာပုဒ်၏ အကျယ် ဤဝယ် ပြီး၏။

www.dhammaransi.com



**မှဏ်အကြည်**။ ' ဆပ္ပသာဒမဏ္ဍော၊ ခြောက်မျိုးသော ခတ်ကြည် ခတ်လင်း မှဏ်ကြည် မှန်လင်း ကိုယ်တွင်းအပြည့် ချယ်လယ်လျက်ရှိ၏။ ဣတိ၊ ဤမာတိကာပုဒ်၌။ အစ္ဆတ္တမဏ္ဍော၊ ကိုယ်လုံးအပြည့်ရှိနေကုန်သော အတွင်းခတ်မည် မှဏ်အကြည်တို့သည်။ စက္ခု၊ စက္ခုဟူသော မှဏ်အကြည်တမျိုး။ သောတံ၊ သောတဟူသော မှဏ်အကြည်တမျိုး။ ဃာနံ၊ ဃာနဟူသော မှဏ်အကြည်တမျိုး။ ဇိဝှါ၊ ဇိဝှါဟူသော မှဏ်အကြည်တမျိုး။ ကာယော၊ ကာယဟူသော မှဏ်အကြည်တမျိုး။ မနော၊ မနောဟူသော မှဏ်အကြည်တမျိုး။ ဣတိ၊ ဤသို့။ ဆ၊ ခြောက်မျိုးတို့တည်း။ ကာယော၊ တကိုယ်လုံးသည်။ ဣမေဟိ၊ ဤခတ်ကြည်ခြောက်မျိုးတို့ဖြင့်။ ပရိပူရော၊ ထက်ဝန်းကျင် ပြည့်၏။ ဖလိက ခန္ဓသမော၊ ဖလ်တုံးကြီး မှဏ်တုံးကြီးနှင့် အကုန်တူ၏။

**မှဏ်တုံးကြီးမှာ**–အဆင်းဟူသော ဝဏ္ဏနှင့်တကွ ကြည်သောကြောင့် ပကတိမျက်စိနှင့်ပင် အကြည်အလင်း ထုတ်ချင်းပေါက်မြင်ရသည်၊ ဤ အကြည်ရုပ်မှာ စက္ခုအကြည် တခုသည်သာလျှင် အဆင်းဟူသောဝဏ္ဏပါ ကြည်သည်ဖြစ်၍ ပကတိမျက်စိနှင့် မြင်ရသည်၊ ကြွင်းသော ငါးမျိုးသော အကြည်ရုပ်မှာ ဝဏ္ဏပါ ကြည်မှု မဟုတ်ကြ၍ ပသာဒစက္ခုဖြင့် မမြင်ရ၊ ပညာစက္ခုဖြင့်သာ မြင်ရသည်။ အလွန်ညက်ညော သိမ်မွေ့လှစွာသော ချိန်ဝင် သုံးဆဲ့ငါးပိဿာ ခန့်ရှိသော ဝါဂွမ်းရုပ်မှာ အကြွမ်တရာ ချက်၍ ထက်လှ ကြည်လှစွာသော နှမ်းဆီတကျပ်ကို လောင်း၍ အဘန်ဘန်နယ်သည်ရှိသော် အကုန်နှံ့၍ ဂွမ်းရုပ်အလုံး ဆီကြည်တုံးကဲ့သို့ မြင်ရမည်၊ သုံးဆဲ့ငါးပိဿာရှိ ဂွမ်းသားရုပ်နှင့် အထည်ခံခတ်ကြီးလေးပါးအရုပ် ဆိုအပ်သော ဤကိုယ်ကောင်ကြီး တူသည်၊ အလွန်ကြည်လှစွာသော နှမ်းဆီတကျပ်နှင့် အကြည်ခတ်မျိုးတူသည်၊ စက္ခုကား မျက်စိအကြည်တည်း၊ သောတကား နားတွင်း အကြည်တည်း၊ ဃာနကား နှာခေါင်းတွင်း အကြည်တည်း၊ ဇိဝှါကား လျှာပေါ်ရှိ အကြည်တည်း၊ မနောကား

www.dhammaransi.com



နှလုံးအိမ်တွင်း အကြည်တည်း၊ ကာယကား တကိုယ်လုံး၌ အကြည်တည်း၊ မနောကား နာမ်အကြည် ပေတည်း၊ အကြွင်း ငါးမျိုးတို့ကား ရုပ်အကြည်တို့ပေတည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ စိတ္တံ၊ ဤ စိတ်ဟူသော အကြည်သည်။ ပဘဿရံ၊ ပြိုးပြိုးပြက်ပြက် တလက်လက် တလင်းလင်း ရှိ၏ ဟူ၍ ဟောတော်မူသည် တချက်။ စိတ္တံ၊ စိတ်သည်။ ပဏ္ဍရံ၊ ဆွတ်ဆွတ်ဖြူ၏ ဟူ၍ ဟောတော်မူသည် တချက်။ ဤသို့ ဟောချက်ကိုထောက်၍ မနောဟူသော အကြည်သည် ကိလေသာဟူသော ခါတ်မည်း ခါတ်ပုပ်တို့နှင့် မယှဉ်ဘဲ စင်ကြယ်စွာနေသောအခါ ဆွတ်ဆွတ်ဖြူ၏, ပြိုးပြိုးပြက်ပြက် ရှိ၏ဟု သိအပ်၏။ လူတို့၏ကိုယ်မှာ ဒွါရကိုးပေါက် ရှိသည်ဟု လာသည်တချက်, ဒွါရခြောက်ပေါက် ရှိသည်ဟု လာသည်တချက်၊ ကိုးပေါက်လာရာမှာ အာကာသကို ဒွါရဆိုသည်၊ ခြောက်ပေါက်လာရာမှာ အကြည်ခြောက်ပါးကို ဒွါရဆိုသည် အာကာသပေါက် မဟုတ်။

ဘုန်းရှိသော သူတို့နေရာ နန်းအိမ်၌ တံခါးနှစ်မျိုးရှိ၏၊ လူတို့ အတွင်းအပြင် ထွက်ဝင်ရန် လေးမျက်နှာမှ လာသော လေတို့ ထွက်ဝင်ရန် အာကာသ ဒွါရပေါက်တမျိုး, နေရောင် လရောင် ကြယ်ရောင် ပတ္တမြားရောင် မီးရောင်တို့ ထွက်ဝင်ရန် အတွင်းမှ ပြင်တခွင်ကို မြင်ရရန် မှန်ပြား မှန်ချပ်တပ်၍ ထားသော အကြည်ဒွါရပေါက်တမျိုး၊ နန်းအိမ်လုံးတွင်း၌ နေသောသူတို့သည် ထိုမှန်တံခါးတို့ဖြင့် ပြင်တခွင်ရှိ အလုံးစုံကို မြင်ရသည်၊ ပြင်တခွင် ရှိသမျှတို့သည်လည်း ထိုမှန်ကြည်တွင် အရိပ်အသွင် အကုန် ထင်ကြရကုန်သည်၊ နန်းအိမ်ကြီးနှင့် ကိုယ်ကောင်ကြီး တူသည်၊ မှန်ပြူတင်းစုနှင့် အကြည်တံခါး ခြောက်ပါးဒွါရ တူသည်၊ နန်းအိမ်တွင်း၌ နန်းအိမ်ရှင်တို့နှင့် ကိုယ်တွင်း၌ စိတ် စေတသိက်တို့ တူကုန်သည်၊ ပြင်တခွင်ရှိ ဝတ္ထုစုနှင့် အာရုံခြောက်ပါး တူသည်၊ လောက၌ အဆင်းခါတ် ဟူသမျှသည် စက္ခုအကြည်ပေါက်မှာ ဆိုက်ရသည်၊ အသံခါတ်ဟူသမျှသည် သောတ

www.dhammaransi.com



အကြည် ပေါက်မှာ ဆိုက်ရသည်၊ အနံ့ဓာတ် ဟူသမျှသည် ဃာနအကြည်ပေါက်မှာ ဆိုက်ရသည်၊ အချို အချဉ် စသော ရသဓာတ်ဟူသမျှသည် ဇိဝှါအကြည်ပေါက်မှာ ဆိုက်ရသည်၊ မြေအတွေ့,လေအတွေ့, မီးအတွေ့ ဟူသမျှသည် ကာယအကြည် ပေါက်မှာ ဆိုက်ရသည်၊ အဆင်းဓာတ် အသံဓာတ် အနံ့ဓာတ် ရသဓာတ် အတွေ့ဓာတ်တို့နှင့်တကွ ကြွင်းသော ပရမတ် ပညတ် အလုံးစုံသည် မနောအကြည်ပေါက်မှာ ဆိုက်ရသည်။

နေ့,လကို မြင်လို၍ စက္ခုဟူသော ကမ္ဘဇဓာတ်မှတ်နှင့် ချိန် သောအခါ နေဝန်းသဏ္ဌာန် လဝန်းသဏ္ဌာန်သည် စက္ခုအကြည် မနောအကြည် နှစ်ချက်၌ တပြိုင်နက် ထင်ပေါ်သည်၊ သန်း ဦးခေါင်းပမာဏရှိသော စက္ခုအကြည်ရုပ်၌ စက္ခုပသာဒ ကမ္ဘဇ ဓာတ်မှတ်ပေါင်း အသောင်းမက များစွာ၏၊ ထို၌ ထင်သော နေဝန်းအရိပ် လဝန်းအရိပ်တို့လည်း အသောင်းမကပင်၊ရင်တွင်း နှလုံးအိမ်နှလုံးသွေး၌ရှိမနောအကြည်သည်မူကား တခုသာတည်း၊ ထို၌ထင်သော နေဝန်းအရိပ် လဝန်းအရိပ်လည်း တခုပင်။

ဤသို့လျှင် နေနှင့် စက္ခုပသာဒ ချိန်သား ရသောအခါ စက္ခု မှာ နေဝန်းတခု, နှလုံး၌ မနောဒွါရမှာ နေဝန်းတခု,ထိန်ထိန် ညှန်း ညှန်း နေဝန်းနှစ်ခု တပြိုင်နက် အရိပ်ပေါ်လေသည်၊ လ, ကို ကြည့်ရာ၌လည်း ထိုအတူ၊ အထက်ကောင်းကင်၌ တည်ရှိသော နေဝန်း,လဝန်းတို့သည် မှတ်အပြင် ရေအပြင်တို့၌ အရိပ်ထင်ပြ သကဲ့သို့တည်း၊ နွားကို ကြည့်ရာ၌လည်း စက္ခုအကြည်၌ နွား ကောင်သဏ္ဌာန်တခု, မနောအကြည်၌ နွားကောင်သဏ္ဌာန်တခု တပြိုင်နက် ပေါ်သည်၊ မျက်စိနှင့် မြင်မြင်သမျှမှာ ဤနည်း ချည်းမှတ်၊ မိုးသံကို ကြားရာ၌ သောတ အကြည်မှာ မိုးသံတလုံး, မနော အကြည်မှာ မိုးသံတလုံး တပြိုင်နက် ပေါ်သည်၊ နားနှင့် ကြားကြားသမျှမှာ ဤနည်းချည်း၊ခွေးကောင် ပုပ်ကိုနံရာ၌ ဃာနအကြည်မှာ ခွေးကောင်ပုပ် တခု, မနော အ ကြည်မှာ ခွေးကောင်ပုပ်တခု တပြိုက်နက် ပေါ်သည်၊ ဃာန

နှင့် နံနံသမျှမှာ ဤနည်းချည်း၊ သကြားကိုစားရာ၌ ဇိဝှါအကြည်မှာ သကြားရသာ တခဲ, မနောအကြည်မှာ သကြားရသာတခဲ တပြိုင်နက်ပေါ်သည်၊ ဇိဝှါနှင့်လျက်လျက်သမျှမှာ ဤနည်းချည်း၊ တကိုယ်လုံးတွင် တခုတခုသော နေရာ၌ မြေအတွေ့ လေအတွေ့ မီးအတွေ့ တွေ့သောအခါတွေ့ရာဌာန ကာယအကြည်မှာတချက်, မနောအကြည်မှာ တချက် တပြိုင်နက် အရိပ်ပေါ်သည်၊ စက္ခု သောတ ဃာန ဇိဝှါ ကာယ ငါးဌာနတို့နှင့်မဆိုင်၊ ကြွင်းကျန်သမျှသော ပရမတ်ရိပ် ပညတ်ရိပ်တို့သည်ကား မနောအကြည်၌သာ ထင်ကြ ပေါ်ကျကုန်သည်။

အပင် အခက် အရွက် အညွန့် အပွင့်အသီးတို့ဖြင့်၎င်း, ကျေးငှက်အမျိုးမျိုးတို့ဖြင့်၎င်း အလွန်စည်ပင်သော ဥယျာဉ်၏အလယ်၌ စိုက်ထားသော မှဏ်တုံး ဖလ်တိုင်မှာ အရိပ်အမျိုးမျိုးအပြည့်ထင်သကဲ့သို့တည်း၊ အကြည် ခြောက်မျိုးတို့၌ အရိပ်ခြောက်ပါးထင်ရှားပေါ်မှုသည် ပရမတ္ထ သဘာဝအားဖြင့် မိုဃ်းကြိုးမှန်သကဲ့သို့ ပြင်းထန်သော အဟုန်နှင့်တကွဖြစ်၏၊ ခေါင်းလောင်းကြေးစည်ကို ထိုးရာ၌ တချက်ထိုးရာ ထိုးချက်နာလှ၍ အကြာအရှည် မြည်သံအဆက်ဆက် ဖြစ်ပွား၍ သွားလေ၏၊ ထိုအတူအဇ္ဈတ္တအကြည်ရုပ်၌ အာရုံအရိပ်တချက်ကြိုက်လိုက်သည်ရှိသော်အရာအထောင်မကသော စိတ္တပဗန္ဓဇောဝါရတို့သည် အဆက်ဆက် ဖြစ်ပွား၍သွားကုန်၏၊ ပကတိသော မီးပူ နေပူ ငရဲမီးပူပြိတ္တာမီးပူတို့နှင့် တွေ့ကြုံသောအခါ ပုဂ္ဂိုလ်မူကား ထိုအပူကိုအလွန်ကြောက်သန့်၏၊ ထိုပုဂ္ဂိုလ်တို့၏ စိတ်တို့သည် မူကားအကြည်တို့တွင် အတင်းဝင်၍ ထင်လာခိုက်လာကုန်သော ထိုမီးတို့၏ ဥဏှရသတို့ကို ပူထိုက်သမျှ မကျန်ရအောင် အဝခံစားကုန်၏ ထိုအပူတို့ မထင်လာ မခိုက်လာမှ လွတ်ကုန်၏။

အလွန်အေးလှသော ရေအေး လေအေး ဥတုအေး သီတဘေးတို့နှင့် ဆိုက်ဆိုက်ရာတို့၌လည်းကောင်း, ပစ်ခတ် ရိုက်နှက်သော ဒဏ်ချက်, ခြင်္သေ့ သစ်ကျား သားရဲ ငါးရဲတို့ ကိုက်ခဲ

www.dhammaransi.com



သော ဒဏ်ချက်, အဆိပ်ရှိသော မြွေ ကင်းသန်း မှက် ခြင် သန်း ကြမ်းပိုးတို့ ကိုက်ခဲသော ဒဏ်ချက်, ကိုယ်တွင်းမှဖြစ်သော အနာမျိုး ရောဂါမျိုးတို့ ထိုးကျင့်ပူလောင် ထုံကျင် ကိုက်ခဲသော ဒဏ်ချက်, မိဘ ဘိုးဘွား သားမြေး မျိုးဆွေ ရွှေငွေဥစ္စာတို့၏ ပျက်စီးခြင်း ဟူသော ဝိပတ္တိဒဏ်ချက်, သူတပါးတို့ ဆဲရေး ငေါက်ငန်း မြည်တမ်းခြိမ်းချောက်ခြင်းဟူသော ဒဏ်ချက် ဤသို့ အစရှိသော အလုံးစုံသော အပြင်းအထန် ဒုက္ခဒဏ်ချက် တို့သည် ထို မနော အကြည်တွင် အတင်းဝင်၍ ထင်ပြ ခိုက်တိုက်လာကုန် သည်ရှိသော် ထိုပုဂ္ဂိုလ်က စက်ဆုပ်လှလျက် မနောအကြည် ဓာတ်အကြည်ဘို့က ဒုက္ခရသတို့ကို နာထိုက်သမျှ ပူထိုက်သမျှ အေးထိုက်သမျှ မကျန်ရအောင် အဝခံစား သုံးဆောင်ကုန်၏။

ခွေးသေပုပ် လူသေပုပ် မစင်ပုပ်တို့၏ အနီးအပါးသို့ရောက် သောအခါ အပုပ်နံ့တို့သည် ဃာနအကြည်၌ ခိုက်လေကုန်၏၊ အပုပ်နံ့ကို ခံစားသုံးဆောင်သော ဓာတ်ဝါရတို့သည် သိန်းသန်း ကုဋေမက ဖြစ်ကုန်၏၊ ပုဂ္ဂိုလ်ကမူကား ထိုအပုပ်တို့ကို စက် ဆုပ်လှ၏၊ ဓာတ်စိတ်တို့မူကား ထိုအပုပ်ရှိရာမှ မခွါမခြင်း ထို အပုပ်နံ့တို့ကိုသာ မြိန်ယှက်စွာ သုံးဆောင်ကြကုန်၏။ မိမိအလို ရှိရာ ကောင်းသော အာရုံကို ခံစား သုံးဆောင်ကြသောအခါ၌ လည်း ထိုမနောအကြည် ဓာတ်အကြည်တို့ ခံစား မှုသုံးဆောင်မှု တို့သာတည်း၊ ပုဂ္ဂိုလ်၏ခံစားမှု သုံးဆောင်မှုဟူ၍အသီးအခြား မရှိ၊ သို့သော်လည်း မိမိအလိုနှင့် ခံစားရာ၌သာလျှင် ငါသည် ယနေ့သလေးထမင်းကို စားရသည်, သားပြွမ်းထမင်းကို စား ရသည် စသည်ဖြင့် ပြောဆိုကြကုန်သည်၊ အလိုမရှိရာ၌ကား ငါသည် ယနေ့ ခွေးသေပုပ် အရသာကို သုံးဆောင်ရသည်, လူသေပုပ်အရသာကို သုံးဆောင်ရသည်, မစင်အရသာကို သုံး ဆောင်ရသည်ဟု မဆိုကြ၊ မဆိုကြသော်လည်း ဓာတ်ခံစားချက် သုံးဆောင်ချက်မှာ မထူးကြ၊ မကောင်းသောအာရုံနှင့် တွေ့ကြုံ သမျှသော ခြောက်ခွါရမှာပင် ဤနည်းချည်းမှတ်၊ တနေ့တနေ့၌

www.dhammaransi.com



ဖြစ်သမျှသော ဓာတ်ဝါရပုတွင် မိမိအလိုနှင့် ဖြစ်ရသော ဓာတ်ဝါရကား အလွန်နည်း၏၊ ဓာတ်ဝါရပေါင်း တသောင်း တသိန်းတွင်မှာ တခုမျှသာ ရှိရာ၏၊ မျက်စိဥပစာ နားဥပစာ ဆိုက်တိုက်ရာ၌ အာရုံ ပေါက်သောက်တို့ ရောက်တတ်ရာ ထင်ချက်နှင့် အချည်းနှီး အလကားတတွေတွေ ဖြစ်ပွားသော ဓာတ်လေ ဓာတ်လွင့်တို့သာ များကုန်၏၊ အစိုးမရ အနတ္တတရားတို့ သာတည်း။

ဤမနော အကြည်သည် ပုဂ္ဂိုလ်တယောက်မှာ နှစ်ခုပြိုင်၍ ဖြစ်ရိုးမရှိ၊ စက္ခုအကြည်တွင် အာရုံထင်ဆဲအခါ စက္ခုမှာပေါ်လာခိုက် တကိုယ်လုံးမှာ စိတ်မရှိ၊ သောတ, ဃာန, ဇိဝှါ တို့၌လည်း ဤနည်းအတူ၊ နှလုံးသွေး၌မူကား စမ်းရေ စိမ့်ရေ တတွေတွေ တပွက်ပွက်အမြဲထွက်၍နေဘိသကဲ့သို့ အကြည်ငါးချက်တွင် ဖြစ်ပေါ်သော အခိုက်ကို လွှတ်၍ တလင်းလင်း တလက်လက် အမြဲပေါ်ထွက်၍နေ၏၊ ကိုယ်အင်္ဂါလှုပ်ရှားခြင်း နှုတ်အင်္ဂါလှုပ်ရှားခြင်း စိတ်အင်္ဂါလှုပ်ရှားခြင်း ဆိုက်တိုက်သောအခါ အဟုန်နှင့်တကွ ပြင်းစွာထသော ဓာတ်ခါတ်၏ အားခွန်ဗလသည် မကြံအပ် မကြံရာ လွန်စွာ သန်စွမ်း၏၊ ယူဇနာ လေးထောင့် ရှစ်ရာရှိသော အသုရိန်နတ်မင်း၏ ကိုယ်ကြီးကိုပင် အလျင်အမြန် ပျံတက်ပြေးသွားအောင် ဆောင်နိုင်၏၊ ယူဇနာ တထောင်ရှိသော အာနန္ဒာငါးကြီး၏ ကိုယ်ကိုပင် ခဏခြင်း ရွေ့ရှားအောင် ဆောင်နိုင်၏၊ မျက်တောင်တခတ်မျှတွင် အကြိမ်ပေါင်း တသိန်းမက ထနိုင်၏။

ဤအကြည်ခြောက်ပါးတို့တွင် ရှေ့အကြည်ငါးပါးတို့မှာ ကမ္မဇရုပ်တရား အလွန်များသော ဥပပါတ် ပုဂ္ဂိုလ်တို့၌ အလွန်တောက်ထွန်း၏၊ လူတို့သန္တာန်တွင် မထင်နိုင်သော အာရုံပုသည် ဥပပါတ်ဖြစ်သော ငရဲကောင် ပြိတ္တာကောင်တို့ သန္တာန်မှာပင် ထင်နိုင်၏၊ လူမျက်စိ လူနား မမြင်နိုင် မကြားနိုင်ရာမှာ ငရဲပြိတ္တာတို့ မြင်နိုင် ကြားနိုင်၏၊ လူအကြည် ခြောက်ပါးထက် စာတုမဟာရာဇ် နတ်အကြည် ခြောက်ပါးလွန်ကဲ၏၊ အထက်ကို အဆင့်ဆင့် သိလေ။

သုဓမ္မဝတီ-၇၁၁-၁၃

www.dhammaransi.com



ရူပဗြဟ္မာတို့၌ ဃာနအကြည် ဇိဝှါအကြည် ကာယအကြည် မရှိ၊ စက္ခုအကြည် သောတအကြည် မနောအကြည်သာ ရှိ၏၊ အရူပဗြဟ္မာ၌ မနောအကြည်သာရှိ၏၊ အသညသတ် ဗြဟ္မာ၌ အကြည်ခြောက်ပါး မရှိ၊ ဝဏ္ဏအကြည်မူကား အသညသတ် ဗြဟ္မာမှာပင် ယူဇနာတရာမက ထွန်းလင်း၏၊ နတ် ဗြဟ္မာတို့၏ နား မျက်စိ စိတ်အကြည်မှာ ညဉ့်မှောင်ဟူ၍ လည်းကောင်း, တော တောင် ရေ မြေ ဟူ၍ လည်းကောင်း မကွယ်နိုင်၊ မနော အကြည်မှာ အန္ဓပုထုဇ္ဇန်ထက် ကလျာဏ ပုထုဇ္ဇန် ကြည်၏၊ ကလျာဏပုထုဇ္ဇန်တွင်လည်း အနိယတ ပုထုဇ္ဇန်ထက် ဗျာဒိတ်ရ ပြီးသော နိယတပုထုဇ္ဇန် လွန်ကဲ၏၊ ထို နိယတသည် ပကတိ သာဝက, မဟာသာဝက, အဂ္ဂသာဝက, ပစ္စေကဗုဒ္ဓ, သဗ္ဗညုဗုဒ္ဓ ဟူ၍ ငါးပါးရှိ၏၊ မိမိရည်သန်သော ဗောဓိ၏ အဆောက်အဦ တို့ကို ဖြည့်ဆည်းပူးမှု၌ ဘဝအစဉ်မြဲသော သဒ္ဓါ,မြဲသော ပညာ, မြဲသောဆန္ဒ ရှိသောအခါ နိယတ ဗျာဒိတ် ထိုက်၏၊ ထိုနိယတ အကြည်ငါးပါးတို့သည် အဆင့်ဆင့် လွန်ကဲကုန်၏၊ သောတာ ပန် ဖြစ်သောအခါလည်း နိယတ တချက် ခုနစ်ဘဝထက် မလွန် မူ၍ ပရိနိဗ္ဗာန်စံခြင်း မြဲမှုတည်း၊ သစ္စာလေးပါး တရားတို့၏ သစ္စာရိပ်ထင်လောက်အောင် ကြည်သောအခါမှ သောတာပန် ဖြစ်နိုင်သည်၊ သဗ္ဗညု ဘုရားခေါ်ရသော အကြည်သည်ကား အတုမရှိသော အကြည်ကြီးပေတည်း၊ ထိုအကြည်၌ကား အလုံး စုံသော ဉေယျတရား ငါးပါးတို့သည် အမြဲထင်ရကုန်၏။

သဗ္ဗေ ဓမ္မာ သဗ္ဗာကာရေန ဗုဒ္ဓဿ ဘဂဝတော
ဉာဏမုခေ အာပါထံ အာဂစ္ဆန္တိ။ ။ပဋိသမ္ဘိဒါမဂ်။

သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ ဓမ္မာ၊ ဉေယျတရား တို့သည်။ သဗ္ဗာကာရေန၊ ခပ်သိမ်းသော အခြင်းအရာနှင့်တကွ။ ဘဂဝတော၊ ဘုန်းတော်ကြီးသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဉာဏမုခေ၊ ဉာဏ်တော်ဦး၌။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆန္တိ၊ ရောက်ကြကုန်၏။

www.dhammaransi.com



**ဥာဏမုခ ဆိုသည်ကား–** ဘဝင်အကြည်ပေတည်း၊ ဘဝင်အကြည်တွင် အကုန်ထင်၍ နေကြရာမှာ ရှုလိုရာရာကို အာဝဇ္ဇန်းနှင့် အသိးပြု၍ ရှုတော်မူသည်။

အကြည်ခြောက်ပါး၏ အကျယ်သည် ဤဝယ် ပြီး၏။

---

အဂ္ဂိနဥ္စ၊ ဆယ်မျိုးသော ဓာတ်မီးတို့၏လည်းကောင်း။ဩဇာနဥ္စ၊ဆယ်မျိုးသောဓာတ်ဆီတို့၏လည်းကောင်း။ဥဒယော၊အပွါးအစီးသာ ဖြစ်၏။ ဣတိ၊ ဤမာတိကာ ပုဒ်၌။ အဂ္ဂိနာမ၊ဓာတ်မီးမည်သည်ကား။ တေဇော၊ တေဇောဓာတ်ပင်တည်း။ အဂ္ဂိ၊ ပကတိသောမီးကျီး မီးတောက်မီးပေါက် မီးပွားသည်။ဝတ္တမာနော၊ ဖြစ်သည့်ရှိသော်။ ဥဒယေန၊ အရောင်ဟူသော အရှိန် ဟူသောအခိုးဟူသောအပွားအစီးနှင့်။သဟေဝ၊တကွသာလျှင်။ဝတ္တတိ၊ ဖြစ်၏။

မီးရှိန်လည်း မီးမှပေါက်ဖွားသော ဥဒယတမျိုး၊ မီးရောင်လည်း မီးမှပေါက်ဖွားသော ဥဒယတမျိုး၊ မီးခိုးလည်း မီးမှပေါက်ဖွားသော ဥဒယတမျိုး၊သီတမီးဖြစ်လျှင် သီတရှိန်ပေါက်ဖွားသည်၊ ဥဏှမီးဖြစ်လျှင် ဥဏှရှိန်ပေါက်ဖွားသည်၊ အရှိန်ထွက်မြဲတည်း၊ ထွက်တိုင်း သိရ မြင်ရသည် မဟုတ်၊ အလွန်အားကြီးသော ထက်သန်သော အရှိန်မှသာ သိရ မြင်ရသည်။

ဧဝံ၊ ဤပကတိမီးအတူ။ သော၊ ထိုပရမတ်ဓာတ်မီးဟူသော တေဇောသည်လည်း။ဝတ္တမာနော၊ ဖြစ်သည်ရှိသော်။ ဥဒယေန၊ အေးရှိန် အေးခိုး ပူရှိန် ပူခိုးဟူသော အစီးအပွားနှင့်။ သဟေဝ၊ တကွသာလျှင်။ ဝတ္တတိ၊ ဖြစ်၏။

ဤပရမတ်ဓာတ်မီး တေဇောကြီးသည်လည်း သီတဓာတ်မီးဖြစ်အံ့ သီတရှိန်ပွင့်မြဲ၊ ဥဏှဓာတ်မီးဖြစ်အံ့ ဥဏှရှိန်ပွင့်မြဲ၊ အရှိန်မထသောဓာတ်မီး အရှိန်မပွားသော ဓာတ်မီးဟူ၍ မရှိလှ၊

www.dhammaransi.com



ထသော ပွားသော အေးရှိန် ပူရှိန်တို့ကိုပင်လျှင် ဥတုဇကလာပ် ဆိုသည်၊ ပရမတ္ထ သိမ်မွေ့လှသော အေးရှိန် ပူရှိန်ထချက် ပွား ချက်ကို တုံးတိုင် ခုတ်ကျောက်တို့မှာပင် မြင်အောင်ကြည့်, လက်နှင့်စမ်း၍ အေးမှန်းသိလျှင် အေးရှိန်ပွားချက်,ပူမှန်းသိလျှင် ပူရှိန်ပွားချက်မှတ်။

သော၊ ထိုဓာတ်မီးသည်။ကမ္မဇော၊ရှေးကပြုသော ကောင်းမှု စိတ္တ မကောင်းမှုစိတ္တကြောင့် ဖြစ်ပေါ်သော ကမ္မဇဓာတ်မီးလည်း ကောင်း။ စိတ္တဇော၊ အသစ်အသစ် မစဲဖြစ်သော စိတ်၏အဟုန် ကြောင့် ဖြစ်ပေါ်သော စိတ္တဇဓာတ်မီးလည်းကောင်း။ ဥတုဇော၊ ဥတုဟူသော ဓာတ်မီးမှ ပေါက်ဖွားသော ဓာတ်မီးလည်း ကောင်း။အာဟာရဇော၊ဓာတ်ဆီမှ ပေါက်ဖွားသော ဓာတ်မီး လည်းကောင်း။ကမ္မဇောတုဇော၊ကမ္မဇဓာတ်မီးတို့မှ အဆင့်ဆင့် ပေါက်ဖွားသော ဥတုဇဓာတ်မီးလည်းကောင်း။ စိတ္တဇောတု ဇော၊ စိတ္တဇဓာတ်မီးတို့မှ အဆင့်ဆင့်ပေါက်ဖွားသော ဥတုဇ ဓာတ်မီးလည်းကောင်း။ ဥတုဇောတုဇော၊ ဥတုဇ ဓာတ်မီးတို့မှ အဆင့်ဆင့်ပေါက်ဖွားသော ဥတုဇဓာတ်မီးလည်းကောင်း။ အာ ဟာရဇောတုဇော၊ အာဟာရဇဓာတ်မီးတို့မှ အဆင့်ဆင့်ပေါက် ဖွားသော ဥတုဇဓာတ်မီးလည်းကောင်း။ကမ္မဇောဇဇော၊ကမ္မဇ ဓာတ်ဆီတို့မှ အဆင့်ဆင့် ပေါက်ဖွားသော ဓာတ်မီးလည်း ကောင်း။စိတ္တဇောဇဇော၊စိတ္တဇဓာတ်ဆီတို့မှ အဆင့်ဆင့်ပေါက် ဖွားသောဓာတ်မီးလည်းကောင်း။ ဥတုဇောဇဇော၊ဥတုဇ ဓာတ် ဆီတို့မှအဆင့်ဆင့်ပေါက်ဖွားသော ဓာတ်မီးလည်းကောင်း။အာ ဟာရဇောဇဇော၊အာဟာရဇဓာတ်ဆီတို့မှ အဆင့်ဆင့် ပေါက် ဖွားသော ဓာတ်မီးလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွါဒသဝိဓော၊ တဆဲ့နှစ်ပါးအပြားရှိကုန်၏။တေဒွါဒသ၊ ထိုတဆဲ့နှစ်ပါးတို့သည် ပင်။သီတဥဏှဝသေန၊သီတတဆဲ့နှစ်ပါး ဥဏှတဆဲ့နှစ်ပါးတို့၏ အစွမ်းအားဖြင့်။ စတုဝီသတိ၊ ဓာတ်မီးနှစ်ဆဲ့လေးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ဗဟိဒ္ဓါ၊တော တောင် မြေ ရေ လနေနက္ခတ်

www.dhammaransi.com



စသည်တို့၌ ဖြစ်သော ဗဟိဒ္ဓဓာတ်မီး နှစ်မျိုးတို့နှင့်တကွ။ ဆမ္ဗိသ၊ နှစ်ဆဲ့ခြောက်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဣမေ၊ ဤဓာတ်မီး အပေါင်းတို့သည်။ ဥဒေန္တာ၊ ပဋိသန္ဓေနေသောအခါမှစ၍ ထကြွကုန်သည်ရှိသော်။ တေဇဉ္စ၊ အရှိန်ဟုသော ဓာတ်မီးကိုလည်းကောင်း။ ဩဘာသဉ္စ၊ အဆင်းအရောင်ဟူသော ဝဏ္ဏဓာတ်ကိုလည်းကောင်း။ ဓူမဉ္စ၊ အခိုးဟူသော လေ ဓာတ်ကိုလည်းကောင်း။ မုဉ္စန္တာ၊ တဖွားဖွားလွှတ်ကုန်လျက်။ ဥဒေန္တိ၊ တခဏတခြား တိုးပွား၍ထကြွကုန်၏။ တသ္မာ၊ ထိုကြောင့်။ အယံကာယော၊ ဤကိုယ်ကောင်ကို။ အဂ္ဂိနိဗ္ဗတော၊ ဓာတ်မီးတို့သည် တည်ထောင်ဘန်ဆင်းအပ်၏။ အဂ္ဂိပူရော စ၊ ဓာတ်မီးတို့ဖြင့်လည်း တင်းကျမ်းပြည့်၏။ အဂ္ဂိခန္ဓဘူတော၊ ဓာတ်မီးတုံးကြီး ဓာတ်မီးခဲကြီးအတိဖြစ်၏။ ဗဟိဒ္ဓါ စ၊ ဗဟိဒ္ဓဓာတ်မီးနှစ်မျိုးတို့သည်လည်း။ အာဒိကပ္ပတော၊ ဝိဝဋ္ဋဋ္ဌာယီ တည်ထောင်ဦးမှစ၍။ ဥဒေန္တာ၊ ဖြစ်ပေါ်တည်ထွန်းကြကုန်သည်ရှိသော်။ တေဇောဘာသဓူမေ၊ အရှိန်အမျိုးမျိုး, အဆင်းအရောင်ဟူသော ဝဏ္ဏဓာတ်အမျိုးမျိုး, အခိုးဟူသောလေဓာတ်အမျိုးမျိုးတို့ကို။ မုဉ္စန္တာ၊ တဖွားဖွား လွှတ်ကုန်လျက်။ အဇ္ဇတနာ၊ ယနေ့ထက်တိုင်။ ဥဒေန္တိ၊ တနေ့တခြား တိုးပွားတည်ထွန်းကြကုန်၏။ တသ္မာ၊ ထိုကြောင့်။ သဗ္ဗော၊ အလုံးစုံသော။ လောကော၊ မဟာပထဝီ မြင်းမိုရ် စကြဝဠာ သမုဒ္ဒရာ ဒီပ နေလ နက္ခတ်စသော လောကကို။ အဂ္ဂိနိဗ္ဗတော၊ ဓာတ်မီးတို့သည် တည်ထောင်ဘန်ဆင်းအပ်၏။ အဂ္ဂိပူရော စ၊ ဓာတ်မီးတို့ဖြင့်လည်း တင်းကျမ်းပြည့်၏။ အဂ္ဂိခန္ဓဘူတော၊ ဓာတ်မီးတုံး ဓာတ်မီးခဲတွေ အတိဖြစ်၍ဖြစ်၏။ (သီတဓာတ်မီးမှ သီတရှိန်ထွက်သည် သီတရုပ်ကလာပ်ပွားသည်၊ ဥဏှဓာတ်မီးမှ ဥဏှရှိန်ထွက်သည် ဥဏှရုပ်ကလာပ်ပွားသည်)။

တေဇော၊ ဓာတ်မီးကို ဆိုသောအခန်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

www.dhammaransi.com



ဩဇာနာမ၊ ဩဇာမည်သည်ကား။ ရူပကဏ္ဍသ၊ ရုပ်ရုပ်ခဲ၏။ သာရဘူတော၊ အဆီအနှစ်အထွတ်အထိပ်ဖြစ်သော။ သိနေဟော၊ အဆီအစေးမျိုးတည်း။ လောကေ၊ လောက၌။ သိနေဟော၊ အဆီဟူသမျှသည်။ အဂ္ဂိနာ၊ မီးနှင့်။ ဖုဋ္ဌော၊ တွေ့သည်ရှိသော်။ ဥဏ္ဏှရိတွာ၊ ဆူဆူတက်ပွက်၍။ ဥဋ္ဌာတိ၊ ထ၏။ အယံပိ၊ ဤပရမတ် ဓာတ်ဆီသည်လည်း။ အဂ္ဂိနာ၊ ကမ္မဇဓာတ်မီးနှင့်။ သံယုတ္တော၊ ပေါင်းယှဉ်မိသည်ရှိသော်။ သန္တတိံ၊ အဆီလျဉ်အဆက်ဆက်ကို။ ဝဍ္ဎေတိ၊ တိုးပွားစေ၏။ ကာယံ၊ တကိုယ်လုံးကို၊ ထမ္ဘေတိ၊ အရှည်ခံနိုင်အောင် ထောက်ပံ့ပေ၏။ (တိုးပွားသော အဆီကလာပ် စုသည် အာဟာရဇ ကလာပ်မည်၏)။

လောကေ၊ လောက၌။ အဂ္ဂိဿ၊ မီး၏။ သရဏံ၊ ကိုးကွယ်ရာကား။ သိနေဟော၊ အဆီမျိုးတည်း။ သိနေဟံ၊ အဆီမျိုးကို။ ဝိနာ၊ ကင်း၍။ အဂ္ဂိ၊ မီးသည်။ နဝတ္တတိ၊ မဖြစ်နိုင်။ ထင်းမီး ကောက်ရိုးမီး နွားချေးမီး အမှိုက်မီး မြို့ရွာ တောတောင် ကို လောင်သောမီး ရေနံမီး ဆီမီး ဖယောင်းမီး ငရဲမီး ပြိတ္တာမီး တကိုယ်လုံး၌ရှိသော ဓာတ်မီး အလုံးစုံသည် ထိုဝတ္ထု၌ ရှိသော အဆီကိုတွယ်၍ စွဲရ တောက်ရသည်၊ အဆီအားကောင်းလျှင် မီးအားကောင်းသည်၊ အဆီ နည်းပါးလျှင် မီးအား နည်းသည်၊ ပေါ်သောအဆီကုန်၍ ပြာမီးသွေးဖြစ်သောအခါ ငုပ်သောအဆီတို့ မမှီနိုင်မှ သေရသည်။

ဧဝံ၊ ဤလောကမီး အတူ။ ယထာဝုတ္တာနံ၊ ဆိုခဲ့ပြီးသော အပြားရှိကုန်သော။ သဗ္ဗေသံ၊ အလုံးစုံကုန်သော။ အဂ္ဂိနဉ္စ၊ နှစ်ဆဲ့လေးပါးသော အဇ္ဈတ္တဓာတ်မီး နှစ်ပါးသော ဗဟိဒ္ဓဓာတ်မီးတို့၏လည်း။ ပဋိသရဏံ၊ ကိုးကွယ်ရာကား။ သိနေဟော၊ ဓာတ်ဆီပေတည်း။ သိနေဟံ၊ ဓာတ်ဆီကို။ ဝိနာ၊ ကင်း၍။ နုပ္ပဇ္ဇန္တိ၊ ဖြစ်လည်း မဖြစ်နိုင်ကုန်။ နတိဋ္ဌန္တိ၊ တည်လည်း မတည်နိုင်ကုန်။

(မီးစာနှင့် မီးထွန်းရာ၌ ထွန်းသောမီး၏ အသက်သည် ရေနံဆီ၌ တည်၏၊ ရေနံဆီကုန်လျှင် သေ၏၊ ဤအတူ အထက်၌

www.dhammaransi.com



ပြဆိုခဲ့ပြီးသော နှစ်ဆဲ့ခြောက်ပါးသောဓာတ်မီးမျိုးတို့၏အသက်သည် ဓာတ်ဆီမျိုးတို့၌ တည်၏၊ ဓာတ်ဆီပွားလျှင် ပွားကုန်၏၊ ဓာတ်ဆီဆုတ်လျှင် ဆုတ်ကုန်၏၊ ဓာတ်ဆီငုပ်လျှင် ငုပ်ကုန်၏၊ ဓာတ်ဆီကုန်လျှင် ကုန်ကုန်၏)။

တသ္မာ၊ ထိုကြောင့်။ အဂ္ဂိနံ၊ နှစ်ဆဲ့ခြောက်ပါးသော ဓာတ်မီးမျိုးတို့၏။ ပဒိုသရဏာ၊ ကိုးကွယ်ရာ ဖြစ်ပေကုန်သော။ ဩဇာပိ၊ ဓာတ်ဆီမျိုးတို့သည်လည်း။ ဆဗ္ဗိသ၊ နှစ်ဆဲ့ခြောက်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ (နှစ်ဆဲ့ခြောက်မျိုး အရေအတွက်မှာ ဓာတ်မီးနှစ်ဆဲ့ခြောက်မျိုးနှင့် အစဉ်ဟပ်၍ စေ့စပ်အောင် ဝေဘန်လေ)။

သကလော၊ အလုံးစုံသော။ ကာယော စ၊ သတ္တဝါခေါ်ရသော ရုပ်ကောင် ရုပ်ခဲစုကို လည်းကောင်း။ လောကော စ၊ မြင်းမိုရ်သမုဒ္ဒရာ မဟာပထဝီ စသော ဩကာသ လောကကို လည်းကောင်း။ ဩဇာဟိ၊ ဓာတ်ဆီမျိုးတို့သည်။ ရက္ခိတော၊ စောင့်ချုပ်ခုပ်ထိန်း၏။ ထမ္ဘိတော၊ ထောက်ပံ့ချီပင့်၏။ ဩဇာပူရော၊ ဓာတ်ဆီတို့ဖြင့် တင်းကျမ်း ပြည့်၏။ ဩဇာခန္ဓော၊ ဓာတ်ဆီတုံး ဓာတ်ဆီခဲတွေသာ ဖြစ်၏။

အာဟာရော၊ ဓာတ်ဆီကိုဆိုသော အခဏ်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

ဓာတ်ဆီဓာတ်မီးတို့၏ အားရှိအားမဲ့ကို ဆိုရာမှာ ဓာတ်ကြီးလေးပါး ဓာတ်ကြည်ခြောက်ပါးတို့၌ ဆိုခဲ့ပုံနှင့်ချင့်၍သိလေ။

အယံကာယော၊ ဤတကိုယ်လုံး တကောင်လုံးသည်။ ယက္ခပူရော၊ ဓာတ်ကြမ်းဓာတ်နု အစုစုကို တခုတန်မှ အကျန်မထားအကုန်စားသော ဓာတ်ဘီလူးမျိုးအပြည့်ရှိ၏။ ဇာတိ၊ ဤမာတိကာပုဒ်၌။ ဓာတုယက္ခော၊ ဓာတ်ဘီလူးမည်သည်ကား။ မဇ္ဈဓာတုဘူတံ၊ မဇ္ဈဓာတ်ဖြစ်၍ဖြစ်သော။ မရဏံ၊ မရဏဓာတ်ပေတည်း၊

www.dhammaransi.com



ဇာတာ၊ အသစ်အသစ် မငဲဖြစ်ကြကုန်သော ခတ်ကြီးလေးမျိုး ခတ်ကြည့်ခြောက်မျိုး ခတ်မိးတဆဲ့နှစ်မျိုး ခတ်ဆိတဆဲ့နှစ်မျိုးတို့သည်။ ဧကမတ္တာပိ၊ တခုမျှလည်း။ မရဏေန၊ မရဏခတ်မိးနှင့်။ ဝိနာ၊ ကင်း၍။ နဝတ္တန္တိ၊ မဖြစ်ကုန်။ သဟေဝ၊ မရဏခတ်နှင့် ထက်ကြပ်တကွသာလျှင်။ ဝတ္တန္တိ၊ ဖြစ်ကြကုန်၏။ တသ္မာ၊ ထိုကြောင့်။ ကာယော၊ တကိုယ်လုံး တကောင်လုံးသည်။ မရဏပုရော၊ မရဏဟူသော ခတ်ဘီလူးဖြင့်ပြည့်၏။

ခတ်ဘီလူးအရကို ပြသောစကား ပြီး၏။

---

**အနိစ္စ**။ အယံကာယော၊ ဤကိုယ်သည်။ အနိစ္စော၊ အရှည်ခံ့ခိုင် တည်တံ့နိုင်သော သဘောမရှိ။ ဣတိ၊ ဤမာတိကာပုဒ်၌။ ဝိစ္ဆေဒာဘာသော၊ လျှပ်ရောင်သည်။ သယံပိ၊ မိမိသည်လည်း။ အသာရော၊ အရှည်ခံ့ခိုင် တည်တံ့နိုင်သော အနှစ်အခဲမဟုတ်။ တဿ၊ ထိုလျှပ်ရောင်၏။ အဗ္ဘန္တရေစ၊ အတွင်း၌လည်း။ သာရော၊ အရှည်ခံ့ခိုင် တည်တံ့နိုင်သော အနှစ်အမာ တွယ်တာရာသည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထိုကြောင့်။ သော၊ ထိုလျှပ်ရောင်သည်။ အနိစ္စော၊ ခိုင်မြဲသောဝတ္ထုမဟုတ်။ ဥဒယာနန္တရမေဝ၊ ထွက်ပေါ်ဖြစ်ပွားသည်၏ အခြားမဲ့၌သာလျှင်။ အန္တရဓာယတိ၊ ကွယ်ပျောက်လေ၏။

ဧဝံ၊ ဤအတူ။ သဗ္ဗေရူပါ၊ ပထဝီအာပေါ် အစရှိသော သဗ္ဗေရုပ်တရားတို့သည်လည်း။ အသာရာ၊ အရှည်ခံ့ခိုင် တည်တံ့နိုင်သော အနှစ်ခဲတို့လည်း မဟုတ်ကုန်, အရှည်ခံ့ခိုင် တည်တံ့နိုင်သော အနှစ်အမာ တွယ်တာရာလည်း မရှိကြကုန်မူ၍။ အနိစ္စာ၊ အနိစ္စတို့သာတည်း။ ဥဒယာနန္တရမေဝ၊ ဖြစ်ပေါ်သည်၏ အခြားမဲ့၌သာလျှင်။ အန္တရဓာယန္တိ၊ ကွယ်ပျောက်ကြကုန်၏။

အနိစ္စပြီး၏။

www.dhammaransi.com



ဒုက္ခ။ ခေမော၊ ဘေးမရှိသော။ သိဝေါ၊ ချမ်းမြေ့သာယာသော အမှုသည်။ သုခေါ၊ သုခမှုမည်၏။ ယထာဝုတ္တော၊ ဆိုအပ်ခဲ့ပြီးသော အပြားရှိသော။ သော အနိစ္စဘာဝေါ၊ ထိုအနိစ္စမှုသည်။ အခေမော၊ ဘေးကင်းမှု မဟုတ်။ အသိဝေါ၊ ချမ်းမြေ့ သာယာသော အမှု မဟုတ်။ အထခေါ၊ စင်စစ်သော်ကား။ ဘယံ၊ ဘေးမှုသာတည်း။ တာပေါ၊ ပူပန်မှုသာတည်း။ တသ္မာ၊ ထိုကြောင့်။ အနိစ္စာ၊ အနိစ္စတရား ဆင်းရဲတို့သာတည်း။ န သုခါ၊ တရားချမ်းသာတို့ မဟုတ်ကုန်။

အပိစ၊ တနည်းသော်ကား။ ဥပ္ပန္နတ္တာ၊ ဖြစ်ပေါ်ပြီး၍။ ဥပစိတာ၊ တခဏတခြား ကြီးပွားကြကုန်သော တရားတို့သည်။ ပါကေန၊ ရင့်ခြင်းအမှုနှင့်။ သဟေဝ၊ တကွထက်ကြပ်သာလျှင်။ ဥပစယန္တိ၊ ကြီးပွားကြကုန်၏။ သောစပါကော၊ ထိုရင့်ခြင်းအမှုသည်လည်း။ မရဏာသ၊ မရဏာ ဘိလူး၏။ အာဝုဓော၊ လောင်မီးလက်နက်ပေတည်း။ ယင်္ကော၊ ခါတ်ဘိလူးသည်။ ဇာတံဇာတံ၊ ဖြစ်တိုင်း ဖြစ်တိုင်းသောခါတ်ရုကို။ တေန၊ ထိုလောင်မီး လက်နက်ဖြင့်။ ဒါဟေတွာ၊ မြှိုက်၍မြှိုက်၍ အကျွမ်းဘုတ်၍။ ခါဒတိ၊ စား၏။ တသ္မာ၊ ထို့ကြောင့်။ ဥပစိတော၊ တခဏတခြား တနေ့တခြား ကြီးပွားခိုက်ဖြစ်သော ။ ကာယောပိ၊ တကိုယ်လုံး တကောင်လုံး သည်လည်း။ ပါကသဟိတော၊ လောင်မီးလက်နက် ဘုတ်မြှိုက်ချက်နှင့် ထက်ကြပ်တကွ ကြီးပွားရသည်။ ဟုတွာ၊ ဖြစ်၍။ ဒုက္ခော၊ ဒုက္ခအစုသာတည်း။

ဒုက္ခပြီး၏။

---

အနတ္တ။ အသာရော၊ အရှည်ခံနိုင် တည်တံ့နိုင်သော အနှစ်သာရလည်းမဟုတ် အနှစ်အမာ တွယ်တာရာလည်း မရှိသည် ဖြစ်၍။ အနိစ္စာ၊ ထွက်သက်ဝင်သက် တရှူထွက်မှု မပျက်ခံနိုင် မတည်တံ့နိုင်သော။ ဝိဇ္ဇောဘာသော၊ လျှပ်ရောင်သည်။ ကသာ၊

www.dhammaransi.com



အဘာယ်သူ၏။ ဝသံ၊ တနာဂရီ တပဟိုရ် တည့်စေလိုသော အလို ကို။ ဝတ္တတိ၊ လိုက်နိုင်အံ့နည်း။ အဝသဝတ္တေ၊ အလိုလိုက်ခြင်း အလျဉ်းမရှိသော လျှပ်ရောင်၌။ကောဏ္ဍသရော၊အစိုးရသူ အရှင် ဟူ၍ မည်သူတယောက် ရှိဝေအံ့နည်း။ အနိဿရော၊ အစိုးမရပါ ဘဲလျက်။ဩသော မမာတိ၊ သင်း-ငါ့ဟာဟူ၍။ မညမာနော၊ မှတ် ထင်သူသည်။ ဥမ္မတ္တော၊ အရူးလုံးလုံး မဟုတ်လော။

ငါ့ဟာဟု ထင်မှတ်မှုသည်ပင် အရူးမှုလုံးလုံး ဖြစ်လေရကား ထိုလျှပ်ရောင်ကို ငါ၏ကိုယ်ဟု ဆိုသူ မှတ်သူမှာ ဆိုဘွယ်ရာ မရှိပြီ၊ ဥပမာဖြင့် လျှပ်ရောင်ကို အစိုးရသောသူ ပိုင်နိုင်သောသူ ဟူ၍မရှိ၊ အစိုးမရဘဲ မပိုင်မနိုင်ပါဘဲနှင့် ငါ့လျှပ်ရောင် ငါ့လျှပ် ရောင်ဟု ဆိုခဲ့ ယူခဲ့လျှင် ထိုသူကို အရူးဆိုကြမည်၊ အစိုးရသူ ပိုင်သူဟူ၍မရှိလျှင်လည်းထိုလျှပ်ရောင်သည် အရှင်မရှိ သခင်မရှိ စင်စစ်သာတည်း၊ ထိုသို့ ဖြစ်မှုသည် အနှစ်မရှိသည့် အတွက် သက်သက်သာတည်းဟုပြသည်၊နာမ်ရုပ် တရားတို့၏အနှစ်မရှိမှု ကိုမြင်လျှင် ၍လျှပ်ရောင်နှင့်တူမှုကို မြင်လတ္တံ့၊အနှစ်မရှိမှုသည် နောက်၌ ထင်ရှားလာလတ္တံ့၊ ၍ကား အနှစ်မရှိသောကြောင့် အနတ္တ, အလိုသို့ မလိုက်သောကြောင့် အနတ္တ, အစိုးမရသော ကြောင့် အနတ္တ, ငါပိုင်ဆိုင်သော ငါ့ကိုယ်မဟုတ်, သူပိုင်ဆိုင် သော သူ့ကိုယ် မဟုတ်သောကြောင့် အနတ္တ, ဟု လာသော အနတ္တ အနက်လေးချက် တလုံးတည်းကျပုံတည်း။

(၍ကိုယ်အလုံး၌ နာမ်တရား ရုပ်တရားတို့၌ ဖြစ်ပေါ်မှု, တည်မှု, ပွားမှု, ဆုတ်ယုတ်မှု, ကွယ်ပျောက်မှု, ၍အမှု ငါးရပ် သည် ပုဂ္ဂိုလ်၏ အလိုနှင့်ဆိုင်သော အမှုရပမဟုတ်၊ အသီးအသီး သော ပစ္စည်းအကြောင်းတို့နှင့်သာ ဆိုင်သောအမှုရပေတည်း)။

၁။ ပူလှ၍ မိမိကိုယ်ကို အေးစေလိုသော်လည်း အေးနာမ် အေးရုပ် ဖြစ်ပေါ်၍မလာ၊ ရေတွင်း ရေကန်မှ အေးမြသော ရေကို ပေးမှသာ အေးနာမ် အေးရုပ် ဖြစ်ပေါ်လာသည်။ ဖြစ်ပေါ်မှု။

www.dhammaransi.com



၂။ ထိုအေးနာမ် အေးရုပ် တို့ကို တနာရီပတ်လုံး နှစ်နာရီပတ်လုံး အနေမပျက် ဆက်လက်ခါ တည်နေစေလိုသော်လည်း အလိုအတွက် သက်သက်နှင့်မတည်၊ ဆိုခဲ့ပြီးသော အေးမြသော ရေ အေးမြသော လေတို့ကို တနာရီပတ်လုံး နှစ်နာရီပတ်လုံး မပျက်မစီးပေ၍ နေမှသာ အနေမပျက် ဆက်လက်ဖြစ်ပွားကာ တည်လေသည်။ ။တည်မှု။

၃။ အသွေး အသား အားခွန် ဗလတို့ကို ပွားစေလိုသော်လည်း အလိုအတွက် သက်သက်နှင့်မပွား၊ အစာ ရေစာ ဓာတ်စာ ဆေးဝါးပေးသွင်းမှသာ ပွားလေသည်။ ။ပွားမှု။

၄။ ဖြစ်ပွား တိုးတက်၍ နေသော ရောဂါရုပ် ရောဂါနာမ် တို့ကို ဆုတ်ယုတ်စေလိုသော် အလိုအတွက် သက်သက်နှင့် မဆုတ်မယုတ်၊ သပ္ပါယဖြစ်သော ဆေးဝါး အစာတို့ကို နေရာကျ ပေးသွင်းမှသာ ဆုတ်ယုတ်လေသည်။ ။ဆုတ်ယုတ်မှု။

၅။ ပူနာမ် ပူရုပ်တို့ကို ပျောက်ကွယ် စေလိုသော်လည်း အလိုအတွက် သက်သက်နှင့် မကွယ် မပျောက်၊ အေးမြသော ရေ အေးမြသောလေကို ပေးမှသာ ပျောက်ကွယ်လေသည်၊ အလွန်ချမ်းလှ၍ အေးနာမ် အေးရုပ်တို့ကို ပျောက်ကွယ် စေလိုသော်လည်း အလိုအတွက် သက်သက်နှင့် မပျောက် မီးပူ နေပူကို ပေးမှသာ အေးရုပ် အေးနာမ် အေးကိုယ် ကွယ်ပျောက်သည်။ ။ကွယ်ပျောက်မှု။

အလွန်ထင်ရှားသော အချက်စုကို ပြလိုက်သည်၊ အမြိန္နစ္စ ကြောင့်ကြ စိုက်ကြသော ကျွဲမှု နွားမှု ပြုပြင်မှု ကြည့်ရှောင်မှု ဆောင်ရွက်မှုတို့နှင့် အနုစိပ်ကာ အချက်စေ့ အကွက်စေ့ မြင် အောင်ကြည့်လေ၊ ဤသို့လျှင် အမှုငါးပါးတို့၏ ပုဂ္ဂိုလ်အလိုနှင့် ကား သက်သက်မဆိုင်၊ အလွတ်ကဖြစ်သော မီး နေ ရေ လေ ကောက်ပဲ သစ်ပင်ချုံမြက်တို့နှင့်သာဆိုင်ကြောင်းကိုအလင်းသိ မြင်ရသဖြင့် မဆိုင်သူသဗ္ဗာဝါကငါ့ကိုယ်ငါ့ကိုယ်ယ်ဟုအဆိုအခွဲ

www.dhammaransi.com



အထင်လွဲချက်သည် မျက်မြင်ဒိဋ္ဌဖြစ်သတည်း။ ။အကြောင်းနှင့် စပ်၍ အနုတ္တမည်ကြောင်း။

အနုတ္တ ပြီး၏။

---

ယခုအခါ အကုန်လုံး ရောကြိတ်၍ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေး သုံးပါးကို ထင်ရှားအောင် ပြပေအံ့၊ လက္ခဏာရေးသုံးပါးကို ရှုမြင်လိုသောသူသည် ထိုလက္ခဏာရေးသုံးပါး၏ ခိုရာ မှီရာဖြစ်သော ရုပ်ခေတ် နာမ်ခေတ် တို့ကို တကိုယ်ကောင်လုံး အုံးအုံးဆူကြွ အကုန်ထအောင် ဆွရသည်၊ တကိုယ်ကောင်လုံး အုံးအုံးဆူကြွ အကုန်ထမှ မြင်ရသည်။

**ဆွနည်းမှာလည်း**-ဤခန္ဓာကိုယ် နှစ်ပုံခွဲ၍ ဆွနည်း, သုံးပုံခွဲ၍ ဆွနည်း, လေးပုံခွဲ၍ ဆွနည်း, ငါးပုံခွဲ၍ ဆွနည်း, ခြောက်ပုံခွဲ၍ ဆွနည်း စသည်ဖြင့် များသောအပြားရှိ၏၊ ရုပ်တစု နာမ်တစု ပြု၍ ဆွနည်းသည် နှစ်ပုံခွဲ၍ ဆွနည်းမည်၏၊ ဝေဒနာ သုံးပါး ပြု၍ဆွနည်းသည် သုံးပုံခွဲ၍ ဆွနည်းမည်၏၊ အာဟာရ လေးပါး ပြု၍ ဆွနည်းသည် လေးပုံခွဲ၍ ဆွနည်းမည်၏၊ ခန္ဓာငါးပါးပြု၍ ဆွနည်းသည် ငါးပုံခွဲ၍ ဆွနည်းမည်၏၊ မြေတစု ရေတစု လေတစု မီးတစု ဝိညာဏ်တစု အာကာသတစု ပြု၍ ဆွနည်းသည် ခြောက်ပုံခွဲ၍ ဆွနည်းမည်၏၊ (ပုက္ကုသာတိမင်းကြီးသည် ဤခြောက်ပုံခွဲနှင့် ကျွတ်သည်)။

အာယတနနှင့်ခွဲလျှင် ဆဲ့နှစ်ပုံဖြစ်၏၊ ဓာတ်နှင့်ခွဲလျှင် ဆဲ့ရှစ်ပုံဖြစ်၏၊ ကောဋ္ဌာသနှင့်ခွဲလျှင် သုံးဆဲ့နှစ်ပုံဖြစ်၏၊ အဘိဓမ္မာနည်းနှင့်ခွဲမှုကား တရားသရုပ် အလွန်များပြား၏၊ ဤခန္ဓာကို လက္ခဏာရေးနှင့် ကြိတ်နယ်လိုသောသူမှာ အဘိဓမ္မာနည်းမလို၊ ပညာပါရမီ ပွားများတို့ ပဋိသန္ဓိဒါဉာဏ် ပွားများတို့ အရာ၌သာ အဘိဓမ္မာနည်းလိုသည်၊ တရားကိုယ် အစိတ်အလီ များပြားလွန်းလျှင် ခွဲမှု ခြမ်းမှု ဝန်ကြီး၍ ခရီးမတွင်ရှိသည်၊ အစိတ်

များလျှင် မမြင်နိုင် မထင်နိုင်သော တရားစု အများပါရှိသည်၊ မမြင်သောတရားကို လက္ခဏာရေးတင်၍လည်း ဘာဝနာအစစ် မဖြစ်၊ တရားကိုယ် တရားချက်ကို အတပ်မြင်၍ တင်မှသာ ဘာဝနာအစစ် ဖြစ်သည်။

မြတ်စွာဘုရားသည်လည်း အဘိဓမ္မာနည်းကို တာဝတိံသာ၌ တခါ, စန္ဒကူးတောတွင် အရှင်သာရိပုတ္တရာကို တခါ သာ ဟောလေသည်၊ သည့်ပြင် ဘယ်သတ္တဝါကို အဘိဓမ္မာနည်းနှင့် ဟော၍ချွတ်သည်ဟု မရှိ၊ တာဝတိံသာတွင် အဘိဓမ္မာဟော စဉ်အခါမှာလည်း နတ်ဗြဟ္မာတို့ကို သုတ္တန်နည်း ညှပ်၍ ညှပ်၍ ချွတ်ရသည်၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော သူသည် ကျယ်ဝန်း နက်နဲလှ၍ ဈာန်မရ၊ စတုဓာတု ဝဝတ္ထာန် ကမ္မဋ္ဌာန်း ကို စီးဖြန်းသောသူသည် သိမ်မွေ့ နက်နဲလှ၍ ဈာန်မရ၊ ဤအ တူမှတ်။

အရှင်သာရိပုတ္တရာ သည် တရားအစိတ်အလီ ကျယ်ဝန်း များပြား၍နေသောကြောင့် ဆဲ့ငါးရက်မှ ရဟန္တာ ဖြစ်သည်။

အရှင်မောဂ္ဂလာန် မှာတရားအစိတ်အပိုင်း ငယ်တို ဖြစ်ခြင်း ရှိသောကြောင့် ခုနစ်ရက်နှင့် ရဟန္တာ ဖြစ်သည်။ ။သက်သေ။

ဓာတ်ခြောက်ပါး၌ ပုက္ကုသာတိမင်း ကျွတ်ရာမှ ဓာတ် ကြီးလေးပါး၌ လက္ခဏာရေး သုံးပါးတင်လျှင် ဥပါဒါရုပ်ရ ပြီးတော့သည်၊ စိတ်၌ လက္ခဏာရေး သုံးပါးတင်လျှင် စေတ သိက်ရ ပြီးတော့သည်၊ အာကာသဓာတ်မှာ ထင်ရှားသည့် အကျ အပ်မျှသည့်လေသည်၊ ဤကမ္မဋ္ဌာန်း စာမှာမူကား အင်္ဂါရုံးရုပ် လိုက်သည်။

ဘုံနန်းပြာသာဒ် ဆောက်လုပ်ရာ၌ သည် တိုင် ထုပ် လျှောက် ယက်မ ဆင့်ကြမ်း ဒိုင်း ကျား တို့နှင့်သတ္တဝါမှာ အမာခံ အကြည် ခံ ဓာတ်ကြီးလေးပါး တူသည်၊ ပြာသာဒ် အမွမ်းအခြယ် ကြယ်သာ ရနှင့် အကြည်ဓာတ်ခြောက်မျိုး တူသည်၊ ပြာသာဒ် ပိုင်သူကာ

www.dhammaransi.com



ရနှင့် ခါတ်မီးဆယ်မျိုး တူသည်၊ အဘိုးအခ ထမင်း ရိက္ခာ ပေးသော ပြာသာဒ်အရှင်နှင့် ခါတ်ဆီ ဆယ်မျိုး တူသည်၊ ကောက်ပဲအသီးအနှံနှင့် အကြည်ခြောက်ပါး တူသည်၊ ကောက် ပင် ပဲပင်နှင့် ခါတ်ကြီးလေးပါး တူသည်၊ လယ်မြေ ယာမြေ နှင့် ခါတ်မီး ဆယ်မျိုး တူသည်၊ မိုးရေနှင့် ခါတ်ဆီဆယ်မျိုး တူသည်၊ မိုးရေရှိမှ မြေခါတ်မြူးသည်၊ မြေခါတ်မြူးမှ အပင် ဖြစ်သည်၊ အပင်ဖြစ်မှ အပွင့်အသီး အမြဲဖြစ်ထွန်းသည်၊ မိုးထွန်း ရာ၌ ဆီရေနံနှင့် ခါတ်ဆီဆယ်မျိုး တူသည်၊ မိုးစာနှင့် ခါတ်မီး ဆယ်မျိုး တူသည်၊ မိုးတောက်နှင့် ခါတ်ကြီးလေးပါး တူသည်၊ မိုးရောင်နှင့် ခါတ်ကြည်ခြောက်မျိုးတူသည်၊ ကြာအိုင်ကြီး၌ရေ နှင့် ခါတ်ဆီတူသည်၊ ရွှံ့ မြေနှင့် ခါတ်မီး တူသည်၊ ကြာရုံကြီး တွေနှင့် မဟာဘုတ်ကြီးတွေတူသည်၊ ကြာပွင့်တွေနှင့် အကြည် ခါတ်တွေ တူသည်။

**ဥပမာလေးချက်၌ ဆိုလိုရင်းကား**-ငရဲပြိတ္တာမှ တပါးသော ကာမဘုံသားစုတ္တို၌ ခါတ်ဆီမှာ ခါတ်မီးတွယ်ရသည်၊ ခါတ်မီး မှာ မဟာဘုတ်တွယ်ရသည်၊ မဟာဘုတ်မှာ ခါတ်ကြည် တွယ် ရသည်၊ ခါတ်ဆီလျော့ပါးလျှင်ခါတ်မီး ခါတ်ကြီး ခါတ်ကြည် တို့သည်လည်း လျော့ပါးကုန်တော့သည်၊ ခါတ်ဆီကုန်ခန်းလျှင် ခါတ်မီးလည်း သေတော့သည်၊ ခါတ်ကြီးအစည်းအဝေးလည်း ပျက်ပြန်တော့သည်၊ ခါတ်ကြည်ရလည်း ကွယ်ဆုံးတော့သည် ဆိုလိုသည်၊ ကြာအိုင်ကြီး၌ အိုင်နယ် ရေနေ ကျယ်၍ကျယ်၍ သွားလျှင် ကြာတောလည်း ကျယ်၍လိုက်သည်၊ အိုင်နယ် ရေ နေ ကျဉ်း၍ ကျဉ်း၍ လာလျှင် ကြာတောလည်း ကျဉ်း၍လာ တော့သည်၊ ထိုအတူ ပဋိသန္ဓေမှစ၍ ခါတ်မီး ခါတ်ဆီတို့သည် တခဏတခြား အလုံးအဘန် သဏ္ဌာန် ကြီးပွားအောင် တည် ထောင် ချဲ့ဘွင့်ကြကုန်၏၊ ကမ္မဇ စိတ္တဇတို့ သည်မူကား ကြာ အိုင်ကြီးမှာ ရေရောက်ရာ ကြာလိုက်၍ ပေါက်သကဲ့သို့ အဇ္ဈတ္တ ဥတုဇ အာဟာရဇတို့ ကြီးပွားတိုးတက်ရာ လိုက်၍ ဖြစ်ကြ

www.dhammaransi.com



ကုန်၏၊ ဥတုဇ အာဟာရဇတို့ ကြံ့ခိုင်ရုံဆုတ်ယုတ်၍လာလျှင်လည်း ဆုတ်ကြကုန်၏၊ ရေကုန်လျှင်ကြာပျောက်သကဲ့သို့ဥတုဇဓာတ်နှ အာဟာရဇ ဓာတ်နှတို့ကုန်လျှင် ကမ္မဇအကြည်တို့ကုန်ရကုန်၏။

(လူတို့၏ အသက်တမ်း ဆုတ်တုံ တက်တုံ ဖြစ်မှုသည်လည်း ဓာတ်ဆိ ဓာတ်မိုးတို့၏ အချက်သာတည်း၊ ဓာတ်ဆိ ဓာတ်မိုး တို့၏ အားရှိအားမဲ့သို့ လိုက်၍ အသက်တမ်း အရှည်အတို လုံး ရပ် သဏ္ဌာန် အကြီးအငယ် အသွေးအဆင်း အပြောင်အမွဲ ဖြစ် ရသည်)။

**ဖြစ်ပုံကား**-ကမ္ဘာဦးအခါ သတ္တဝါ အများ၌ ဒုစရိုက် ကင်း ရှင်း၏၊ သုစရိုက်ဆယ်ပါး ပြဟ္မစိုရ်လေးပါး သစ္စာတရား ထွန်းကား၏၊ ထိုတရားတို့၏ သာယာချမ်းမြ စိုပြန်းလှသော အခိုန်အဝါတို့ကြောင့် နေ လ နက္ခတ် တာရာတို့မှ ဖြစ်သော ဓာတ်ဆိ ဓာတ်မိုး, မြေ ရေ မိုးသည်း လေတို့မှဖြစ်သော ဓာတ်ဆိ ဓာတ်မိုး, သစ်ပင် တောတောင်တို့မှ ဖြစ်သော ဓာတ်ဆိ ဓာတ် မိုး, လူတို့ အာဟာရ ပြုကြသော ကောက်မျိုး စပါးမျိုးအပင် အကိုင်းအခက် အရွက် အညွန့် အသီးအပွင့်တို့မှဖြစ်သောဓာတ် ဆိ ဓာတ်မိုး တို့သည် အလွန်နှစ်ဆိသြဇာ ရှိကြကုန်၏၊ ထို ဗဟိဒ္ဓ ဓာတ်ဆိ ဓာတ်မိုးတို့မှာ တွယ်ရသော အဇ္ဈတ္တ ဓာတ်ဆိ ဓာတ်မိုးတို့လည်း အလွန်နှစ်ဆိသြဇာ ရှိကြကုန်၏၊ ထိုဓာတ်ဆိ ဓာတ်မိုးတို့မှာ တွယ်ရသော ကမ္မဇရုပ် မဟာဘုတ်ဓာတ်ကြည် တို့သည် အနှစ်သခ်ျောတိုင် အစဉ်အမြဲ့ရှည် တည်ကုန်၏။

နောက်အခါ သတ္တဝါများ၌ ဒုစရိုက်တရား ပေါ်ပေါက်၍ တဖြေးဖြေးတိုးပွား၍လာ၏၊ ဒုစရိုက် တရားတို့၏ ချောက်ချား ပူလောင်သော အခိုန်အဝါတို့ကြောင့် ဆိုခဲ့ပြီးသော ဗဟိဒ္ဓ ဓာတ်မိုး ဓာတ်ဆိ အလုံးစုံတို့သည် တဖြေးဖြေး နှစ်ဆိသြဇာ ဆုတ်ယုတ် ခေါင်းပါးကြကုန်၏၊ ထိုဗဟိဒ္ဓ ဓာတ်ဆိ ထိုဓာတ်မိုး တို့မှာ တွယ်ရသော အဇ္ဈတ္တဓာတ်ဆိ ဓာတ်မိုးတို့လည်း တဖြေး

www.dhammaransi.com



ရွှေနှစ်ဆိပြန်ဖြာ ဆုတ်ယုတ်ကုန်ခန်းကုန်၏၊ ထိုအခါ ထိုခေတ်မီး မှာတွယ်ရသော ကမ္ဘာဇရပ် မဟာဘုတ် ခေတ်ကြီးတို့သည် အစဉ်အတိုင်း ဆုတ်ယုတ်၍ တသိန်းတမ်း ကိုးသောင်းတမ်း စသည်ဖြင့် ဆယ်နှစ်တမ်းတိုင်အောင် ဆုတ်တမ်းဖြစ်လာကုန်၏၊ တဘန် ဒွဝရိုက်ဘက်က ဆုတ်ပြန်၏။

သုစရိုက်ဘက်က တက်ပြန်သောအခါ ဗဟိဒ္ဓအဇ္ဈတ္တနှစ်ဆိ ပြန်ဖြာတိုးတက်၍ အသက်တရွှေ့ရွှေ့ ရှည်၍သွားပြန်၏၊ အများ သတ္တဝါတို့ အတွက်နှင့် တလောကလုံး သိမ်းကျုံးလွှမ်းမိုး၍ ဖြစ်လာသော ဓမ္မတာအချက်ကို သဗ္ဗညုဘုရားတို့၏ ဘုန်းကံ သော်မှလည်း ခုခံတန့်စားခြင်းငှါ မတတ်နိုင်၊ သဗ္ဗညုဘုရားတို့ ၏ ဘုန်းကံသည် အသက်အသခြေ အကျိုးပေးနိုင်သော အခွင်း ရှိသည်ချည်း၊ သို့သော်လည်း ထိုကံကြောင့် ဖြစ်သော ကမ္ဘာဇရပ် မဟာဘုတ် ခေတ်ကြည် တို့သည် ဘုရားသန္တာန်ရှိ အဇ္ဈတ္တ ခေတ်ဆိ ခေတ်မီးမှာ တွယ်ရကုန်သည်၊ အဇ္ဈတ္တ ခေတ်ဆိခေတ် မီးတို့သည်လည်း ထိုကာလရှိ အမိအဘ အာဟာရ ဥတုစသည် တို့၌ပါသော ဗဟိဒ္ဓခေတ်ဆိ ခေတ်မီးတို့မှာ တွယ်ရကုန်သည်၊ တသိန်းတမ်း တရာတမ်းဖြစ်ရသည်မှာလည်း ထိုဗဟိဒ္ဓ ခေတ် ဆိ ခေတ်မီးတို့၏ အကွက်နှင့် ဖြစ်ရလေသည်၊ ထိုကြောင့် ဖြစ် ရာအသက်တမ်းကို မလွန်နိုင်ကြကုန်။

(အသက်အသခြေ ပေးနိုင်သော သတ္တိရှိသော ကံသည် ဆယ်နှစ်တမ်းမှာ ပေးခွင့်ရ၍ ပေးရလျှင် ဆယ်နှစ်ကိုမလွန်နိုင်၊ အလွန်နိုင်သော ခေတ်နှစ်ဟု ဆိုအပ်သော ပြဒါးရည်ကို စက္ကူ နှင့်ထုပ်၍ထားလျှင် စက္ကူတသက်သာတည်နိုင်သကဲ့သို့တည်း)။

**ဇာနုဒ္ဓိပါဒ်လေးပါးကို** ပွားဖြစ်နေလျှင် တကမ္ဘာတည်နိုင်၏ ဟူ သော ပါဠိတော်မှာ အသခြေယျကမ္ဘာဟု မဟာသိဝ မထေရ် ကြီးဆို၏၊ ထိုကို မဟာအဋ္ဌကထာ ဆရာတို့က ပယ်ကြ၍ ထို ကာလအသက်တမ်းကို ကမ္ဘာဆိုသည်ဟု ဘွင့်ကြကုန်၏။

www.dhammaransi.com



(တရာတမ်းမှာပင် ဖြစ်သော်လည်း မိမိကိုယ်ကို ရုပ်ပြောင်း
နိုင်လျှင် တထောင်မက နေရပါ၏၊ ရုပ်ပြောင်းနည်းကား ပကတိ
အစာအာဟာရ တို့နှင့်သာ မနေမူ၍ ခိုင်ခံ့သော ကျောက်သံ
ပြဒါးစသည်ကို ထမြောက်အောင် စီရင်၍ ပြောင်းခြင်းတည်း)။

**အနည်းငယ် ဆိုဦးအံ့။** ထို ကျောက်ဓာတ် သံဓာတ် ပြဒါး
ဓာတ်တို့ကို စိမ်းစိုသော အာမကဘာဝ အတိုင်း မျိုခဲ့လျှင် ကိုယ်
တွင်းသို့ ရောက်သော်လည်း ဇဟိဒ္ဓအဖြစ်ကိုမစွန့် အဇ္ဈတ္တဘာဝ
မကူး၊ အာမကဇာတိ ကုန်ဆုံးအောင် ကျိုချက်၍ မျိုခဲ့လျှင်
အဇ္ဈတ္တဘာဝသို့ ပြောင်းကူး၍ ခိုင်ခံ့သောရုပ်တို့ကို ပွားစေ၏၊
မျိုဘန်များ၍ ပွားဘန်များလျှင် တကိုယ်လုံးဝယ် ပကတိရုပ်နွယ်
ကုန်ဆုံး၍ ထိုဓာတ်သွေး ဓာတ်သား ဖြစ်လေ၏၊ ထိုသို့ဖြစ်သော
အခါ တရာတမ်းမှာပင် တထောင်မက နေရ၏။

သက္ကတေဝ ဇရာယ ပဋိကမ္မံ ကာတုံ။ ။နေတ္တိပါဠိတော်။
ဇရာယ၊ အိုမင်း ဆွေးမြေ့ခြင်းဟူသော ဇရာတရားကို။ ပဋိ
ကမ္မံ ကာတုံ၊ မဆွေးရအောင် ကြံဆောင် ပြုပြင်ခြင်းငှါ။ သက္က
တေဝ၊ ဖြစ်ကောင်းသည်သာတည်း။

ရသာယန ဘေသဇ္ဇံ ပန သုစိရံပိ ကာလံ ဇီဝိတံ
ပဝတ္တေတိ ယေဝ။ ။ဝိသုဒ္ဓိမဂ် မဟာဋီကာ။

ရသာယန ဘေသဇ္ဇံ ပန၊ ရသာယန ဓာတ်ဆေးမျိုး သည်
ကား။သုစိရံပိကာလံ၊တရာတွင်းမှာ တရာ တထောင်မက ကာလ
ကြာမြင့်သည့်တိုင်အောင်လည်း။ ဇီဝိတံ၊ အသက်ကို။ပဝတ္တေတိ
ယေဝ၊ အရှည်ခံ့ခိုင် တည်တံ့စေနိုင်သည် သာတည်း။

ဤသည်ကားကဗဋ္ဋိကာရမ္မိဝဲရသောကာမဘုံသားတို့၏ခန္ဓာ
သည် ဓာတ်ဆီ ဓာတ်မီးတို့မှာ တွယ်တာ၍ တည်နေ ရကြောင်း
ကို အထင်အလင်း ထိုးထွင်း၍ သိနိုင်ရန် အတန်ငယ် ဆိုလိုက်
သော အချက်ပင်တည်း၊ ဤ အချက်ကို မျက်မှောက် ထင်ထင်

www.dhammaransi.com



ကောင်းကောင်း မြင်မှသာ သင်္ခါရ ဘာဝကို ပြလိုက်တိုင်း လင်းမည့်ကြောင့် သင်္ခါရဓမ္မတို့ကို ဆွဲလိုက်သောအချက်ရပင်တည်း။

---

**အနိစ္စလက္ခဏာကို**-သန္တတိ ဖုံးလွှမ်းသည်, သန္တတိကိုခွါမှ အနိစ္စလက္ခဏာပေါ်သည်ဟူသောကျမ်းဂန်စကား၌ သန္တတိကို ခွါမှုသည် အာဟာရနှင့်စပ်၍ခွါမှု, ဣရိယာပထနှင့်စပ်၍ ခွါမှု, အနာရောဂါနှင့်စပ်၍ ခွါမှုစသည်ဖြင့် များပြား၏

**အာဟာရနှင့် စပ်၍ ခွါမှုကို ဆိုပေအံ့။** သဗ္ဗေ သတ္တာ အာဟာရ ဋ္ဌိတိကာ။ သဗ္ဗေ၊ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အာဟာရဋ္ဌိတိကာ၊ အာဟာရနှင့်တွဲဘက်၍ အသက်ရှည်ရ တည်ရကြကုန်၏။ ပါဠိတော်။ တထပ်စာပြု၍ မျိုအပ်သော အစာ၌ ဓာတ်ဆိ ထက်ဝက် ဓာတ်မီးထက်ဝက်ပါ၏၊ ဆာလောင် နွမ်းလျ၍ နေသောသူ၌ ဆာလောင်မှုကား ပါစက ဓာတ်မီးသည် အစာဇိမ်မှာအစာမရှိ၍ အထက်နှလုံးအသည်းသို့ မီးကူးလျှင် နှလုံး အသည်းစသော ရင်တွင်းသားတို့မှ ဓာတ်မီး ထ၍လောင်သည်ကို ဆာလောင်မှု ခေါ်သည်၊ နွမ်းလျမှုကား တကိုယ်လုံးရှိ ရုပ်ဓာတ်တို့၏လျော့ပါးမှုတည်း၊ လေဟုန် လှိုင်းဟုန်ကြောင့် ရေမှဖြစ်သော လူပမာဏရှိသော ရေမြှုပ်ရကြီးသည် ရေမှလွတ်၍ ကုန်းပေါ်သို့ရောက်လေရာ ရေနှင့်ကွာ၍ အာပေါအစေးခြောက်သဖြင့် အတွင်းတခွင်လုံး အပြင်တခွင်လုံး ရှိ ရေပွက်တို့သည် ဖြုတ်ဖြုတ် ဖြုတ်ဖြုတ် ကြေပျက်ကြ ကုန်၏၊ အတွင်းတခွင်လုံး ရေပွက်ငယ်တို့ ကြေပျက်ပုံကို အဟုန်မြင်အောင်ကြည့်၊ ထိုအခါ အတွင်းသားရေပွက်တို့ ကြေပျက်ကုန်သည့်အတွက် ရေမြှုပ်ခဲကြီး အတွင်းသားအားလုံးကျဲ၍ ဟာ၍ကုန်သဖြင့် တရွှေ့ရွှေ့ ကျုံ၍သွား၏၊ ကျန်ရှိသောရေမြှုပ်သားတို့လည်း လျော့လျော့ပါးပါး အားနဲ့ အင်နဲ့ ဖြစ်ကြကုန်၏၊ မြင်အောင်ကြည့်။

www.dhammaransi.com



မီးအိမ်ပျံ မှိုင်းခံရာ၌ ရေနံတိုင်ကြီးကို မီးညှိ၍ အတွင်းသို့ သွင်းလိုက်လျှင် မီးတောက်ဖျားမှ ထွက်သော အခိုးတို့သည် အိမ်တွင်းတခွင်လုံး အပြည့် တိုးပွားကာ နေကုန်၏၊ ၎င်းကိုယ် တကောင်လုံးသည် မီးအိမ်ရှည်ကြီးနှင့်တူ၏၊ တထပ်စာ မျိုလိုက်သောအစာရသည် မီးအိမ်တွင်းသွင်းလိုက်သော ရေနံတိုင် မီးတောက်ကြီးနှင့်တူ၏၊ အစာသစ်တွင် ပါသော ဓာတ်ဆီဓာတ် မီးတို့မှထ၍ တကိုယ်လုံးအပြည့် တိုးပွားသော မဟာဘုတ် ရုပ်သစ် ကလာပ်သစ်တို့သည် မီးအိမ်တွင်း၌ မှိုင်းခိုးတိုးပွားပြည့် လျှမ်းသည်နှင့်တူ၏၊ ဤ ဥပမာဖြင့် အစာအိမ်၌ ထမင်းအစာ ရောက်သောအခါ တကိုယ်လုံး၌ အတွင်းတခွင်လုံးအပ်သွားရာမျှ မလပ်ရအောင် ဘုတ်သစ် ရုပ်သစ် ကလာပ်သစ်တို့ တိုးတက် ဖြစ်ပွားပုံကို အတပ်မြင်အောင်ပြသည်၊ မြင်အောင်ကြည့်။

လူကောင်ပမာဏရှိသောမှုဏ်တုံးဖလ်တုံးကြီးဝယ် အလယ် အတွင်း၌ မီးတိုင်သွင်း၍ ထွန်းထားလျှင် မီးတောက်သည်နှင့် တပြိုင်နက် မှုဏ်တုံး ဖလ်တုံးတခုလုံး မီးရောင်အပြည့်အနှံ့ ဖြစ် ပေါ်၏၊ ထွန်းထားသောမီး တရွေ့ရွေ့ သေ၍ သေ၍ မှိန်၍မှိန်၍ သွားလျှင် ထိုမီးရောင်တို့လည်း ဆုတ်ယုတ် နည်းပါး၍ သွား ကုန်၏၊ မီးတောက်သေလျှင် မီးရောင်တို့လည်း အကုန်ပျောက် ကုန်၏၊ ဤဥပမာဖြင့် ထိုရုပ်သစ် ကလာပ်သစ်တို့သည် အစာ အိမ်မှ အာဟာရဆူလျှင် ဆူဆူတက် တိုးပွားကုန်၏၊ အာဟာရ ကျလျှင် ကျကြကုန်၏၊ အာဟာရ ကုန်လျှင် ကုန်ကြကုန်၏ဟု ပြသည်၊ မြင်အောင်ကြည့်။

**သန္တတိခွါပုံကိုဆိုအံ့။** ယခုနေ့ ညစာ စားပြီးနောက် အစာ ရေစာ အပြီးဖြတ်လိုက်အံ့၊ ဤကိုယ်သည် အဘယ်သို့ ဖြစ်သွား မည်နည်းဟု ဉာဏ်နှင့်ကြည့်၊ ယခုစားသောအစာမကျမီအတွင်း ယင်းအစာတွင်ပါသော ဓာတ်ဆီ ဓာတ်မီးတို့၏ အဟုန်ကြောင့် တကိုယ်လုံး၌ ဓာတ်ဆီ ဓာတ်မီးတို့သည် လျှမ်းလျှမ်း တောက်

www.dhammaransi.com



မှု အကုန်ထ၍ တကိုယ်လုံးဝယ် အထည်ခံ အမာခံဖြစ်သော ဓာတ်ကြီးလေးပါးတို့ကို အပြည့်အနှံ့ ပွားစေကုန်၏၊ ဓာတ်ကြီးလေးပါး အသစ်အသစ် ဖြစ်ပေါ်တိုးပွားလျှင် ကြာအိုင်ကြီး ဥပမာကဲ့သို့ ဓာတ်ကြည်ခြောက်ပါးတို့လည်း လင်းလင်းတက်တိုးပွားကုန်၏။

နွေအခါ ခြောက်သွေ့ ကျဲချောင်၍နေသော တောကြီးမှာ မိုးသည်းကြီး သည်းစွာရွာ၍ ယခုအသစ် ဖြစ်ပေါ် ပေါက်ပွားသော အညွှန့်အရွက်တို့ဖြင့် ထူထပ်ပိတ်ဆို့ ညို့ညို့ မှိုင်းမှိုင်းဖြစ်သကဲ့သို့တည်း၊ မီးဇိမ်ပျံ့ ဥပမာနှင့်လည်း တူအောင်ကြည့်၊ မျက်လုံးနှစ်ခုသည် ထိုတောအုပ်၌ ချုံပုပ်ငယ် နှစ်ခုနှင့်တူ၏၊ ထိုချုံငယ် နှစ်ခုသည် အရွက်ကြွေ၍ ကျဲရဲနေစဉ်မိုးသည်းကြီးရွာ၍ အတွင်း အပြင် အရွက်အညွှန့်ပြည့်သဖြင့် တချုံလုံးစွဲ၍ ရွှန်း၍ ပိတ်၍ ပိန်း၍ စိမ်းစိမ်း ညို့ညို့ မှို့မှို့မှိုင်းမှိုင်း ဖြစ်ပြန်၏၊ ချုံဖြစ်ပုံကို မြင်အောင်ကြည့်၊ မျက်လုံးနှစ်လုံးမှာလည်း ဝမ်း၌ အစာမရှိ၍ မျက်လုံးရုပ်ခဲအတွင်းသားကျဲရဲနေပုံ၊ အစာမျိုသောအခါ မိုးကြီးရွာ၍ တချုံလုံး ပေါက်သော အရွက် အညွှန့် ပြည့်သကဲ့သို့ အစာ၌ပါသော ဓာတ်ဆီအခိုး ဓာတ်မီးအခိုး တက်၍ မျက်လုံးတွင်းရှိ ဓာတ်ဆီ ဓာတ်မီးတို့ကို လန်းလန်း ရွှင်ဖြိုး ကြွအောင် နှိုး၍ ထိုဓာတ်ဆီ ဓာတ်မီးတို့၏ အစီးအပွား ဓာတ်ဆီ လေးပါး အကြည်ဓာတ်သုံးပါးတို့ တဖွားဖွား ဖြစ်ပေါ်တိုးတက် ပြည့်လျှမ်းပုံများကို အတပ်မြင်အောင် ကြည့်၊ ဤသို့သော အချက်သို့ ဆိုက်မှ ဒိဋ္ဌိပဋိတ် တိပဋိတ် နှစ်ပါး ကွဲပြားသည်၊ ဒိဋ္ဌိပဋိတ် မှန်လျှင် မြင်အောင် မကြည့်နိုင်၊ တိပဋိတ်မှန်မှ အတပ် မြင်အောင် ကြည့်နိုင်သည်။

ထိုကြောင့် ကျွတ်ထိုက်သော တိပဋိတ် အင်္ဂါကို ပြရာ၌ "ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော" ဟု ဟောတော်မူသည်၊ ဥဒယတ္ထဂါမိနိယာ၊ ရုပ်ဓာတ် နာမ်ဓာတ်တို့၏ အသစ်

www.dhammaransi.com



အသစ် တဖွားဖွား ဖြစ်ပေါ် တိုးတက်ချက်ကိုလည်းကောင်း၊ ဖြစ်ပေါ်တိုးတက်ပြီးသော ထိုရုပ်ခတ် နာမ်ခတ်တို့၏ အစဉ် အတိုင်း ဖြုတ်ဖြုတ် ဖြုတ်ဖြုတ် ချုပ်ပျက် ကွယ်ပျောက်ချက်ကို လည်းကောင်း အတပ်သိနိုင် မြင်နိုင်သော။ ပညာယ၊ ပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။

မျိုးအပ်သော တောဖြစ် တောင်ဖြစ် မြေဖြစ် ရေဖြစ် အစာ ရေစာ၌ပါသော ဗဟိဒ္ဓခတ်ဆီ ခတ်မီးတို့မှဆက်လက်ဖြစ်ပေါ် ကြသော ရုပ်သစ် ကလာပ်သစ်တို့ ဖြစ်ခြင်းကြောင့်လည်း ထို တဖွားဖွား ဖြစ်ပေါ်ကြကုန်သော ရုပ်သစ် နာမ်သစ် ကလာပ် သစ်တို့သည် အခိုက်အတန့်ဖြစ်ပေါ်လာသော အာဂန္တုတို့ သာ တည်း၊ ငါနှင့်မဆိုင် ငါပိုင်မဟုတ်ကုန်၊ အနာပုပ်ကြီး၌ ဘဲရိုင်း ယင်မတို့လွှတ်၍ကျသော သိမ်မွေ့သေးငယ်လှစွာသောလောက် ရှင်တွေနှင့် ထပ်တူတို့ သာတည်း၊ ကိုယ်တွင်း၌ပင် ဖြစ်ကုန် သော်လည်း ထိုလောက်ရှင်တို့ကို ငါ့ကိုယ်ငါ့ကိုယ်ဟု အတွင်းပြု ၍ သိမ်းပိုက်ခြင်းငှါ မထိုက်ပေ၊ ထိုမျက်စိ နှစ်လုံး၌ ဥတုဇရုပ် ကြမ်းဖြစ်သော အသားကြမ်း အသွေးကြမ်းစုသည် အထည်ခံ တည်း၊ ထိုအထည်ခံ ရုပ်ကြမ်းစုကား သေသည်နောက် တိုင် အောင် ကျန်ရှိလေ၏၊ အကာရုပ် အခွံရုပ်စုပေတည်း၊ သတ္တဝါ ဟု မှောက်မှားကြသော ရုပ်နှ ခတ်နှတို့မူကား သေသည်နှင့် တပြိုင်နက် ချုပ်ကွယ်ကုန်၏၊ ဖြစ်ပွားချက်ကို မြင်ရသည်ဆို သော်လည်း ဝဏ္ဏအထည်ဖြစ်အနေနှင့် မမြင်စေနှင့်, လက္ခဏာ ပိုင်းကပြခဲ့သော အချက်စုအတိုင်း ရိပ်ရိပ် ရိပ်ရိပ် မာချက် တိုး တက်၍လာသည်ကား ပထဝီတည်း မြေခတ်တည်း စသည်ဖြင့် အမှုအရာ ကြိယာမျှကို မျက်လုံးသား တခုလုံး ဉာဏ်နှင့်ကြည့်၊ မြင်အောင်ကြည့်နိုင်လျှင် တိဟိတ်၊ မကြည့်နိုင်လျှင် ဒွိဟိတ်၊ ထိုသို့ တိုးတက်ဖြစ်ပွား၍ မျက်လုံး ပြည့်သောအခါ ထိုသတ္တဝါ အား ငါငါဟူသော ငါလုံး, ငါ့ငါ့ဟူသော ငါ့လုံး နှင့်တကွ ကြွရွ တောင့်တင်းသော စိတ်သညာသည် ဖြစ်ပေါ်လာ၏၊ဖြစ်ပေါ်လာ

www.dhammaransi.com



သောရှစ်သစ်တို့ကို ငါပြု၍ ကြည့်ကြည့်လင်လင် ငါမြင်သည်ဟု မိစ္ဆာအယူဖြစ်၏၊ ထိုရှစ်သစ် ကလာပ်သစ်တို့ကို အာဂန္တုက ပြင်ပစင်စစ် လောက်ရှင်တို့နှင့် မခြား ထင်နိုင်မှသာ မိစ္ဆာအယူ ပျောက်၍ သမ္မာအယူ ရောက်နိုင်မည်။

ဥဒယကို ပြသော အချက် ပြီး၏။

---

ထိုနေ့ ညစာကိစ္စနှင့်မျှိုလိုက်သောအစာတို့သည် သန်းခေါင်ကျော်မှသာ မပုပ်မနွမ်းတည်နိုင်ကုန်သည်၊ သန်းခေါင်ကျော်ကို လွန်လျှင်ပင် မစင်ပုပ်အဖြစ်သို့ တရွေ့ရွေ့ရောက်လေ၍ ပုပ်သိုးယိနွမ်းကြလေကုန်၏၊ ထိုအခါ မိုးလင်းခါတ် ရေဓာတ်နှင့် ဝေး၍ တဖြည်းဖြည်း ရင့်ရော်ရော့ရဲသဖြင့် ထိုတောအုပ် ထိုချုံယ်ရှိ သစ်ရွက်တို့သည် ဖြုတ်ဖြုတ် ဖြုတ်ဖြုတ်ကြွေကျ၍ တောအလုံး ချုံအလုံး အရိုးကျဲကျဲ အခြင်ကျဲကျဲ မွဲခြောက် ခေါင်းပါးပြန်သကဲ့သို့ ထိုအတူ သန်းခေါင်ကျော်တိုင်အောင် ကိုယ်နှင့်အပြည့် မျက်လုံးအိမ်နှင့်အပြည့် ဖြစ်ပွား တိုးတက်ကြကုန်သော ဓာတ်ကြီးလေးပါး အကြည်ဓာတ်အများတို့သည် ဓာတ်ဆီ ဓာတ်မီးတို့ တရွေ့ရွေ့ ဆုတ်ယုတ်သည်နှင့် ထက်ကြပ်တကွဆုတ်ယုတ် ကွယ်ပျောက် ကြပြန်ကုန်၏၊ မျက်လုံးသားသည် အရိုးကျဲကျဲ အခြင်ကျဲကျဲ ရော့ရဲနွမ်းပါး ကြို၍သွားပြန်၏၊ သတ္တဝါသည်လည်း ကြည့်မှုမြင်မှုမရှင်မပျရှိပြန်၏၊ တောချုံယ်၌ အတွင်းအပြင်တခွင် အရွက်တွေ ကြွေကျချက်နှင့် ထပ်တူ ထပ်မျှ မြင်အောင်ကြည့်၊ မြင်လျှင် တိဟိတ်၊ မမြင်လျှင် ဒွိဟိတ်။

မြစ်နားတလျှောက်ရှိ ချောင်းထဲ မြောင်းထဲ အင်းထဲ အိုင်ထဲမှာ မြစ်ရေကြီး၍တက်သောအခါ အပြည့်အလျှမ်း ရှိနေသော ချောင်းရေ မြောင်းရေ အင်းရေ အိုင်ရေ တို့သည် မြစ်မကျ ရေကျ၍ သွားလျှင် လျော့၍ပါလေကုန်သည်နှင့်လည်း အတန်ငယ်တူပါ၏၊ အစာသစ်ဆိုရသော ဗဟိဒ္ဓ ဓာတ်ဆီ ဓာတ်မီးတို့မှာ

www.dhammaransi.com



တွယ်၍ဖြစ်ပွားရသော ထိုမျက်လုံး၌ အဇ္ဈတ္တ ရုပ်နာမ် ရသည် ဗဟိဒ္ဓ ဓာတ်ဆီ ဓာတ်မီးတို့ ဆုတ်ယုတ် ကျလျော့လျှင် ဆုတ်ယုတ်ကျလေသောကြောင့် ဆိုခဲ့ပြီးသော အာဂန္တုအဖြစ်သည် ထင်ရှားလှ၏၊ ငါမပိုင် ငါမနိုင်၍ မဆိုင်မှုသည် ထင်ရှားလှ၏၊ အကြောင်းတခုကြောင့် ထိုအနာပုပ်တွင်းမှာပင် သေပျောက်ကွယ်ဆုံးကြသော လောက်ငယ်တွေနှင့် ဟူလှပေ၏၊ မြင်အောင်ကြည့်၊ မြင်လျှင် တိဟိတ်၊ မမြင်လျှင် ဒွိဟိတ်။

အစာသစ် ဇိမ်မှာ ပါစကဓာတ်မီး အဆီထုတ် ပြီးသော ရသဓာတ်ရည်ရသည် ဖရဏဓာတ်လေကြောင့် ဆူဝေလျှောက်သွား၍ တကိုယ်လုံး အပြည့်ရှိနေသော အခါ ဥသ္မာဓာတ်မီးရှိန် စောင့်ရှောက်ချက်ကြောင့် ရုတ်တရက် အကုန် မပုပ်မပယ် မကုန် မခန်းတဲ့မှု၍ တရွေ့ရွေ့သာ ပုပ်ယိ ကုန်ခန်းသဖြင့် တကြိမ်မျှ သော အစာအသက် ခုနစ်ရက်ဖြစ်ရလေသည်။

ထိုကြောင့် **အစာသစ်**ဇိမ်မှာ အစာသစ် ကုန်ပြီးနောက် ထို **အစာသစ်မှ** ဖြစ်သော ဓာတ်ဆီညွှန့် ဓာတ်မီးညွှန့်ဟု ဆိုအပ်သော ရသဓာတ်ဆီတို့ စောင့်ထိန်းချက်ကြောင့် တကိုယ်လုံး၌ အတွင်းဓာတ်နုတို့သည် ခဏစဉ် အတိုင်း တဖြုတ်ဖြုတ် ချုပ်ကုန်ငြားသော်လည်း ရုတ်တရက် မကုန်တဲ့မှု၍ ခုနစ်ရက်တိုင်အောင် မြင့်၍ သွားကုန်၏၊ ခုနစ်ရက်တိုင်လျှင် အကြွင်းမရှိကုန်၏၊ သတ္တဝါကို သေပြီဆိုရ၏။

ဤအချက်ကို ကြာရုံကြီးဥပမာနှင့် ထင်စွာပြဦးအံ့၊ အိုင်တွင်း၌ ရေရှိသောအခါ ကြာရုံရှင်လန်း၏၊ အိုင်တွင်း၌ ရေကုန်လျှင် ကုန်ခြင်း ကြာရုံမသေတဲ့သေး၊ ရွံ့ဗွတ်၍နေသော ရေအစောင့်အရှောက်နှင့် မသေဘဲနေနိုင်သေးသည်၊ ရွံ့ဗွတ်သောရေကုန်၍ ရွံ့ခြောက်မှ သေသည်။

**သေပုံကား**–ရွံ့ဗွတ်သောရေသည် အားရှိတုန်းအခါကြာမြစ်မှ လျှောက်၍ ကြာရွက်ဖျား တိုင်အောင် တက်သည်၊ နေပူ၍ တနေ့တခြား ရေအားနည်းသောအခါ ကြာရွက်ဖျားမှစ၍

www.dhammaransi.com



တရွှေ့ရွှေ့ ရေသက်ကုန်ခန်းသည်၊ ရေသက် ကုန်ခန်းရာ ကုန်ခန်းရာမှ ခြောက်သွေ့သေဆုံး၍လိုက်သည်၊ ဆီးပုတ်သော ရေသက် အကုန်လုံး ကုန်သောအခါ အပင်ပါ အမြစ်ပါ သေဆုံးသည်၊ ဝမ်း၌တည်သော အစာသစ်သည် ကြာအိုင်ရှိရေနှင့် တူသည်၊ ဝမ်း၌ အစာသစ်ကုန်ပြီးနောက် ထိုအစာသစ်မှ တကိုယ်လုံးပြန့်နှံ့၍ နေသော ရသဓာတ်ဆီသည် ဆီးပုတ်၍ ထားသော ဆီးထဲရှိရေနှင့်တူသည်၊ ဝမ်း၌ အစာကုန်သော်လည်း ထိုရသဓာတ်ဆီ စောင့်ရှောက်ချက်ကြောင့် ခုနစ်ရက် အသက်ရှည်မှုသည် ဆီးထဲရှိ ရေစောင့်ရှောက်ချက်ကြောင့်ကြာရုံမသေဘဲ နေသေးသည်နှင့်တူသည်၊ ထိုကြာရုံသည် မသေသေးသော်လည်း အိုင်တွင်းရေ လျော့ပါးလျှင် လျော့ပါးသည်၊ အိုင်တွင်းရေ ကုန်လျှင် မသေရုံမျှ ကျန်ရှိသည်၊ အိုင်တွင်းရေ ကုန်လျှင် ဆီးတွင်းရေလည်း တနာရီတခြား တနေ့တခြားခန်း၍ သွားသကဲ့သို့ ဝမ်း၌ရှိသော အစာကုန်လျှင် ကိုယ်တွင်း၌ရှိသော ရသဓာတ်ဆီတို့သည် တနာရီတခြား တနေ့တခြား ကုန်ခန်းကုန်သည်၊ ဆီးတွင်းရေ တနာရီတခြား ခန်း၍သွားလျှင် ကြာရုံမှာလည်း ကြာရွက်ဖျားမှစ၍ တနာရီတခြား အစေးကုန်ခန်း၍ လျော့ပါး၍သွားသကဲ့သို့ ကိုယ်တွင်းရှိ ရသဓာတ်ဆီ တနာရီတခြား ကုန်ခန်း၍သွားလျှင်လည်း ကိုယ်တွင်းရှိဓာတ်ဆီ ဓာတ်မီး ဓာတ်ကြီး ဓာတ်ကြည်တို့ ခြေဖျား လက်ဖျား နားရွက် မျက်လုံး စသည်တို့မှစ၍ ကုန်ခန်းကြကုန်သည်၊ ဆီးတွင်းရှိရေ အကြွင်းအကျန် မရှိကုန်၍ ခြောက်သွေ့သောအခါ အမြစ်ပါ ကြာပင်သေဆုံး သကဲ့သို့ အသည်းနှလုံးရှိ ရသဓာတ်ဆီ တိုင်အောင် အကြွင်းအကျန်မရှိကုန်ခန်းသောအခါ အသည်းနှလုံးရှိဓာတ်နှတို့အကုန်ချုပ်ဆုံး၍ သတ္တဝါသေပြီဟုဆိုရသည်၊ ဥပမာမှာ အမြင်လင်းအောင်ကြည့်။

အထက်၌ ဆိုခဲ့ပြီးသော အတိုင်း ဝမ်းတွင်းရှိ အစာကျသော အခါမှစ၍ မျက်လုံး တွင်းရှိ ဓာတ်ဆီ ဓာတ်မီး ဓာတ်ကြီး ဓာတ်

www.dhammaransi.com



ကြည် တို့သည် အားအင် လျော့ပါးကုန်၏၊ ထင်းအား မီးအား ကောင်း၍ ခွင်ပေါ်၌ အိုးတွင်း၌ ဆူဝေပြည့်လျှမ်း၍ တက်သော ရေမြှုပ် ရေပွက်တို့သည် ထင်းအား မီးအား နည်းသော အခါ လျော့ပါး၍ ကျကုန်သကဲ့သို့ ထင်းကုန် မီးကုန်သည့်အခါ ဖြုတ် ဖြုတ်ဖြုတ်ဖြုတ် ကျေပျက်ချုပ်ဆုံးကြကုန်သကဲ့သို့ အစာသစ် ဒိမ်တွင် အစာကုန်သော အခါမှစ၍ မျက်လုံးတွင်း၌ ဓာတ်ဆီ ဓာတ်မီး ဓာတ်ကြီး ဓာတ်ကြည်တို့သည် တရွေ့ရွေ့ အားနည်း ကုန်၍ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ် ချုပ်ကြပျက်ကြ ကွယ်ပျောက် ကြကုန်၏။

မျက်လုံးနှစ်ခုကို ကွက်ခြား၍ ဆိုသည်မှာ ဉာဏ်အမြင် လင်း တဲ့မည့်နေရာဖြစ်၍ ကွက်ခြားသည်၊ မျက်လုံး နှစ်ခု၌ အတပ် မြင်ပြီးမှ တကိုယ်လုံးဉာဏ် ဖြန့်ရမည်၊ ထိုသို့ ချုပ်သောအခါ ထိုသတ္တဝါလည်း တရွေ့ရွေ့ နွမ်းပါးကြုံလှီ၍ သွားတော့သည်၊ ထိုဓာတ်နှုတို့ ချုပ်ကုန်ရာသို့ ထိုသတ္တဝါ၏ အားသည်လည်း ရိပ်ရိပ် ရိပ်ရိပ် အပိုင်းအပိုင်းပြတ်၍ပါလေတော့သည်၊ ထိုသတ္တဝါ၏အသက်သည်လည်း အပိုင်းအပိုင်းပြတ်၍ပါလေတော့သည်၊ အား ဟူသည်ကား ဗလဓာတ် ပေတည်း၊ အသက် ဟူသည် ကား ဇီဝိတရုပ်ပေတည်း၊ အသက် အပိုင်းအပိုင်း ကြွေ၍ ကြွေ၍ ပါလေသောအခါမှစ၍ထိုသတ္တဝါ နည်းနည်း နည်းနည်းသေပြီ၊ သို့သော်လည်း ဇီဝိတရုပ် အကြွင်းအကျန် များသေး၍ အသေ မခေါ်ကြသေး၊ထိုသို့ တနာရီထက်တနာရီတကိုယ်လုံး၌အတွင်း ဓာတ်နှု အားနှု အသက်တို့ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ် မစဲချုပ်၍ အတွင်ချုပ်၍ နှစ်ရက် သုံးရက် လေးရက် ငါးရက် ခြောက်ရက် တိုင် သေ၍သွားသဖြင့် အရွက်များမှစ၍ အစဉ်အတိုင်း သေ၍ လာသော ကြာရုံကဲ့သို့ ထိုသတ္တဝါဝယ် ဦးခေါင်း ခြေလက် မျက်စိ နား နှာ စသော ကိုယ်အင်္ဂါ အဖျားအနားမှစ၍ အသက် ကုန်၍ ကုန်၍ သွား၏။

သုဓမ္မဝတီ-၇၁၁-၁၆

www.dhammaransi.com



နောက်ဆုံး၌ နှလုံး အသည်းရှိ ဓာတ်ဆီနှ ဓာတ်မီးနှ ဓာတ်ကြီးနှ ဓာတ်ကြည်နှကို အကြွင်းအကျန်မရှိကုန်ဆုံးကွယ်ပျောက်သောအခါ အသက်လည်း အကြွင်းအကျန်မရှိ ကုန်ဆုံးလေတော့သည်၊ ထိုအခါ ထိုသတ္တဝါကိုသေပြီ ဆိုကြသည်၊ အစာသစ်အိမ်၌ အစာပြွတ်သော အခါမှစ၍ တကိုယ်လုံး အပြည့်ရှိသောဇီရဏဓာတ်မီးတို့လည်း အခွင့်ကြီးရကြ၍ မျက်လုံးတွင်းရှိ ဇီရဏ ဓာတ်မီးတို့သည် မျက်လုံးတွင်းရှိ ဓာတ်ဆီ ဓာတ်မီး ဓာတ်ကြီး ဓာတ်ကြည်တို့ကို အစဉ်အတိုင်း ကုန်အောင် ခန်းအောင် တမျှင်းမျှင်းလောင်ကုန်၏၊ ထိုဓာတ်ဆီ ဓာတ်မီး ဓာတ်ကြီး ဓာတ်ကြည်တို့သည် အသက်ခဲရနှင့်တကွ တဖျစ်ဖျစ်ကွယ်ပျောက် ကုန်ဆုံးကြကုန်၏၊ ဤအတူ ဦးနှောက်ခဲကြီး တခုလုံးရှိ ဇီရဏဓာတ်မီးတို့သည် ထိုဦးနှောက်ခဲကြီး အပြည့်ရှိသော ဓာတ်ဆီအနှ ဓာတ်မီးအနှ ဓာတ်ကြီးအနှ ဓာတ်ကြည်အနှတို့ကို အသက်ခဲရနှင့်တကွ တမျှင်းမျှင်း ကုန်ခန်း စေကုန်၏၊ ထိုအတူ အသည်းတွင်းရှိ အဆုတ်တွင်းရှိ နှလုံးတွင်းရှိစသည်ဖြင့် တကိုယ်လုံးကုန်အောင် ဉာဏ်နိုင်ရုံ ကွက်၍ ကွက်၍ ကြည့်လေ။

အထက်၌ ပြခဲ့ပြီးသော ဝမ်းခဲကြီးကို မီးနှင့်ကပ်သော အခါ ဝမ်းမွေးတိုင်းရှိသော ဆီကြည်တို့ ချုပ်ကြကုန်သကဲ့ သို့လည်းကောင်း, ရေမြှုပ်ခဲကြီးရှိ ရေပွက်ငယ်တို့ ချုပ်ကြကုန်သကဲ့သို့လည်းကောင်း, ကြာရုံတွင်းရှိ အစေးတို့ ချုပ်ကြကုန်သကဲ့သို့လည်းကောင်း, ထပ်တူ ထပ်မျှ မြင်အောင်ကြည့်၊ တကယ်မြင်ပေလျှင် ဖေဏပိဏ္ဍူပမံ ရူပံ ဟု ဟောတော်မူသော ခန္ဓသံယုတ်ကို ဟုတ်လှပေသည်ဟု ဖြစ်လတ္တံ့၊ ရူပံ၊ ရုပ်ကောင်ကြီးသည်၊ ဖေဏပိဏ္ဍူပမံ၊ အထက်က ထုတ်ပြခဲ့သော ရေမြှုပ်ခဲကြီးနှင့် တထပ်ထည်း တူလှ၏၊ တကိုယ်လုံးရှိ မာချက်မာမှုဟူသော မြေဓာတ်ကြီး, ဖွဲ့မှု စည်းမှုဟူသော ရေဓာတ်ကြီး, နွေးမှု အေးမှုဟူသော မီးဓာတ်ကြီး, တောင့်မှု တင်းမှု ဟူသော

www.dhammaransi.com



လေခေါက်ကြီး ဤခေါက်ကြီးလေးပါးတို့၏ ရိပ်ရိပ် ရိပ်ရိပ် ရွေ့ရွေ့ ရွေ့ရွေ့ ချုပ်ယုတ် ကုန်ခန်းချက်တို့ကို မြင်လတ္တံ့။

စိတ် စေတသိက်တို့နှင့် တကွသော ခေါက်ကြည်မျိုးတို့သည်ကား မီးစာတိမ် တိုက်ကြီး၏ အပေါ်တွင် ဖြစ်ပေါ်ထင်မြင်ရသော သက်တံရေးတို့နှင့် တူကုန်၏၊ မဟာဘုတ်ခေါက်ကြီးရသည် မိုးစာတိမ်တိုက်နှင့် တူ၏၊ မိုးစာတိမ်တိုက် ထူထပ်လျှင် ထိုသက်တံရေးတို့သည် နတ်ဝတ်ပုဆိုးကို ဖြန့်တန်း၍လှန်းထားသကဲ့သို့ ရှိကုန်၏၊ မိုးစာတိမ်တိုက်ပါးလျားလျှင် ပါးလျားကုန်၏၊ မိုးစာတိမ်တိုက် အပိုင်းအပိုင်းပြတ်၍ သွားလျှင် အပိုင်း အပိုင်း ပြတ်ကုန်၏၊ မိုးစာတိမ် ကွယ်ပျောက်လျှင် ကွယ်ပျောက်ကုန်၏၊ ဤဥပမာအတိုင်းပင်တည်း၊ အတပ်မြင်အောင် ကြည့်လေ၊ ဤသို့သော အချက်သို့ဆိုက်မှ ဒိဋ္ဌိ တိဟိတ်နှစ်ပါး ကွဲပြားသည်၊ ဒွိဟိတ်မှန်လျှင် မြင်အောင် မကြည့်နိုင်၊ တိဟိတ်မှန်မှ အတပ်မြင်အောင်ကြည့်နိုင်သည်၊ ထိုကြောင့် ကျွတ်ထိုက်သော တိဟိတ်အင်္ဂါကိုပြရာ၌ ဥဒယဗ္ဗယဂါမိနိယာ ပညာယ သမန္နာဂတောဟု ဟောတော်မူသည်၊ အနက်မှာ အထက်ဥဒယအခဏ်းက ပေးခဲ့ပြီ။

ဤသို့လျှင် ရိပ်ရိပ် ရိပ်ရိပ်တိုးတက်ဖြစ်ပွားမှုဟူသော ဥဒယသဘော, ရိပ်ရိပ်ရိပ်ရိပ် ဆုတ်ယုတ် ကုန်ခန်းမှုဟူသော ဝယသဘောကို တကယ်မြင်ပေမူကား—

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ဟု ချီးမွမ်းချက်နှင့် ထိုက်သက်ပေတော့သည်။

**ယောစ**၊ အကြင်သူသည်လည်း။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်ဓမ္မတို့၏ ဥဒယဖြစ်ပုံ ဝယဖြစ်ပုံကို။ **အပဿံ**၊ ဉာဏ်မျက်တွင်းမှ မမြင်ဘူးဘဲ။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝေ၊ အသက်ရှည်၏။ တဿ၊ ထိုသူ၏။ ဇီဝိတာ၊ အနှစ်တရာ အသက်ရှည်မှု

www.dhammaransi.com



ထက်။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်ဓမ္မတို့၏ ဥဒယဖြစ်ပုံ ဝယဖြစ်ပုံကို။ ပဿတော၊ မြင်သောသူ၏။ ဧကာဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်သေး၏။

ရိပ်ရိပ် ရိပ်ရိပ် ပြိုပျက်မှုကို အတပ်မြင်လျှင် ခါတ်ဘီလူးစား ချက်ကိုလည်း အတပ်မြင်လတ္တံ့၊ အနိစ္စလက္ခဏာကိုလည်း အတပ် မြင်လတ္တံ့၊ အနိစ္စဖြစ်၍ ထိုတရားတို့ နွမ်းပါးညှိုးချုံးမှု, သေဆုံးချုပ်ပျက်မှုသည်ပင် ဒုက္ခမျှဖြစ်လေရကား ဒုက္ခလက္ခဏာကိုလည်း အတပ်မြင်လတ္တံ့၊ အနှစ်မရှိ၍ သိရသော အနတ္တလက္ခဏာ, ထိုပုဂ္ဂိုလ်၏ အလိုရှိချက်သို့ မလိုက်၍ သိရသော အနတ္တလက္ခဏာ, ထိုတရားတို့ ဖြစ်မှု တည်မှု ပွားမှု ဆုတ်ယုတ်မှု ချုပ်ဆုံးမှုတို့မှာ အာဏာပေး၍ အရေးမရသောကြောင့် အစိုးမရ၍ သိရသော အနတ္တလက္ခဏာ, ဤအရာတို့လည်း ကောင်းစွာ ထင်လင်းကုန်လတ္တံ့။

ဤသို့လျှင် တနေ့တနေ့လျှင် နှစ်ထပ် နှစ်ထပ်မျှ၍ မြေဖြစ် ရေဖြစ် ဓါတ်ဆီ ဓါတ်မီးတို့ကို အယျဉ်မပြတ်ရအောင် ဆက် သွင်းသဖြင့် အတွင်းဓါတ်ဆီ အတွင်းဓါတ်မီး အတွင်းဓါတ် ကြီး အတွင်းဓါတ်ကြည်တို့၏ချုပ်ချုပ်ဖြစ်ဖြစ်အသစ်အဟောင်း သောင်းပြောင်း ရောထွေ အနေမပျက် ဆက်လက် မြင့်ရှည် အစဉ်တည်မှုသည် သန္တတိပညတ်မည်၏၊ ထိုသန္တတိပညတ် ဖြေးယှက် ဖုံးလွှမ်းမှုကြောင့် ခိုတောင်လဲ ရွက်အုပ်နှ သစ်ပင်၌ အသစ်အသစ်နှသော အရွက်တို့၏ ဖုံးလွှမ်းချက်ကြောင့် အနေ မပျက် စည်ကားလျက်သာ မြင်ရသဖြင့် တနေ့မဲ တဖွဲဖွဲကြွေ ချက် အရွက်အဟောင်း ကုန်၍ကုန်၍ သွားချက်များကို အပင်ကို ကြည့်၍ သိခွင့်မရှိ၊ ဤအတူ လူတို့ခန္ဓာမှာလည်း ရှေးရှေးအနပ်က မျိုးအပ်သော ဓါတ်ဆီ ဓါတ်မီးတို့ အတွက်နှင့် တိုးတက်ပြည့် လျှမ်းသော တကိုယ်လုံး၌ ရှိ ဓါတ်ဆီ ဓါတ်မီး ဓါတ်ကြီး ဓါတ် ကြည်တို့သည် တဆဲ့ငါးနာရီမျှ တည်တံ့စွာနေကြ၍ တဆဲ့ငါး နာရီကို လွန်သောအခါမှစ၍ ထိုသစ်ပင်ရှိ သစ်ရွက်ဟောင်းတို့

www.dhammaransi.com



ကဲ့သို့ တရွေ့ရွေ့ ချုပ်ပျက် ကွယ်ဆုံးကြကုန်၏၊ ခုနစ်ရက်ခန့် တိုင်လျှင် ထိုတနပ်မှ ဖြစ်ပွားကြကုန်သော ဓာတ်အပေါင်းတို့ သည် မကြွင်းမကျန် ကွယ်ဆုံးကုန်၏။

ထိုအနပ်ဝယ် တဆဲ့ငါးနာရီကျော်၍ အတော်လျော့ပါး အင် အားနည်းချိန်သို့ကျလျှင် ဒုတိယအနပ် ထောက်ရပြန်၏၊ ပဌမ အနပ်စား ယိုယွင်းရာကို ဒုတိယအနပ်က ဖြည့်ပေ၏၊ ဒုတိယ အနပ်စား ယိုယွင်းရာကို တတိယအနပ်က ဖြည့်ပေ၏၊ ဤသို့ရှေး ရှေးအနပ်စား ဆုတ်ယုတ်လျော့ပါး အင်အားချိနဲ့ ရှိချိန်ကျလျှင် နောက်နောက် အနပ်ကထောက်၍ ဖြည့်ကာဖြည့်ကာ လာခဲ့ကြ သောကြောင့် ရှေးရှေးအနပ်အတွက် တိုးတက်သမျှတဆဲ့ငါးနာရီ ကျော်ကစ၍ တခုမကျန် ကုန်သည်တိုင်အောင် ကြေပျက်ကွယ် ဆုံး၍ သွားသည်ကို မသိကြ မမြင်ကြ ရှိလေသည်၊ မသိကြ သော်လည်း ပဌမ အနပ်က ဖြစ်ပေါ်သော ဖျက်လုံးသား စသည် ခုနစ်ရက်တွင် ကုန်သည်၊ ထိုအတူ ဦးနှောက်ခဲရ အသည်းခဲရ နှလုံးခဲရ လျှာခဲရ ကိုးရသောသားတစ်ခဲရ သလိပ်ရည် သလိပ် ခဲရ သည်းခြေရည် သည်းခြေခဲရ သွေးရည် သွေးခဲရ အလုံးစုံတို့ သည် ခုနစ်ရက်တွင် ကုန်ဆုံးသည်။

တဆဲ့ငါးနာရီကျော်၍ အတန်ငယ် ကွယ်ပျက်လျော့ပါးသည် မှစ၍ ကွယ်ပျက်တိုင်း ကွယ်ပျက်တိုင်းမှာလည်း တကိုယ်လုံးရှိ အားခဲ အသက်ခဲတို့လည်း ဖျက်ဖျက်ကြွေ၍ ပါလေကုန်သည်၊ ယခုနေ့မှစ၍ အစာ ရေစာကို အပြီးဖြတ်ခဲ့သော်ဟု ကြံ၍ရှုမှ သန္တတိပညတ် ပြယ်ပျောက်၍ မြစ်ရေကို ကြည့်၍နေသော ယောကျ်ားသည် တွေတွေ တွေတွေ မျောသွားလေသောမြစ်ရေ ဟောင်းစုကိုလည်း မျောလာမှန်း သိရသည်၊ ထိုနေရာမှာ ထပ် ကာထပ်ကာ နောက်ထပ်လာ၍ဖြစ်လာသောရေသစ်စုကိုလည်း နောက်လာသက်သက် ဖြည့်လျောက်ချက်ဟု အတပ်မြင်သည်၊ ဤအတူ ဖွားမြင်စမှစ၍ ယခုနေ့တိုင် တနာရီမစဲ အသားခဲ ဦး နှောက်ခဲအဆုတ်ခဲ နှလုံးခဲအသည်းခဲ ဖျက်လုံးခဲ အားခဲ အသက်

www.dhammaransi.com



ခဲ ထိုတကိုယ်လုံးမှ ခဏမစဲ ကြေပြုန်းကွယ်လွန်၍ သွားချက်တို့ကို မြင်သာသည်၊ ထိုကိုမြင်ရလျှင် နောက်နောက် မျိုးအပ်သော အထပ်ရသည့် ထိုယိုယွင်း ကွယ်ဆုံးသော နေရာရကို အခြေအနေ မဘောက်ပြားအောင် အားစိုက်မှု အစားသွင်းမှု အစားထူထောင်မှုသာဟု မြင်နိုင်သည်၊ ထိုနှစ်ချက်ကို မြင်လျှင်လည်း တနေ့လျှင် နှစ်ထပ်နှစ်ထပ် စားမှုသည် အသက်မပြတ်ရအောင် အသက်သစ်သွင်းမှုပင်တည်းဟု မြင်နိုင်မည်။

ထိုသို့ မြင်ရလျှင် လဆန်းမှာ နေခိုက် လပြည့်ကျော်တို့ အသက်ရသည့် စပါးထဲ ဆန်ထဲမှာရှိသေးသည်ဟုမြင်နိုင်သည်၊ အသစ်အသစ်မျိုးမှ ထိုအစာအတွက် အသစ်အသစ် ဖြစ်ပေါ်လာသော အသက်ရ ခန္ဓာရ စိတ်ရကို ထိုအစာ ထိုဆန် ထိုစပါး အပါပြု၍ စပါးထဲ ဆန်ထဲမှာရှိသေးသည်ဟူသတည်း၊ ထိုစပါးထိုဆန်ကိုမရ၍ မမျိုးရလျှင် ထိုအသက် မပေါ်လာပြီ၊ ဤသို့ မြင်ရလျှင် တလောကလုံး အသက်မွေးရန် ကိစ္စနှင့် ကြောင့်ကြ စိုက်ကြအားထုတ်ကြသော ရောင်းမှု ဝယ်မှု လယ်ယာ ဥယျာဉ်လုပ်မှု လက်ပညာ နှုတ်ပညာနှင့် ပစ္စည်းဥစ္စာရှာမှုအလုံးစုံသည် အသက်သစ်ဆက်ရန် အသက်သစ်သွင်းရန် အမှုတို့သာဟု မြင်လတ္တံ့၊ အနမတဂ္ဂသံသရာတလျှောက် ပေါက်အောင်ကြည့်၊ စကြဝဠာအနန္တ နှံ့အောင်ကြည့်၊ ယခုနေ့ စကြဝဠာအနန္တသားတို့ တပြိုင်နက် အစာအပြီးဖြတ်ကြကုန်အံ့၊ ရှစ်ရက် ကိုးရက် ဆယ်ရက်တိုင်လျှင်အနန္တစကြဝဠာသည်မသာတောကြီးအပြီးဖြစ်လတ္တံ့၊ နှစ်လ သုံးလ ဆယ်လ ကိုးလကြာလျှင် စကြဝဠာ အနန္တလုံး အရိုးတောကြီး အပြီးဖြစ်လတ္တံ့၊ မြင်အောင်ကြည့်။

(ဤတွင်ရွေ့ကား အနိစ္စလက္ခဏာကို ကွယ်ကာဖုံးပိတ်သော သန္တတိပညတ်ကို အစာအာဟာရနှင့်စပ်၍ခွါ၍ အနိစ္စလက္ခဏာကိုထင်ရှားအောင်ပြသော အခဏ်းပြီး၏)။

www.dhammaransi.com



ထို သန္တတိပညတ်ကို ဣရိယာပထနှင့် စပ်၍ ခွါနည်းကို အပြွက်မျှ ဆိုလိုက်အံ့။

**ဣရိယာပထကိုခွါမှုသည်ကား**—ဣရိယာပုထ် အပြောင်းအလဲကို မပြုမူ၍ တခုတည်းသော ဣရိယာပုထ်၌ ထား၍ ကြည့်ခြင်းတည်း၊ ယခုအချိန်မှစ၍ ကိုယ်အင်္ဂါကြီးငယ်ကို အတန်ငယ်မျှ မလှုပ်မရှားပြီ၊ မျက်တောင်မျှ မခတ်ပြီ၊ တစင်းထဲစင်း၍ အပြီးအိပ်တော့အံ့ ဟုပြု၍ ဤကိုယ် ဘယ်ကို သွားမည်ဟု ဉာဏ်နှင့်ကြည့်၊ ထိုသို့ ကိုယ်ကို အသေထားသောအခါ ကိုယ်မှာအပေါ်ကျသော မြေဓာတ် ရေဓာတ်တို့က အောက်ကျသောမြေဓာတ် ရေဓာတ်တို့ကို တဖိဖိ ဖိနှိပ်ကြိတ်နင်း၍ သွားလတ္တံ့၊ ဓာတ်ခြင်း အနှိပ်အကြိတ်နာရာ အောက်ခံဓာတ်ဗုမှ ဓာတ်မီးထ၍ ထ၍လာလတ္တံ့၊ အလှုပ်အရှားမရှိ၍ အငွေ့ အခိုး မထွက်ရသဖြင့် အမြဲထာဝရ အင်္ဂါကြီးငယ် ဗျောက်သွား၍ နေသော ဓာတ်မီးဓာတ်လေတို့လည်း အခိုးထုတ်ခွင့်မရ၍ အဆစ်အဖုဗုတွင် ဗုမိဗုရာဗု၍ ထကြွသောင်းကျန်းလတ္တံ့၊ ထိုသို့ဖြစ်လာမှုကိုမြင်လျှင် ဤခန္ဓာသည် အပြုအပြင်မရှိဘဲ ဆယ်နာရီ တဆဲ့ငါးနာရီ ကျော်လျှင် အောက်ခြမ်းတပြင်လုံး ပူလောင်၍ လာလတ္တံ့၊ အောက်မှထသော ဓာတ်မီးတို့သည် ကိုယ်လုံးအနှံ့ တက်၍ တကိုယ်လုံးညောင်းမှု ညာမှု ထုံကျင်မှုတွေ ဖြစ်လာလတ္တံ့၊ အခိုးထုတ်မှု လှုပ်မှု ရှားမှု မပြုသော အတွက်ကြောင့် ထိုဓာတ်မီးတို့သည် တရွေ့ရွေ့ တနာရီတခြား တနေ့တခြား အတွင်းဓာတ်နု တို့ကို အတွင်းလောင်မြှိုက်ကုန်လတ္တံ့။

ထိုအခါ တကိုယ်လုံးရှိသောဓာတ်ဆိနုဓာတ်မီးနု ဓာတ်ကြီးနုဓာတ်ကြည်နုတို့သည် အားခဲတွေအသက်ခဲတွေနှင့်တကွ ဖျစ်ဖျစ်ဖျစ်ဖျစ် ဖျက်ဖျက် ဖျက်ဖျက် ကြေပျက်ကွယ်ဆုံး ပိန်ချုံးလျော့ပါး၍များမကြာမီ အသေကြီးသို့ ဆိုက်လတ္တံ့၊ တရွေ့တရွေ့ အတွင်းဓာတ်နုတို့ ကြေပျက်ရာကြေပျက်ရာတို့၌ ထိုထိုနေရာမှ

www.dhammaransi.com



အသက်ခဲ အားခဲတို့လည်း အဆုပ်ဆုပ် ပြိုကွဲ ကွယ်ဆုံး၍ သွားပုံကိုမြင်အောင်ကြည့်၊ ဤသို့သောအဖြစ်ကိုအတပ်မြင်ခဲ့လျှင် ကိုယ်ခန္ဓာတို့၏ ဇာတိ အမျိုး အရိုး ဇစ်မြစ် ဒုက္ခစစ်ကြောင်းကို သိလတ္တံ့၊ အညာမှ စီးလာသောရေတို့မည်သည် ခိုင်ခံ့သောဆည်ရိုးဆည်ဘောင်နှင့် တားဆီးနိုင်ပါမူ တန့်ရပ် ပေါင်းဘွဲ့ကာရက်ကြာနေ့များ နေပါ၏၊ ဆည်ရိုး ဆည်ဘောင်မရှိခဲ့လျှင် မျက်စိတမှိတ်မျှ ရပ်တန့်၍မနေ၊ နိမ့်ရာအကြေသို့ စီးသွားမြဲဓမ္မတာအတိုင်းသာ စီးဆင်းမျောသွား၏၊ ဤအတူဤကိုယ်ခန္ဓာတို့သည် ပြုပြင်ထိန်းကျောင်းမှုနှင့် ထက်ကြပ်မကွာ စောင့်ရှောက်ပါမူ အတော်အတန် သဏ္ဌာန် ရုပ်ဆင်းအသင်းမပျက် သာရောဘက်၌ တန့်ရပ်ပေါင်းဘွဲ့ကာနေပါသေး၏၊အပြင်အပြုအမှုမဘက် သက်သက်နေခဲ့လျှင် မျက်တောင်တခတ်မျှ တန့်ရပ်တည်နေခြင်းမရှိ၊ ယိုင်ယိညှိုးနွမ်း ဒုက္ခလမ်းသို့သာ သွားမြဲဓမ္မတာ ဖြစ်သတည်း။

ထိုဒုက္ခဘက်သို့ တသွန်ထဲ လဲ၍ ကစင့်ကရဲ ပြိုကွဲကုန်ဆုံးသည့် တိုင်အောင် မတန့်မနား သွားမြဲဓမ္မတာ အတွက်ကြောင့် ပေါက်လွှတ် လျောက်လျား သွားခွင့် မပေးမူ၍ ဒုက္ခမီးမကြီးမီ တင်ကူး၍ တင်ကူး၍ ပြောင်းမှု လဲမှု လွှဲမှု ဖယ်မှု ပြုမှု ပြင်မှုတို့ကို အစဉ် အမြဲ ကြောင့်ကြ စိုက်ကြရကုန်၏၊ ဇိမ်၍ ကြာညောင်းလျှင် ထိုင်ရသည်၊ မထိုင်ရလျှင် မကြာမီကိုးကွယ်ရာမဲ့အဖြစ်သို့ရောက်၍ ပျက်ဆုံးမည်၊ ကြွင်းသော ဣရိယာပုထ်တို့၌လည်း ဤနည်းချည်း၊ သို့သော်လည်း ဒုက္ခဘက်သို့တသွန်ထဲလဲ၍ အမြဲသွားမှုကြောင့် တင်ကူး၍ ပြုပြင်ကြရ ကုန်သည်ဟု နက်နဲစွာမသိကြ၊ အရိုးအစဉ် အနေမျှသိကြသည်၊ ပြုပြင်နိုင်လှ၍ အခြေအနေ မပျက်နေသည်ကို သန္တတိဖုံးလွှမ်းချက် ခေါ်သည်။

ဣရိယာပုထ်ကိုခွါ၍ ဒုက္ခသစ္စာမှုကို မြင်အောင် ကြည့်နည်း အမြွက်ပြီး၏။

www.dhammaransi.com



ယခုအခါဥတုပြောင်းလဲ၍ကြည့်ပုံကို ဆိုဦးအံ့၊ ဥတုဟူသည်ကား ခေတ်မီးတည်း၊ အညာပြည် ခေတ်မီးနှင့် အောက်ပြည် ခေတ်မီး အပြောင်း၊ ဆောင်းခေတ်မီး နွေခေတ်မီး မိုးယံခေတ်မီး အပြောင်း၊ သရဒခေတ်မီး သိသိရခေတ်မီး ဟေမန္တ ခေတ်မီး ဂိမှန္တခေတ်မီး ဝသန္တခေတ်မီး ဝဿာနခေတ်မီး အပြောင်း၊ မိဿခေတ်မီး ပြိဿခေတ်မီး မေထုန်ခေတ်မီး ကြကဋ်ခေတ်မီး သိဟ်ခေတ်မီး ကန်ခေတ်မီး တူခေတ်မီး ဗြိစ္ဆာခေတ်မီးဓနုခေတ်မီး မကာရခေတ်မီး ကုံခေတ်မီး မိန်ခေတ်မီး အပြောင်း၊ လဆန်းလဆုတ်အပြောင်း၊ နေ့ခေတ်မီး ညဉ့်ခေတ်မီး အပြောင်း၊ နေ့သုံးခါ ညဉ့်သုံးခါ အပြောင်း၊ နေပူမှအရိပ်, အရိပ်မှ နေပူအပြောင်း မီးပူနှင့်အနီးအဝေးအပြောင်း၊တုန်ဖျားဖျားရာ၌အချမ်းနှင့်အပူ,၊ အပူနှင့်ပကတိ အပြောင်း၊ ဤအလုံးစုံကို အကုန်ပြောင်းကူး၍ ကြည့်ရမည်၊ ကြည့်ရာ၌လည်း မြေခေတ် ရေခေတ် မီးခေတ် လေခေတ် တို့ကို အမှုသက်သက် အနေနှင့် မြင်အောင်ကြည့်၊ (ဝဏ္ဏ၊ ဒြဗ် ပညတ် အသည် အချင်တန်း၍ မနေစေနှင့်)။

တုန်ဖျား၌ ပဋိပက္ခခေတ်မီး နှစ်ချက် ပြောင်းကူးပုံကိုဆိုအံ့၊ အဖျားမတက်မီ တကိုယ်လုံး၌ခေတ်တို့ကိုပင် ငါငါဟူ၍ ငါ့ကိုယ်ဟူ၍ ဖြစ်နေသည်၊ တကိုယ်လုံးအတွင်းအပြင် အကုန်မြင်အောင် ကြည့်၍ထား၊မပူသ မချမ်းလှ မျှတ၍နေသော ထိုငါဟုသည်ပင်လျှင် တကိုယ်လုံး၏ အချက်အခြာ ပါစက ခေတ်မီးအိုးမှ စ၍ ဖရဏခေတ်လေနှင့်တကွ အလွန်အေးမြ ချမ်းမြစ်လှသော သီတ အဖြစ်နှင့် အုံလုံးကြွ၍ထလေ၏၊ တကိုယ်လုံး ရေတုံး ဖြစ်လေ၏၊ အရှလံ သည်းလံ ရပ်တည်မရ ကုန်ရ၏၊ မျှတသော အခိုက်၌ ပူမှုအေးမှုကား မီးတမျိုး၊ မြေခေါ်သောအမှု, ရေခေါ်သောအမှု, လေခေါ်သောအမှု ဤသုံးမှုတို့လည်း ထိုမီးအနေနှင့် သင့်လျော်စွာ တမျိုးစီ ချည်းပင်၊ သောင်းကျန်းထကြွသော သီတ မီးကို့ကား အလွန်အေးမြမှုတမျိုး, ထိုအားလျော်စွာ ဖြစ်ပေါ်လာကုန်သော မြေမှု ရေမှုတို့လည်း တမျိုးပင်၊ အမှုအချက် သက်သက်

www.dhammaransi.com



ကို မြင်အောင်ကြည့်၊ ဒြပ်အတည့် အမျှင်တွယ်၍ မနေစေနှင့်၊ သီတခေတ်မီး ဖြစ်ပေါ်လွှမ်းမိုး၍ တကိုယ်လုံး ရေတုံးဖြစ်သော အခါ သမခေတ်မီး ကွယ်ဆုံးလေ၏။

ထိုသမခေတ်မီးနှင့် တကွ ဖြစ်သော ခေတ်ဆီရ ခေတ်ကြီးရ စက္ခုသောတ ဃာန ဇိဝှါ ကာယ မနော ဟူသော ခေတ်ကြည်ရ အသက်ခဲရ အားခဲရတို့လည်း ထိုသမခေတ်မီးတို့နှင့် အတူတကွ ကွယ်ဆုံးကြလေကုန်၏၊ သီတ ခေတ်မီးတို့ အသစ်အသစ် ဖြစ်ပေါ်တိုးပွား၍ လာသောအခါ ခေတ်ဆီသစ် ခေတ်ကြီးသစ် ခေတ်ကြည်သစ် အသက်သစ် အားသစ် တို့လည်း ဖြစ်ပေါ်တိုးပွားလာကုန်၏၊သမလုံးလုံးအခိုက်နှင့် သီတလုံးလုံး အခိုက် နှစ်ခုတို့၏ အကြား၌ သမအဆုတ် သီတအတက် အဆက်ဂဟေ အလွန်ပြေလှ၍ အနေမဈေ့ ပြကတေ့ပင် စိတ်မှာထင်ရသည်၊ မြင်အောင်ကြည့်၊ သမကိုယ်ကြီး အပြီးကွယ်ပျောက်မှုကို မြင်ပါလျက် ငါကား မပျောက်နေတတ်၏၊ သမကိုယ်ကြီး ကွယ်ဆုံးပြီဟုဆိုနိုင်၏၊ ထိုငါကွယ်ဆုံးပြီဟု မဆိုတဲ့နိုင် ရှိနေတတ်၏၊ သန္တတိပညတ်၊ အပျောက်အပျက် မစင်ကြယ်လျှင် ငါတွယ်၍ နေတတ်၏၊အသိဉာဏ်နှင့် သန္တတိပညတ် အမျှင် ပြတ်အောင် ခုတ်စဉ်းလေ၊ သမကိုယ်ပိုင်း အဆုတ်အချုပ်မှာ ဇရာမီး မရဏမီးအချက် ထင်ရှားသည်။

**ကွယ်ဆုံးချက်ကား**–မရဏမီး အချက်တည်း၊ ကွယ်ဆုံးသမှုသည်နွမ်းပါးမှု ရှေးရှိမြဲတည်း၊ နွမ်းပါးမှုကား ဇရာမီး၊ သေလုမတ္တ ပင်ပန်းရသော သီတကိုယ်ပိုင်း အသစ်ဖြစ်ပေါ် တိုးပွားမှုမှာ ဇာတိမီးအချက် ထင်ရှားသည်၊ ရောဂါနှိပ်စက်၍ မသက်သာသော သောကမီး, ညည်းညူသော ပရိဒေဝမီး, မအေးချမ်းလှသော ဒုက္ခမီး, နှလုံးမကြည်သော ဒေါမနဿမီး, စိတ်ပူအိုက်၍ ရှိုက်ကာ ငင်ကာ ငိုပြန်ပါလျှင် ဥပါယာသမီး ဤမီးငါးပါးလည်း ထင်ရှားပါ၏၊ ထိုအခါ အလောဘ, အဒေါသ, အ

www.dhammaransi.com



မောဟ–ဟူသော ကုသိုလ်တရားတို့ ဖြစ်ပွားရန် အဆောက်အအုံတရားတို့ ထင်ရှားရှိပါကုန်ငြားသော်လည်း အဒေါသဖြစ်ပေါ်ခွင့်မရအောင် ပူလောင်၍ နေသော ဒေါသမီး, အမောဟ ဖြစ်ပေါ်ခွင့်မရအောင် ပူလောင်၍နေသော မောဟမီး, အလောဘ ဖြစ်ပေါ်ခွင့် မရအောင် ငါချမ်းသည့် ငါတုန်သည်ဟု ဖြစ်နေသော လောဘမီး, ဤ မီးသုံးပါးလည်း ထိုအခါ ထင်ရှားစွာ လောင်လျက် ရှိသည်။

**အလောဘအသင်းအပင်း** ဟူသော ပဒုမာကြာတောရကို ပြုတ်ပြုတ်ပြုန်းအောင် လောင်တတ်သောကြောင့် လောဘကို မီးဆိုသည်။

**အဒေါသအသင်းအပင်း** ဟူသော စန္ဒကူးတောရကို ပြုတ်ပြုတ် ပြုန်းအောင် လောင်တတ်သောကြောင့် ဒေါသကို မီးဆိုသည်။

**အမောဟအသင်းအပင်း** ဟူသော ပတ္တမြား ရတနာရကို ပြုတ်ပြုတ် ပြုန်းအောင် လောင်တတ်သောကြောင့် မောဟကို မီးဆိုသည်၊ ဤသို့လျှင် တုန်ဖျားတက်မှု၌ မီးဆဲ့တပါး ထင်ရှားသည်။

(ဤကား–သမပိုင်းမှ သိတပိုင်းသို့ အကူးတွင် သန္တတိ ပညတ်ကို ဖျက်၍ အနိစ္စဘော်ပြနည်းတည်း)။

အပူကြီးတက်၍အလာနှင့် သိတပိုင်းအချုပ် အပူကြီးကျ၍ သမပိုင်း အကူးတို့၌လည်း ဤနည်းအတိုင်း အပိုင်းအပိုင်း ဖြတ်လေ၊ ကြွင်းသော အပြောင်းအကူးတို့၌လည်း ဤနည်းအတိုင်း သိလေ။

**တနည်းကား**–ရောဂါအမျိုး ကိုးဆဲ့ခြောက်ပါး ဖြစ်ပေါ်ချက်များနှင့်လည်း ဖြတ်၍ကြည့်လျှင် မြင်သာလှ၏၊ ကာလနာ

www.dhammaransi.com



မျိုး ကျောက်နာမျိုး နှစ်မျိုးတွင်ဆိုအံ့၊ တကိုယ်လုံး၌ ညီညွတ်စွာ နေသောအခါ ငါပြု၍အားထားသော အကြင်သမဓာတ်တို့သည် ရှိကုန်၏၊ ဥတုအတွက် အာဟာရအတွက် ယက္ခ ဝါဋ္ဋတို့အတွက် နှင့် ပျက်ထ သောင်းကျန်းကုန်သော ထိုဓာတ်မီးတို့သည် တကိုယ်လုံးမှ ဟုန်းဟုန်းထကုန်၏၊ အသည်း၌ရှိ ဓာတ်မီးသည် အသည်းရွှံ့မြေကို မြိုက်၏၊ မီးထိသော ဖယောင်းကဲ့သို့ အသည်းရွှံ့မြေ အခြေပျက်၏၊ အသည်း၌ရှိ ဓာတ်ဆီ ဓာတ်ကြီး ဓာတ်ကြည်တို့ အရည်ဖြစ်၍ကျကုန်၏၊ အသည်း၌ရှိ အားခဲ အသက်ခဲတို့လည်း ကြေမွ၍ကျကုန်၏၊ ဤအတူ နှလုံးသား ဟူသော ရွှံ့ခဲ၌ရှိ ဓာတ်မီးလောင်၍ နှလုံးရွှံ့ခဲ၌ရှိ ဓာတ်ဆီ ဓာတ်ကြီး ဓာတ်ကြည် အသက်ခဲ အားခဲတို့သည် ကြေမွ၍ကျကုန်၏၊ အဆုတ်ရွှံ့ခဲ အညှိရွှံ့ခဲ သည်းခြေရွှံ့ခဲ အူမရွှံ့ခဲ အူသိမ်ရွှံ့ခဲလည်း ကျောဘက် ရင်ဘတ် လက်ဝဲလကျာ အသားရွှံ့ခဲ တို့သည်လည်း ကောင်း, ထိုဝတ္ထုတို့၌ အသီးအသီး ရှိကြသော အသက်ခဲ အားခဲ တို့သည် လည်းကောင်း, ဓာတ်မီးမြိုက်၍ ကြေမွ၍ ကျကုန်၏၊ လည်ပင်းသား မျက်နှာသား တို့သည်လည်း အရည် ဖြစ်၍ ယျောကျလေကုန်၏။

ဦးချောက်ခဲ၌ရှိ ဓာတ်မီးတို့သည် ဦးချောက် ရွှံ့မြေတို့ကို မြိုက်ကုန်၏၊ ဦးချောက်၌ရှိ ဓာတ်ဆီ ဓာတ်ကြီး ဓာတ်ကြည် အသက်အားခဲတို့လည်း ကြေမွ၍ ယျောကျကုန်၏၊ မျက်လုံးရွှံ့ခဲ နှစ်ခုလည်း သူ့ဓာတ်မီးနှင့် သူလောင်မြိုက်၍ မျက်လုံး၌ရှိအသက် ခဲ အားခဲတို့နှင့်တကွ ကြေမွကုန်၏၊ ထိုရောဂါ နှိပ်စက်သူမှာ မကြာမီ မျက်လုံးအခြေပျက်၍ သွားသည်၊ လက်ရုံး လက်မောင်း လက်ဖျား၌ရှိ ဓာတ်မီးတို့လောင်၍ ထို၌ရှိသော ဓာတ်နုတို့လည်း အသက်ခဲ အားခဲတို့နှင့်တကွ ကြေမွ၍ အရည်ဖြစ်ကာ ယျောကျ လေကုန်၏၊ ရေပြည့်သော လင်ပန်းမှာ ပန်းကန်တည်၍ မီးထွန်း ပြီးလျှင် လုံစွာအုပ်၍ထားမူ လင်ပန်း၌ရှိရေတို့သည် မီးရှိရာ ပန်း ကန်တွင်းသို့ ရ၍ လာကုန်သကဲ့သို့ ခြေဘဝါး ခြေဘမိုး ခြေသ

www.dhammaransi.com



လုံးစသော အောက်တခွင်၌ ဓါတ်ဆီတို့လည်း ပါစကဓါတ်မီး ရှိရာ ဝမ်း၌ ရလာ၍ အရည်ဖြစ်ကာ သျှောကျကုန်၏၊ ဓါတ်ဆီ တို့လိုက်ပါလေလျှင် ခြေဖဝါး၌ အသက်ခဲ အားခဲ, ခြေဖမိုး၌ အသက်ခဲ အားခဲ, ခြေသလုံး၌ အသက်ခဲ အားခဲ, ဒူးဆစ်၌အသက် ခဲ အားခဲ, ပေါင်၌ အသက်ခဲ အားခဲ, တို့လည်း မြေ့ဂမြွကြေမွ ကွယ်ဆုံးကြကုန်၏၊ အရိုးအရေမျှ ကျန်ရှိသည်ကား အများမျက် မြင်တည်း။

တကိုယ်လုံး၌ ဓါတ်ဆီအကျန်များသေးလျှင် ဆေးဝါးဓါတ် စာနှင့် ထောက်မ ပြုပြင်၍ ဓါတ်ဆီ ဓါတ်ကြီး ဓါတ်ကြည် အသက်ခဲ အားခဲတို့ကို အလျင်ဆက်လက် မွေးမြူ ပျိုးထောင်၍ ရသေး၏၊ ဓါတ်ဆီအကျန် နည်းလှလျှင် ထောက်မပြုပြင်၍ မရ ပြီ၊ ညီညွတ်၍ နေစဉ်အခါ တကိုယ်လုံးအပြည့်ရှိသော ထိုဓါတ် ဆီ ထိုဓါတ်မီး ထိုဓါတ်ကြီး ထိုဓါတ်ကြည် ထိုအသက် ထိုအား တို့ကိုပင် ငါဟုယူ၍ စိတ်မာန်တလူလူနေသည်၊ ထကြွသောင်း ကျန်းအောင် နှိုးဆော်ပင့်မြှောက်သော အပဥတု အပအာဟာရ နှင့် တွေ့ကြသောအခါ ထိုငါတို့သည်ပင် ကာလနာငါတွေ ဖြစ်၍ ကုန်၏၊ လူလောက်ရှိသော မီးခြစ်ဆေးခဲကြီး၌ အပက အဖုက် အခိုက် မရှိရအောင် စောင့်ရှောက်နိုင်ပါလျှင် မီးဓါတ်ရသည့် ထိုဆေးခဲကြီးကို စောင့်ရှောက်၍ နေပေ၏၊ တစွန်းတစ၌ ကော် ဖတ်နှင့် တိုက်ခိုက်မိသောအခါ ဆေးခဲ၌ ဓါတ်မီးကျသည်ပင် ထိုဆေးခဲကြီးကို လောင်၍ပစ်၏၊ ဆေးခဲကြီးနှင့် ဤကိုယ် တူ၏၊ ဆေးခဲကြီးနှင့် အပြည့်ရှိသော ဓါတ်မီးဗုနှင့် ဤကိုယ်နှင့် အပြည့် ရှိသော ဓါတ်မီးဗု တူ၏၊ ဓါတ်မီးအုပ်ချုပ်၍ နေသော ဆေးခဲ ကြီး အသားဗုနှင့် ဓါတ်မီးအုပ်ချုပ်၍ နေသော ဤကိုယ်အလုံး ငါဗုဟူ၏၊ ထိုဓါတ်မီးသည်ပင်လျှင် ဆေးသားဗုကို အကုန် လောင်၍ပစ်သည်နှင့်တကိုယ်လုံး၌ အစွာတွက်ဓါတ်မီးဗု သည်ပင် လျှင် တကိုယ်လုံး၌ ဓါတ်ဆီဗု ဓါတ်ကြီးဗု ဓါတ်ကြည်ဗု အသက်ခဲဗု အားခဲဗုကို လောင်၍ပစ်သောအမှုဟူ၏။

www.dhammaransi.com



တဏှာ, မာန, ဒိဋ္ဌိဟူသော မိစ္ဆာဓာတ်ကြီး သုံးပါးသည် ထိုဆေးခဲမှာ ရှိသည်ဖြစ်အံ့ ထိုဓာတ်မီးရကိုပင် ငါဟုယူ၍ တလူလူနေမည်၊ တောချုံတို့မှာရှိသည် ဖြစ်အံ့ ထိုတောချုံတို့သည် ငါတလူလူ နေကြကုန်မည်၊ ထိုကာလရောဂါဖြစ်လျက် မသေကျန်ရှိသူမှာမူကား ဆေးဝါးအစာနှင့် တကိုယ်လုံးကိုအသစ်ဓိုက်မျိုး တည်ထောင်၍ ယူရသည်၊ အသည်း၌ ဓာတ်သစ် အသက်သစ် အားသစ် ဖြည့်သွင်းဓိုက်မျိုးရသည်၊ နှလုံးခဲမှာလည်း ဖြည့်သွင်းဓိုက်မျိုးရသည်၊ ဤအတူ အဆုတ်ခဲ အညှို့ခဲ အူမခဲ အူသိမ်ခဲ ပျက်လုံးခဲ ဦးနှောက်ခဲတို့၌လည်း ကာလနာတိုက်၍ချေရာ အပိုင်းအပိုင်းပြတ်၍ ပါလေကုန်သော ဓာတ်ဆီခဲ ဓာတ်မီးခဲ ဓာတ်ကြီးခဲ ဓာတ်ကြည်ခဲအသက်ခဲ အားခဲတို့အတွက် လျော့ပါးသောနေရာတို့ကို အစားပြည့်မှီအောင် ဓာတ်ဆီသစ် ဓာတ်မီးသစ် ဓာတ်ကြီးသစ် ဓာတ်ကြည်သစ် အသက်သစ် အားသစ် ဖြည့်သွင်းဓိုက်မျိုး တည်ထောင်၍ ယူရသည်၊ ဤကာလရောဂါမှု၌လည်း မီးတဆဲ့တပါး လောင်ပုံကိုဆိုလေ၊ (သမပိုင်းနှင့် ဝိသမပိုင်း အမျှင်ပြတ်အောင် ဖြတ်လေ)။

ငရုတ်သီးအစရှိသော ဒါဟဓာတ်မီးအစာမျိုးတို့ကို ဘိုးဘေးစဉ်လာ စားသောက်မှုမှဖြစ်သော ဒါဟ ဓာတ်မီးသည် ပဋိသန္ဓေကပင် အစဉ်လိုက်ပါ၍ အကြောင်းအခွင့်ကို ရသောအခါ ကျောက်နာအမျိုးမျိုး ဖြစ်ပေ၏၊ ထိုဓာတ်မီးသည် အကြောင်းအခွင့်ကို ရသောအခါ ထကြွ၍ တကိုယ်လုံးရှိသွေး သည်းခြေ လေ သလိပ်တို့သည် ထိုဒါဟ ဓာတ်မီးဘက်ပါ ဖြစ်ကြကုန်၏၊ အသည်းခဲဖြစ်၍ နေသော ဒါဟဓာတ်မီးနှင့်တကွသော သွေး သည်းခြေလေသလိပ်တို့သည်ကျောက်နာရောဂါဖြစ်၍အသည်းမှ ထကြကုန်၏၊ နှလုံးသားမှ ပေါက်ဖွားသော ကျောက်နာ, အဆုတ်သားမှ ပေါက်ဖွားသော ကျောက်နာ, အညှို့သားမှ ပေါက်ဖွားသော ကျောက်နာ, အူသိမ် အူမတို့မှ ပေါက်ဖွားသော ကျောက်နာ, နောက်ကျောသားတို့မှ, ရှေ့ဘက်ရင်သား

ဝမ်းသားတို့မှ, လက်ဝဲ လကျာ နံရှပ်သားတို့မှ, လည်ပင်းသား ရေမျိုသားတို့မှ, မျက်နှာသားတို့မှ, မျက်လုံးသား ဦးဈောက်သားတို့မှ ပေါက်ဖွားသော ကျောက်နာ, စသည်ဖြင့် အတွင်း အပြင် တကိုယ်လုံးသည် ကျောက်နာခဲကြီး အတိသာ ဖြစ်သတည်း၊ တကိုယ်လုံးရှိ အသက်ခဲ အားခဲတို့သည် သွေးပုပ်ရည် ပြည်ပုပ်ရည် ဖြစ်၍ ကြေပျက်ယိုထွက်ကြကုန်၏၊ ဤ ကျောက်နာ ရောဂါမှု၌လည်း မီးတဆဲ့တပါးဝေဘန်လေ၊ (သမပိုင်းနှင့် ဝိသမပိုင်းဖြတ်၍ ကြည့်လေ)။

အမာကြီး အမာငယ်စသည်ဖြင့် မာမှုအဆင့်ဆင့်, အနူကြီး အနူငယ် စသည်ဖြင့် နူးညံ့မှု အဆင့်ဆင့် တို့ကို ပရမတ်နှစ် မြေ အစစ်ဟု အမြင် ရှု၍ ကြည့်လေ၊ တွယ်မှု ကပ်မှု ဖွဲ့စည်းမှု ယိုစီးမှုတို့ကို ရေအစစ်ဟု မြင်အောင်ရှုလေ၊ အပူကြီး အဆင့်ဆင့်, အပူငယ် အဆင့်ဆင့်, အအေးကြီး အဆင့်ဆင့်, အအေးငယ် အဆင့်ဆင့်တို့ကို မီးအစစ်ဟု မြင်အောင်ရှုလေ၊ တောင့်မှု တင်းမှု တွန်းမှု ဖေ့မှု ရွေ့ရှားမှုကို ပရမတ်နှစ် လေအစစ်ဟု အမြင်ရှုလေ၊ အကည်ပညတ် ဒြပ်သဏ္ဍာန် ခုံပိတ်သန်း အမျှင် တန်း၍ မနေကြစေနှင့်၊ ထိုမှတပါး လောက၌ ရှိသမျှသော ရောဂါမျိုးအနာမျိုးဘေးမျိုး ရန်မျိုး ဒဏ်မျိုး ဥပဒ်မျိုးတို့အတွက် နှင့် ဘောက်ပြန်ချက်, ခပ်သိမ်းသော ပြုပြင်မှု တို့ကို ဖြတ်၍ ဘောက်ပြန်ချက် အလုံးစုံတို့ကို ကုန်စင် နှံ့စပ်အောင် ဆိုလျှင် အလွန် ကျယ်ဝန်းမည်၊ ဆိုခဲ့ပြီးသော နည်းအတိုင်း ကျကျ နန ထင်မြင်နိုင်ကြလျှင်လည်း တွေ့ကရ မြင်ကရ ကြွင်းသမျှသော အမှုတို့နှင့်စပ်၍လည်း ကြည့်တတ် မြင်တတ် ကြတော့မည်သာ ဖြစ်၏၊ ထိုကြောင့် ကြွင်းသော အချက်တို့ကို မဆိုပြီ။

အစဉ် ထာဝရ ရေပြည့်သော ကြာအိုင်ကြီး၌ ကြာတောကြီး၏ အနိစ္စဘာဝကို မြင်လိုလျှင် ရေကို အငွေ့အသက်မှ မကျန်ရအောင် ဉာဏ်နှင့်ခွါ၍ကြည့်၊ ရေသက်ကုန်လျှင် ထိုကြာပင်တို့၏

www.dhammaransi.com



တခဏတခြား နွမ်းနယ် ခြောက်ခန်း၍ သွားသော အနိစ္စဓာတ် သည် ညကျဉ်း၌ထင်လတ္တံ့၊ နွမ်းနယ် ခြောက်ခန်း မှုသည် ကြာပင် တို့မှာ သာယာမှုမဟုတ်၊ မသာယာမှု ဘေးဥပဒ်မှုဖြစ်၍ ထို ကြာပင်တို့၏ ဒုက္ခဓာတ်သည် ညကျဉ်း၌ထင်လတ္တံ့၊ ရေတို့ကြာတို့ ၏ ထိုအနိစ္စဓာတ် ဒုက္ခဓာတ်မှုသည် ကြာပင်တို့ကို သာယာ ရွှင် လန်းအောင် ဆောင်သွားမည့် အမှုရမဟုတ်၊ မသာမယာ နွံနာ ညှိုးနွမ်းခြောက်ခန်း ကွယ်ဆုံးအောင် အတင်းဆောင်သော အမှု ရသာတည်း၊ ထိုဓာတ်မှုများသည် ရေဥတု မြေဥတု စောင့် ရှောက်ဖုံးဖိ၍ နေခိုက်သာ အလိုက်သင့် ဖုံးကွယ်၍ နေကြသည်၊ ရေဥတု မြေဥတုနှင့် ကွာခဲ့လျှင် ချက်ခြင်း ထွက်ပေါ် ထင်ရှား၍ လာ၏၊ ကြာပင်ကြီးနှင့် ထိုဘေး, ထိုဘေးနှင့် ကြာပင် အစဉ် မကွာ အမြဲပါကြောင်း ထင်ရှားစွာ မြင်လတ္တံ့၊ ထို ကြာပင်၏ အသက်သည် ရေဥတုမှာတွယ်သည်ဟုမြင်လတ္တံ့၊ရေဥတုကုန် ခန်းလျှင် ကြာပင်၏အသက် ကုန်ဆုံးချက် ကိုလည်း မြင်လတ္တံ့၊ ကြွင်းသော သစ်ပင် တော တောင် ချုံနွယ် မြက်တောရကိုကား မိုးရေ မိုးပေါက်ကို အပြီးဖြတ်၍ကြည့်၊ (ယခုနှစ်မှ စ၍ မိုးရေ မိုးပေါက် အပြီးပြတ်ခဲ့သော်ဟု ခွါလော)။

---

**အနတ္တာပုဒ်၌**။ အတ္တသဒ္ဒါ အတွင်းဟော။ ။အဇ္ဈတ္တာ ဓမ္မာ, ဗဟိဒ္ဓါဓမ္မာ, အဇ္ဈတ္တိကာ ဓမ္မာ,ဗာဟိရာဓမ္မာ တို့၌ ဗဟိဒ္ဓသဒ္ဒါ ဗာဟိရသဒ္ဒါတို့နှင့် ပြန်ဘက်ပြု၍ လာသည်ကိုလည်းကောင်း၊ ''သဒိါရေ ပရတော ပဿ၊ ဒုက္ခတော နောစ အတ္တတော''ဟု ပရသဒ္ဒါနှင့် ပြန်ဘက်ပြု၍ လာသည်ကိုလည်းကောင်း ထောက်။ အတ္တာ၊ အလွန်ဆုံးသောအတွင်း။ ။အနက်မှန်။

ငါ၏ရုပ် ငါ၏နာမ် ငါ၏စက္ခု ငါ၏ သောတ စသော သိမ်း ပိုက်မှုကား အတ္တ၏သန္တကအနေမျှ သိမ်းပိုက်ချက်တည်း၊ ဤ ရုပ်သည်ပင် ငါ၏အတ္တတည်း၊ဤနာမ်သည်ပင်ငါ၏အတ္တတည်း၊

www.dhammaransi.com



ဤစက္ခုသည်ပင် ဤသောတသည်ပင် ငါ၏အတ္တတည်း, ဟု သိမ်းပိုက်မှုကား သက္ကာယတွင်၍မကဘဲ သက္ကာယထက် အတွင်း ပြု၍ သိမ်းပိုက်ချက်တည်း၊ အလွန်ဆုံးအားဖြင့် ငါ၏အတ္တဟု အတွင်းပြုသော အဇ္ဈတ္တတရားစုတွင်လည်း စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မနော ဟူသော ဓာတ်ကြည်ခြောက်မျိုး တို့ကို ငါ၏ကိုယ်ဟု သိမ်းပိုက်စွဲလမ်းမှုသည် အလွန်ဆုံးစုတွင် အလွန်ဆုံးထက် အလွန်ဆုံးဖြစ်ပြန်၏၊ ထိုကြောင့် ထိုဓာတ်ကြည် ခြောက်မျိုးတို့ကို အဇ္ဈတ္တ ဆိုရပြန်သည်။

**အနတ္တပုဒ်၌ကား**-- န အတ္တာ အနတ္တာ။ အတ္တာ၊ အလွန်ဆုံး သော အတွင်းသည်။ န၊ မဟုတ်။ အနတ္တာ၊ အလွန်ဆုံးသော အတွင်းမဟုတ်။ အတွင်း၏ ပြန်ဘက် ပြင်သက်သက် ဆိုလို သည်။

လူနှင့်မနီး တောကြီး၌ရှိသော သစ်ရွက်မှိုက် မြက်မှိုက်များ သည် မိမိနှင့် အစပ်အနွယ် အနည်းငယ်မရှိဟူ၍လည်းကောင်း၊ ဆိုင်သူပိုင်သူ အရှင်ဟူ၍ မြူမျှမရှိဟူ၍လည်းကောင်း အမြင်စင် ကြယ်လှ၏၊ ဤအတူ လူ့ခန္ဓာ ဖြဟ္မာ့ခန္ဓာစု သည်လည်း ဆိုင် သူ ပိုင်သူ အရှင်ဟူ၍ မြူမျှမရှိ၊ ငါ့ကိုယ် သူ့ကိုယ်ဟု ဆိုမှု မြင်မှု မှတ်ထင် စွဲလမ်းမှုသည် မိစ္ဆာ သက်သက် သာတည်းဟု အမြင် စင်ကြယ်စေရမည် ဆိုလိုသည်။

(အနတ္တာ၊ ငါ၏ကိုယ်ဟု စွဲဆိုသမှု အတွင်းပြုထိုက်သော တရားစုမဟုတ်၊ အနက်မှန်)။

''ငါ၏ကိုယ်'' ဟူရာ၌ ယသတ်၍ရေးသည်မှာ အရိုးအစဉ် ဖြစ်၍ရေးလိုက်သည်၊ စင်စစ်မူကား ရုပ်အစုနာမ်အစုဖြစ်သော ဤခန္ဓာသည် ကာယအစစ်အမှန်ဖြစ်၏၊ ကာယသရုပ် ဧကန် ဟုတ်၏၊ ကာယမဟုတ်ဟု ယူခဲ့လျှင် မိစ္ဆာ၊ ကာယဟုတ်လျှင် လည်း ကာယသဒ္ဒါ၏ နာမသတ်ဖြစ်သော ယသတ်နှင့်ကိုယ် လည်း ဧကန်အစစ်အမှန်ဟုတ်တော့သည်၊ ယသတ်နှင့် ကိုယ်ကို

www.dhammaransi.com



ရည်၍ ကိုယ်မဟုတ်ဟုယူခဲ့လျှင် မိစ္ဆာ၊ ယသတ်နှင့်ကိုယ်မူကား အပေါင်းအစုဟူသော အနက်ကိုရသည်၊ ခန္ဓသဒ္ဒါနှင့် မခြားလှ။

ယ မသတ်သော "ကို" သဒ္ဒါသည်သာလျှင် အတွင်းဟူသောအနက်ကိုပြသော အတ္တသဒ္ဒါ၏အနက်ပေတည်း၊ထိုအချက်ကို သဒ္ဒါကျမ်းဂန်တွင် ကမ္မကာရက အရာ၌ "ကို" ဟု အသုံးပြုသည်၊ ကိတ်ကမ္မသာဓနအရာ၌ "အပ်" ဟု အသုံးပြုသည်၊ အတ္တနောပုဒ် ပရဿပုဒ်ဟူရာ၌ အတ္တဟုခေါ်သည်၊ "အတ္တနော ကမ္မံ ဟိတွာန၊ ပရံ ကတ္တာရ မာဒိသေ" ဟုလာသော **သံမျှင်ဂါထာ၌**ပရံကတ္တာရံကိုရှု၍ အတ္တနောကမ္မံ၌လည်း အတ္တာနံ ကမ္မံ ဟုအနက်ယူ၊အတ္တနော၊မိမိဟုဆိုအပ်သော။ ကမ္မံ၊ကံကို။ ဟိတွာန၊ စွန့်၍။ ပရံ၊ မိမိဟုဆိုရသော ကံမှတပါးသော။ ကတ္တာရံ၊ ကတ္တားကို။အာဒိသေ၊ ညွှန်ပြ၏။

**ကတ္တားသည်ကား**—ကြိယာကို ဖြစ်စေ တတ်သောကြောင့် ကြိယာနှင့် ဇနက ဇည ခြားနားလှ၏၊ ကံသည်လည်း ကတ္တားသည် ဖြစ်စေအပ်သော ဇညသဘော ရှိသောကြောင့် ကြိယာနှင့်များစွာမကွဲ တလုံးထဲ တခုထဲ အတွင်းပြုလိုမှုကြောင့် အတ္တဟု အစဉ်လာသည် ဖြစ်ရာ၏။

အနတ္တာ၊ ကိုယ်မဟုတ် ဟူသော ယသတ် အနက်ကို ဝိမုတ္တိရသတွင်ပယ်၏၊ ပယ်ထိုက်လှပေသည်၊အသာရကဋ္ဌကို အနတ္တ၏သဒ္ဒတ္ထဆိုသည်ကား မသင့်လွန်း၊ ခယဋ္ဌေန အနိစ္စံ, ဘယဋ္ဌေန ဒုက္ခံ, အသာရကဋ္ဌေန အနတ္တာ သုံးချက်၊ အနိစ္စံ၊ မမြဲ, အမြဲမရှိ၊ သဒ္ဒတ္ထ။ခယဋ္ဌေနဖြင့် ယုတ္တိကိုယူပြသည်၊ သဒ္ဒတ္ထကိုမပြ၊ နောက် နှစ်ပုဒ်တို့၌လည်း ဤနည်းပင်၊ မန်လည်စာအုပ်၌ကား ယသဒ္ဒါနှင့်ဆိုသော ကိုယ်ကိုအမှန်ဆို၏၊မသင့်၊ ငါ၏ကိုယ်သည် ရှေးဘဝ၌ နတ်ဖြစ်ခဲ့ဘူးသည် ဟူရာ၌ အတ္တကိုပင် "ကိုယ်"ဆိုသည်ဟု ယုတ္တိပြ၏၊ ထိုသို့သော အရာတို့၌ ကာယသဒ္ဒါနှင့် ဆိုရိုးပင် မဟုတ်သောကြောင့် ထိုယုတ္တိလည်း မသင့်၊ ကာယ

www.dhammaransi.com



သဒ္ဒါနှင့် လာရာမှ ယသတ်ကိုယ်ကို ဆိုသင့်သည်၊ အဟံသဒ္ဒါ အတ္တသဒ္ဒါနှင့် လာရာ၌ ယသတ်နှင့်"ကိုယ်" မလို။

**အဘိဓာန်များမှာလည်း**- တိတ္ထိတို့ ကြံဆသော အတ္တပရိယာယ်ရမှာ ကာယသဒ္ဒါမလာ၊ အတ္တသဒ္ဒါသည် ကာယအနက်၌ ဖြစ်သည်ဟု လာသည် မှာလည်း ဤအနတ္တပုဒ်၌အတ္တသဒ္ဒါမျိုးမဟုတ်၊ ပဟိတတ္တော၊ စွန့်အပ်ပြီးသော ကိုယ်အသက်ရှိသည် ဟူရာတို့၌ အတ္တသဒ္ဒါမျိုးပေတည်း။

လောက၌ ကိုယ်ပူသည်, ကိုယ်အေးသည်, ကိုယ်လေးသည်, ကိုယ်ပေါ့သည် ဟူသောစကားမျိုးတို့၌ ယသတ်နှင့်ကိုယ်ကို လိုအပ်သည်၊ ကို့အတ္တိ, သူ့အတ္တိ, ကို့ဟာ, သူ့ဟာ, စသည်ဖြင့် အတွင်းဘက် အပြင်ဘက် လုယက်မှုတို့၌ ယမသတ်သော"ကို" ကို လိုအပ်သည်၊ အထက်၌ ပြဆိုခဲ့ပြီးသောအတိုင်း အလုံးစုံသော ခန္ဓာငါးပါး ရုပ်နာမ်တရားစုသည် အမှန်အားဖြင့် အရှင်သခင်ဟူ၍ မြဲမှုရှိသော တရားစုမဟုတ်၊ ဆိုင်သူ နိုင်သူ ပိုင်သူဟူ၍ မြဲမှုရှိသော တရားစုမဟုတ်၊ မရှိကြောင်းကို ဆိုခဲ့ပြီးသော အထက်စကားတို့၌ ထင်ရှားလှပြီ၊ ထို့ကြောင့် မိမိမျက်စိကို ငါ့မျက်စိဟု အတွင်းထားမှု အတွင်းပြုမှု အတွင်းလုမှု အတွင်းယက်မှုများသည်ပင် အမှားစင်စစ်ဖြစ်၏၊ ငါ၏မျက်စိတွင်မှမက ဘဲ မျက်စိသည်ပင် ငါတည်း, ငါ၏ကိုယ်တည်း,ဟု အတွင်းထားမှု လုယက်မှုမှာမူကား အမှားထက် အမှားသာ ဖြစ်သတည်း၊ ထို့ကြောင့် ကို့အတ္တိ, သူ့အတ္တိ, ကို့ဟာ, သူ့ဟာ စသည်ဖြင့် ဥစ္စာနေ သဒ္ဒါရတို့ကို အတွင်းပြုမှု လုယက်မှုတို့၌ အတွင်းပြုချက်နှင့် ဆိုကြသော ဆိုင်မှု နိုင်မှု အပိုးရမှုကို ပြသော"ကို"သည်သာ အမှားစင်စစ် ဖြစ်သတည်း၊ "ကို" ဟူသော အသံသည် ယသတ်နှင့် ဆိုသော ကိုယ်မှာ မူကား-ပရမတ္ထ တရားတွင် အသုံးတွင်လှသော မချအမှန်ကြီး ပေတည်း၊ ကိုယ်ပူသည်, ကိုယ်အေးသည်, စသည်တို့၌ အတွင်းပြု၍

www.dhammaransi.com



လုယက်သိမ်းပိုက်ချက်နှင့် ဆိုသော ကိုမဟုတ်၊ (အဟုတ်ကြောန် စင်စစ်မှန်သော ပရမတ္ထ သဘာဝကို ပြသော ကိုယ်ပေတည်း)။

အနတ္တအနက် သုတ်သင်ချက် ပြီး၏။

---

## နိဂုံး

ဤတွင်ရွေ့ကား ဓာတ်ကြီးလေးမျိုး၊ အကြည်ဓာတ် ခြောက်မျိုး၊ ဓာတ်မီးဆယ်မျိုး၊ ဓာတ်ခိဆယ်မျိုး၊ ဓာတ်ဘိလူးတမျိုး၊ ဤငါးမျိုးသော ဓာတ်တို့ဖြင့် သတ္တဝါခေါ်သော ရုပ်ခဲ နာမ်ခဲတို့၏ ဖြစ်မှု ပွားမှု တည်မှု ဆုတ်ယုတ်မှု ပျက်ဆုံးမှု တို့ကို သိသာရုံမျှ ဝေဘန်ပြပြီးလျှင် အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တို့ကို အမြွက်အရိပ်မျှ အလင်းပြလိုက်သော **လက္ခဏာဒီပနီ** ဤစာကျမ်းသစ်သည် သက္ကရာဇ် ၁၂၅၆-ခု နတ်တော်လဆန်း ၁၁ ရက်နေ့တွင် အောင်မြင် ပြီးစီးပေသတည်း။

တရဏီယေ မဟာဂါမေ၊ အရညေ ဝသတာ မယာ။
ကတာ လက္ခဏာဒီပနီ၊ ကမ္မဋ္ဌာနက္ခဒါယိနီ။

တရဏီယေ၊ လှေကူးအမည်ရှိသော။ မဟာဂါမေ၊ ရွာကြီး၌။ အရညေ၊ လယ်တီတောကျောင်း၌။ ဝသတာ၊ ဂေါဇာသက္ကရာဇ် လေးဆဲ့ရှစ်တွင် တိုက်သစ်တည်ကာ နေထိုင်ပါသော။ မယာ၊ ငါသည်။ ကမ္မဋ္ဌာနက္ခဒါယိနီ၊ ဝိပဿနာ ကမ္မဋ္ဌာန်းမှု၌ အကြည် အလင် အမြင်မျက်စိကို ပေးနိုင်သော။ လက္ခဏာဒီပနီ၊ **လက္ခဏာဒီပနီ** ဤစာကျမ်းသစ်ကို။ ကတာ၊ စီရင်အပ်သတည်း။

**လက္ခဏာဒီပနီ ပြီးပြီ။**

(ကျေးဇူးရှင် ဆရာတော် ဘုရားကြီးသည် ဤကျမ်းကို သက်တော် ၄၀-နှစ်တွင် စီရင်တော်မူခဲ့သည်)။

www.dhammarasi.com

J